www.burmeseclassic.com

# ပေါ်ရှာရစ်

## ချစ်မျက်နှာဖုံး



www.burmeseclassic.com

www.burmeseclassic.com

အတွင်းစာသားခွင့်ပြုချက်အမှတ်
၅၀၀၇၂၀၂၀၄
မျက်နှာဖုံး ခွင့်ပြုချက်အမှတ်
၅၀၆၆၀၅၂၀၅
ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်
၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ
အုပ်ရေ
၅၀၀
အဖုံးပန်းချီ
ကိုထက်နိုး
ဖလင်
ကိုလှဝင်း
စာအုပ်ချုပ်
ပယိုး
ထုတ်ဝေသူ
ဦးအောင်မြတ်ဆွေ
ပညာရွှေတောင်စာအုပ်တိုက်
(မြ - ၀၃၉၄၅)
၁၁၄၊ စိန်ရတီလမ်း
ရတနာကျွန်းနိုင်သာ၊ သုနန္ဒာ
မြောက်ဥက္ကလာပ
မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်
ဦးဝင်းအောင်
သန်းထိုက်ရတနာအော့ဖ်ဆက်
မြို့(၀၅၁၁၀)
အမှတ် ၈၄၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်
ရန်ကုန်မြို့
တန်ဖိုး
၇၀၀ - ကျပ်

## ပညာရွှေတောင်စာအုပ်တိုက်မှ ထုတ်ဝေပြီးသော စာအုပ်များ

| | | |
|---|---|---|
| ၁၇၅။ | ဂျာအေးနှင့်ရွှေကြိုးပဲသား | ပေါ်ကျာရစ် |
| ၁၇၆။ | ဤသာမန္တရိယ ဗိပါက်ကြီးနှင့် နိုင်ငံရပ်ခြား ဝတ္ထုတိုများ | ထက်မြက် |
| ၁၇၇။ | အဏ္ဏဝါတန်ခွေ | မောင်မြင့်ကြွယ် |
| ၁၇၈။ | လင်းဆွဲဇော်ယာ | မာယာ |
| ၁၇၉။ | ဂျာအေးနှင့် နစ်လော်ရာကုန်း | ပေါ်ကျာရစ် |
| ၁၈၀။ | သူရဲ့လက်ခေါင် (တတိယတွဲ) | ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား) |
| ၁၈၁။ | ဂျာအေးနှင့်ယော်ကွမယည်မြန် | ပေါ်ကျာရစ် |
| ၁၈၂။ | ညတီလူး | မာယာ |
| ၁၈၃။ | ဂျာအေးနှင့် လောဘရုပတ်ကြီး | ပေါ်ကျာရစ် |
| ၁၈၄။ | ဂျာအေးနှင့် မဟာဂျာသတင်ကြီး | ပေါ်ကျာရစ် |
| ၁၈၅။ | ထမန်းကျားပေါက်ကျိုင်း | မာယာ |
| ၁၈၆။ | ပီငွေအဂျာအေး | ပေါ်ကျာရစ် |
| ၁၈၇။ | မရဏအဖွာရှိ | မာယာ |
| ၁၈၈။ | ရှားလော့ဟုမ်းနှင့် စိတ္တလေ့သတ်သမား | ဝင်းနိုင်ဦး(ရေနံ) |
| ၁၈၉။ | နှစ်ကိုးပြန်ပွဲ | ပေါ်ကျာရစ် |
| ၁၉၀။ | နတ်လိုင်စင် | ပေါ်ကျာရစ် |
| ၁၉၁။ | စိတ်ရွှေ | မာယာ |
| ၁၉၂။ | ဓာတ်ရတောင်ဝေး | ပေါ်ကျာရစ် |
| ၁၉၃။ | မာယာမင်းသမီး | ဖိုးကျော် |
| ၁၉၄။ | ကမ္ဘာအချစ် | ပေါ်ကျာရစ် |

ယခု

| | | |
|---|---|---|
| ၁၉၅။ | ချစ်မျက်နှာဖုံး | ပေါ်ကျာရစ် |

ဆက်ထက်၍

| | | |
|---|---|---|
| ၁၉၆။ | ကမ္ဘဒီဇိ နှင့် အခြားဝတ္ထုတိုများ | ဖိုးကျော် |

www.burmeseclassic.com

* လောကရဲ့
ဓမ္မတာ
အသပြာ အစဉ်အလာကြီး . . .

* အသပြာ မရှိရင်ဖြင့်
သတိဆင်ခြင်ဝေးလှတဲ့
ခွေးတောင်မှ မလေးစားချင်ဘူ
သွေးသားဆို ဘေးချိတ်လေရော့
ဟိတ်ဟန်ငြိုးငြိုး . . .

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

လူနှင့် လူ့ပတ်ဝန်းကျင် ဆိုသည်မှာ ဘယ်လိုမှ ကင်းမရ ဖြစ်စဉ်ပင်။ တစ်ဦးတစ်ယောက်တည်း နေ၍လည်း မရ။ ကင်းလွတ်သွားပြီ ဆိုလျှင်လည်း ပယောဂတစ်ခုခုကြောင့်သာ ဖြစ်ချေမည်။ အရာရာသည် တစ်ခုနှင့် တစ်ခု အမှီသဟဲပြုနေကြ၏။ အပြန်အလှန် အကျိုးပြုနေကြ၏။ အကြောင်းအကျိုး ဆက်စပ်နေကြပေ၏။

သီးခြား ရပ်တည်နိုင်သည့်သဘော ဘယ်နေရာမှာမှ မရှိပါချေ။ ထိုသဘောကို ဖေတိုး အနားလည်ကြီး နားလည်မိ၏။ သို့သော် အသိ ခေါက်ခက် အဝင်နက် ဆိုသော စကားက ဖေတိုးအတွက်များ ထားခဲ့လေသလား မသိ။

ဖေတိုး ထီးတည်းရပ်တည်ခဲ့သည်မှာ ကြာခဲ့ပြီ ဖြစ်၏။ ရပ်ကွက်ထဲ လူမျိုး တစ်ရာ့တစ်ပါး ရှိသော်လည်း ဖေတိုး တော်ရုံလူကို အပေါင်းအသင်း မလုပ်ခဲ့။ လူမှုရေးကိစ္စ မှန်သမျှလည်း ဝေးဝေးက ရှောင်ခဲ့၏။ သာရေး ဖြစ်ဖြစ်၊ နာရေးဖြစ်ဖြစ် သူနှင့် သီးခြား ကင်းလွတ်နေသလိုပင်။

အမှန်မတော့ ဖေတိုး အရွယ်ကလည်း မငယ်တော့။ သုံးဆယ်နီးနေပြီ ဖြစ်၏။ အရပ်က ရှည်မျောမျော၊ မျက်နှာကလည်း ရှည်မျောမျော။ တချို့က ဖေတိုးကို ကွယ်ရာတွင် ပဲလင်းမြွေဟု အမည်ပြောင်များ ပေးခဲ့ကြ၏။ တချို့က 'ပဲလင်းမြွေ တစ်ကိုယ်တည်း တွဲလောင်းကြီး တွဲလောင်းကြီး' ဟူ၍ပင် စာချိုး နောင်ပြောင်ခဲ့ကြ၏။

ဖေတိုးကတော့ အရပ်ထဲ ခေါင်းတောင်မပြူ။ လုပ်တော့ ကုမ္ပဏီ တစ်ခုမှာ စာရေးကြီး။ ပြောရရင် ဖေတိုးက အစဉ်အလာ စည်းစနစ် သမား။ အလုပ်လုပ်သည့်နေရာတွင် စာအုပ်ကြီးအတိုင်း အလုပ်လုပ် တတ်၏။ ရလာသည့် ငွေစာကိုလည်း အသုံးနှင့်အဖြုန်း ခွဲ၍ သုံးစွဲခဲ့၏။ ခြိုးခြံ ချွေတာရေးကို ဦးစားပေးသူ ဟူ၍လည်း ဆိုနိုင်၏။



ခြိုးခြံလိုက်သမျှ စီးစရာ ဖိနပ်ပြတ်နေလျှင်တောင် ချိတ်နှင့်ချိတ်ပြီး သွားတတ်လာတတ်သူ ဖြစ်၏။ စားတော့လည်း ဈေးအပေါဆုံး ထမင်းဆိုင် ကိုမှ ရွေး၍ စားတတ်၏။ ဖေတိုးကို ကပ်စေးနှဲလှသဖြင့် အရပ်ထဲက 'ကပ်တိုး' ဟူ၍လည်း ခေါ်ကြ၏။

တစ်ယောက်တစ်ပေါက် ပြောသံတွေက နားထဲမှာ မကြားချင်သည့် အဆုံး။ ပြောဖန်များတော့လည်း ဖေတိုး ထုံသွားခဲ့၏။ ပတ်ဝန်းကျင်ကြီး က သူ့ခေါင်းထဲ မရှိ။ ပတ်ဝန်းကျင်ကြီးကို သူ့မျက်လုံးထဲတော့ မြင်းကျား ကြီးတစ်ကောင်လို မြင်မိ၏။

သတ္တဝါထဲတွင် မျက်စိအနောက်ဆုံး သတ္တဝါကို လက်ညှိုးထိုးပြပါ ဟု ဆိုလျှင် ညှာသဘောအရ မြင်းကျားဆိုသော သတ္တဝါကိုသာ လက်ညှိုး ထိုးပြမည်ပင်။ ကြောင်တိကြောင်ကျားနှင့် အင်မတိအင်မတန်မှ မျက်စိ ရှုပ်စရာကောင်းလှသော သတ္တဝါဟု သူမြင်၏။

ပတ်ဝန်းကျင်ကိုလည်း မြင်းကျားကြီးတစ်ကောင်လိုပင် သူ မြင်၏။ အမြဲတမ်း ကြောင်တိကြောင်ကျားနိုင်လှသော ပတ်ဝန်းကျင်ကြီး။

အသံဗလံတွေ၊ အပြုအမူတွေ၊ ဓလေ့စရိုက်တွေကအစ ကွေးတိ ကွေးကောက်။ ချိုချဉ်ဖန်ခါး အရသာတွေနှင့် ရှုပ်ပွနေသော ပတ်ဝန်းကျင် ကြီးကို သူ မမြည်းစမ်းချင်။ ထို့ကြောင့်လည်း ဘာသိဘာသာ နေခဲ့၏။ ခပ်ကင်းကင်း ရှောင်ခဲ့၏။ သူတို့ ဘာပြောပြော ပြောချင်တာပြော သူ လည်း လုပ်ချင်ရာလုပ်ခဲ့၏။

ယခုလည်း ထမင်းဆိုင် ဝင်လိုက်သည်နှင့် ခပ်ဖွာဖွာ အတွေးဖြင့် ကြည့်နေသော မျက်လုံးပေါင်းစုံကို ရင်ဆိုင်လိုက်ရ၏။ ရိုးအီနေသော မျက်လုံးတွေကို သူ မကြည့်။ ဆိုင်ထဲ ဒရောသောပါး ဝင်ခဲ့ကာ စားနေကျ ဟင်း ရှိမရှိ အရင် မေးရ၏။

ဟင်းအိုး၊ ထမင်းအိုးတွေ တန်းစီထားသော ဆိုင်အနောက်ဘက် အရောက်တွင် ဦးဆုံး အာကျယ်အာကျယ်နှင့် မေးလာသူက ဆိုင်ရှင် ဒေါ်သေးလေး။ နာမည်ကသာ ဒေါ်သေးလေး ဖြစ်သော်လည်း လူက ပုတ်လောက်ရှိ၏။ အဝေးကကြည့်လျှင် စည်ပိုင်းကြီးတစ်လုံးအလား။ ထူးခြားသည်မှာ ခန္ဓာကိုယ်က ပုတ်လောက် ရှိသော်လည်း ခေါင်းက အုန်းသီးဆန်သာသာ။ အသံက စူးအက်အက်၊ အပြောအဆို ကြမ်းသော် လည်း စေတနာ ပါလေ၏။ ယခုလည်း သူ့ကို မြင်သည်နှင့် ထုံးစံအတိုင်း အော်ဟစ်မေးမြန်းလေ၏။

"ဟော- ငါးကြင်းခေါင်း လာပြီဟေ့။ ထိုင် ငါးကြင်းခေါင်းရေ ထုံးစံ အတိုင်း ငါးကြင်းခေါင်းလား"

"ဟာ- ကြီးသေးတတော့ လုပ်ပြီဗျာ"

"ဘာတုံး မစားဘူးလား။ ငါက မင်းအတွက် သပ်သပ်ချက်ပေးထား တာနော်၊ မန်ကျည်းမှည့်နဲ့ ချက်ထားတာကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"စား. . . စားမှာပေါ့ ကြီးသေးရာ၊ ဟဲဟဲ ပဲ. . . ပဲကြီးနှပ်ရော ရှိ သေးသလား အဲ. . . အဲဒါလည်း ထည့်ဗျ။ တို့စရာ ဘာရှိသတုံး"

"ရှိပါတော်၊ မှန်လာဥပြုတ်၊ ပဲတောင့်ရှည်ပြုတ်တွေ ရှိပါ့တော်။ တို့ဖို့- ဆိုင်ဆိုင်"

ဖေတိုးတစ်ယောက် သူ့ကို ငါးကြင်းခေါင်းခေါ်တိုင်း တွန့်ခနဲ တွန့်ခနဲ ခံစားနေရ၏။ အခုနတော့ ငါးကြင်းခေါင်းက ဈေးအသက်သာဆုံး။ မန်ကျည်းမှည့်နှင့် ဆီကျွန်ရေကျွန်ချက်ကာ နံ့နံ့ပင် အုပ်ထားသည်မို့ ခံတွင်း တွေ့နေ၏။ ဈေးလည်းပေါ အရသာလည်း ရှိသည်မို့ အမြဲတမ်း ငါးကြင်း ခေါင်းဟင်းသာ ကြိုက်ခဲ့ရာမှ ယခုတော့ သူ့ကို ဆိုင်ရှင် ဒေါ်သေးလေးက ငါးကြင်းခေါင်းဟု ခေါ်ချေပြီ ဖြစ်၏။

သို့သော် သူမူ၊ သူစနစ်ကိုတော့ မဖျက်နိုင်။ ထို့ကြောင့်လည်း ခုံတန်း လျားတွင် ဝင်ထိုင်ပြီး ငါးကြင်းခေါင်းတစ်ပွဲ၊ ပဲကြီးနှပ်၊ အတို့အမြုပ်စုံစွာ နှင့် စားသောက်လိုက်၏။ ထိုအချိန် ဆိုင်အနောက်ဘက် မီးဖိုချောင်မှ အမျိုးသမီးငယ်လေးတစ်ဦး ထွက်လာ၏။

အရွယ်က နှစ်ဆယ့်ကျော်စအရွယ်။ အသားက သနပ်ခါးရောင် တလေး ဝင်းလဲ့နေ၏။ နှာတံပေါ်ပေါ်၊ မျက်ခုံးထူထူ၊ မျက်လုံးတောက် တောက်ကလေးနှင့် အလွန်မှ ချစ်စဖွယ်ကောင်းလှ၏။ သူမက တခြား မဟုတ် ဒေါ်သေးလေး၏တူမ နှင်းရီရီ ဖြစ်လေ၏။ နယ်ကရောက်လာ တာ မကြာသေး။ သူမကိုမြင်တော့ ပလုတ်ပလောင်း စားနေသည့် ဖေတိုး လက်ထဲက ထမင်းလုတ် တံ့ဆိုင်းဆိုင်း ဖြစ်သွား၏။ နှင်းရီရီကလည်း သူ့ကို မြင်သွား၏။ နှစ်ယောက်စလုံး အိုးတိုးအမ်းတမ်း။

"ဘာလိုသေးလဲ ငါးကြင်းခေါင်းရေ"

"ဗျာ၊ ဟို ဟဲဟဲ ဟိုဒင်း"

"ဘာတုံးဟဲ့၊ ဩော်- အဲဒါ ငါ့တူမလေး နှင်းရီရီလေ၊ နယ်ကရောက် လာတာဟဲ့။ ဒီမှာ ကျောင်းလာတက်တာလေ"

"ဟုတ်. . . ဟုတ်ကဲ့၊ ဟဲဟဲ ကောင်းတာပေါ့ ကြီးသေးရာ။ လိုက် . . . လိုက်ပွဲပေးပါဦးဗျ"

"ဟေ- စားလှချည်လား ငါးကြင်းခေါင်းရဲ့၊ တစ်ပန်းကန်ထက် ပိုမစားတဲ့လူ ဒီတစ်ခါ တယ်ထူးပါလားဟဲ့"

"ဟင်းဟင်း တစ်ခါတစ်ခါတော့လည်း ဒီလိုပေါ့ ကြီးသေးရာ"

ဖေတိုးတစ်ယောက် စကားသာ ပြောနေသော်လည်း မျက်လုံးအစုံက နှင်းရီရီလေးဆီ တဝဲဝဲ ဖြစ်နေ၏။ သူ့အမူအရာကို အကဲခတ်နေသော ဒေါ်သေးလေးက သူ့ကို ပြုံးစိစိနှင့် လှမ်းကြည့်ရင်း မေးတငေါ့ငေါ့ ဖြစ်နေ ၏။-

"ဘယ့်လိုတုံး ငါးကြင်းခေါင်းရဲ့"

"ဗျာ၊ ဘာ. . . ဘာလဲ ကြီးသေး"



"ဩော်- စားကောင်းရဲ့လား မေးတာပါ"

"ဟာ- ကောင်းတယ်ဗျာ၊ ဒီနေ့ ပိုပြီး စားကောင်းသလိုပဲဗျ ဟဲဟဲ"

"ဟုတ်လား၊ ဧကန္တ အမြည်းကောင်းလို့ ဖြစ်မှာပေါ့။ ခေါင်းချည်းပဲ စွတ်မစားနဲ့၊ တစ်ခါတစ်ခါ တခြားဟာလေး ဘာလေး ပြောင်းစားဦးလေ"

"ဟာ- စားရမှာပေါ့။ ဒီတစ်ခါ ခေါင်းမချက်နဲ့ ကြီးသေးရာ၊ အမြီး ဖြစ်ဖြစ်၊ အတောင်ပံဖြစ်ဖြစ် ချက်ဗျာ။ ဘယ်လိုတုံး"

"ဟယ်တော်- အမြီး ကြွကြွဖန်ဖန် ငါးကြင်းခေါင်းရယ်၊ မင်း မဟုတ် တာ အတော်ပြောတာပဲ။ စားမယ့်စား ကြက်ခြေထောက်၊ ကြက်ခေါင်း လေး ပြောင်းစားပါလားဟဲ့"

"ဟာ- ဟုတ်ပြီ၊ အဲဒါ ချက်ဗျာ စားမယ်။ ခေါင်းတွေ၊ ခြေထောက် တွေပဲ ချက်နော်။ ကျွန်တော်က အသားတွေ၊ အဲဆီတွေ သိပ်ကြိုက်တာ မဟုတ်ဘူးဗျ။ ဟဲဟဲ ဒါကြောင့်ပါ ကြီးသေးရာ"

"ကောင်းပြီ၊ နောက်ဆို ခေါင်းတွေ၊ ခြေထောက်တွေ ချက်ထားမယ်"

"လာမယ်၊ နေ့တိုင်း လာစားမယ် ဟဲဟဲ"

ထိုနေ့မှစပြီး ဖေတိုးတစ်ယောက် ငါးကြင်းခေါင်းဘဝက ကြက်ခေါင်း၊ ကြက်ခြေထောက်ဘဝ ရောက်သွား၏။ ဆိုင်ရောက်တော့ ထမင်းစားဖို့ အရေးထက် နှင်းရီရီလေးကို မြင်ချင် တွေ့ချင်နေ၏။ ထမင်းစားရင်း နှင်းရီရီ၏ အရိပ်အခြည်ကို ကြည့်ရတာလည်း အမော။ ထိုအခြေအနေကို ဒေါ်သေးလေးက ရိပ်မိနေ၏။ ဆိုင်အမှုထမ်းတွေကလည်း ပြုံးစိစိ ဖြစ် နေ၏။

ဖေတိုးတစ်ယောက် ကြိုက်မရှက် ငိုက်မရှက် ဖြစ်နေ၏။ တစ်ကိုယ် တည်း လူပျိုကြီးဘဝနှင့် နေလာခဲ့သည်မှာ အနှစ်သုံးဆယ်နီးပါး ရှိနေပြီ ဖြစ်၏။ မိန်းမယူရမှာကို အလွန်မှ ကြောက်လှသူ ဖြစ်၏။ မိန်းမယူလျှင် ငွေကြေးကုန်ကျမှာလည်း စိုး၏။ သားတွေ၊ သမီးတွေ ရလာလျှင် အခက် တွေ့မှာလည်း စိုး၏။

အရှင်းဆုံးပြောရလျှင် အငတ်ခံ အဆင်းရဲခံပြီး စုဆောင်းထားသော ငွေကြေးဥစ္စာကို အပွန်းအပဲ့ မခံနိုင်။

ထို့ကြောင့်လည်း မိန်းမမြင်လျှင် ဝေးဝေးက ရှောင်ခဲ့သူ ဖြစ်လေ၏။ ယခုတော့ နှင်းရီရီကလေးက သူ့ကို ဖမ်းစားနေပြီ ဖြစ်၏။ နှင်းရီရီ၏ မျက်လုံးတောက်တောက်ကလေးများကို သူ ရင်မဆိုင်ရဲ။ မျက်လုံးချင်းဆုံ လျှင် ဖေတိုးတစ်ယောက် အယောင်ယောင်အမှားမှား ဖြစ်ရသည်မှာ အကြိမ်ကြိမ်။

သို့သော် နှင်းရီရီအနားသို့ ဘယ်သို့ ချဉ်းကပ်ရမှန်း မသိ။ ဘိုင်ပင် စရာ သူငယ်ချင်းမိတ်ဆွေကလည်း မရှိ။ အရပ်ထဲ ရှားရှားပါးပါး သူငယ် ချင်းဆို၍ တင်ဝင်းတစ်ယောက်သာ ရှိ၏။ သူလည်း လူပျိုသိုး မိန်းမတစ် ယောက်ကို ဘယ်သော့ချစ်ရမည်မှန်း မသိ။ သူနှင့် အမူဝဂ်လည်း [illegible]

www.burmeseclassic.com

www.burmeseclassic.com



၏၊ တစ်ခါတစ်ရံ ဖေတိုးထက်ပင် ပို၏။ ကပ်စေးနှဲသည့်နေရာတွင် တင်ဝင်း ကပ်စေးနှဲပုံက ကိုယ့်ပါးစပ်တောင် ကိုယ်မသဒ္ဓါ။ သို့သော် တင်ဝင်းက ခွက်ပုန်းသမား၊ အမြည်းကျတော့ လျက်ဆားနှင့် ပဲကြီးလှော် မှလွဲ၍ တခြားအရာ မမြည်း၊

ထမင်းကျတော့လည်း ဒေါ်သေးလေး ထမင်းဆိုင်တွင် စား၏။ အသားငါး ဟင်းကောင်းကောင်းမှ မစား၊ ဖေတိုးလို ကြက်ခြေထောက်တောင် မကိုက်။ အမြဲတမ်း ခဲတင်း သီးစုံချဉ်ရည်ဟင်းနှင့် နှစ်ပါးသွားတတ်သူ။ စားလျှင်လည်း တစ်ပန်းကန်ထက် ပိုမစား။ တင်ဝင်းနှင့် ဖေတိုးတို့က စရိုက်အမူအကျင့် တူညီကြသဖြင့် ပေါင်းမိကြခြင်း ဖြစ်လေ၏။

တင်ဝင်းက အညာသား။ မြို့တက်လာပြီး အလုပ်လာလုပ်နေခြင်း ဖြစ်လေ၏။ ထူးခြားသည့်ဝါသနာမှာ စာဖတ်ဝါသနာပါခြင်းပင် ဖြစ်လေ၏၊ စာတိုပေစ မှန်သမျှကို မလွတ်တမ်း ဖတ်လေ့ရှိပြီး စကားပြောလျှင် စာဟန်ပေဟန် ပါတတ်၏။

ဖေတိုးသည် နှင်းရီရီနှင့် ဆုံတွေ့မိသည့်အချိန်မှစ၍ စိတ်တွေ ကယောက်ကယက် ဖြစ်နေ၏။ ထို့ကြောင့်လည်း တင်ဝင်းနှင့် နှစ်ယောက် သား ကျိတ်ပြီး ပြောဆိုခဲ့ကြ၏။

"တယ်လဲ၊ ထူးခြားလှပါလား ကိုဖေတိုးရ။ ဘယ်လိုတုံး လူပျိုကြီး ဘဝက ကျွတ်ချင်ပြီထင်တယ်"

"ဟာ- အဲဒါ ဘယ်လိုပြောရမှန်းတောင် မသိဘူးဗျာ၊ ကျုပ်က မိန်းမ ယူရမှာတော့ တအား ကြောက်တယ်ဗျ။ ဒါ. . ဒါပေမယ့် အဲဒီ ကောင်မ လေးမြင်တော့ စိတ်ထဲ တစ်မျိုးကြီးပဲဗျ"

"ဘယ်လို တစ်မျိုးကြီးတုံးဗျ"

"ဟာ- အဲဒီ ကောင်မလေးကို ကျုပ် ရဲရဲမကြည့်ဝံ့ဘူးဗျ၊ ကြည့်မိ တာနဲ့ ရင်တုန်ပန်းတုန် ဖြစ်တာပဲဗျ"

"ဟင်- ဒါဆို ဥစ္စာစောင့်များလား မသိ။ ကြည့်လည်း လုပ်ဦးနော် တချို့ ကောင်မလေးတွေ လှရင် သတိထား ကိုဖေတိုးရဲ့၊ ဟစ်ခု[illegible] ရှိတယ်ဗျ၊ ဥစ္စာစောင့်မှန်ရင်တော့ ခင်ဗျား ပွပြီသာမှတ်ပေတော့"

"ဗျာ၊ ဘာ. . . ဘာပွတာတုံး"

"ဟာ- ဥစ္စာစောင့်ဆိုတာ သူတို့ချစ်လာရင် ရွှေမန်ကျည်းသီး[illegible] ပေးတတ်တယ်ဗျ"

"ဟာ- ကိုတင်ဝင်းကလည်း အဲဒီ ကောင်မလေးက ဥစ္စာစောင့်[illegible] မဖြစ်နိုင်ဘူးဗျ။ ဒါပေမယ့် သူ့ကိုတွေ့ရင် ဘာကြောင့် ကျုပ် ဂနာ[illegible] ဖြစ်ရသလဲ မသိပါဘူးဗျာ။ ဟို- လူတွေ ပြောပြောနေတဲ့ အချစ် [illegible] များ. . ."

"ဟာ- သိပ်ဖြစ်နိုင်တာပေ့ါ လူပျိုကြီးရာ၊ အချစ်နဲ့ တွေ့[illegible] ပင်ကိုစိတ်တွေ တစ်မျိုးတစ်မည် ဖြစ်သွားရောဗျ။ ခုဥစ္စာ အချစ်[illegible]



နိုင်တယ်။ ဟုတ်ပါပြီ၊ ခင်ဗျား အဲဒီ နှင်းရီရီဆိုတဲ့ ကောင်မလေးကို ချစ် နေပြီထင်တယ်"

"ဟင်- ဟုတ်ရဲ့လားဗျာ"

"ဟာ- ကျုပ် စာထဲပေထဲ ဖတ်ဖူးတာတော့ အချစ်ဆိုတာ တန္ဆေ သရဲ ပူးသွားသလိုပဲတဲ့၊ ကယောင်ချောက်ချား ဖြစ်တတ်တယ်တဲ့ဗျ"

"ဟင်- ဟုတ်ပြီ၊ ကျုပ်လည်း အဲဒီလို ဖြစ်သွားတယ်ဗျ။ ဒါ ဒါပေ မယ့်ဗျာ၊ မိန်းမတော့ မယူချင်ပါဘူးဗျ"

"ဟာ- ချစ်တာနဲ့ ယူရမယ် ဆိုတာတော့ ပုံသေကားချပြောလို့ မဖြစ် ပါဘူးဗျာ။ အဲ- တစ်ခုတော့ရှိတယ်၊ ခင်ဗျား ချစ်ပြီဆိုတာနဲ့ ပိုက်ဆံကုန် ပြီသာမှတ်"

"ဟေ- ပိုက်ဆံကုန်မယ်၊ ဟာ- မဖြစ်ဘူးထင်တယ်။ ကျုပ်က ပြော လောက်အောင် ပိုက်ဆံရှိတာ မဟုတ်ဘူးဗျ။ ရွာမှာ ကျုပ်အဘ ရှိပေမယ့် အဘက နောက်မိန်းမနဲ့ဗျ။ မှန်တာပြောရလျှင် ကျုပ်ဘဝက ငယ်ငယ်က တည်းက တအား ဆင်းရဲတာဗျ။ အဲဒီတုန်းက ကျုပ်အဘမှာ ယာလေး တစ်ကွက်ပဲ ရှိတာ။ အဲဒီ ယာလေးလုပ်ပြီး ကျုပ်တို့သားအဖနှစ်ယောက် ဘဝကို ဆင်းဆင်းရဲရဲ ရပ်တည်ခဲ့ရတာဗျ။ ဒီတော့ ကျုပ် ပိုက်ဆံကုန်မှာ လွတ်ကြောက်သဗျာ"

"ဟာ- ကျုပ်လည်း ခင်ဗျားလိုပဲ အညာသားပါ ကိုဖေတိုးရာ။ ဟုတ် တယ်၊ နောက်ထပ် ဆင်းရဲရမှာကိုတော့ ကြောက်လှသဗျ။ ဒါ. . . ဒါဆို မချစ်နဲ့ပေ့ါဗျာ"

"အင်"

တင်ဝင်းစကားကြောင့် ဖေတိုး တွန့်ခနဲ ဖြစ်သွား၏။ မချစ်နဲ့ ဆိုတော့ လည်း သူ့စိတ်ကို မနိုင်။ နှင်းရီရီလေး အနားရောက်လာသည်နှင့် ခြေဖျား လက်ဖျားတွေ အေးစက်သွားသလိုပင်။ ရင်ထဲ၊ အသည်းထဲ လှိုင်းတံပိုးတွေ ဝှန်းဆန်သွားခဲ့ရ၏။

အူချာချာ ဖြစ်ရလွန်း၍ ဒေါ်သေးလေးပင် ရိပ်မိနေ၏။ နှင်းရီရီက လည်း သူ့မြင်သည်နှင့် ပြုံးစိပြုံးစိ။ သို့နှင့် လပိုင်းအတွင်း သူနှင့် နှင်းရီရီ အပြောခေါ်ထူး အဆင့်သို့ ရောက်ရှိလာ၏။ နှင်းရီရီနှင့် စကားပြောရ လျှင် ဘာကိုမှ သတိမရတော့။ နှင်းရီရီ ပြောချင်တာပြော သူက ခေါင်း ညိတ်ညိတ်။

တစ်ချိန် ကြက်ခေါင်း၊ ကြက်ခြေထောက်ချည်းပဲ ကြိတ်နေသည်ကို နှင်းရီရီ ဘဝင်ကျပုံမပေါ်။ မျက်နှာကြီး မှုန်ကုပ်ကုပ်နှင့် သူစားနေသည့် ဟင်းခွက်ကိုကြည့်ပြီး ပြောလာ၏။

"ကိုဖေတိုးကြီး"

"ဟေ- ဘာတုံးဟ၊ ဘာပြောချင်သတုံး"

"ဟို- တစ်ခါလာလည်း ကြက်ခြေထောက်၊ တစ်ခါလာလည်း ကြက်

www.burmeseclassic.com

www.burmeseclassic.com



မြောက်နဲ့ အပြောင်းလဲ မလုပ်တော့ဘူးလား"

"ဟာ- ဒီမှာ ခေါင်းလည်း ရှိပါတယ်ဟ၊ ဟောဒီမှာ လည်ချောင်းရိုး ချက်ထားတာလည်း အရသာရှိပ!"

"အို- ဘာထူးလဲလို့၊ အရိုးတွေချည်းပဲ လျှောက်စားလို့ ဘယ်လို အသားဖြစ်မှာလည်း ပြောပါဦး။ လူပုံလည်း ကြည့်ဦး၊ ရှည်မျောမျောနဲ့ ပဲလင်းမြွေသီး ဖြစ်နေပြီ"

"ဟော- ပဲ. . . ပဲလင်းမြွေ"

"ဟုတ်တယ်လေ၊ အသားငါးဆိုတာ စားပေးရတယ် ကိုဖေတိုးရဲ့။ တော်ကြာ ပိုက်ဆံကုန်မှာကြောက်လို့ အစားလျှော့စားရင် ရောဂါဖြစ်၊ ရောဂါဖြစ်တော့မှ ပိုက်ဆံ ပိုကုန်မှာနော်"

"အင်- ဟာ. . . နှင်းရီရီကလည်းဟာ ငါက အလတ်ကြီးပါဟ၊ ကြားစကားတွေ မယုံစမ်းပါနဲ့ဟာ။ တစ်ခါတစ်ခါတော့ ငါ စားဖို့ စိတ်ကူး ရှိပါတယ်ဟာ"

"ရှင်၊ စိတ်ကူးရှိတယ် တစ်မျိုးကြီးပါလား။ ဒီလောက်လည်း ကပ်စေးမနဲ့စမ်းပါနဲ့ ကိုဖေတိုးကြီး၊ ဒါဆို မိန်းမယူရင် ဘယ်လိုလုပ်မလဲပြော။ ကုန်သင့်တန်ကုန် ကျသင့်တန်ကျရမှာပဲလေ"

"အင်- ဟာ ငါ မိန်းမမယူပါဘူးဟာ ဟဲဟဲ"

"အို- ကိုဖေတိုးက တကယ့် အံ့ဖွယ် လူထူးလူဆန်းကြီးပါလား"

"နှင် မသိပါဘူး နှင်းရီရီရာ၊ ငါ. . . ငါတို့က တစ်ချိန်က တအား ဆင်းရဲခဲ့တာဟ။ ရွာမှာကျန်ခဲ့တဲ့ ငါ့အဘနဲ့ ငါဟာ ပုရွက်ဆိတ်တက်နေတဲ့ ထမင်းကြမ်းခဲကို ရေဆေးပြီး ပဲလွန်းပြုတ်နဲ့ နယ်စားခဲ့ရဖူးတယ်ဟ။ ဆင်းရဲတယ်ဆိုတဲ့ စကားကို စာအုပ်တွေ၊ ရုပ်ရှင်တွေထဲမှာ လွယ်လွယ်သုံး နေကြပေမယ့် တကယ့် လက်တွေ့ဘဝမှာ မလွယ်ဘူးဟ။ ဒါ ဒါကြောင့် ငါ ဆင်းရဲမှာတော့ ကြောက်သဟာ"

"ရှင်"

ဖေတိုး၏ စကားကြောင့် နှင်းရီရီပင် အူတူတူ အတတ ဖြစ်သွား၏ ဘာကို နားလည်ရမှန်းပင် မသိ။ သို့သော် မိန်းမယူရမှာ တအား ကြော ရွံ့နေသော ဖေတိုးသည် နှင်းရီရီကိုတွေ့လျှင် အမြဲတမ်း ချောက်ချော ချားချား ဖြစ်ခဲ့၏။

အမှန်လည်း သူ့ဘဝက ဆင်းရဲနွံ့ချာခဲ့ရ၏။ သူ တကယ် လက်တွေ့ ကြုံရသည့်အဖြစ်ကို ယခုအထိ မမေ့။ ထိုစဉ်က သူတို့သားအဖ ယောက် ရွာထဲမှ အပြန်တွင် ဖြစ်၏။ ဝတ်ထားစားထားသည်မှာလည်း ချွေးတွေ၊ ဖုန်တွေ ကပ်ငြိကာ မှုန်မှိုင်းနေ၏။

ပြောရလျှင် နွမ်းနွမ်းစုတ်စုတ် ဝတ်ထားသည်မို့ ဘယ်သိမှ လူ လူတောင် မပြောင်သည့်အဖြစ်။ ရွာထဲရောက်သည်နှင့် ခွေးသုံး ကောင် ထိုး၍ ဟောင်လေတော့၏။ ထိုစဉ်က သားအဖနှစ်ယောက်



လိုက်ရသည့်ဖြစ်ခြင်း။ နောက်တစ်နေ့ အလှူဖွဲ့သွားမည်ဆိုကာ မဝတ်ဘဲ သိမ်းဆည်းထားသည့် အဝတ်အစားများကို ဝတ်စား၍ ရွာထဲ ထွက်လာ သောအခါ ခွေးဝဲစား သုံးကောင်နားအရောက် ဖေတိုး တွန့်တွန့် တွန့်တွန့် ဖြစ်နေ၏။

သို့သော် ခွေးတွေက မဟောင်သည့်အပြင် သူတို့အနား အမြီး တနှန့်နှန့် လုပ်ပြီး ကပ်လာခဲ့၏။ ထိုဖြစ်စဉ်ကြောင့် ဖေတိုး အကြီးအကျယ် အံ့ဩခဲ့၏။ ဖခင်ဖြစ်သူကတော့ ပြုံးစိစိ။ မနေ့က ဖြစ်ရပ်နှင့် ယနေ့ဖြစ် ရပ် ကွာခြားမှုတို့ ယှဉ်ပြီး ဆုံးမစကား ပြောခဲ့လေ၏။

"အဲဒါပဲ လူဓလေးရ၊ လောကမှာ လူမပြောနဲ့ ခွေးတောင် မွဲမွဲစုတ် စုတ် နေထိုင်ရင် ဟောင်လွှတ်သကွ။ ခုကြည့် ငါတို့ ဝတ်ကောင်းစားလှ ဝတ်လာတော့ မဟောင်တော့ဘူး"

"ဟုတ်သား အဘရာ၊ ကျုပ်တော့ အံ့သဗျ"

"အေး- အဲဒါ ဘာလဲဆိုတော့ အသပြာပဲပေါ့ကွာ၊ အသပြာ မရှိရင် ဆွေမျိုးမပြောနဲ့ ခွေးတောင် မလေးမခန့် လုပ်သကွ။ အဲဒီ ဖြစ်စဉ်ကိုတော့ မင်း မြဲမြဲသာမှတ်ပေတော့။ ဆင်းရဲတဲ့ဘဝ ဘယ်တော့မှ မပျော်လေနဲ့ကွ"

တစ်ချိန်က အဘ ပြောခဲ့သည့်စကား သူ့ရင်ထဲ မှတ်မှတ်ထင်ထင် ရှိခဲ့၏။ မမေ့နိုင်။ ထိုဖြစ်စဉ်က သူ့ရင်ထဲ သံမှိုလို စွဲမြဲနေ၏။ မှန်တာ ပြောရလျှင် ဖေတိုး ဆင်းရဲမှာ အသေကြောက်၏။ ကြောက်လွန်းလှ၍ လည်း ကပ်စေးနဲခြင်း ဖြစ်လေ၏။

သို့သော် နှင်းရီရီနှင့် တွေ့လာသောအခါ သူ၏ ခိုင်မာကျစ်လျစ် သော အသိတရားများ ခပ်ဖွာဖွာ ဖြစ်လာခဲ့ရ၏။ နှင်းရီရီ ပြောဖန်များလာ သဖြင့် ကြက်ခြေထောက်၊ ကြက်ခေါင်းဟင်းကို စွန့်ကာ ဟင်းပင် ထည်လဲ ပြောင်း၍ စားလာခဲ့၏။

"အလို- မောင်ဖေတိုး၊ ဘယ်လိုဖြစ်သွားပြီတုံးဟဲ့။ နှင်းရီရီ၊ ဒါ နင့် လက်ချက်ထင်တယ်"

"အို- အရီးကလည်း၊ ကိုဖေတိုးကြီးကို ကျွန်မက စေတနာနဲ့ ပြော တာပါ"

"ဟုတ်. . . ဟုတ်ပါတယ် ကြီးသေးရာ၊ ကျွန်တော့်ပုံစံက ပဲလင်းမြွေ ကြီးလိုပဲဗျ။ ဟဲဟဲ ဒါကြောင့် အစားအသောက် ပြောင်းလဲစားကြည့်တာ ပါဗျာ ဟဲဟဲ"

"ဟုတ်လား၊ ကောင်းပါတော်"

ဒေါ်သေးလေးတစ်ယောက် ဖေတိုး ကွယ်ရာတွင် ကျယ်ကျယ် လောင်လောင် ရယ်မောမိ၏။ ဖေတိုး အဖြစ်က တကယ်လည်း လူရယ် စရာပင်။ ကိုယ့်ဝမ်းတောင် ကိုယ်မသဒ္ဒါချင်သည့် ဖေတိုး။ မိန်းမယူလျှင် ငွေကုန်ကြေးကျ များမည်ဆိုကာ မိန်းမယူရမှာ ကြောက်သောဖေတိုး။ နှင်းရီရီနှင့်တွေ့မှ အချိုးစရိုက်တွေ ပြောင်းလဲလာ၏။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သွားသျှင် ကုမ္ပဏီယူနီဖောင်း ခပ်ညစ်ညစ်ကြီးကို အမြဲ ဝတ်သွားလေ့ရှိသော ဖေတိုး။ သူတို့ကုမ္ပဏီက ဆောက်လုပ်ရေးလုပ်ငန်း ကုမ္ပဏီဖြစ်၍ ဆိုက်ထဲ သွားရ၏။ ဝန်ချီစက်ကိရိယာ၊ သဲ၊ ဘိလပ်မြေ၊ အုတ်ခဲတို့ အစရှိသည်တို့ ကိုင်တွယ် ပြောဆိုနေရသည်မို့ အဝတ်သစ် အစား သစ် မဝတ်ရ။

ကုမ္ပဏီက ခြောက်လတစ်ကြိမ် ဝတ်စုံသုံးစုံ အမြဲ ထုတ်ပေးသော်လည်း သူက တစ်နှစ်ကို တစ်ထည်သာ လဲလေ့ရှိ၏။ ယခုတော့ ဖေတိုး အမြဲအနေ ပြောင်းသွားပြီ ဖြစ်၏။ သံသေတ္တာထဲ နှစ်ချို့ မှိုတက်နေပြီ ဖြစ်သော ယူနီဖောင်း ဝတ်စုံသစ်များကို ထည့်လဲ ဝတ်ဆင်လာလေ၏။ ထိမ်းထိမ်းထိမ်း မွဲခြောက်ခြောက် ဆံပင်ကိုလည်း ဆီမွှေးဆွတ်တတ်လာပြီ ဖြစ်လေ၏။

သို့သော် နှင်းရီရီနှင့် ကြုံကြိုက်သည့်အချိန်မှစ၍ ဖေတိုး ရေကို နေ့တစ်ခေါက်၊ ညတစ်ခေါက် ချိုးလာ၏။ အမူအရာတွေ အမျိုးမျိုး ပြောင်းလဲလာသည်မို့ အရပ်ထဲက လူတွေပင် ပြုံးစိပြုံးစိ ဖြစ်နေ၏။ တီးတိုး တီးတိုး သဖန်းပိုး ဖြစ်နေကြ၏။

ဖေတိုးကတော့ မမှု။ ဒေါ်သေးလေး ထမင်းဆိုင်သွားလျှင် ကော်ရည် ချထားသည့် အင်္ကျီတစ်ထည်လို တောင့်တောင့်ဖြောင့်ဖြောင့်ကြီး ဖြစ်လာ၏။ သူ့အမူအရာတို့ ကြည့်ပြီး တင်ဝင်းပင် အံ့ဩလာ၏။

"ဟာ- ခင်ဗျားပုံစံက ကော်တင်ပြီး မီးပူထိုးလာတဲ့ ဒိုဘီကုလား အင်္ကျီကျနေတာပဲ"

"ဟဲဟဲ တစ်ခါတစ်ခါတော့လည်း အပြောင်းအလဲလေး ရှိသင့်တာ ပေါ့ဗျာ"

"တော်စမ်းပါဗျာ၊ ဒီကိစ္စ မြွေမြွေချင်း ခြေမြင်ပြီးသားပါ ကိုဖေတိုး ရာ။ ပြောစမ်း၊ ခင်ဗျားနဲ့ နှင်းရီရီတို့ ဘယ်အခြေဆိုက်နေပြီတုံးဗျ။ ကျုပ် ကြားတာတွေတော့ ခင်ဗျားက စားတာသောက်တာကအစ ပြောင်းလဲသွားပြီ ဆို။ ဟားဟားဟား အဲဒါ အချစ်ပဲဗျ။ အချစ်နဲ့ တွေ့လာလျှင် အသက် မရှိတဲ့ သစ်တုံးတောင် လှုပ်သတဲ့ဗျ။ ဟုတ်ပါပြီ"

"ဟဲဟဲ မှန်တာပြောရရင် နှင်း. . . နှင်းရီရီကို ကျုပ် မေတ္တာရှိနေ တာတော့ မှန်ပါသဗျာ။ ဒါပေမယ့် အဲဒါကို ဖွင့်မပြောရဲဘူးဗျာ၊ ပြီးတော့ ကျုပ် စာပေးချင်ပေမယ့် စာလည်း မရေးတတ်ဘူးဗျ။ ခင်. . . ခင်ဗျားက စာလေးပေလေး ဝါသနာပါတော့ ကျုပ်ကို စာတစ်စောင်လောက် ရေးပေး ပါလားဗျာ"

"ဟော့လူ၊ ဘာတုံး ခင်ဗျား မိန်းမယူတော့မလို့လား။ ကြည့်လုပ်နော်၊ ရှိတာလေးပါ ပြုတ်သွားဦးမယ်"

"ဟာ- အဲဒါတွေ ကျုပ် မသိတော့ဘူးဗျာ၊ ကုန်လည်း ကုန်ပစေ တော့။ ကျုပ်. . . ကျုပ် နှင်းရီရီနဲ့ နေရရင် ကျေနပ်ပြီဗျာ"





"ဟာ- ကြမ်းလှချည်လား၊ ကိုင်း- ဘာမှမပူနဲ့ ဒီကိစ္စ ကျုပ်တာဝန် ဘား။ ကျုပ်ဆီမှာ ဘလာတီယမ်ဖျို့ထဲက စာတွေ၊ ကဗျာတွေ မှတ်ထား တယ်ဗျ။ ပြီးတော့ ကျုပ် ရေးတတ်ပါတယ်ဗျာ၊ ခင်ဗျား ဘာမှမပူနဲ့"

"ဟင်- တကယ်လားဗျ"

"တကယ်ပေါ့ဗျာ၊ ဒါပေမယ့် ခင်ဗျား ကျုပ်ကို အရက်တစ်လုံး ဝယ် တိုက်ရမယ်။ ဘယ်လိုလဲ"

"တင်- ဘယ်. . . ဘယ်လောက်လဲဗျ"

"ဟာ- သုံးလေးရာပဲ ရှိပါတယ်ဗျာ၊ ဒီကိစ္စက အသောက်အစားဖက် ပြီး ရေးမှ ကောင်းတာဗျ။ ဈာန်ကလေးဝင်မှ ဖတ်တဲ့လူ ခိုက်သွားမှာဗျ"

"ဪ- ဒီလိုကိုး၊ ကိုင်း- ဒါဆို ဟောဒီမှာ ငွေသုံးရာ၊ ရေးစမ်းဗျာ။ အကောင်းဆုံးဖြစ်အောင် ရေးနော်"

"စိတ်ချစမ်းပါဗျာ၊ ဒီလိုနေရာမှာ တင်ဝင်းက ထိပ်တန်းပါဗျ။ ကိုင်း- ကျုပ် ပြန်ဦးမယ်ဗျာ"

ဖေတိုးဆီမှ ငွေသုံးရာ ရလိုက်သည်နှင့် တင်ဝင်း တက်တက်ကြွကြွ ဖြစ်နေ၏။ ခွက်ပုန်းဆိုင် ပုလင်းတစ်လုံးနှင့် ကြက်သားသုပ်တစ်ပွဲဝယ်ကာ ခွက်ထွန်း၍ အကြံဉာဏ်ရှိသမျှ ထုတ်ပြီး ရေးလေတော့၏။

အရက်တစ်ခွက် သောက်လိုက် စာတစ်ကြောင်း ရေးလိုက်နှင့် တင်ဝင်းတစ်ယောက် ဈာန်ဝင်နေ၏။ လုံးထွေးလွှတ်ပစ်ထားသည့် စက္ကူ စုံးတွေက နံဘေးမှာ အောတိုက်။ စာကြောင်းငါးကြောင်း ပြည့်အောင် ရေးရသေး၊ တင်ဝင်း အမူးကြီး မူးနေပြီ ဖြစ်၏။

ပါးစပ်ကလည်း ဆိုလိုက်သော သီချင်းတွေ အမျိုးအမောက် မတည့်။ နောက်ဆုံး မူးမူးနှင့် အိပ်ပျော်သွားလေ၏။ ထိုအချိန် ထွန်းညှိထားသော ခွက်ကို ခြေထောက်နှင့် တန်မိသဖြင့် မီးခွက် လဲကျသွားလေရာ လွှင့် ထားသော စက္ကူပုံပေါ် ကျသွားလေ၏။

စက္ကူပုံက မီးဟုန်းဟုန်းတောက်လာ၏။ ထိုမှတစ်ဆင့် နံဘေးထရံ ကူးသွား၏။ ထိုအချိန်အထိ အချစ်စာရေးဆရာကြီး မူးကောင်းတုန်း။ နောက်ဆုံး ခေါင်မိုးအထိ မီးစွဲလာလေရာ တစ်ရပ်လုံး အုတ်အော်သောင်း နင်း ဖြစ်တုန်လေ၏။

"ဟာ- မီး. . . မီးဗျို့"

"တင်ဝင်းတို့အိမ်က"

"မီးလောင်နေပြီဗျို့"

"ဟဲ့ဟဲ့ ရေနဲ့ပက်ကြ"

"မီးကပ်တွေနဲ့ ဆွဲဟ"

"လုပ်ကြပါဦး၊ ကယ်ကြပါ"

"ကျုပ်တို့အိမ်ဘက် ကူးကုန်ပြီ"

"ဟာ- အောင်မယ်လေးဗျ"



www.burmeseclassic.com

www.burmeseclassic.com



အော်ကြဟစ်ကြ ပြေးကြလွှားကြနှင့် တစ်ရပ်လုံး မီးဟုန်းဟုန်း ... လာ၏။ ထိုအချိန် အချစ်အတွက် စိတ်ထူးအယဥ်ကြီး ယဥ်နေသော ... ကိုမှာသည်း ရုဏားသော ပစ္စည်းပစ္စယကိုမင် မယူနိုင်ဘဲ အဝတ်တစ် ... ကိုယ်တစ်ခုနှင့် ထွက်ပြေးလေ၏။

မီးက တစ်လမ်းလုံး ပြူတ်ပြူတ်ပြုန်းသွားမှ အညှနိ့ကျိုးသွားခဲ့၏။ လူတွေအားလုံး မျက်ရည်နှင့် မျက်ခွက်။ ထိုအထဲတွင် ဖေတိုးခမျာမှာ လည်း ယာယီ ဒုက္ခသည်မီးဘေးစခန်းတွင် ကြောင်စီစီနှင့် ခံစားနေရလေ တော့၏။ မီးဝါးမျိုသွားသဖြင့် သူမှာ ဘာဆိုဘာမှ မရှိတော့။ လူတွေ အားလုံးလည်း နှင်းရွှဲရွှဲ စိုနေသည့် ညခင်းတွင် အူတိအူချာနှင့် ဒုက္ခအကြီး အကျယ် တွေ့နေကြလေ၏။

ထိုအချိန်တွင် အချစ်စာရေးဆရာကြီး တင်ဝင်းခမျာ ရပ်ကွက်ရုံး အချုပ်ခန်းထဲတွင် ငိုမဲ့ငိုမဲ့ ဖြစ်နေရှာလေ၏။ တင်ဝင်းကိုကြည့်ပြီး ... တကြိတ်ကြိတ် ဖြစ်နေသူက အရပ်လူကြီး ဆရာမောက်။ ပါဝါထူမျက်မှန် ကြီးအောက် မျက်လုံးကြီး တပြူးပြူးနှင့် ဒေါ်ဟစ်မေးမြန်းနေ၏။ တင်ဝင်း ခမျာ ညောင်နာနာ ငိုမဲ့မဲ့နှင့် ဖြစ်နေရှာ၏။

"ကျွန်တော် အမူးလွန်သွားလို့ပါ အရပ်လူကြီးရယ်"

"ဟာ- မင်းဘာသာမင်း မူးမူး ရူးရူးပေါ့ကွာ၊ မင်းမူးတာနဲ့ ရပ်ကွက် မီးနဲ့ ရှို့တာတော့ လွန်တာပေါ့ကွာ။ ဒါ မင်း သက်သက်လုပ်တာ ဖြစ်မယ် ပြောစမ်း"

"ဟာ- မဟုတ်ရပါဘူးခင်ဗျာ၊ ဟို- ကျွန်တော့်ကို ကိုဖေတိုးက ပြော ... ရည်းစားစာ ရေးခိုင်းလို့ မီးခွက်ထွန်းပြီး ရေးမိတာပါဗျာ"

"ဘာကွ၊ ဖေတိုး ဒါ. . . ဒါဆို မီးလောင်တဲ့တိုက်စွက ဖေတိုး ပါသပေါ့ ပြောစမ်း။ မလွယ်ပါလား၊ ရည်းစားစာရေးတာနဲ့ တစ်ရပ်လုံး မီးတင်ရှို့ရသလားကွာ။ မရဘူး ခုချက်ချင်း ဖေတိုး သွားခေါ်စမ်းကွာ ဟော့တောင် ကြွက်နီ၊ ဖေတိုးကို သွားခေါ် စမ်း"

"ဟုတ်ကဲ့ အရပ်လူကြီး"

"ဗိုကောင် ဘယ်မှာလဲ"

"ဟို- မီးဘေးဒုက္ခသည်စခန်းမှာဗျ"

"သွား၊ ခုချက်ချင်း ခေါ်ခဲ့စမ်း"

"ဟုတ်. . . ဟုတ်ကဲ့"

ဆရာမောက်၏ လေသံမာမာကြောင့် နံဘေးတွင် ကုပ်ချောင်း ချောင်း ရပ်နေသော ကြွက်နီတစ်ယောက် ဒုက္ခသည်စခန်းဘက် သုတ်ခြေ တင်လေတော့၏။ ထိုအချိန်တွင် မီးဘေးဒုက္ခသည်ကြီး ဖေတိုးခမျာ ထမင်းထုပ်တစ်ထုပ်ကို ဖြေ၍ စားသောက်နေ၏။ ထမင်းထုပ်ထဲ ကြက် ပေါင်ကြီး ပါလာသဖြင့် အားပါးတရ ကိုက်ဖဲ့စားသောက်နေ၏။

ထိုစဉ် ကြွက်နီခေါ်သံ ပေါ်လာသဖြင့် ဖေတိုး လက်ထဲက ကြက် ပေါင်ကြီးကို ရှပ်လိုက်မိ၏။

"အာ. . . ဘာတုံးကွ"

"ဟို- အရပ်လူကြီး ခေါ်ခိုင်းလိုက်လို့ဗျ"

"ဟေ- ဘာကိစ္စတုံး၊ ထောက်ပံ့ကြေးပေးမလို့လား"

"ပြောတတ်ဖူးလေ၊ ခင်ဗျားနဲ့ အမျိုးတော်လို့လားဗျ"

"ဟာ- ခုဘာဝ အမျိုးမတော်တောင် အရင်ဘဝက တော်ခဲ့လို့ ဖြစ်မှာ ပေါ့ကွာ"

"ဟုတ်လား၊ ဒါဆို အမြန်လာဗျာ"

"အေးပါကွာ"

ပြောပြောဆိုဆိုနှင့် စားနေသည့် ထမင်းထုပ်ကို အလျင်အမြန် ထုပ် ... လိုက်ပြီးနောက် ရပ်ကွက်ရုံးဘက်သို့ ဒရောသောပါး လိုက်ခဲ့လေတော့ ၏။ အရပ်လူကြီး ဆရာမောက်ကိုလည်း စိတ်ထဲက မေတ္တာအပိုကြီး ပို့နေ သေ၏။ သို့နှင့် ရုံးခန်းထဲအရောက်တွင် ဆရာမောက်က ဆီး၍ မေးမြန်း လေတော့၏။

"ဟော့ကောင် ဖေတိုး"

"ခင်ဗျာ"

"ရပ်ကွက်မီးတင်ရှို့တာ မင်းလည်း ပါသဆို"

"ဗျာ၊ မီး. . . မီး"

"ဘာတုံးကွ၊ မင်း ဘာငြိုင်းချင်သေးလဲ။ ငါ့ကို တင်ဝင်းကိုယ်တိုင် ... ခံထားတာကွ"

"ဗျာ၊ တင်ဝင်း. . . ဟာ- ရှုပ်ကုန်ပါပြီ အရပ်လူကြီးရယ်"

"ဟော့ကောင် ရှင်းရှင်းပြောစမ်း၊ မင်းက တင်ဝင်းကို ရည်းစားစာ ရေးခိုင်းတယ်ဆို"

"အင်- ဘာ. . . ဘာတွေလဲ ခင်ဗျာ"

"တိတ်စမ်း၊ မင်း ရည်းစားစာ ရေးခိုင်းလို့ တစ်လမ်းလုံး မီးထလောင် တာကွ။ မင်း ဘာငြင်းချင်သေးလဲ ပြောစမ်း"

"ဟာ- မ. . . မငြင်းပါဘူး ဆရာမောက်ရယ်၊ ဒါပေမယ့် မီးရှို့တဲ့ကိစ္စ ကျွန်တော် မပါတာ အမှန်ပါဗျာ"

"ဘာကွ၊ ဟော့ကောင် မင်း. . . မင်း ငြင်းနေတာလား"

"ဟုတ်. . . ဟုတ်ကဲ့၊ ဒီကိစ္စတော့ ငြင်းပါရစေ အရပ်လူကြီးရယ်။ ကျွန်တော် အိမ်ထဲကအိမ်ပြင် မထွက်ဘူးဆိုတာ အိမ်ဘေးကလူတွေ သိပါ တယ် ခင်ဗျာ"

ဖေတိုး၏ စကားကြောင့် အရပ်လူကြီး ဆရာမောက် ခပ်ထွေထွေ ဖြစ်သွား၏။ ထိုစဉ် ဖေတိုးက သူ ဘာမှမသိကြောင်း၊ သူပယောဂ ကင်းပါ ကြောင်း ဖိ၍ ပြောကြားလေရာ နောက်ဆုံးတော့ အရပ်လူကြီးက ကြိမ်း ဟောက်၍ မီးဘေးဒုက္ခသည်စခန်းသို့ ပြန်လွှတ်လိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှစပြီး ဖေတိုးတစ်ယောက် အချစ် ဆိုသည်မှာ ထမင်းထုပ်စားရသည့် အဖြစ်ပါလားဟု အဖြေတစ်ရပ် ရရှိသွားလေတော့၏။



* သံသရာတစ်ကွေ့မှာလ
ဆုံတွေ့ကြ ဘဝအဖုံဖုံ
ကြုံလေသမျှ လောကဓံတရား။

* အနိမ့်အမြင့် အတက်အဆင်း
ရှောင်ကွင်း၍ မရပါဘူ
ဘဝမှာ မကြုံချင်တာကြုံ
ကြုံချင်တာ မကြုံနှင့်
လူ့ဘုံရဲ့ အတိမ်အနက်
အိပ်မက်ပမာအလား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

အချစ်၏ တုံ့ပြန်မှုက ကြောက်စရာကောင်းလှပါဘိ။ ဖေတိုးတ… ယောက် မီးအေးဒုက္ခသည် ဖြစ်သွားသော်လည်း နှင်းရီရီအပေါ် ထား… သည့် ချစ်စိတ်က တစ်ပြားသား မလျော့။ ဒုက္ခသည်စခန်းတွင် ချမ်းချ… ငိုးစီး နေရသော်လည်း နှင်းရီရီလေးအကြောင်း တွေးနေရလျှင် သူ့ရင်ထဲ… စိုးရိမ်မှုတွေ တဖွာဖွာ တလွင့်လွင့်။

လက်ရှိ အနေအထားအရတော့ သူ့ဘဝက မီးဘေးကြောင့် ပြာ… သွားချေပြီ ဖြစ်၏။ အဝတ်တစ်ထည် ကိုယ်တစ်ခု ထောက်ပံ့ပေးတမ်း… သော ဆောင်တစ်ထည်၊ ဝတ်စုံနှစ်စုံသာ ရှိတော့၏။

သူများတွေလို ကိုယ့်မှာ ကူဖော်လောင်ဖက် မရှိ။ တွေးကြည့်… တော့ ထိုင်ငိုချင်စိတ်ပင် ပေါက်မိ၏။

သို့သော် နှင်းရီရီဆိုသော အတွေးက လွှမ်းမိုးထားသည့်မို့ ဖေ… အာရုံတွေ လတ်ဆတ်လန်းဆန်းနေခဲ့။ တစ်ချိန်တွင် နှင်းရီရီတို့ တူ… နှစ်ယောက် သူ့ဆီ ရောက်လာ၏။

"ဟာ- နှင်းရီရီလည်း ပါတယ်"

"နှင်းရီ စိတ်မကောင်းလိုက်တာ အစ်ကိုဖေတိုးရယ်"

"ဩော်- ဘဝဆိုတာ ဖြစ်ပျက်ပြောင်းလဲနေစမြဲပါ နှင်းရီရီရ…"

"ဒါထက် ပြောပါဦး မောင်ဖေတိုးရဲ့၊ မင်းတို့လမ်း မီးလောင်… တင်ဝင်း ရည်းစားစာရေးလို့ဆို"

"ခင်ဗျာ၊ ဒီ. . . ဒီသတင်း ကြီးသေး ဘယ်က ကြားသတုံးဗျ"

"ဩော်- ဒီလိုပဲ ကြားတာပေါ့ဟယ်၊ တင်ဝင်းက ရည်းစားစာရေး… တစ်လမ်းလုံး မီးတိုက်ရသလားဟဲ့။ ငါကြားတာတော့ နင့်ရည်းစားစာ…"

"ခင်ဗျာ၊ ဟာ- ဟို ဟဲဟဲ မဟုတ်ရပါဘူးဗျာ"

"နင်တို့နှစ်ယောက်က တစ်တျိတ်တည်း တစ်ဉာဏ်တည်းတွေ…





…ပြောလို့ရမှာ မဟုတ်ဘူး။ ခေတ်က ရည်းစားစာပေးတဲ့ခေတ် မဟုတ်တော့ …ဘူးဟဲ့၊ ဘာမဆို လက်တွေ့ပဲ ကောင်းတယ်"

"ဗျာ၊ လက်တွေ့. . . လက်တွေ့ဆိုတာ ဘာလဲ ကြီးသေးရဲ့"

"အေး- နင်တို့ကိုက အူတူတူ အတာတနဲ့ဟယ်၊ လောကမှာ အရေး …ကြီးဆုံးက ဘာလဲသိလား။ ဒါဟဲ့ ဒါ. . . ဒါ"

"ဗျာ၊ အဲဒါ ဘာတုံးဗျ"

"ဟဲ့- နင်ကလည်း ထူပါ့ဟယ်။ ပိုက်ဆံပေါ့ဟဲ့၊ ပိုက်ဆံရှိမှ ဘဝဟာ …င့်တယ်မှာဟဲ့။ ပိုက်ဆံ မရှိရင် အလကားပဲ ဖေတိုးရဲ့၊ မိန်းမယူချင်ရင် …သနဲ့ယူလို့မရဘူးဟဲ့"

"ဗျာ၊ ပိုက်ဆံ"

"ဒါပေါ့ဟယ်၊ ခုဆို နင့်ဘဝက ဖြူခါပြာခါကျနေပြီ မဟုတ်လား။ …ပြာစမ်း"

"ဟုတ်ပါတယ် ကြီးသေးရယ်၊ လှည့်ကြည့်ရင် ကျောချည်းပဲ ရှိပါ …တော့တယ်ဗျာ။ ဘဝပေးကလည်း ဆိုးပါ့ဗျာ"

"ညည်းမနေနဲ့ မောင်ဖေတိုးရေ၊ ပိုက်ဆံရှိအောင် လုပ်ဟဲ့။ ပိုက်ဆံ …မှ လူရာဝင်မှာ။ ကိုင်းကိုင်း ငါတို့ ပြန်ဦးမယ်"

"ဗျာ၊ ဟုတ်. . . ဟုတ်ကဲ့"

ဖေတိုးတစ်ယောက် ဒေါ်သေးလေး၏ စကားကြောင့် လေသံပင် …မဟနိုင်တော့ချေ။ နှင်းရီရီကိုလည်း မဝံ့မရဲ ဖြစ်နေရ၏။ သူ့စိတ်ထဲ …က်ဆံဆိုသော ရောဂါကြီးက အခိုင်အမာ ဖြစ်လာ၏။ ဒေါ်သေးလေး၏ …ကားတွေက နှင်းရီရီ၏စကားတွေများလား။

ရင်ထဲ ဝေတေဝါးတား ခံစားနေရ၏။ ဒေါ်သေးလေး ပြောသွား …လို ဘဝက လှည့်ကြည့် ဘာမှမရှိတော့။ အားလုံး ဗလာနတ္ထိ။

ထိုအခါ ဆင်းရဲတော့မယ်ဆိုသည့် ခံစားချက်က ကြောက်စရာ …ကောင်းလှသည့် သတ္တဝါကြီးတစ်ကောင်ပမာ သူ့နှလုံးအိမ်တို့ ကုတ်ခြစ် …ဆွဲနယ်လာ၏။ ခံစားမှုတွေ အပိုင်းအပိုင်းအစစ။ ဘဝသည် ပိုက်ဆံ …ရှိတော့ပါလား ဆိုကတည်းက ပျော့ဖတ်နွံ့ခွေသွားသလိုပင်။

ထိုအတွေးနှင့် သူ အိပ်မပျော်နိုင်တော့။ ဘာလုပ်ရမလဲ စဉ်းစားရင်း …အတွေးထဲသို့ ဖခင်ဖြစ်သူ ဦးချမ်းသာကို မြင်ယောင်လာ၏။ အားကိုး …ရာဆို၍ ဖခင်ကြီးမှလွဲ၍ ဘယ်သူ့ကိုမှ မမြင်တော့။

သို့သော် ဖခင်ကြီးက နောက်အိမ်ထောင် ရှိနေပြီမို့ သူ့ကို ကြည်ဖြူ …ဦးမလား။ အတွေးတွေက ကယောက်ကယက်။ ဘာပဲဖြစ်ဖြစ် ဖခင် …သူက သူ့ကို မောင်းထုတ်လိမ့်မည်ဟု မထင်။ ထိုအတွေးကြောင့် ဖခင် …ရှိမည့် အညာအရပ်သို့ ပြန်ရန် ဆုံးဖြတ်လိုက်လေ၏။

ဖခင်ကြီး နေသည့်ရွာက ရွှေစက်တော် အနောက်ဘက်တွင် ရှိလေ… ဖေတိုးသည် ရှိသမျှပစ္စည်းလေးကို ကျောပိုးအိတ်ထဲထည့်ကာ အဝေး

www.burmeseclassic.com

www.burmeseclassic.com



ပြေးဂိတ်သို့ ထွက်လာ၏။ သူ ရောက်ရှိသွားချိန်တွင် ဘေးခုံတွေ မရှိတော့
သဖြင့် အလယ်ခုံလက်မှတ်ဖြတ်ကာ ကားကြီးပေါ်သို့ တက်ခဲ့၏။

အဝေးပြေးဂိတ် ဆိုသည့်အတိုင်း အသံဗလံများက သောသော
နေ၏။ ဈေးဆိုင်တန်းဘက်မှ ထွက်လာသော သီချင်းသံများကလည်း ရှိ
ထိုးနေ၏၊ ခရီးထွက်မည့်သူများ၊ ပြန်လာကြသူများ၊ လာကြိုကြသူမျာ
ရှုပ်ယှက်ခတ်နေ၏၊ လက်ဖွဲ့ဈေးသည်များကလည်း ကားကြီးကားငယ်
ဘေးတွင် ရုစ်သီရစ်သီ လုပ်နေကြ၏။

ဖေတိုးထိုင်သည့် အလယ်ခုံက ကားနောက်ဆုံးတန်းတွင် ရောက်
နေ၏၊ ခရီးသည်တွေကလည်း တစ်ကားလုံး ပြည့်နှက်နေ၏။ သူနှင့်
ညာဘက်တွင် ကြက်သမားတစ်ယောက် ပါလာ၏။ အရွယ်က သူနှ
မတိမ်းမယိမ်း။ ဆံပင်ကို နီကြောင်ကျား၊ ရင်ခွင်ထဲက ကြက်ကတုံးကြီး
တသသ လုပ်နေ၏။ ကြက်သမား၏ဘေးတွင် ပုတီးတချောက်ချော
စိပ်နေသော အသက်ငါးဆယ်ကျော်အရွယ်ရှိ လူကြီး ထိုင်နေ၏။ ခေါင်း
တဘက်ညိုကြီး ပတ်ထား၏။ ထိုပုဂ္ဂိုလ်ကြီးသည် လက်ထဲက ပုတီးအပြ
လည်ပင်းမှာလည်း ကြီးမားသော ပုတီးကြီးတစ်ကုံး ဆွဲထား၏။

သူ့ဘယ်ဘက်တွင်မူ မုတ်ဆိတ်ဖွားဖွားနှင့် ချစ်တီးကုလားကြီးတစ်
ထိုင်နေပြီး ကုလားကြီး၏ဘေးတွင် ပေါင်ဒါအဖွေးသား ရိုက်ထားသော
လူရွယ်တစ်ဦး ထိုင်နေ၏။ ဆံပင်ကို ဘီးကုပ်နှင့် နောက်လှန်ဖိထားသ
ရုတ်တရက်ကြည့်လျှင် မိန်းမချောလေးတစ်ဦးအလား ထင်ရ၏။

ကြက်သမားထိုင်ခုံ၏ ရှေ့ခုံတွင် အမျိုးသမီးငယ်တစ်ဦးနှင့် ဝဖိုင့်
မိန်းမကြီးတို့ ထိုင်နေ၏။ ကိုယ်ပေါ်တွင် ရွှေငွေလက်ဝတ်ရတနာတွေ
လည်း ညွတ်နေအောင် ဝတ်ထား၏။

မိန်းမပျိုလေးမှာ အရွယ်အားဖြင့် နှစ်ဆယ်စွန်းစ အရွယ်ရှိ
မျက်နှာလေးက စံပယ်ငုံလေးလို ဖူးဖူးလုံးလုံးလေး ဖြစ်၏။ လည်တိုင်
မာဖလာ အပြာနုရောင်လေးကို ပတ်ထား၏။

ဖေတိုးသည် မိန်းမပျိုလေး၏ အလှကို ငေးမောကြည့်နေမိ
ဖေတိုးတို့ အလယ်တန်း တစ်ခုံကျော်တွင် ကြက်သမားတစ်ယောက်
နေသည်ကိုလည်း တွေ့ရ၏။ အသွင်အပြင်က ပေစုတ်စုတ်။ သူလက်
က ကြက်ကြီးကိုလည်း ကရှုပ်ရှုပ်နမ်းနေ၏။ ကြက်ကြီးထံမှ တကော်ကော
မြည်သံကို ကြားနေရ၏။ ထိုကြက်ကြီး၏ အသံကြောင့် သူနှင့်ဘေး
ကြက်ကြီးကလည်း ကတော်ကတော် အော်ကာ ခေါင်းတထောင်ထော
လုပ်နေ၏။

ဖေတိုး၏ရှေ့ခုံ ထိုင်နေသောလူမှာ အတော်ကလေး သောက်ထာ
ရ၏။ သူ့ဘေးကခုံကို ခေါင်းမှီ၍ မျက်စိစုံမှိတ်ထား၏။ ဖေတိုးသည်
ဘေးမှ လူတွေကို မျက်လုံးတစ်ချက် ဝေ့ကြည့်ရင်း ဘေးတစ်ခုံကျော
မျက်နှာဖူးဖူးလေးကိုသာ ပြန်၍ ငေးမောနေ၏။





သူကလေးကို ကြည့်ရင်း နှင်းရီရီကို သတိရလာ၏။ သူ့စိတ်ထဲ
မိန်းမပျို ချောချောလေးများကို မြင်ရသည်မှာ ရင်အေးဖွယ်ကောင်းလှ
သည်ဟု တွေးနေ၏။ ထိုအချိန်တွင် သူတို့ လိုက်ပါလာသည့်ကားကြီးသည်
အဝေးပြေးဂိတ်မှစ၍ ထွက်ခွာလေတော့၏။

ကားကြီးထွက်သည်နှင့် အမျိုးသမီးငယ်လေးသည် သူ့ဘေးမှ မိန်းမ
ကြီး၏ ပခုံးကို ခေါင်းတင်၍ မှေးစက်နေလေ၏။ ဖေတိုးရှေ့မှ အသောက်
သမားသည် ကားထွက်သည်နှင့် ဟိုယိုင်ဒီယိုင် ဖြစ်လာ၏။ တစ်ခါတစ်ရံ
ဖေတိုးဘက်သို့ လန်ကျလာတတ်၏။ အရက်နံ့က တထောင်းထောင်း။

ထိုအချိန် အရှေ့ခုံမှ ကြက်တွန်သံ ထွက်လာလေတော့၏။ ထိုအသံ
ကြားလိုက်သည်နှင့် ဖေတိုးဘေးခုံမှ ကြက်က အားကျမခံ ထ၍ တွန်လေ
တော့၏။ တွန်လိုက်သမှ အကြိမ်ကြိမ်အခါခါ။ ပုတီးသမားသည် ပွက်
လောရိုက်နေသော ကြက်တွန်သံကြောင့် စုံမှိတ်ထားသော မျက်လုံးကို
ဖျတ်ခနဲ ဖွင့်လိုက်၏။

"ဟာ- ဆူလှချည်လားဟ"

"ဟဲဟဲ ကျုပ်ကြက်က စိန်ခေါ်ရင် ဘွာမခံတဲ့ကြက်ဗျ။ အသံကြား
တာနဲ့ မရိုးမရွ ဖြစ်နေပြီလေ"

"ဟာကွာ၊ မင်းဘာသာ ဘာဖြစ်ဖြစ်ပေါ့ကွာ။ ဘေးခရီးသည်တော့
ဂရုစိုက်ရမှာပေါ့၊ ဒီမှာ ပုတီးစိပ်လို့ မရဘူးကွ။ အကုသိုလ် များလိုက်တာ
ကွာ"

"ဗျာ၊ ဟို- ကြက်. . . ကြက်တွန်တာ အကုသိုလ်လား"

"ဟ- ငတုံးရဲ့ မင်းက ကြက်သမား၊ ငါက ပုတီးသမားကွ။ ဘယ်လိုမှ
ယှဉ်လို့ မရဘူး။ အနိစ္စတရား မသိ၊ အဝိဇ္ဇာတရား မသိ သတ္တဝါချင်း
ရန်တိုက်ပေးတာ ဘယ်ကောင်းမှာလဲကွ"

"ဟို- ကျုပ်. . . ကျုပ် မတိုက်ပါဘူးဗျ၊ ကျုပ်က မျိုးဖောက်ဖို့ ယူ
လာတာဗျ။ ကျုပ်က ကြက်တိုက်မစားပါဘူး၊ မျိုးဖောက်ဖို့ ဝယ်လာတာဗျ"

"ဒါဆိုလည်း မင်းကြက် ပါးစပ်ပိတ်ထားစမ်းကွာ၊ ဒီမှာ ထွက်သက်
ဝင်သက် မှတ်နေတာကွ။ အာရုံပျက်သကွာ"

"ဟုတ်. . . ဟုတ်ကဲ့"

ပုတီးသမား၏ စကားကြောင့် ကြက်သမားခမျာ ကုပ်ချောင်းချောင်း
ဖြစ်သွား၏။ တကော်ကော် အော်နေသော သူ့ကြက်ကြီးကို နှုတ်သီးပိတ်
ထားရ၏။ ထိုအခါမှ ပိုဆိုးလာ၏။ ကြက်ကြီးသည် သူ့ကို နှုတ်သီးပိတ်
ထားသဖြင့် တခွီးခွီး အော်ပြီး ရုန်းကန်နေ၏။

"ကော်ကော် ခွီးဖူး"

"ဟာ- ဒီကြက်ကလည်းကွာ၊ အငြိမ်နေတာ မဟုတ်ဘူး"

"ရိုက်စားပစ်လိုက်ကွာ"

"ဗျာ၊ ဟေ့လူ ခင်ဗျား ဘာပြောတာလဲ။ ဒါ တစ်သောင်းနှစ်ထောင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝယ်လာတဲ့ တိုက်ကြက်အစစ်ဗျ"

"အဲဒါဆို ဗိုချီမှာပေါ့ကွာ၊ အရက်နဲ့ မြည်းလိုက်လို့ကတော့ ဘယ်သောက် ဗိမ်ရှိလိုက်မလဲကွာ"

"အင်- ပြောရက်လိုက်တာဗျာ"

ခေါင်းရွှေ့ ငိုက်မျဉ်းမှုံယစ်နေသော အသောက်သမားထံမှ စကားသံထွက်လာ၏။ သူ့အသံကြောင့် ကြက်သမား ပွစိပွစိ ဖြစ်နေ၏။ အသောက်သမားကတော့ သူ ပြောချင်ရာပြောပြီး လွယ်အိတ်ထဲက ပုလင်းပြားထုတ်ကာ အရက်ထပ်မော့နေ၏။

"ဟဲ့- သောက်လှချည်လား၊ ဘေးကလူတွေလည်း အားနာပါဦး"

"ဟာဗျာ၊ ကိုယ့်ပိုက်ဆံနဲ့ ကိုယ်သောက်တာဗျ"

"ဟဲ့- နင့်ပိုက်ဆံနဲ့ နင်မသောက်လို့ ဘယ်သူက နင့်ကို သဒ္ဓါမှာလဲ၊ ဒါ အရပ်ထဲ မဟုတ်ဘူးဟဲ့၊ သောက်ချင်တိုင်း စွတ်မသောက်နဲ့။ ဘေးဘီလည်း အားနာဦး"

"အို- အမေကလည်း မပြောပါနဲ့"

"ဘာလို့ မပြောရမှာလဲ၊ ဒါ ဥပဒေမရှိတဲ့နိုင်ငံ မဟုတ်ဘူး"

"အို- ဒုက္ခပါပဲ"

အသံဗလံတွေက ပွစိပွစိ ဖြစ်လာ၏။ ဖေတိုးရှေ့မှ အရက်သမားကလည်း ဘယ်သူ့မှ ဂရုစိုက်ပုံမပေါ်။ ကောင်မလေးဘေးမှ မိန်းမကြီး ပြောသမျှကို လှည့်၍ ပြောဆိုနေ၏။ ထိုစဉ် ကြက်တွန်သံတွေ ပေါ်လာပြန်၏။

"အော်. . . အီးအီး. . . အွတ်"

"အော်အီးအွတ် ကတော်ကတော်"

"ဟာ- ကြက်သံက တစ်မျိုးကွ၊ ဟကောင် မင်းကြက်ကို နှုတ်သီးပိတ်ထားဆိုမှကွာ"

"ပိတ်. . . ပိတ်တာပဲဗျာ၊ ကြာကြာပိတ်ရင် သေသွားမယ်ဗျ"

"ခက်တော့တာပဲကွာ၊ လူတွေ. . . လူတွေ အဝိဇ္ဇာမသိ၊ ဘာမသိ အကုသိုလ် တီထွေးကြီးပါလား"

"ဗျာ၊ တီထွေးကြီး ဘယ်. . . ဘယ်မှာတုံး ဦးကြီးရ"

"ဟေ- မင်းက ဘာလုပ်မလို့တုံး ကြက်သမားရ"

"ဟို- ကျုပ်ကြက်က တီထွေးဆို သိပ်ကြိုက်တာဗျ"

"ဘာကွ၊ ငါပြောတာ တခြားကွ။ ခက်ပါ့ကွာ၊ မင်းအနား ထိုင်ရတာ အကုသိုလ်စော် နံသကွာ"

"ဟာ- ဦးလေးကလည်း ကျွန်တော်က ဘာမကောင်းတာ လုပ်လို့လဲဗျ၊ လူဆိုတာ ကိုယ်ဝါသနာပါရာ ကိုယ်လုပ်ကြတာပေါ့ဗျာ"

"ဟကောင် စော်တော့ကွာ၊ ခရီးသွားရင်း ပြဿနာမဖြစ်ချင်ဘူးကွ"

ကြက်သမားနှင့် ပုတီးသမားတို့ တစ်ယောက်နှင့် တစ်ယောက်





စောင်နေကြ၏။ ဖေတိုးမှာ သူတို့နှစ်ယောက်၏ အသံကြောင့် မိန်းမပျို လေးဆီ ရောက်နေသည့်အာရုံ ပျောက်သွား၏။ ထိုစဉ် ကြက်သမားက သူ့ကို မိတ်ဖွဲ့လာ၏။

"ဘယ်သွားမလို့တုံးဗျ"

"မင်းဘူးဘက်ကိုလေ"

"ဟာ- ကျုပ်လည်း မင်းဘူးသွားမှာဗျ၊ ကျုပ်နာမည် ပူတူးဗျ။ ကြက်ကို ကျုပ်က တအား ဝါသနာပါတာ။ ကျုပ်က ထမင်းဆိုင်မှာ ထမင်းချက်ဗျ။ အဲဒါ ရွာမပြန်တာ ကြာတာနဲ့ ကြက်ဝယ်ပြီး ပြန်တာဗျ။ အစ်ကိုက ဘယ်သူတုံး"

"ငါ့နာမည် ဖေတိုးကွ၊ မင်းက ကြက်ဝါသနာပါတယ်နော်။ တစ်သောင်းတောင် ပေးရသလား"

"အဟုတ်ဗျ၊ ကျုပ်ကလည်း ကြက်ကောင်းမြင်ရင် ဈေးမဆစ်ချင်ဘူး။ ဒါကြောင့် ဝယ်ချလာတာ၊ ရွာရောက်ရင် မျိုးပြန်ဖောက်မယ်လေ"

"ဟုတ်လား၊ ဘာလုပ်မှာတုံးကွ"

"ဟာ- မျိုးပြန်ရလာရင် တစ်ကောင် တစ်သောင်း၊ နှစ်သောင်းတော့ ပြေးမလွတ်ဘူးဗျ။ ကိုဖေတိုးရော ဝါသနာပါလားဗျ၊ ကြက်ကောင်းရင် လက်ခမောင်းခတ်ရမတဲ့ဗျ။ ကျုပ်တို့ရွာမှာ ကြက်ကောင်း တအား ရှားတာ။ ဒါကြောင့် ကျုပ် အပြန်ဝယ်လာတာ ဟဲဟဲ"

"ဟုတ်လား"

"ငါကြားဖူးတာတော့ ကြက်ကောင်းချင်ရင် ဘူးသီးရောရသကွ"

"ဟာ- ခင်ဗျားကြီးကလည်း မဟုတ်တာ ဝင်ပြောပြန်ပြီ၊ ဘယ်လိုတုံး တစ်လမ်းလုံး အရက်တွေချည်း လှိမ့်သောက်နေမလို့လား"

"ဟာ- ကြက်သမားကလည်းကွာ၊ ငါ့နာမည် ကြာခင်ကွ။ အရက်သောက်လာတာ နှစ်ချီနေပြီ၊ မင်းလိုပေါ့ကွာ။ မင်းကကြက်၊ ငါကအရက်၊ ငါလည်း မျိုးဖောက်ချင်လို့ပေါ့"

"ဘာတွေလဲဗျ"

"ဟကောင်တွေ တိုးတိုးပြောကြစမ်းပါဟာ၊ ဒီမှာ ပုတီးစိပ်လို့ကို မရဘူး"

"ဩော်- ဘိုးတော်ကြီးကလည်း စိပ်ပုတီးဆိုတာ စိတ္တပတ္တိပတိဗျ၊ စိတ်ကို နှစ်မြုပ်တာဗျ။ ဟဲဟဲ ဘိုးတော်က ပုတီး၊ ကျုပ်က အရက်၊ ဟောဒီ ကြက်သမားက ကြက်။ လူတစ်ကိုယ် ဝါသနာတစ်မျိုးပေါ့ဗျာ"

"ဟကောင် မင်းပါးစပ်ပိတ်စမ်း၊ ဘယ်လို ရေစက်နဲ့များ ကြက်သမားတွေ၊ အရက်သမားတွေနဲ့ လာကြုံနေပါလိမ့်"

"ဟားဟားဟား"

အရက်သမား ကြာခင်က ကြားမှ ဝင်ဝင်ပြီး ပြောနေသဖြင့် ပုတီးဆရာကြီးမှာ ပွစိပွစိ ဖြစ်နေ၏။ ကြက်သမား ပူတူးကတော့ ပူကြက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို တသသ၊ ဖေတိုးတစ်ယောက် သူတို့ကြားထဲ ညှပ်နေ၏။

ထိုအချိန်တွင် အဝေးပြေးလမ်းမကြီးပေါ် တွင် ကားကြီးက တရိပ်ရိပ် ပြေးသွားနေ၏၊ အချိန်အခါမှာလည်း တဖြည်းဖြည်း မှောင်မိုက်လာ၏။ မြင်ကွင်းတွေက တဘူးဘူး ဝင်လာသဖြင့် ဖေတိုးတစ်ယောက် ခိုက်ခိုက်တုန်နေ၏။ ထိုစဉ် အရက်သမားက သူ့ဘက်လှည့်ပြီး အရက်ပုလင်း ထိုးပေးလာ၏။

"ဘာ. . . ဘာလဲဗျ"

"ချလိုက်စမ်းပါ၊ တစ်ငုံ နှစ်ငုံဆို စောင့်ခြံစရာ မလိုဘူး။ ချလိုက်စမ်းပါ ကိုဖေတိုးရာ၊ ကျုပ်က စေတနာနဲ့ ပေးတာဗျ။ ချချ ဘယ်သူမှ မမြင်ပါဘူးဗျ"

"ဟာ- ဟို ကျုပ်က. . ."

"သောက်လိုက်စမ်းပါ၊ တစ်ငုံချလိုက်ဗျ"

ကြာခင် အတင်းထိုးပေးနေသဖြင့် အရက်ပုလင်းကိုယူကာ တစ်ငုံ နှစ်ငုံ မော့လိုက်၏။ သူ့ရင်ထဲ နွေးထွေးသွားသလိုပင်။ ထိုအချိန်တွင် ကြက်သမားသည် ပုတီးသမားပေါ် ခေါင်းမှီကာ ငိုက်နေ၏။ ပုတီးသမားကြီးက ကြက်သမားဘက် လှည့်ပြီး မျက်စောင်းတခဲခဲ။

ထိုစဉ် ကြာခင်သည် ဖေတိုးလက်ထဲမှ အရက်ပုလင်းကို လှမ်းယူကာ ခေါင်းကြီးမြှူထွက်လာသော ကြက်ကြီးကို အတင်း ဖိညှစ်ဖမ်းချုပ်ပြီး ပုလင်းထဲက အရက်တွေ လောင်းထည့်လိုက်၏။

"ဟာ- မင်း. . . မင်း"

"ရှူး- ဒါမှ ပွဲက ကြည့်ကောင်းမှာပေါ့ဗျ"

"ဟာ- ပြဿနာပဲကွာ"

ကြာခင် ထင်ရာမြင်ရာ လုပ်နေသည်ကို ကြည့်ပြီး ဖေတိုး မျက်လုံးပြူးနေ၏။ ထိုစဉ် ကားထဲမှ သီချင်းသံ အေးအေးလေး ပေါ်ထွက်လာ၏။ မိန်းမပျိုလေးမှာ သူ့မိခင်၏ ပခုံးပေါ်မှီ၍ အိပ်ပျော်နေ၏။ ဖေတိုး၏ တစ်ဖက်တွင် ထိုင်နေသော ချစ်တီးကုလားကြီးမှာ ရှေ့ထိုင်ခုံကို လက်ချိတ်ကာ ခေါင်းတင်၍ တခူးခူး ဟောက်နေ၏။ သူ့ဘေးတွင် မိန်းမလျှာဟန်ပေါက်နေသော လူရွယ်ကလေးက ကုပ်ချောင်းချောင်း အိပ်ပျော်နေ၏။

ထိုအချိန် အရက်သမားကြာခင် စနက်ကြောင့် ပူတူး၏ ကြက်ကြီး တခွီးခွီး တဖွီးဖွီး ထအော်လေ၏။

"ဟာ- ဘယ်လိုဖြစ်သတုံးကွ"

"အော်. . . အီအီး. . . အွတ်"

"အော်. . . အီအီး. . . အွတ်"

"ဟိုက်- ဆူလိုက်တာကွာ၊ ဒီကြက်တော့နေဦး"

"ဟာ- မ. . . မလုပ်ပါနဲ့ဗျာ၊ ဘိုးတော်ကလည်း တရားသမား လုပ်နေပြီးဗျာ"





"ဟကောင်၊ မင်းကြက်က ညရောက်တာတောင် မအိပ်သေးဘူးလား"

"ဟုတ်တာပေါ့ဗျာ၊ ကြက်မှန်ရင် ညအိပ်ရတာပေါ့။ ဟုတ်တယ်၊ ပူတူးကြက်က ကြက်မဟုတ်ဘူး၊ လင်းတပေါက် ဖြစ်လိမ့်မယ်။ လည်မှာလည်း အမွေး မရှိဘူး"

"ဟာ- ဘယ်က လင်းတရမှာလဲဗျ"

"အင်- ဖြစ်နိုင်တယ်ဟ၊ ကြက်လိုတွန်တိုင်း ကြက်လို့ မထင်နဲ့ ရ၊ တချို့ လင်းတတွေလည်း ကြက်လို တွန်သကွ"

"ဗျာ"

ဖေတိုးကပါ ဘေးက ဝင်ပြောလိုက်၏။ သူ့စကားကြောင့် ဘေးက တော်ကြီး တွန့်တွန့် တွန့်တွန့် ဖြစ်နေသည်။ နှာခေါင်း ပွစိပွစိလုပ်ကာ လိုက်၏။

"ဟုတ်ပါပြီ၊ ဒါကြောင့် လူသေစော်နံတာ။ ကေန္တ မင်းလင်းတ လူ စားလာတယ်ထင်တယ်။ မင်းကလည်း ကြံကြံဖန်ဖန် လင်းတ မွေးရ လို့ကွာ"

ဘိုးတော်ကြီးကပါ ဝင်ပြောလိုက်သဖြင့် ပူတူးတစ်ယောက် သူ့ကြက် ကို မှုန်ကုပ်ကုပ်နှင့် စိုက်ကြည့်နေ၏။ ဘိုးတော်ကြီး၏ အသံကြောင့် ပျိုလေးဘေးမှ မိန်းမကြီး၏အသံ ပေါ်လာ၏။

"ဘုရား. . . ဘုရား၊ လင်းတ မွေးရတယ်လို့ ဒီတစ်ခါပဲ ကြားဖူး ၊ မဲ့ကောင်လေး၊ နင့်လင်းတမှာ အပတွေ ဘာတွေ ကပ်နေရင် နယ်လုပ်မတုံးဟဲ့"

"ဟာဗျာ၊ ကျုပ်ကြက်က ကြက်အစစ်ပါဗျ။ မယုံရင် ကြီးတော်နဲ့ ား"

"ဘာ- နင်. . . နင်က ငါ့ကို ကြက်လို့ ပြောတာလား"

"အင်- မ. . . မဟုတ်ရပါဘူး"

"ကောင်စုတ်လေး လူကိုများ ကြက်မှတ်နေသလား"

"မ. . . မဟုတ်ရပါဘူးဗျာ၊ သ. . . သဘောပြောပြတာပါ"

"တော်စမ်း"

တူးတစ်ယောက် သူတို့ကြား ချာလည်ချာလည် ဖြစ်နေ၏။ ထိုစဉ် သမား ကြာခင်က မီးလောင်ရာ လေပင့်ပေးလိုက်၏။

ငှက်မှန်ရင် အထွတ်အထိပ်ပျံသလို၊ ကြက်မှန်ရင် အခွပ်အဆိတ် သန်ရသကွ။ ဟဲဟဲ ဒီတော့ မင်းကြက် ဘယ်လောက် ခွပ်မခွပ် ကြက်နဲ့ စမ်းကြည့်ပါလားကွ"

"ဗျာ"

"အော်. . . အီအီး. . . အွတ်"

"အော်. . . အီအီး. . . အွတ်. . . ကတော်ကတော်"

www.burmeseclassic.com



ကြက်ကြီးက ရှေ့ခန်းမှ ကြက်တွန်သံ ကြားလိုက် ... နေ၏။ သတ်ထဲမှ အတင်း ရုန်းထွက်ကာ လူခေါင်း ... ရှေ့ကကြက်နှင့် ခွပ်လေတော့၏။

"ဖြောင်းဖြောင်း"

"ကဆော့ ကဆော့"

"ဖြောင်းဖြောင်း"

"ဟာ- လုပ်ကြပါဦး"

"တဲ့တဲ့ ကြက်စုတ်"

"ဖြောင်း ခွီး"

ကားတစ်စီးလုံး ဝရုန်းသုန်းကား ဖြစ်ကုန်၏။ ထိုင်ခုံပေါ် ဇိမ်န... ငိုက်နေသော ခရီးသည်များအားလုံး မြူးမြူးပြပြ လန့်နိုးကုန်၏။ ထိုအခါ... ပူတူး၏ ကြက်ကြီးက ကြက်အချင်းချင်း ခွပ်၍ အားမရသဖြင့် တွေ့ရာ... ကိုပါ မွှေးမွှေးနှင့် စွတ်ခွပ်လေတော့၏။

ပြဿနာက တစ်ကားလုံး အုံခဲနေသဖြင့် ပူတူးတစ်ယောက် မ... သာတော့။ လူအုပ်ကြား ဒိုင်ဗင်ထိုး၍ ဖမ်းရလေတော့၏။ ကြက်ကြီး... ပူတူး အဖမ်းကိုမခံ။ အတင်း ရုန်းထွက်ကာ နောက်ခန်းသို့ လွှား... ပျံထွက်သွား၏။

"ဟာ- လင်းတ. . . လင်းတကြီး လွတ်နေပြီ"

"ဖောင်း ဖောင်း"

"အားရှီးရှီး"

"အောင်မယ်လေးတော့ လုပ်ကြပါဦး"

ကြက်ကတုံးကြီးက ချစ်ထီးကုလားကြီးတို့ကြား ကျသွားလေ... ကုလားကြီးက ကြက်ကို ဖင်နှင့် တက်ထိုင်ပစ်လိုက်လေ၏။ ပူတူးသ... ကုလားကြီးကို အတင်း တွန်းဖယ်ကာ သူ့ကြက်ကို မနည်းကြီး ရအော... ပြန်ဖမ်းရလေ၏။ လူတွေအားလုံး ရင်တထိတ်ထိတ်။

"တော်ပါသေးရဲ့၊ ဟဲ့ မင်းလင်းတ လွှတ်ပစ်လိုက်ပါလား။ ဘာ... မှာတုံးဟဲ့"

"ဗျာ၊ ဟာ- ကြီးတော်ကလည်း ကြက်ကြီးပါဗျ။ ကျုပ်ကြက်က ... မပြောနဲ့ လူတောင်ခွပ်တာ တွေ့လား"

"အလိုတော်၊ ငါတော့မယုံဘူး။ ဘာတုံး၊ အိမ်မြှန် လင်းတ... လူသေ ချိခိုင်းမလို့လား"

"ဟာဗျာ"

ပူတူးတစ်ယောက် ပြောသာပြောရသော်လည်း သူ့ကြက်ကို ... မရဲ ကြည့်နေမိ၏။ ယခုလာက် ဒေါသကြီးကြီးနှင့် ခွပ်သည်ကို ... သောအခါ သူကိုယ်တိုင်လည်း အံ့ဩတကြီး ဖြစ်နေ၏။ ချစ်တီး... ကြီးမှာ ကြက်ဆိတ်ခံလိုက်ရသဖြင့် အိပ်ရာမှ နိုးလာ၏။ သူသော...





နေသော မိန်းမလျှာလို လူရွယ်လည်း နိုးလာ၏။

မိန်းမလျှာလို လူရွယ်လေး၏ အမည်မှာ စိန်စိန်ဟု အမည်ရလေ၏။ စိန်စိန်မှာ ချစ်တီးကုလားကြီး၏ မုတ်ဆိတ်မွေး ရှည်ရှည်ကြီးများကို ကြည့်ပြီး အသည်းတယားယား ဖြစ်နေ၏။

"ဦးကုလားကြီး"

"အင်- ငါ့နာမည် ဦးကုလား မဟုတ်ဘူး၊ မကျီးသီး ဂန်မလေးရဲ့"

"ရှင်၊ ဘယ်က ဂန်မတုံး။ ကျွန်မနာမည် စိန်စိန်ရှင့် ဟီးဟီး"

"အင်- နင် ဘာလို့ ရှုစိရှုစိ လုပ်နေသတုံး"

"ရှင်၊ ဟီးဟီး ဦးမကျီးဖြားကလဲ"

"ဘာ- ငါ့နာမည် မကျီးသီးဟဲ့"

"ဩော်- ဟုတ်လား၊ ဟို ဘာဘူးကြီး မုတ်ဆိတ်တွေက ညောင်မြစ်ကြီးတွေလိုပဲနော်။ ညောင်သီးတွေ စားလို့လား"

"အင်- နင် ဘာတွေပြောသတုံး ဂန်းမရဲ့၊ အလျှောက်က အလျှောက်သို မနေဘူး"

"ဘာဘူးကြီးနော်၊ လူကိုများ အခြောက်တဲ့။ သူက ညောင်သီးစား၊ ညောင်ရေသောက်ပြီး အမွေးစုတ်ဖွား ဖြစ်နေတာ"

"ဘာ- နင်. . . နင် ငါနော်"

"ရိုက်လေ၊ ရိုက်ရဲရိုက်ကြည့်လေ။ ကျွန်မ အော်လိုက်မှာနော် အဟင့် အဟင့်"

"အင်- ဘုရား. . . ဘုရား"

မကျီးသီးခမျာ စိန်စိန့် အိုက်တင်ကြောင့် တွန့်ခနဲ ဖြစ်သွားရ၏။ ...တို့၏ ပြဿနာကြောင့် ပူတူး၏ ကြက်ကိစ္စ တစ်ရန်အေးသွားလေ၏။ ...အချိန် ကားကြီးသည် ပြည်မြို့သို့ ညကြီးမင်းကြီး ဝင်လာ၏။

ညလယ်ပိုင်းသို့ ရောက်နေပြီ ဖြစ်သော်လည်း ပြည်မြို့ကြီးမှာ မာကျူ...ရောင်များနှင့် ထိန်ထိန်လင်းနေ၏။ အဝေးပြေးကားကြီးသည် စခန်းထဲ...ကက်သည်နှင့် ထမင်းဆိုင်များရှေ့တွင် ဝင်၍ ရပ်နားလိုက်လေ၏။

ကားကြီးရပ်သည်နှင့် သူတို့လူစု အောက်သို့ ဆင်းလာကာ ထမင်း...ဆိုင်များထဲသို့ ဝင်သွားကြလေတော့၏။

ဖေတိုးသည် ကြက်သမား ပူတူးနှင့် အဖွဲ့ကျသွားသည်မို့ သူတို့နှစ်ဦး ...ပွဲတစ်ဝိုင်းတွင် ထိုင်လိုက်ကြ၏။ စားပွဲပေါ်တွင် တို့စရာ အစုံအလင် ... ခပ်ပျစ်ပျစ် ဖျော်ထားသည့် ငါးပိရည်မန်းကန်ကြီးကို တွေ့လိုက်ရ၏။ ...တ်သီးမှုန့်နိုင်းချင်းမို့ မြင်ရုံနှင့် အာခေါင်တွေ ပူထူသွားသလို ခံစား...က်ရ၏။ ပူတူးသည် သူ့ကြက်ကြီးကို စားပွဲခုံအောက်ခြေတွင် ကြိုးနှင့် ...ည်နှောင်လိုက်၏။ သူတို့ဝိုင်းသို့ ကြာခင်လသ်း ရောက်လာ၏။

"ဘာမှာမတုံးကွ၊ ငါတို့သုံးယောက်ပေါင်းပြီး မှာရင် ပိုက်ဆံအကုန် ...တ်သက်သာသာ ရှိမှာကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဗျ၊ ဒီလိုဆို ငါးကြင်းကြော်တစ်ပွဲ မှာဗျာ။ ဘယ်လို [illegible] ပြီးတော့ ထမင်းဖြူနှစ်ပွဲ မှာလိုက်ရင် အိုကေပဲဗျ"

"အေးကွ၊ လုပ်ကွာ"

နောက်ဆုံး ငါးကြင်းကြော်နှစ်ပွဲနှင့် ထမင်းဖြူသုံးပွဲ မှာ၍ စားလို [illegible] ၏။ ချဉ်ပေါင်ဟင်းချိုပါ ချပေးလာသဖြင့် သုံးယောက်သား ဆာဆာ [illegible] ကြိတ်လိုက်ကြ၏။ သူတို့နှင့် မလှမ်းမကမ်းတွင် ဘိုးတော်ပုတီး ထိုင်နေ [illegible] ထမင်းဖြူတစ်ပွဲမှာကာ ထန်းလျက်နှင့် မြုပ်စားနေ၏။

ဘိုးတော်ပုတီးသည် ပုတူးကို စောင်းငန်းစောင်းငန်း ကြည့်နေ [illegible] ဖေတိုးသည် ဘိုးတော်ပုတီးကို လှမ်းခေါ် လိုက်၏။

"လာလေ ဘိုးတော်ကြီးရဲ့၊ တစ်ယောက်တည်းစားရတာ ပျင်း [illegible] ကြီးဗျ"

"ဟုတ်သားပဲ၊ လာစမ်းပါ ဘိုးတော်ပုတီးရ"

"တိတ်စောင်၊ ငါ့နာမည် မောင်ကြိုင်ကွ။ နာမည်ရှိတယ်၊ ဘိုးတော [illegible] ပုတီး မဟုတ်ဘူး။ ခင်း မင်္ဂလသုတ် မသင်ဖူးဘူးထင်တယ်၊ နေရာတ [illegible] ချိုင်းပွမ်းပါနဲ့ကွာ"

"လာစမ်းပါဗျာ"

သူတို့သုံးယောက် အတင်းခေါ်သဖြင့် ဘိုးတော်မောင်ကြိုင် သူ [illegible] စားပွဲဘက်သို့ ကူးလာ၏။ ထိုအချိန်တွင် ကြာခင်သည် ရေနွေးကြမ်း [illegible] သုံးခွက်ကို အရက်များဖြည့်ကာ စားပွဲပေါ် ချထား၏။

ဘိုးတော်ပုတီးသည် ထမင်းတစ်လုတ် စားလိုက်၊ ပုတီးတစ် [illegible] ချလိုက် လုပ်နေ၏။ တစ်ချိန်တွင် ထမင်းနင်သွားသဖြင့် ရေနွေး [illegible] ငှဲ့ထားသည်အထင်နှင့် ခွက်ထဲမှ အရက်များကို မော့သောက်ပစ်လိုက် [illegible]

"ဟာ- အရက်. . . အရက်တွေ"

"ဟုတ်တယ် ဘိုးတော်ကြိုင်ရဲ့"

"ဘာကွ၊ ခွေးမသား မင်းတွာ. . . အာခေါင်တစ်ခုလုံး ပူထူသွား [illegible] ပဲကွာ"

"ဟင်- ဟို ကန်တော့ဗျာ"

"တော်ပါတော့ကွာ၊ ကိုင်း- ဆက်ထည့်စမ်းကွာ၊ သောက်လက် [illegible] မထူးဘူးကွ။ ငါက- မင်းလိုပဲ အရက်ကြိုက်တဲ့ကောင်ကွ၊ အရက်ကြော [illegible] ငါဖြစ်ချင်ရာ ဖြစ်ခဲ့ပြီးပြီ။ ခုလည်း ငါ ပုတီးတချောက်ချောက် လုပ်နေ [illegible] အရက်သောက်မိမှာစိုးလို့ သတိပေးနေတာကွ၊ ခက်ပါ့ကွာ"

"အိုဗျာ၊ ချမိမှတော့ ဆက်သာချဗျာ"

"လုပ်ပြီကွာ"

နောက်ဆုံးတော့ ဘိုးတော်မောင်ကြိုင်လည်း ကြာခင့်လက်ချ [illegible] ပုတီးကို လွယ်အိတ်ထဲ ထည့်ပြီး အရက်သာ တဂွပ်ဂွပ် တွယ်နေလေ [illegible] ဖေတိုးမှာလည်း သဘောကိုသူ ညစ်နေ၏။ ထို့ကြောင့် ဖြစ်ချင်ရာဖြစ် [illegible]





[illegible] ဝင်လိုင်းပူးနေလေ၏။

သူတို့လေးဦး အရက်တစ်လုံး ထပ်မှာလိုက်၏။ ဒကာက ဘိုးတော် [illegible] င်ကြိုင်။ ငါးကြင်းခေါင်း တစ်ခေါင်းနှင့် မြည်းလိုက်ကြ၏။

"ငါက မင်းဘူးဘက် သွားမလို့ကွ၊ မင်းတို့ကရော"

"ဟာ- ကျုပ်တို့လည်း မင်းဘူးဘက် သွားမှာဗျ၊ အတော်ပဲဗျို့။ [illegible] တော်က တွယ်လှချည်လား"

"မသောက်ရတာ လချီနေပြီလေ၊ တွယ်ကောင်းကောင်းနဲ့ တွယ်နေ [illegible] ပေါ့ကွာ။ လိုရင် ထပ်မှာစမ်းကွ၊ ပုတူး လမ်းမှာသောက်ဖို့ ပုလင်းနှစ်လုံး [illegible] ဘက် ထပ်ဆွဲခဲ့ဦးကွ"

"စိတ်ချပါ ဘိုးတော်ကြိုင်ရာ ဟားဟားဟား"

"ဟကောင်၊ မင်းကြက်က ကြက်ဆိုတာ သေချာရဲ့လားကွ။ ကြာခင် [illegible] ပြောသလို လင်းတဖြစ်ဖို့ များတယ်ကွ"

"ဘိုးတော်ကလည်းဗျာ၊ ကြက်အစစ်ပါဗျ"

ဘိုးတော်ကြိုင်နှင့် ပုတူးတို့ အဖွဲ့ကျနေစဉ် ဖေတိုးသည် မူးတူးတူး [illegible] လာသောအခါ တစ်ဖက်ထမင်းစားပွဲတွင် ကန္နြေရရ ထမင်းစားနေ [illegible] သာ မိန်းမပျိုလေးကို ချောင်းမြောင်းကြည့်ရှုနေ၏။ တစ်ချိန်တွင် မိန်းမပျို [illegible] လေးက သူ့ကို မသိမသာ ငဲ့ကြည့်လာ၏။

ဖေတိုးသည် ငယ်ငယ်ကတည်းက မျက်တောင်ပုတ်ခတ်ပုတ်ခတ် [illegible] ပ်တတ်သည့်အကျင့် ရှိပေ၏။ ယခုလည်း မိန်းမပျိုလေးကို မျက်တောင် [illegible] တ်ခတ်ပုတ်ခတ်နှင့် ကြည့်လိုက်မိ၏။ ထိုမြင်ကွင်းကို မိန်းမပျိုလေးက [illegible] သူ့ကို မျက်စိမှိတ်ပြသည်ဟု အထင်ရှိသွား၏။ ထို့ကြောင့်လည်း မိခင်လုပ် [illegible] သူ့ဘက်လှည့်ကာ တီးတိုး တိုင်လိုက်လေ၏။

"အစ်မ၊ ဟို. . . ဟိုလူ ကျုပ်ကို မျက်စိမှိတ်ပြတယ်တော့"

"ဘာ- ငါ့သမီးကို ရာရာစစ တွေ့ကြရောပေါ့ဟာ"

မိန်းမကြီးသည် ဖေတိုးတို့ဝိုင်းသို့ ဒေါင်းတည်မောင်းတည်နှင့် ရောက် [illegible] လာ၏။ ခါးကြီးတထောက်ထောက်၊ ပါးစပ်ကလည်း ပွစိပွစိ လုပ်နေ၏။

"ဟဲ့- ပြောစမ်း၊ စောစောက ငါ့သမီးကို မျက်စိမှိတ်ပြတာ နင်လား။ [illegible] ဟဲ့- ကြက်သမား မေးနေတယ်လေ"

"ခင်ဗျာ၊ ဟာ- မဟုတ်ရပါဘူး ကြီးတော်ရယ်"

"ဒါဆို ဒီအဘိုးကြီးလား"

"ဗုဒ္ဓေါ၊ ဟာ- ကျုပ်က ဘုရားနဲ့ တရားနဲ့ နေတဲ့လူပါ ကျောင်းအမ [illegible] ရယ်"

"တိတ်စမ်း၊ ဒါဆို နင်တို့နှစ်ယောက်တည်းက တစ်ယောက်ယောက် [illegible] ဖြစ်ရမယ်။ ပြော၊ ခုချက်ချင်း ပြောစမ်း။ ငါ့သမီးကို မျက်စိမှိတ်ပြတာ [illegible] ဘယ်သူတုံး"

မိန်းမကြီးက ဖေတိုးနှင့် ကြာခင်ကို ဖိမေးနေ၏။ ကြာခင်ကတော့

www.burmeseclassic.com

www.burmeseclassic.com



[illegible] နေ၏၊ ထိုစဉ် ဖေတိုးက တုန်တုန်လှုပ်လှု[illegible]
[illegible]

"[illegible] မျက်စိမှိတ်ပြတာ မဟုတ်ပါဘူး ကြီးတော်ရယ်၊ ဟို-[illegible] [illegible] ကြက်မျက်သင့်နေလို့ဗျ။ အဲဒါကို [illegible] မျက်စိမှိတ်ပြတယ် ထင်သွားတာပါ ခင်ဗျာ"

"[illegible]"

"[illegible] ခင်ဗျာ ကျွန်တော် မညာပါဘူး"

[illegible] ကြောက်ကြောက်ရွံ့ရွံ့နှင့် တောင်းပန်နေမိ၏။ [illegible] မျက်နှာကို စိန်းစိန်းကြီးကြည့်ရင်း ပါးစ[illegible] [illegible] ဖြစ်နေ၏။

"[illegible] . . . ရွှေကိုလေး . . . ရွှေကိုလေး မဟုတ်လား"

"[illegible] ရွှေကိုလေး ဟာ- ကြီးတော် လူမှားနေပြီဗျ။ ကျွန်တော့် [illegible] ရန်ကုန်မှာ အလုပ်လုပ်နေတာဗျ"

"ဟင်- မင်း ရွှေကိုလေးပါ။ ဟုတ်ပါ့ကွယ်၊ မင်း အရီးညိုကို ညာနေတာလား ပြောစမ်း။ ဟဲ့ဟဲ့ ဝိုင်း မိဝိုင်း လာပါဦးဟယ်၊ ဒီမှာ ဘယ်သူလဲ လာကြည့်စမ်း"

"ရှင်"

အမျိုးသမီးငယ်သည် သူတို့ဝိုင်းဆီ ကသုတ်ကယက် ရောက်ရှိလာ၏။ ဖေတိုးကို မျက်လုံးကြီး အပြူးသားနှင့် ကြည့်ရင်း ပါးစပ်မှ လွှတ်ခနဲ အသံထွက်သွား၏။

"ဟင်- ကိုလေးရွှေကို"

"ခင်ဗျာ၊ ဟာ- ခင်ဗျားတို့ လူမှားနေပြီထင်တယ်။ ကျုပ်နာမည် ဖေတိုး၊ မင်းဘူးသားပါဗျ။ ခင်ဗျားတို့ လူ . . . လူမှားနေပြီ"

"အို- မဟုတ်ပါဘူးကွယ်၊ လူလေး အရီးညိုကိုတော့ မလိမ်ပါနဲ့ကွယ်၊ လူလေးကို အရီးညိုက ပေါက်စနလေးကတည်းက မွေးခဲ့ရတာပါကွယ်"

"ဟုတ်ပါတယ် ကိုလေးရွှေကိုရယ်၊ မြဖူးတို့ကိုတော့ မစိမ်းကားသင့်ပါဘူး"

"ဗျာ"

ဖေတိုးတစ်ယောက် ချာလည်ချာလည် ဖြစ်နေ၏။ သူ့ကို မြဖူးဆိုသော မိန်းမချောလေးကပါ ရွှေကိုဟု ထင်နေ၏။ သူ ဘယ်လိုမှ ဖြေရှင်း၍မရ။ အရီးညိုဆိုသော မိန်းမကြီးကလည်း သူ့နားက မခွာတော့။ ထိုအခါ ဘိုးတော်မောင်ကြိုင်ထံမှ စကားသံထွက်လာ၏။

"ဟုတ်သားပဲ မောင်ရွှေကိုရယ်၊ မင်းကလည်း ရွှေတွေမျိုးတွေ တွေ့တာတောင် ဖြီးနေရသလားကွ။ ဧကန္တ မင်းကိုယ်မင်း ရုပ်ရှင်ရိုက်နေတယ် များ အောက်မေ့နေသလားကွ"

"ဟာ- မဟုတ်ဘူး၊ ရှုပ်ကုန်ပြီဗျာ"





"မငြင်းပါနဲ့ လူလေးရယ်၊ အောင်မယ်လေး အရီးညိုကတော့ လူလေးကို သေပြီမှတ်တာကွယ့်။ အချုပ်ကားနဲ့ ပါသွားကတည်းက လူလေးနဲ့ အရီးညိုတို့ ဒီဘဝတော့ ဝေးပြီလို့ ထင်ခဲ့တာကွယ့်။ အို- ဒါ ဘုရားတွေ၊ နတ်တွေရဲ့ စေတနာပဲ လူလေးရေ"

"သွားပါပြီကွာ"

ဖေတိုးတစ်ယောက် ဘယ်လိုမှ ဖြေရှင်း၍ မရတော့။ စားသောက်ပြီး သွားသောအခါ သူတို့အနားသို့ အရီးညိုတို့သားအမိ ရောက်လာ၏။ လက်ထဲတွင်လည်း စားကောင်းသောက်ဖွယ်များ ပါလာ၏။ ဖေတိုး ဘယ်လိုမှ တတ်သာတော့သဖြင့် ချော်လဲရောထိုင်သဘောနှင့် အလိုက်အထိုက် ပြောဆိုရလေ၏။

"အရီးညို ဝမ်းသာလိုက်တာ လူလေးရယ်။ တကယ်တော့ ထွန်းကြိုင်ကို လူလေး မသတ်ဘူးလို့ မိမှန်က ပြောသား။ ဒါကို သူ့အဖေ ကျောက်ကြီးက အတင်း မြင်ပါတယ်၊ မျက်ပါတယ် လုပ်နေလို့ တော်တော်ကို အသည်းယားစရာကောင်းတဲ့ လူကြီး။ မိမှန်လေးကိုတော့ အရီးညို သနားမိပါတယ်။ မင်းတို့ချင်းက ချစ်သူတွေ ဖြစ်နေကြတော့ အရီးညို မတားပါဘူး။ ဒါပေမယ့် ဒီတစ်ခါတော့ ဒီလူ့အိမ်ဘက် ခြေဦးတောင် မသန်းရဘူးနော်"

"ဟုတ် . . . ဟုတ်ကဲ့"

"ငါ့တူလေးဘဝက ဆိုးလှပါတယ်။ အမေ၊ အဖေ ဆိုလာလည်း ငယ်ငယ်နဲ့ သေသွားခဲ့ကြတယ်၊ ဒါတောင် အရီးညို ရှိလို့ပေါ့ကွယ်။ ဘာမှ မပူနဲ့၊ မင်း အမေ၊ အဖေ ထားခဲ့တဲ့ ယာတွေနဲ့ အိမ်ဝိုင်းတွေ အရီးညို ဒီအတိုင်း စောင့်ရှောက်ထားတယ်။ ယာကလည်း ကောင်းပ၊ လူလေးရှိတဲ့ ရဲ့ဘက်စခန်းကို အရီးညို လာချင်တာကွယ့်။ ဒါပေမယ့် လိုက်ပို့မယ့်လူ မရှိလို့ပေါ့ကွယ်။ တစ်လောက လူလေး ဆုံးသွားပြီကြားလို့ အရီးညိုဖြင့် ငိုလိုက်ရတာကွယ်"

"ဗျာ၊ ရှုပ်ကုန်ပါပြီ"

"အို- ကိုလေးရွှေကိုကလည်း ခုထိ ငြင်းနေတုန်းပဲ။ ဘာမှ ပြောမနေနဲ့၊ မြဖူးတို့နဲ့ ရွာပြန်ရင် လိုက်သာလိုက်ခဲ့။ ရွာမှာ ကိုလေးရွှေကို မိဘတွေ ပိုင်တဲ့ ယာတွေ အများကြီး။ အရီးညိုလည်း မနိုင်ဘူး၊ အဲဒါ တစ်လောက ငါးကွက်၊ ခြောက်ကွက်ရောင်းပြီး အရီးညို သိမ်းထားတယ်"

"ဟင်"

"ဟုတ်တယ် လူကလေး၊ အရီးညို မင်းမိဘတွေယာကို တစ်ယောက်တည်း မလုပ်နိုင်တော့ဘူးလေ။ ဒါကြောင့် လေးငါးကွက် ရောင်းပစ်လိုက်ရတယ်၊ အရင်လို မဆိုးပါနဲ့တော့ လူကလေးရယ်။ ဟို- မိမှန် အစ်ကိုတွေက ထွန်းကြိုင်ကို သတ်ရမလားဆိုပြီး အခဲမကျေနိုင် ဖြစ်နေကြတာကွယ့်"

"အ . . . အရီးညိုတို့ မှားနေပြီထင်တယ်၊ ကျွန်တော် မှန်တာပြော



www.burmeseclassic.com

www.burmeseclassic.com



တော့လည်း နားမလည်တော့ဘူး"

"ဟကောင်၊ မင်းကလည်းကွာ။ ခမျာ မင်းကို သတိတရ ပြောနေတာ
စိမ်းစိမ်းကားကား ပြောရသလားဟ"

ဘိုးတော်မောင်ကြိုင်ကပါ ဝင်ပြောနေသဖြင့် ဖေတိုး ငြိမ်နေလိုက်
၏။ အခြေအနေက ပို၍ပို၍ ရှုပ်ထွေးသွားသလိုပင်။ အရီးညိုနှင့် မြ
တို့ကတော့ သူ့ကို ရွှေကိုမှ ရွှေကို ဖြစ်နေကြ၏။ နောက်ဆုံးတော့ ဖေ
ရေငုံနှုတ်ပိတ်နေလိုက်ရလေ၏။

သို့နှင့် လမ်းတစ်လျှောက်လုံး အရီးညိုတို့သားအမိက သူ့ကို ကျွေ
မွေးစောင့်ရှောက်လာခဲ့၏။ ဖေတိုး ဘာမှ မပြောသာတော့။ အရီးညို ထု
ပေးသည့် ပိုက်ဆံကို တုန်တုန်ရီရီနှင့်ယူရင်း သူ့လိပ်ပြာသူ မသန့်သ
ခံစားနေရ၏။

သူတို့လူစု ဖြေဖြေလည်လည် ရှိသွားချိန်တွင် မိန်းမလျာ စိန်စိန်
ချစ်တီးကုလားကြီး မကျိုးသီးတို့ ပြဿနာတက်နေ၏။ ပြဿနာအ
လိုက်လုပ်သူက ကြာခင်။ တခွခွ ဟောက်နေသော မကျိုးသီး၏မုတ်ဆ
ကို ခပ်ဆောင့်ဆောင့် ဆောင့်ဆွဲ၍ အိပ်ပျော်ချင်ယောင် ဆောင်နေ

မကျိုးသီးခမျာ နာလွန်းလှသဖြင့် အဘားဘား ထအော်ကာ နိုး
၏။ ထိုအချိန် ပုဆိုးလိုလို၊ ထဘီလိုလို အဆင်ကို ခေါင်းခြုံအိပ်နေသေ
မိန်းမလျာ စိန်စိန်ကို ပြဿနာရှာလေတော့၏။

"ဟဲ့- နင် နင် ငါ့မုတ်ဆိတ်ကို ဘာဖြစ်လို့ ဆွဲတာလဲ အလျှောက်

"ဘာ- ကျွန်မက ဘာဆွဲလို့လဲ၊ တော်ကြီး ကြည့်ပြောနော်"

"ဘာကြည့်ပြောရမှာလဲ အလျှောက်ရဲ့၊ ဆွဲစရာ ရှားနေလို့လာ
ဒါဆို ငါ့နှာခေါင်းကို လာဆွဲပါလား"

"အောင်မယ်၊ ဆွဲတယ်ဟယ် ဆွဲတယ်"

"အာရှိုးရှိုး ဆွဲတယ်၊ လုပ်ကြပါဦး"

"ဟာ- တော်ကြပါတော့"

"ခွေးမသား အလျှောက်၊ နင်. . . နင် မိုက်ရိုင်းတယ်"

"တော်ကြပါတော့ဗျာ"

ကြားလူတွေ မနည်းတားမှ သူတို့နှစ်ဦး၏ ရန်ပွဲ ရပ်သွား၏။
အချိန်အထိ မကျိုးသီးက မိန်းမလျာ စိန်စိန်ကို မျက်စောင်းတခဲခဲ။
ကားလုံး သူတို့နှစ်ယောက်၏ ပြဿနာကြောင့် အိပ်ချင်ပြေသွားခဲ့ကြ

ထိုအချိန် အဝေးပြေးကားကြီးသည် အောင်လံကို ဖြတ်ကျော်
တောင်တွင်းကြီးမြို့ထဲသို့ ရောက်ရှိလာလေ၏။ အချိန်မှာ မနက်ဝေ
လင်း အချိန်အခါ ဖြစ်၏။

ဖေတိုးတစ်ယောက် အိပ်ရာက နိုးသည်နှင့် အရီးညိုတို့ သား
ရောက်လာကာ ကားပေါ်မှ ခေါ်ချသွား၏။

ထမင်းကြော်ဆိုင်တွင် အကျအနထိုင်ကာ အမဲခြောက်ကြေ





အဝစားပြီး နွားနို့ပူပူ သောက်လိုက်ရ၏။ သူ့ဘဝကိုသူ အံ့ဩ၍မဆုံး။ မီးဘေးဒုက္ခသည်ဘဝနှင့် အိတ်ထဲ ပိုက်ဆံနည်းနည်းပဲ ကျန်တော့၏။ ထိုပိုက်ဆံလေး အရင်းအနှီးဖြင့်ကာ ရွာသို့ ပြန်ခဲ့ရခြင်း ဖြစ်၏။ တစ်လမ်းလုံး ခြစ်ခြစ်ကုတ်ကုတ် စားသောက်ခဲ့ရ၏။

ယခုတော့ သူ့ဘဝက ပူစရာသောက ကင်းသွားသလိုပင်။ အရီးညိုက သူ့ကို မုန့်ဖိုးတွေပင် ထုတ်ပေးနေသေး၏။ မြဖူးကလည်း သူ့ကို အစ်ကိုလေး အစ်ကိုလေး ဖြစ်နေသဖြင့် ဖေတိုး ကိုယ့်ကိုယ်ကိုယ်လည်း နားမလည်နိုင်တော့ပါချေ။

သို့နှင့် ခရီးဆက်ထွက်ခဲ့ကြရာ မကြာမီ မကွေးဇက်ဆိပ်သို့ ရောက်ရှိလာလေ၏။ (အချိန်အခါမှာ မကွေး-မင်းဘူးတံတား မထိုးသေးပါချေ)။

ဘိုးတော် မောင်ကြိုင်၊ ကြက်သမား မူတူး၊ အရက်သမား ကြာခင်တို့လည်း ဇက်ဆိပ်ကို လိုက်လာ၏။ ဇက်ဆိပ်တွင် ခရီးသည်တွေက တင်းကြမ်း။ ဇက်ကြီးဆိုက်သည်နှင့် အလုအယက် တက်ခဲ့ကြပြီး မင်းဘူးဆိပ်သို့ ကူးခဲ့ကြ၏။

သူ့စိတ်ထဲ ဖခင်ကြီးဆီ သွားချင်လှသော်လည်း အရီးညို အတင်းခေါ်နေသဖြင့် ဖခင်ကြီးဆီ သွားမယ့်ကိစ္စကို မေ့ဖျောက်လိုက်ရ၏။

မင်းဘူးဆိပ်သို့ အရောက်တွင် အနောက်ဘက်ခြမ်းသွားမည့် ရွာကားပေါ် တက်ခဲ့ကြ၏။ ကားပေါ်တွင် ခရီးသည်တွေက ငါးပိသိပ်၊ ငါးချဉ်သိပ် ပါလာ၏။ ကုန်ပစ္စည်းတွေကလည်း တင်းကြမ်း။

ကားကြီးသည် အတက်အဆင်း များလှသော ကားလမ်းတစ်လျှောက် တအိအိ မောင်းနှင်ခဲ့၏။ ဖေတိုးတစ်ယောက် သူ့ကံကြမ္မာကို ဝါးတားတား ခံစားနေရ၏။

မိုင်နှစ်ဆယ်ခန့်သို့ အရောက်တွင် ဘိုးတော်မောင်ကြိုင်တို့လူစု ဆင်းသွားကြ၏။ ဖေတိုးနှင့်လည်း အတော်ကလေး တရင်းတနှီး ဖြစ်သွားကြ၏။ ဘိုးတော်မောင်ကြိုင်တို့ဆင်းပြီး နောက်တစ်ရွာအရောက်တွင် သူတို့လူစု ဆင်းခဲ့ကြ၏။

ကားပေါ်က ဆင်းသည်နှင့် လှည်းကြို အသင့်တွေ့လိုက်ရသဖြင့် အားရဝမ်းသာနှင့် တက်ခဲ့ကြ၏။ လှည်းက သဖန်းမြောင်ရွာမှလှည်း။ လှည်းမောင်းသူ စိုးပေသည် ဖေတိုးကို မြင်လိုက်သည်နှင့် ဝမ်းသာအားရဖြင့် နှုတ်ဆက်လိုက်လေ၏။

"ဟာ- ရွှေကို၊ ဟကောင် ရွှေကို မင်း. . . မင်း မသေဘူးနော်။ ဟာ- ဝမ်းသာလိုက်တာကွာ"

"ဗျာ- ခင်ဗျား ဘယ်. . . ဘယ်သူလဲဗျ"

"ဟေ- ငါ. . . ငါ စိုးပေလေ၊ ဟာ- မင်း သတိတွေ မကောင်းတော့ဘူးထင်တယ်"

"ဟုတ်တယ် စိုးပေရေ့ ငါတူလေး ရွှေကို စခန်းမှာ အကြီးအကျယ်



www.burmeseclassic.com

www.burmeseclassic.com



ဖျားတယ်လို့ ကြားကတည်းက တို့စိတ်ပူနေတာဟဲ့။ ခုလည်းကြည့်၊ အဲဒီဒဏ်ကြောင့် နင့်မပြောနဲ့ ငါလိုလူတောင် မေ့တေ့တေ့ ဖြစ်နေတာဟဲ့"

"ဟုတ်လား- တော်သေးတာပေါ့ ရှေကိုရာ၊ အသက်နဲ့ကိုယ် မြဲနေတာပဲ ဝမ်းသာရဦးမှာပေါ့။ မင်းအကြောင်း သိလို့ကတော့ မိမှုန် ထပြီးတောင် ခုန်ဦးမှာကွ"

"ဗျာ၊ မိမှုန်"

"ဘာလဲ၊ မင်း မေ့နေပြန်ပြီလားကွ။ မင်းအချစ်ကလေးလေကွာ။ ဒါပေမယ့် သူ့ကြောင့် ပြဿနာ အကြီးအကျယ် ပေါ်ပြီးပြီနော်"

"ဟုတ်တယ်၊ တောင်ပိုင်းကို လုံးဝ မသွားရဘူးမှတ်"

သူတို့ ပြောနေကြသည့်စကားကို ဖေထိုး ချာလည်ချာလည် ဖြစ်နေ၏။ နောက်ဆုံး ယာထဲ တအိအိ ကွေ့ပတ်မောင်းနှင်နေသော လှည်းကလေးသည် သမန်းမြောင်ရွာကလေးဆီသို့ ဦးတိုက်ဝင်လာလေတော့၏။

✍ ✍ ✍

* ကံအလှည့် အန္တဲ့မှာလ
မဲ့ချင်တောင် မမဲ့လေနဲ့
မာန်ထည့်လို့ အံကြိတ်။

* တွေ့သမျှ ဒုက္ခကိုလှ
နှုတ်ကတောင် ဖွဖွမညည်းပါဘု
ဒီခရီးတက်ကျိုးရင်ပ
လက်ထိုးကာ ရှေ့ဆက်လှော်လိုက်မယ်
ဘွာမခေါ် သည့်စိတ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

သဖန်းမြောင်ရွာကလေးမှာ မန်ကျည်းပင်၊ ထနောင်းပင်၊ သရက်ပင်များကြား ခနော်ခနဲ့ တည်ဖွဲ့ထားသော ရွာကလေး ဖြစ်လေ၏။ အိမ်ခြေတစ်ရာကျော်ခန့်ရှိပြီး ယာလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုသည့် ရွာကလေးဟု ဆိုရချေမည်။

တဲကလေးများမှာ ထန်းလက်၊ သက်ငယ်၊ ဓနိမိုး အဆင့်သာရှိ၏။ ရွာလယ်လမ်းမပေါ်တွင် ဖုန်အဖွေးသားနှင့် ပြေးလွှားဆော့ကစားနေကြသော ကိုယ်လုံးတီး ကလေးငယ်တစ်အုပ်ကို တွေ့ရ၏။ သူတို့နှင့်အတူ ခွေးတစ်အုပ်ကလည်း တောင်တောင်မြောက်မြောက် ပြေးလွှားဆော့ကစားနေပေ၏။

ဖေတိုး ပါလာသော လှည်းကလေးသည် ဝါးထရံကာထားသော အိမ်ဝိုင်းရှေ့အရောက် အထဲသို့ ချိုးကွေ့ဝင်လိုက်၏။ လှည်းသံကြားသည်နှင့် လူရွယ်တစ်ဦး အပြေးထွက်လာ၏။

"ဟာ- အရီးညိုတို့ ပြန်လာပြီ"

"ဟဲ့- ဖြိုးကြီး၊ ဒါ ဘယ်သူတုံး ကြည့်စမ်း"

"ဟာ- ကိုလေးရွှေကို မသေဘူး၊ ဟာ- ဝမ်းသာလိုက်တာဗျာ"

"မသေဘူးဟဲ့၊ နင့်ကိုလေးက လူတွေရော ရွာပါ မေ့တေ့တေ့ ဖြစ်နေတာဟဲ့"

"ဗျာ"

"ကဲကဲ နောက်မှ ပြောကြပေါ့၊ ပစ္စည်းတွေ ချပါဦးဟဲ့"

"ဟုတ် ဟုတ်"

ဖြိုးကြီးဆိုသော ပေစုတ်စုတ် လူငယ်သည် ဖေတိုးကို မြင်သည်နှင့် ဝမ်းသာအားရ ဖြစ်နေ၏။ အရီးညို၏ သတိပေးမှုကြောင့် လှည်းပေါ်မှ ပစ္စည်းပစ္စယများကို ကူသယ်ချပေးလိုက်၏။ အရီးညိုသည် ခေါင်းတွင်





ပတ်ထားသော တဘက်ကိုချွတ်ကာ မျက်နှာကို ပွတ်သပ်ပြီး တန်းလျားတွင် ဝင်ထိုင်လိုက်၏။

ဖေတိုးလည်း ကြောင်စီစီနှင့် တန်းလျားတွင် ဝင်၍ ထိုင်လိုက်၏။ မြဖူးသည် အိမ်ပြန်ရောက်သည်နှင့် မီးဖိုဆောင် တဲကလေးထဲ ဝင်ကာ ချက်ပြုတ်နေ၏။ ထိုအချိန် တစ်ဖက်အိမ်ဝိုင်းမှ ကိုလူမောင်တို့ လင်မယား ရောက်လာ၏။ ဖေတိုးကို မြင်တော့ လင်မယားနှစ်ယောက်စလုံး-

"ဟယ်- မင်း. . . မင်း မောင်ရွှေကိုပါလား"

"ဟုတ်ပါတော့၊ မောင်ရွှေကို အသားတွေဖြူပြီး အရုပ်ပါ ပိုရှည်လာပါလား"

"ဗျာ၊ ဟုတ်. . . ဟုတ်ကဲ့"

"အဲဒါပဲကြည့်တော့ ကိုလူမောင်ရေ၊ ရွှေကိုက ရောဂါကြောင့် အားလုံး မေ့တေ့တေ့ ဖြစ်နေပြီလေ။ ရှင်တို့ကို မြင်တာတောင် ကြောင်စီစီ ဖြစ်နေတာပဲ ကြည့်တော့"

"ဟုတ်ပါ့၊ ဘယ်လိုဖြစ်သတုံးကွာ။ ရဲဘက်စခန်းမှာ အတော့်ကို ဖျားနာနေတယ်ကြားတယ်၊ နောက်တစ်ခေါက်ကြားတာ သေပြီလို့တောင် ကြားတာ"

"အံ့ဩစရာပဲတော့၊ မသေကောင်း မပျောက်ကောင်းကွယ်။ အဲဒီမှာ နေရတာ လေးငါးခြောက်နှစ်ထက်တော့ မနည်းတော့ဘူးကိုး"

ကိုလူမောင် ဇနီးသည်ကပါ ဝင်ပြောလာသဖြင့် ဖေတိုးတစ်ယောက် သူနှင့် ရုပ်ချင်းချွတ်စွပ်တူနေသော ရွှေကို၏အကြောင်းကို သိသင့်သလောက် သိလာရ၏။

အချိန်အနည်းငယ်အတွင်း သူ့သတင်းက တစ်ရွာလုံးသို့ ပျံ့နှံ့သွားခဲ့၏။ ရွှေကို၏ သူငယ်ချင်းတစ်သိုက်ဖြစ်သော အောင်ကြီး၊ ချက်လှ၊ မောင်အိုးတို့လူသိုက် အပြေးအလွှား ရောက်ရှိလာကြ၏။

သုံးယောက်စလုံး၏ အသွင်က ပေစုတ်စုတ်၊ အသားအရေကလည်း မည်းကြုတ်နေ၏။ ရွှေကိုကိုတွေ့တော့ ဝမ်းသာအားရနှင့် နှုတ်ဆက်ကြပေ၏။

"ဟာ- ရွှေကိုကြီး မင်းကွာ၊ ငါက သေပြီထင်တာကွ"

"ဟုတ်ပ့ါကွာ၊ ငါတို့တအားကို ဝမ်းသာသကွာ။ မင်းဥစ္စာ ငါတို့တွေ့တာ ဝမ်းမသာသလိုပဲ၊ ငူငူငိုင်ငိုင်ကြီးနဲ့ကွာ"

"ဪ- ငါ့မင်း. . . မင်းတို့ကို မေ့တေ့တေ့ ဖြစ်နေလို့ကွ။ ဟိုမှာ ငါ တအား ဖျားနာခဲ့တာလေ"

"ဟုတ်လား၊ တော်သေးတာပေါ့ကွာ။ အရီးညိုက မင်းအကြောင်း [illegible] ပြောတိုင်း မျက်ရည်တစမ်းစမ်းနဲ့ကွ၊ ငါတို့လည်း မင်းအကြောင်း[illegible] စိတ်မကောင်း ဖြစ်ကြရတာကွ။ ခုတော့ တော်ပါသေးရဲ့ကွာ"

အောင်ကြီးတို့လူသိုက် ဝမ်းသာအားရ ဖြစ်နေ၏။ [illegible] ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာသည့် အထိမ်းအမှတ်အဖြစ် သူတို့လူစုံ အိမ်ရှေ့တန်းလျားတွင် ထိုင်ကာ ထန်းရည်သောက်ခဲ့ကြ၏။ အရီးညိုကတော့ သူ ထန်းရည်သောက်သည့်ကို သိပ်မကြည်ဖြူလှ။

"လူလေးရွှေကို"

"ဗျာ၊ အရီးညို"

"ထန်းရည် တအား မသောက်နဲ့နော်၊ ထန်းရည်ကြောင့် လူလေး ပြဿနာဖြစ်ပြီးပြီနော်။ အဲဒီကိစ္စတော့ မမေ့ပါနဲ့ကွယ်"

"စိတ် . . . စိတ်ချပါ အရီးညို"

အရီးညိုက သူ့ကို ရွှေကိုဟု အမှန်တကယ် ယုံကြည်နေသဖြင့် ဖေတိုး အလွန်အမင်း အံ့ဩနေ၏။ သူနှင့် ချွတ်စွပ်တူလှသူသည် ကမ္ဘာမှာ ရှိနေပါလား တွေးမိလာသောအခါ လူ့လောကကြီး၏ ထူးဆန်းအံ့ဖွယ် အဖြစ်သနစ်များကို နားမလည်နိုင်တော့ပါချေ။

ယခုလည်း တစ်ရွာလုံး သူ့ကို ရွှေကို ဖြစ်နေသည်မို့ ဖေတိုးဘဝက သူ့ကိုယ်တိုင် မေ့တေ့တေ့ ဖြစ်ခဲ့ရ၏။ ဖေတိုးဘဝနှင့် လက်ရှိ ရွှေကိုဘဝက အတွာကြီးကွာပါ၏။

တူမှကော်ဝန်ထမ်းဘဝက စားရသည်ကအစ ငါးကြွင်းခေါင်းနှင့် ကြက်နီး။ ယခုတော့ စားရသည်က အဆီတစ်ထပ် အသားတစ်ထပ်။

အဆီအသား မစားခဲ့သည်မှာ နှစ်နှင့်ချီနေပြီဖြစ်ရာ ရွှေကိုဘဝတွင် ကောင်းကောင်းကြီး ပွယ်လေတော့၏။

ယခုလည်း ထန်းရည်သောက်သည်ကအစ အမြည်းက ကြက်ကြော် မြေပဲဆန်ကြော်နှင့် အလွန်မှ ခံတွင်းတွေ့နေ၏။ အောင်ကြီးတို့လူသိုက်မှာ အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြ၏။ ရှေးဟောင်းနှောင်းဖြစ်များ ပြောဆိုကြရင်း ကြည်ကြည်နူးနူး ဖြစ်နေကြ၏။

"ရွှေကိုရာ၊ မင်းပြန်လာတာ ငါတို့ တအား ဝမ်းသာသကွာ။ ဒါပေမယ့် မင်း အခုလိုဖြစ်ရတာ သက်သက်ချောက်ချတာကွ။ ပြောရရင် ဦးကျောက်ကြီးက တအား စိတ်ပုပ်တဲ့လူကြီး၊ သူ့သား ထွန်းကြိုင်က လူယုတ်မာကွ။ ကောင်းတယ်၊ သေသွားတာ ကောင်းတယ်။ သူ့ညီ ထွန်းမြိုင်နဲ့ ထွန်းခိုင်က ပိုတောင် ဆိုးသေးသကွ။ ဒါပေမယ့် ဒီကောင်တွေ လေတော့ တအား မောက်တာကွ"

"ဘာဖြစ်လို့တုံးကွ"

"ဟာ- တောင်ပိုင်းမှာ ထွန်းမြိုင်နဲ့ ထွန်းခိုင်ကို ဘယ်သူမှ မော် မကြည့်ရဲဘူးကွ၊ ဒီကောင်တွေက လူလည်တွေ။ ပိုက်ဆံကလည်းရှိ မိုက်ကံ မိုက်ကန်းစိတ်ကလည်းရှိ ဆိုတော့ ရွာထဲကလူတွေ အသေကြောက်နေ သပေါ့ကွာ။ သူတို့လေးယောက်မှာ ခင်မှုန်က အငယ်ဆုံးလေ၊ အစ်ကိုတွေ မိုက်ရိုင်းသလောက် ခင်မှုန်က လိမ္မာတယ်ကွ။ တစ်ရွာလုံးက သူတို့သား အဖကို မကျေနပ်ပေမယ့် ခင်မှုန့်ကိုတော့ တအား ခင်ကြတာကွ။ အမှန်





တော့ မင်းနဲ့ ခင်မှုန်က နေနဲ့လပါကွာ"

"ဟုတ်တယ်၊ မင်းတို့နှစ်ယောက်က တအား လိုက်တာကွ"

မောင်အိုးကပါ တက်တက်ကြွကြွ ပြောဆိုလာ၏။ ဖေတိုးသည် သူတို့ထဲမှ ပြောသံဆိုသံများကို နားထောင်ရင်း ရွှေကို၏အကြောင်းကို သိလာရ၏။ ထို့အပြင် ရွှေကို၏ချစ်သူ မခင်မှုန်တို့မိသားစု၏ အကြမ်းဖက်တမ်းဆန်မှုကိုလည်း သဘောပေါက်ခဲ့လေ၏။

သို့နှင့် သူတို့လူစု သောက်စားခဲ့ပြီး ညဉ့်နက်မှ လူခွဲခဲ့ကြ၏။ ဖေတိုးကို အိမ်ကြီးအပေါ်ထပ်တွင် ကျကျနန အခန်းတစ်ခန်း လုပ်ပေးထား၏။ ရွှေကိုဘဝ သူ့အတွက်တော့ တကယ့် နတ်စည်းစိမ်ပင်။ စားတော့လည်း အဆီတစ်ထပ် အသားတစ်ထပ်။ အိပ်တော့လည်း ကျကျနန။ သူ့ရင်ထဲ ရွှေကိုဘဝကို သဘောတွေ့လာမိ၏။

မိုးလင်းသည်နှင့် ထမင်းကြော်၊ အမဲခြောက်မီးဖုတ်က အဆင်သင့်။ မြဖူးကလည်း သူ့ကို အလွန်မှ ဂရုစိုက်လှ၏။ ဝတ်သည့်အဝတ်ကအစ လျှော်စရာမလို။ အားလုံး ရေကန်အသင့် ကြာအသင့်။ သူ့အတွက်တော့ အစစအရာရာ အံ့ဩဖွယ်ရာပင်။

ပို၍ အံ့ဩဖွယ်ရာကောင်းသည်က ရွှေကိုပုံကို သူ့အိပ်ခန်းထဲ တွေ့ရခြင်းပင်။ ဓာတ်ပုံကိုကြည့်ရင်း သူ့မျက်နှာကို မှန်ထဲမြင်၍ ကြည့်နေရသလိုပင်။ နောက်ဆုံးတော့ သူ့ကိုယ်သူ ရွှေကို ဟူ၍သာ ထပ်တူပြုလိုက်လေတော့၏။

ရွာတွင် သုံးလေးရက်ခန့် နေထိုင်ခဲ့ပြီးသည့်နောက် တဖြည်းဖြည်း အသားကျလာ၏။ တစ်ရွာလုံးက သူ့ကို ရွှေကို ဟူ၍သာ ယုံမှတ်နေကြသဖြင့် သူ့အတွက် အစစအရာရာ အဆင်ပြေခဲ့ရလေ၏။

တစ်ချိန်တွင် မောင်လုံး၏ အဆွယ်ကောင်းမှုကြောင့် ရွာအနောက်ဘက် ဘုံဆိုင်လေးသို့ ရောက်ရှိလာ၏။ မောင်လုံးက မြဖူး၏ မောင်တစ်ဝမ်းကွဲ။ ရွှတ်ရွှတ်နောက်နောက်လည်း နေတတ်သူ ဖြစ်၏။ သူတို့နှစ်ဦး ဘုံဆိုင်ထဲထိုင်ကာ ကျကျနန စားသောက်နေစဉ် ရွာတောင်ပိုင်းမှ ထွန်းမြိုင်တို့အဖွဲ့ ရောက်လာ၏။

ထွန်းမြိုင်အသွင်က မိုက်တီမိုက်ကန်းအသွင်။ အရုပ်အမောင်းက မြင့်မြင့်မားမား၊ ပုဆိုးခပ်တိုတိုဝတ်ကာ စွပ်ကျယ်အကျီလက်ပြတ် ဝတ်ထား၏။ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးက ထိုးထိုးထောင်ထောင်၊ မျက်လုံးတနီစွေးစွေး၊ စကားပြောလျှင်လည်း တိုတိုပြတ်ပြတ် ပြောတတ်၏။

သူတို့အဖွဲ့ ဆိုင်ထဲဝင်လာသည် ဆိုသောအခါ သောက်သုံးသူအချို့ ထမြေးကုန်၏။ ထွန်းမြိုင်က အစ်ကိုလုပ်သူ ထွန်းကြိုင်ထက် ပိုဆိုး၏။ စကားပြောလျှင်လည်း မောက်မောက်မာမာ ပြောတတ်၏။

ယခုလည်း ဆိုင်ထဲဝင်လိုက်သည်နှင့် ဆိုင်ရှင်ကို ခပ်ကြမ်းကြမ်း ခပ်ရှရှ အမိန့်ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင် ဖိုးကုလား၊ ငါတို့ကို မင်းသိမ်းထားတဲ့အရက် ချပေးစမ်းကွာ။ ပြီးတော့ မင်းခြံထဲက ကြက်တစ်ကောင် ခုချက်ချင်း ရိုက်ပြီး ကြော်စမ်းကွာ"

"ဗျာ၊ ဒီ. . . ဒီမှာ ကြက်ကြော်တွေ ရှိပါတယ်"

"တော်စမ်း ဟေ့ကောင်၊ မင်းက ငါ့ကို ဘာများမှတ်နေလဲ။ ခုချက်ချင်း ငါခိုင်းတာလုပ်စမ်းကွာ၊ ဟောဒီရေလည်း လဲပစ်စမ်း။ ငါက ညစ်ညစ်ပတ်ပတ် မသောက်ချင်ဘူးကွ"

"ယုတ်. . . ဟုတ်ကဲ့"

ထွန်းမြိုင်သည် ပေညစ်ညစ် ဖြစ်နေသော စားပွဲကို ခြေထောက်နှင့် ကန်ကျောက်ပစ်ခဲ့၏။ ဆိုင်ရှင် ဖိုးကုလားခမျာ ပျာယာခတ်နေ၏။ ထိုအချိန်တွင် ဆိုင်ထောင့်မှာ အရက်ထိုင်သောက်နေသော ဖေတိုးနှင့် မောင်လုံးကို မြင်သွား၏။

"ဪ- ငါက ဘယ်သူများလဲလို့ မင်းကိုး။ ဟေ့ကောင် ရွှေကိုမင်း ဒီဆိုင်မှာ ထိုင်ရဲတာ အံ့သကွာ။ မင်းမို့လို့ ဒီကိုလာရဲတယ်၊ ဒါ ငါ့နယ်မြေကွ။ ပြောရရင် ဒီဘက်ကို မင်း ခြေတစ်ဖဝါးတောင် မချသင့်ဘူးကွ"

"ဗျာ၊ ခင်. . . ခင်ဗျား ဘယ်သူတုံး"

"ဟော- ဟားဟားဟား မင်းက ငါ့ကို မသိတော့ဘူးလားကွ၊ ထွန်းမြိုင်လေကွာ။ ငါ့အစ်ကို ထွန်းကြိုင်ကို မင်း သတ်လို့ရပေမယ့် ငါတို့ညီအစ်ကို နှစ်ယောက်ကိုတော့ လာမစမ်းနဲ့နော်၊ သွေးကရဲသလား မမေးနဲ့"

"ဟာ- ခင်ဗျားကလည်း တယ်လည်း ဟိန်းဟောက်သကိုး၊ ဒေါသကြီးတာ ဘာလုပ်မှာလဲဗျ။ ခင်ဗျားမျက်နှာ ခင်ဗျားပြန်ကြည့်ပါဦး"

"ဘာကွ၊ မင်း. . . မင်း ငါ့ကို ပြဿနာရှာတာလား ပြောစမ်း။ ဟေ့ကောင် ရွှေကို၊ မင်းရှေ့ကခွက် ငါ့ကိုပေးစမ်း"

"ဗျာ၊ ရော့ရော့"

ဖေတိုးသည် စားပွဲပေါ်မှ အရက်ခွက်ကို ထိုးပေးလိုက်၏။ ထွန်းမြိုင်သည် လက်ထဲရောက်လာသည့်ခွက်ကို ဆိုင်ထောင့်ဘက်သို့ လွှင့်ပစ်လိုက်၏။ ထွန်းမြိုင်လုပ်ပုံက ပြဿနာကို တမင် ဖန်တီးလာသလိုပင်။ မောင်လုံးမှာ ထွန်းမြိုင်၏ လုပ်ပေါက်ကြောင့် အကြီးအကျယ် တုန်လှုပ်နေ၏။

ဖေတိုးကတော့ ခပ်အေးအေးပင်။ သူ့ကို တမင် ပြဿနာရှာလာသည်မို့ စိတ်ထဲ တင်းတင်းရင်းရင်း ဖြစ်သွားသည်မှာ အမှန်ပင်။ သို့သော် မကျေနပ်စိတ်ကို မျိုသိပ်ရင်း ခပ်ပြုံးပြုံး ပြောလိုက်၏။

"ဘယ်လိုဖြစ်တာတုံး ကိုထွန်းမြိုင်ရ၊ ပြီးတာတွေလည်း ပြီးပြီပဲဗျာ။ ခင်ဗျား မကျေနပ်လို့ ရိုက်လိုက်လည်း ကျုပ် ကွဲသွားရုံရှိမှာပေါ့ဗျာ။ အဲဒီလို ကျုပ် ဒုက္ခရောက်သွားတော့ ခင်ဗျား ဘာဖြစ်သွားမလဲပြော၊ ဘာအကျိုးရှိမလဲပြော။ ခင်ဗျား အကျိုးရှိမယ်ဆိုရင် ရိုက်စမ်းဗျာ၊ လူဆိုတာ တစ်ခါသေရတာ ရိုက်ရိုက်"





"အင်"

ဖေတိုးက ခေါင်းအတင်းထိုးပေးနေသဖြင့် ထွန်းမြိုင် ကြောင်စီစီ ဖြစ်သွား၏။ ထွန်းမြိုင်၏ တပည့်တွေမှာလည်း ဖေတိုး၏ လုပ်ပေါက်ကို နားမလည်နိုင် ဖြစ်နေ၏။ ထိုစဉ် ဖေတိုး တစ်ဆင့်ထပ်တက်လိုက်၏။

"ဘယ်လိုတုံးဗျ၊ ခင်ဗျားက လူမိုက်ပဲ။ ရိုက်ပစ်လိုက်စမ်းပါဗျာ၊ ခင်ဗျားအကျိုးရှိမယ်ဆို လုပ်သာလုပ်"

"ဟေ့ကောင်၊ မင်း. . . မင်း ငါ့ကို အရွဲ့တိုက်တာလားကွ။ ငါနော် မင်းကို တစ်သက်မကျေဘူးကွ၊ ငါ့အစ်ကို သတ်ခဲ့တဲ့လက်ကို ရိုက်ချိုးခြေမွပစ်လိုက်ချင်တာကွ"

"ဪ- ခင်ဗျားက ခေါင်းမရိုက်ချင်ဘူးကိုး၊ ကိုင်း- လက်တွေရိုက်ချိုးချင်သပဆို ရိုက်စမ်းဗျာ။ လက်တွေ ကျိုးသွားတော့လည်း အေးတာပေါ့ဗျာ၊ ရိုက်ရိုက်"

"ဟင်"

လက်တွေ အတင်းထိုးပေးလာသဖြင့် ထွန်းမြိုင် နောက်ဆုတ်သွား၏။ ဖေတိုးလုပ်ပုံကို အူလည်ချာလည် ဖြစ်နေ၏။

"ဘယ်လိုတုံးဗျာ၊ ခေါင်းထိုးပေးတော့လည်း လက်တွဲ။ လက်ထိုးပေးတော့လည်း ဘာဖြစ်လို့ နောက်ဆုတ်သွားရတာလဲဗျ။ ဘာတုံး၊ ခင်ဗျား ဘယ်အပိုင်းကို ရိုက်ချင်တာလဲပြော"

"ဟေ့ကောင် တိတ်စမ်း၊ ငါကွာ လုပ်လိုက်လို့ကတော့ သင်္ချိုင်းတောင် မတင်လိုက်ရဘဲ ဖြစ်သွားမယ်"

"ဟားဟားဟား ကိုထွန်းမြိုင်ကလည်း ပြောမနေစမ်းပါနဲ့ဗျာ။ ဟောဒီမှာ ပုလင်းရှိတယ်၊ ကျုပ်ခေါင်းကို ရိုက်ခွဲချင်ရင် ရိုက်ခွဲပစ်လိုက်။ ဒါမှမဟုတ် ဓားပါလာသလား။ ပါရင်လည်း ဟောဒီ ရင်ဘတ်ကြီး ခွဲပြီး ကြိုက်တာထုတ်ယူသွားဗျာ"

"ဟေ့ကောင် မင်း. . . မင်း"

"ဘယ်လိုတုံးဗျာ၊ ခင်ဗျား ဘယ်လိုဖြစ်သွားသတုံး။ လူမိုက်ပဲဗျာ၊ ဘာမှ မစဉ်းစားနေစမ်းပါနဲ့"

"တော်စမ်းကွာ၊ အေး တစ်ချိန်ချိန် မင်း ငါ့အကြောင်း သိရမယ်။ ငါ့အစ်ကို သေသလို မင်း သေစေရမယ်"

"ဒုက္ခပါပဲ ကိုထွန်းမြိုင်ရာ၊ ကျုပ်ပြောပြီးပကောဗျ။ လူဆိုတာ တစ်ခါပဲ သေရတာပါဗျာ၊ လုပ်ရင်လည်း အခု လုပ်ပါဆို"

"တော်စမ်းကွာ၊ အေး သောက်ရင် ကောင်းကောင်းသောက်၊ ပြဿနာမရှာနဲ့။ ပြဿနာရှာလို့ကတော့ ငါနဲ့ တွေ့ပြီမှတ်"

ထွန်းမြိုင်တစ်ယောက် ဖေတိုး လုပ်ပုံကြည့်ပြီး လည်တယ်တယ် ဖြစ်သွား၏။ အမှန်မတော့ ဖေတိုး ကြောက်သွားအောင် ပါးစပ်က အာချောင်လိုက်ခြင်း ဖြစ်လေ၏။ သို့သော် ဖေတိုးက ခေါင်းရောကိုယ်ပါ ပိုးဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



ကာ အတင်း ရိုက်ခိုင်းသဖြင့် လှဲမိုက်ကြီး ထွန်းမြိုင် တွန့်သွားလေ၏။

နောက်ဆုံး ထိုင်ခုံတစ်ခုံတွင် ဝင်ထိုင်ကာ ဖိုးကုလား ချက်ချင်း ကြော်လှော်လာသော ကြက်ကြော်နှင့် အရက်တို တပည့်များနှင့်အတူ ဇိမ်ခံ မြည်းနေလေ၏။

ထိုအချိန်တွင် မောင်လုံးမှာ ဖေတိုး လုပ်ပုံကိုကြည့်ပြီး မျက်လုံးအပြူး သား ဖြစ်နေ၏။ ထွန်းမြိုင်မြင်လျှင် အရိပ်တောင် မနင်းရဲသည်မို့ ထိတ်ထိတ်လန့်လန့် ဖြစ်နေ၏။

"ကိုရွှေကို. . . ကိုရွှေကို"

"ဟင်- ဘာတုံးကွ"

"ပြဿနာ သွား. . . သွားမရှာစမ်းပါနဲ့ဗျာ၊ ထွန်းမြိုင်က လူမိုက်ဗျ။ ခေါ်ကြာ ခင်ဗျားကို ပြဿနာရှာနေဦးမယ်"

"မဖြစ်နိုင်ဘူး မောင်လုံးရ၊ ဒီလူ လူမိုက် မဖြစ်နိုင်ဘူးကွ။ အလကား အာချောင်တာဖြစ်မယ်"

"ဗျာ၊ တိုး. . . တိုးတိုးပြောပါဗျ"

"မကြောက်စမ်းပါနဲ့ မောင်လုံးရာ၊ လူပြောမသန် လူသန်မပြောကွ။ ခင်းကြည့်နေ"

"ဟာ- ဟော့လူ"

ဖေတိုးတစ်ယောက် အရက် သုံးလေးခွက် ဝင်သွားပြီမို့ သွေးက ရဲတဲတဲ ဖြစ်လာ၏။ ထိုင်ရာမှ ဆတ်ခနဲ ထလိုက်ပြီး ထွန်းမြိုင်တို့ဆီ လျှောက်သွား၏။ မောင်လုံးတစ်ယောက် ဖေတိုးကိုကြည့်ပြီး ထိုင်ရအခက် ထရအခက် ဖြစ်နေ၏။

ထိုစဉ် ဖေတိုးတစ်ယောက် ထွန်းမြိုင်တို့စားပွဲဝိုင်းနား ရောက်သွား၏။

"ဘယ်လိုတုံးဗျာ၊ ကြက်ကြော်တွေ ဘာတွေနဲ့"

"ဟကောင်၊ မင်း. . . မင်း"

"ပေါင်တစ်ချောင်းတော့ မြည်းကြည့်မယ်ဗျာ"

"ဘာကွ"

ဖေတိုးသည် နီရဲကြွပ်ရှနေသော ကြက်ပေါင်တစ်ခုကို ယူကာ တကြွပ်ကြွပ် ကိုက်စားပစ်လိုက်၏။ ထွန်းမြိုင်တို့လူစုမှာ ဖေတိုးလုပ်ပုံ ကြည့်ပြီး ခေါင်းတမော့မော့ ဖြစ်နေ၏။ ထို့နောက် ထွန်းမြိုင် ထည့်ထားသည့် အရက်ခွက်ကို ဂွပ်ခနဲ ယူသောက်ပစ်လိုက်၏။

"ဟာ- မင်း. . . မင်း"

"ဘာဖြစ်သတုံး ကိုထွန်းမြိုင်ရဲ့၊ ခင်ဗျားနဲ့ကျုပ် ဒီကနေ့ကနေစပြီး မိတ်ဆွေဖြစ်သွားပြီဆိုတဲ့ အဲထိမ်းအမှတ်နဲ့ သောက်သောက်စားစား လုပ်လိုက်တာဗျ"

"ဟေ- တောက်၊ မင်း တော်တော် မိုက်ရိုင်းပါလားကွ။ မင်းလိုကောင်မျိုးကို ခြေပစ်လိုက်လို့ရတယ်ကွ"





"ဗျာ၊ ခြေပစ်မယ်။ ဟာ- ဒါတော့ မဖြစ်နိုင်ဘူးဗျ၊ ကျုပ်က ကျောက် ခဲသလဲမှ မဟုတ်တာ။ အဲ- ဖြစ်ချင်ဖြစ် ခင်ဗျားပုံက ငှက်ပျောသီးလိုလို၊ သခွားသီးလိုလိုနဲ့ ခြေထောက်နဲ့ နင်းစရာမလိုဘူး၊ လက်နဲ့ ဖျစ်လိုက်ရင် တောင် ကြေသွားနိုင်တာဗျ"

"ဘာကွ၊ မင်း မင်း ဟာကွာ. . . ကြာရင် မင်းနဲ့ငါ ရှုပ်ကုန်တော့ မယ်ကွ။ ကိုင်း- သွားမယ် သွားမယ်"

ဖေတိုး၏ လက်ရဲဇက်ရဲနိုင်လှသော အပြုအမူကြောင့် လူမိုက်ကြီး ထွန်းမြိုင်ပင် အူတိအူချာနှင့် ဆိုင်ထဲမှ ထွက်သွားရ၏။ ထိုမြင်ကွင်းကို ကြည့်ပြီး လက်ခုပ်လက်ဝါးတီး၍ ပြောလိုက်သူက မောင်လုံး။

"ဟာ- အဲဒါမှ အရင်ရွှေကိုကွ၊ ရွှေကိုဆိုတဲ့ကောင်က လုပ်ပြီဆိုရင် ဘာမှ ဂရုစိုက်တဲ့ကောင် မဟုတ်ဘူးကွ။ သွေးရဲတဲ့နေရာမှာလည်း နှစ် ယောက် မရှိဘူးကွ၊ ဟားဟားဟား လူမိုက်ကြီး ထွန်းမြိုင် ကြောင်စီစီ ဖြစ်သွားရတယ်"

မောင်လုံးတစ်ယောက် ရယ်ကျဲကျဲနှင့် ဖေတိုးကို ချီးကျူးပေးလိုက် ၏။ ဆိုင်ရှင် ဖိုးကုလားမှာလည်း ဖေတိုး၏ ထင်ရာမြင်ရာ စွတ်လုပ်ရဲသော အပြုအမူကို ပါးစပ်အဟောင်းသားနှင့် ကြည့်နေ၏။

ထိုနေ့ အဖြစ်အပျက်က တစ်ရွာလုံး ပျံ့နှံ့သွားလေရာ ထွန်းမြိုင်အဖေ ဦးကျောက်ကြီး သိသွားလေတော့၏။ နွားစာစဉ်းနေရာမှ လက်ထဲက ကောက်ရိုးထုံးကိုပစ်ချကာ သားဖြစ်သူ ထွန်းမြိုင်အနားသို့ ရောက်ရှိလာ ၏။

"ဟကောင် ထွန်းမြိုင်၊ မင်းကို ဟိုကောင်လာပြီး ဗိုလ်ကျတယ်ဆို။ ပြောစမ်း"

"ဟာ- အဘကလည်း ကျုပ်ထပြီး ခြေပစ်လိုက်မလို့ဗျာ၊ ဒီကောင် တအား မူးနေလို့ဗျ"

"ဘာ- သူ့အာသာသူ မူးမူး ထရိုက်ပစ်လိုက်ပေါ့ကွ၊ တောက်- ဟော့ကောင် ငါတို့ရာဇဝင်မှာ သူများလုပ်တာကို ခံတဲ့ရာဇဝင် မရှိဘူးကွ"

"ဒါဆို အစ်ကို ထွန်းကြိုင် ခံသွားတာကရော"

"ဘာကွ၊ ဒါ ဟိုကောင် လက်မြန်လို့ ခံလိုက်ရတာကွ။ မကျေဘူး၊ ရွှေကိုဆိုတဲ့ကောင်ဟာ ငါ့သမီးကိုလည်း ဒုက္ခပေးခဲ့သလို ငါ့သားကြီးကို သတ်ခဲ့တဲ့ကောင်။ ဒီကောင် တောင်ပိုင်းကို ခြေတစ်ဖဝါးတောင် မချစေရ ဘူးကွ။ ထွန်းမြိုင် နောက်တစ်ခါ အဲဒီအသံ ငါ လုံးဝ မကြားချင်ဘူး သိလား"

"ဟုတ်. . . ဟုတ်ကဲ့"

ဦးကျောက်ကြီးတစ်ယောက် သတင်းကြောင့် အကြီးအကျယ် ပေါက်ကွဲနေ၏။ ထွန်းမြိုင်မှာလည်း လက်သီး တဆုပ်ဆုပ်။ သူတို့နှစ်ဦးကြား အကြံးတကြိတ်ကြိတ် လုပ်နေသူမှာ အလတ်ကောင် ထွန်းနိုင်။ သူက



www.burmeseclassic.com

www.burmeseclassic.com



ထွန်းမြိုင်လို အုတ်အုကြောင် မဟုတ်။ လုပ်စရာရှိလျှင် အမြဲပြတ်လုပ်ရမှ နှစ်သက်သူ ဖြစ်၏။

ယခုလည်း ရွှေကိုသတင်း ကြားလိုက်သည်နှင့် ထင်းခုတ်မားကို တဆဆ လုပ်နေ၏။ ထွန်းခိုင်က စကားနှုတ်နည်းလှသူ ဖြစ်၏။ စကားထက် ခြေမြန်လက်မြန်လှသူ ဖြစ်၏။ ထွန်းခိုင် နွဲ့လာသည့် ရန်ပွဲပေါင်းလည်း မနည်းတော့။ ရွာမှာ အနိုင်ကျင့်ရမည့်သူ မရှိသောအခါ အနီးအနားရှိ ရွာများသွားကာ ကြက်ဖကြီး လုပ်ခဲ့ဖူး၏။

ထို့ကြောင့် ရွာနီးချုပ်စပ်ကအစ ထွန်းခိုင်ကို မားထွန်းခိုင် ဟူ၍ ဘွဲ့ပေးထား၏။ ထွန်းခိုင်ကို တော်ရုံလူ ယှဉ်မဖြစ်ရဲ၊ အမြဲတမ်း မားကိုင်ပြီး ဖြေရှင်းတတ်ပေ၏။ ယခုလည်း ရွှေကိုသတင်း ကြားလိုက်သည်နှင့် လက်ထဲကမားဖြင့် ထင်ရာမြင်ရာ စွတ်ခုတ်နေ၏။

"တောက်- ရွှေကို. . . ရွှေကို၊ အစ်ကိုထွန်းကြိုင်ကို လုပ်လိုက်လို့ ထွန်းခိုင်ကို လုပ်လို့များ ရမယ်ထင်သလား။ ဟားဟားဟား တွေ့ကြသေးတာပေါ့ကွာ"

ထွန်းခိုင်၏ တောက်ခေါက်သံ၊ ကြုံးဝါးသံတွေက ရွှေကို နေထိုင်ရာ မြောက်ပိုင်းရွာသို့ပါ ရောက်ရှိလာ၏။ ထိုသတင်းကြောင့် တစ်ရွာလုံး တုန်တုန်လှုပ်လှုပ် ဖြစ်သွားကြ၏။ ထွန်းခိုင်တစ်ယောက် မားကြီးထမ်းပြီး မြောက်ပိုင်းရွာထဲ ဘယ်တော့ ဝင်လာမလဲ ဆိုသည်ကို ရင်တထိတ်ထိတ်နှင့် ခံစားနေကြ၏။

အရီးညိုတို့လူသိုက်မှာ ရင်တထိတ်ထိတ်၊ ဖေတိုးကို အရိပ်တကြည့်ကြည့် ဖြစ်နေ၏။ ထိုအချိန်တွင် လူကပ်စေးနဲ ဖေတိုးတစ်ယောက် စေးနှဲကုပ်ကပ်လာသမျှ အတိုးချစားသောက်နေ၏။

"ရွှေကို လူကလေး"

"ဘာတုံး အရီးညိုရ"

"ဟို. . . ဟို အသွားအလာ ဆင်ခြင်နော်၊ ထွန်းခိုင် မားထမ်းလာမယ်ဆိုတဲ့သတင်းက ရွာထဲမှာ တလှုပ်လှုပ်နော်။ သူက လူကလေးကို တွေ့တဲ့နေရာ ခုတ်မယ် ဖြတ်မယ် တကဲကဲ ကြိမ်းနေတာတဲ့"

"အရီးညိုကလည်းဗျာ၊ ထွန်းခိုင်ဆိုတဲ့လူက ပခုံးနှစ်ဖက်ကြားက အမြီးပေါက်လာတာမှ မဟုတ်တာ ဘာကြောက်စရာလိုသလဲလို့။ လာစမ်းပါစေဗျာ၊ လာတော့လည်း တွေ့လိုက်ရတာပေါ့"

"ရွှေကိုရယ်၊ လူကလေးမို့ မကြောက်မရွံ့နဲ့ကွယ်"

"အရီးကလည်းဗျာ၊ လူမိုက်ဆိုတာ မွေးလာကတည်းက ကျွန်တော် လူမိုက်ပါလို့ ဆိုင်းဘုတ်ချိတ်ပြီး မွေးလာတာမှ မဟုတ်တာဗျ။ ပြီးတော့ ကျုပ်ကြားဖူးတာတော့ လူလိမ္မာထက် စိတ်တစ်ဆစ်လောက် ပိုတာပါဗျာ။ ဘာကြောက်စရာလိုသလဲမြော"

"ဟဲ့ဟဲ့ ကြည့်လုပ်ပါဦး လူကလေးရယ်၊ ပထမ တစ်ခါလည်း သူတို့





ကြောင့် လူကလေး ထောင်ထဲဝင်ခဲ့ရပြီနော်။ အရီးညိုတော့ သူတို့နဲ့ ဘာမှ မပတ်သက်စေချင်ပါဘူးဟယ်"

"ဟုတ်တယ် ကိုရွှေကိုရ၊ ကျုပ်တို့ အဲဒီ ထွန်းခိုင်ဆိုတဲ့ကောင်နဲ့ မယှဉ်စေချင်ဘူး။ ရွာနီးချုပ်စပ်ကတောင် သူ့ကို မားထွန်းခိုင်လို့ ခေါ်တာဗျ"

"မားထွန်းခိုင်၊ ဟားဟားဟား ဘာလဲ ဇာတ်မင်းသားလား။ လာစမ်းပါစေကွာ၊ ကိုင်း- ရွာထဲသွားရအောင်ဟေ့၊ လာကွာ မောင်လုံး"

"ဟဲ့ဟဲ့ ပြောရင်းဆိုရင်း ဇွတ်အမွှေပါလား"

"ရပါတယ် အရီးညိုရာ"

အရီးညိုတို့လူစု တုန်လှုပ်နေသလောက် ဖေတိုးကတော့ ခပ်အေးအေးပင်။ မောင်လုံးကို ခေါ်ကာ ရွာထဲသို့ ထွက်လာ၏။ ဖေတိုး၏ အမူအရာကြည့်ပြီး ရွာထဲက တအံ့တသြ ဖြစ်နေ၏။ မောင်လုံးခမျာမှာလည်း လိုက်သာလိုက်ရသော်လည်း ရင်တထိတ်ထိတ် ဖြစ်နေ၏။

ထူးခြားသည်မှာ ဖေတိုး။ ဘာကိုမှ မမှုသလိုပင်။ အောင်ကြီးတို့ဆီရောက်တော့ ရယ်ရယ်မောမော ပြောဆိုနေ၏။ အောင်ကြီးတို့လူစုမှာလည်း ဘယ်တော့ ပြဿနာဖြစ်မလဲ ဆိုသည်ကို တွေးကာ ကုပ်ချောင်းကုပ်ချောင်း ဖြစ်နေကြ၏။

"ဟကောင် ရွှေကို၊ မင်း. . . မင်း အရမ်း အတင့်မရဲနဲ့နော်။ ဟိုကောင်က လူမိုက်ကွ၊ တော်ကြာ ရွာထဲ မားတစ်ချောင်းနဲ့ ရောက်လာရင် ပြဿနာပဲ"

"ဟာ- မင်းတို့ကလည်း ကြဲဖန်သွေးကြောင်နေပြန်ပြီကွာ၊ လူလူချင်းကွာ။ မားကိုင်လာတာ မင်းကလေး၊ မင်းကြီး သေလို့ဝင်စားတာ ဖြစ်မှာပေါ့"

"ဟာ- မင်းကတော့ တကယ် သွေးအေးတဲ့ကောင်ပဲ။ ကြည့်လည်း လုပ်ပါဦးကွာ"

အောင်ကြီးတို့လူစုမှာလည်း ရင်တထိတ်ထိတ်။ ရွာထဲဝင်လာမည့် မားထွန်းခိုင်၏ ခြေသံကိုသာ တစ်ရွာလုံး နားစွင့်နေကြလေ၏။ ထိုအချိန်တွင် ဖေတိုးတစ်ယောက် မောင်လုံးနှင့်တွဲကာ ထန်းတောထဲတွင် ငှက်ခါးတောင်နှင့် ချိုးကြော်ကို အရသာရှိရှိ မြည်းစမ်းနေ၏။

မောင်လုံးခမျာ ထန်းရည်သောက်သာ သောက်နေရသော်လည်း ခေါင်းတလည်လည် ဖြစ်နေ၏။ ထန်းတောကြားက မားထွန်းကြိုင်များ လာလေမလား တွေးကာ သောကဖြစ်နေ၏။

"မောင်လုံး ချလေကွာ၊ မင်းဥစ္စာ ဘယ်လိုဖြစ်နေတာတုံးကွ။ ဘာလဲ၊ မားထွန်းခိုင်ကို ကြောက်နေသလား။ တွေးမနေစမ်းပါနဲ့ကွာ၊ သောက်သောက် ချိုးကြော်ကလည်း ကောင်းပါ့ကွာ။ မြို့မှာ ဒီလိုအရသာ တစ်ခွန်းတစ်စတောင် မြည်းရတာ မဟုတ်ဘူးကွ"

www.burmeseclassic.com



ရွှေကို၏ အေးတိအေးစက် အမူအရာကို ကြည့်ပြီး မောင်လုံး မျက်လုံးပြူး၊ မျက်ဆန်ပြူး ဖြစ်နေ၏။ ကျိုးကျိုးကြွပ်ကြွပ် အသံကြားလျှင် ခေါင်းတလှည့်လှည့်နှင့် ဖြစ်နေ၏။ အချိန်အခါမှာ ညနေစောင်း အချိန်အခါ ဖြစ်၏။

ထိုအချိန်တွင် ဓားထွန်းခိုင်တစ်ယောက် အရက်ကို တမူးတလဲ သောက်ကာ မြောက်ပိုင်းရွာထဲသို့ သိုင်းကွက်နင်း၍ ဝင်လာ၏။ လက်ထဲမှာ တဝင်းဝင်း လက်နေသော ငှက်ကြီးတောင်ဓားကြီးကို ကိုင်ထား၏။

သူ ရွာထဲဝင်လာပြီ ဆိုသည်နှင့် ရွာသားတွေ အကုန်လုံး နီးရာအိမ်ပေါ် တက်ပြေးကုန်ကြ၏။ ကလေးတွေ၊ ခွေးတွေလည်း တုတ်တုတ်တောင် မလှုပ်ရဲ၊ တစ်ရွာလုံး အသံတောင် မထွက်ရဲ။ ထိုစဉ် ဓားထွန်းခိုင်၏အသံ ပေါ်လာ၏။

"လာပြီကွ၊ ဓားထွန်းခိုင်တဲ့ဟေ့။ ရွှေကို ဘယ်မှာလဲကွ၊ ရွှေကိုဆိုတာ ထွန်းကြိုင်ကို လုပ်ချင်တိုင်း လုပ်လို့ရပေမယ့် ထွန်းခိုင်ကို လုပ်လို့မရဘူးကွ။ ဟားဟားဟား ဟေ့ကောင် ရွှေကို ထွက်ခဲ့စမ်း၊ ဓားထွန်းခိုင် လာပြီကွ"

ဓားထွန်းခိုင်သည် အရီးညိုအိမ်ဝိုင်းရှေ့ အရောက်တွင် လေသံဝါဝါကြီးနှင့် ဓားကြိမ်းကြိမ်းလေတော့၏။ အရီးညိုတို့လူသိုက်ခမျာ လေသံတောင် မဟရဲ။ အသားတွေ ဆတ်ဆတ်တုန်ကာ ပုတ်ကြီးအနောက်ဘက်တွင် ပုန်းအောင်းနေကြ၏။ တစ်ရွာလုံး အပ်ကျသံတောင် မကြားရ။ တစ်ရွာလုံး ပွဲကြီးပွဲကောင်း ကြည့်ရတော့မည့်အသွင်နှင့် ရင်တထိတ်ထိတ် နားစွင့်နေကြ၏။

ထိုအချိန် ဖေတိုးတစ်ယောက် ထန်းတောဘက်မှ ထွက်လာ၏။ မောင်လုံးမှာ ဓားထွန်းခိုင် လာမည်ဆိုသည့်သတင်းကို ကြိုသိနေသဖြင့် ထန်းရည် တစ်ခွက်၊ နှစ်ခွက်သောက်ကာ စောစောစီးစီး အိမ်ပြန်ပြေးလေ၏။ ဖေတိုးကတော့ ထန်းတောထဲက ထွက်သည်နှင့် လေကလေး တချွန်ချွန်လုပ်၍ လမ်းလျှောက်လာ၏။ ရွာထဲဝင်လာတော့ တစ်ရွာလုံး ရွှေကိုကို ကြည့်ပြီး အံ့သြနေ၏။

ထွန်းခိုင်၏ အသံဝါဝါကြီးကိုလည်း ရွာလယ်ပိုင်းမှ ကြားနေရ၏။ ဖေတိုးသည် မန်ကျည်းပင်ရိပ်အောက်မှ တစ်လှမ်းချင်း လျှောက်လာ၏။

"ဟေ့ကောင် ရွှေကို၊ ပုန်းမနေနဲ့ကွ။ ဓားထွန်းခိုင် လာပြီလေကွာ ဟားဟားဟားဟား"

"ဝှစ် ဖောက်"

"အောင်မယ်လေးဗျ"

"ဝှစ်ဝှစ်"

"ဖောက်ဖောက်"

"အောင်မယ်လေးဗျ၊ ဘယ်ခွေးမသား ခွနဲ့ပစ်"

"ဖောက်"



"အောင်မယ်လေးဗျ"

တဖောက်ဖောက်နှင့် ဝင်လာသော လောက်စာလုံးဒဏ်ကို ဓား ထွန်းခိုင် မခံနိုင်။ လောက်စာလုံးတွေက ခေါင်းထိလိုက်၊ ကိုယ်ထိလိုက်၊ ခြေထောက်ထိလိုက်နှင့် ဓားထွန်းခိုင်တစ်ယောက် ခုန်ဆွခုန်ဆွနှင့် အော်ဟစ်နေ၏။

လောက်စာလုံး ပစ်ခတ်သံက အရှိန်မလျော့သွား။ ခေါင်းတွေ၊ နဖူးတွေ၊ ခြေထောက်တွေပါ ထူပူလာသဖြင့် ထွန်းခိုင်တစ်ယောက် ဓားထွန်းခိုင် ဟူ၍ပင် မအော်နိုင်တော့ဘဲ ပုဆိုးခြုံ၍ ထွက်ပြေးရလေတော့၏။

ထိုအချိန်တွင် လောက်လေးခွကြီး ကိုင်ကာ တဟားဟားနှင့် အော်ဟစ်ရယ်မောရင်း ထွက်လာသူမှာ ဖေတိုးပင် ဖြစ်လေ၏။

"ဟားဟား ဓားထွန်းခိုင် ဘယ်ပြေးတာတုံးကွ"

ထွန်းခိုင်တစ်ယောက် လှည့်တောင်မကြည့်ရဲ။ ထိုအချိန် ရွာလယ်လမ်းမကြီးထဲ ရင်ကော့ဝင်လာသူ ဖေတိုးကို တစ်ရွာလုံး အံ့သြ၍မဆုံး။ လက်ထဲမှ လောက်လေးခွကြီးကို တွေ့လိုက်ကြရ၏။

"ဟာ- ခွရွှေကိုပါလား"

"ဟုတ်ပါ့ကွာ၊ ဓားထွန်းခိုင် ခွေးပြေးဝက်ပြေးဖြင့်အောင် လုပ်ရဲတာ ခွရွှေကိုပဲ ရှိတယ်ဟေ့"

"ဟုတ်ဝါ့တော်"

"ကောင်းတယ်၊ ခွဆိုတာ ဘုန်းကြီးကျောင်းသားလက်နက်ဟ"

"ကောင်းတယ်၊ ဓားထွန်းခိုင် ဝက်ပြေးပြေးရပြီဟေ့။ ဝက်ထွန်းခိုင်ပေါ့ ဟားဟားဟား"

ထွန်းခိုင် ထွက်ပြေးသွားမှ တစ်ရွာလုံး အိမ်ထဲကအိမ်ပြင် ထွက်လာနိုင်ကြ၏။ ထိုအချိန်တွင် ဖေတိုးတစ်ယောက် ခွကြီး ခါးကြားထိုးကာ အရီးညိုတို့အိမ်ဝိုင်းထဲ ရင်ကော့ပြီး ဝင်လာလေတော့၏။

"ဟယ်- ရွှေကို လူကလေး"

"အရီးညို၊ ဟာ- ဘာဖြစ်လို့ ပုန်းနေရတာလဲဗျ။ ကြောက်တယ် ဆိုရင် လူမိုက်ဆိုတဲ့ကောင်က ဖြခြောက်တတ်တယ်ဗျ။ နေရာတကာ မကြောက်ကြစမ်းပါနဲ့ဗျာ"

"ဟင်- လူ. . .လူကလေး ဘာမှ မဖြစ်ဘူးနော်"

"မဖြစ်ပါဘူး အရီးညိုရာ၊ ဟဲဟဲ ထမင်းဆာပြီဗျာ။ ဘာဟင်းချက်သတုံး၊ ဟိုကောင် မောင်လုံးရော"

"အို- သူလည်း ကြောက်လို့ ပုန်းနေတာပေါ့ကွယ်"

"ဟာဗျာ၊ နေရာတကာ ကြောက်နေစရာ မလိုပါဘူး။ ကိုင်း- စားမယ်ဗျာ၊ ဘာဟင်းတုံး အရီးညိုရ"

"အဲ- အရီးညို မင်းအကြိုက် ချက်ထားပါတယ်ဟယ်၊ ငါးခြောက်နဲ့ အာလူးကို မဆလာမြိုင်မြိုင်နဲ့ ချက်ထားတယ်လေ။ ပြီးတော့ ဘူးသီးပြုတ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ငါးပိရည်ပျစ်ပျစ် ဖျော်ထားတယ်ဟဲ့၊ လာလာ"

"စားမယ်ဗျာ"

ဖေတိုးတစ်ယောက် ခုံတန်းလျားတွင်ထိုင်ကာ အားရပါးရ နယ်ဖတ်စားလေတော့၏။ ရွှေကိုသတင်းက တစ်ရွာလုံး မွှေးနေ၏။ ဓားထွန်းခိုင် ခွေးပြေးဝက်ပြေး ပြေးရပြီ ဆိုသောကြောင့် တစ်ရွာလုံး ဝမ်းသာအားရ ဖြစ်နေ၏။

ထိုအချိန်တွင် ခုန်ဆွခုန်ဆွနှင့် ပေါက်ကွဲနေသူက ဦးကျောက်ကြီး။ သူ့ရှေ့တွင် ဓားထွန်းခိုင် ညောင်နာနာနှင့် ထိုင်နေ၏။ ရထားသည့်ဒဏ်ရာတွေကလည်း မနည်းလှ။

နဖူးတွေ၊ နောက်စေ့တွေ၊ ခြေထောက်တွေ၊ လက်တွေ ဖူးရောင်နီရဲနေ၏။ ပါးတစ်ဖက်လည်း ညိုမည်းနေ၏။ ဦးကျောက်ကြီးမှာ ထွန်းခိုင်ကိုကြည့်ပြီး တောက်တခေါက်ခေါက် ဖြစ်နေ၏။

"မင်းကွာ၊ ဓားထွန်းခိုင်ဆိုတဲ့ဘွဲ့ ဘယ်သွားထားသလဲ"

"ဟာ- အဘကလည်း ကျုပ်ကို ခွနဲ့ပစ်တာဗျ။ ခွဆို လူမပြောနဲ့ သရဲတောင် ကြောက်တာ အဘ သိသားပဲဟာ။ ကံကောင်းလို့ မျက်စိမမှန်တယ်"

"အေး- အဲဒါလည်းဟုတ်သားကွ၊ ရွှေကိုက သရဲပြေးတဲ့လက်နက်ကို အသုံးချလိုက်တာကိုး။ တွေ့မယ် ငါနဲ့တွေ့မယ်၊ ကျောက်ကြီးဆိုတာ ဘယ်လိုကောင်လဲဆိုတာ ဒီကောင် သိသွားစေရမယ်ဟေ့"

"ဟာ- အဘကလည်းဗျာ၊ ကျုပ်တောင် ခွေးပြေးဝက်ပြေး ပြေးရတာ အဘက ပြေးနိုင်ပါ့မလားဗျ"

"ပြေးနိုင်တာပေါ့ကွာ၊ ဘာ. . . ဘာကွ။ ငါ့ရာဇဝင်မှာ ပြေးရိုးထုံးစံမရှိဘူး၊ ကျောက်ကြီးက မင်းလို နွားလိုလို၊ ကျားလိုလိုကောင် မဟုတ်ဘူးကွ။ မယုံရင် သေွးဖောက်ကြည့်"

"ဘာလုပ်မလို့တုံးဗျ၊ သွေးလှူမလို့လား"

"ဟာ- ဒီငတုံးကလည်း ထူပါ့ကွာ။ မှတ်ထားကွ၊ ငါ မင်းအရွယ်တုန်းက တုံးတိုက်တိုက် ကျားကိုက်ကိုက် ဆော်ခဲ့တဲ့ ကျောက်ကြီးကွ။ မကြောက်ဘူး၊ ရွှေကို နေမညိုစေရဘူးကွာ။ ကျောက်ကြီး ဘာလုပ်မယ်ဆိုတာ စောင့်သာကြည့်ပေတော့"

"အဘကလည်းဗျာ၊ ရွှေကိုကို ကျုပ်တို့ ညီအစ်ကိုနှစ်ယောက် ယှဉ်လိုက်ရင် ပြတ်ပါတယ်"

"တော်စမ်းကွာ၊ အလကားကောင်တွေ။ ငါမွေးထားတာ ကျားတွေကွ၊ နွားမဟုတ်ဘူး"

"ဗျာ၊ အဘကလည်း မဟုတ်တာ ပြောပြန်ပြီဗျာ။ ကျုပ်တို့က ကျားလည်း မဟုတ်ဘူး၊ နွားလည်း မဟုတ်ဘူးဗျ"

"ဘာကွ၊ ခွေးမသားတွေ အလကားကောင်တွေ သွားကြစမ်း"





နောက်ဆုံးတော့ ရွှေကိုကို လက်တုံ့ပြန်ဖို့ အသာထား။ သူ့သားနှစ်ယောက်နှင့် လုံးထွေးနေရလေတော့၏။ ထိုအချိန်တွင် ဖေတိုးတစ်ယောက် တစ်ရွာလုံး၏ ချီးကျူးသံကို မကြားချင်ဘဲ ကြားနေရ၏။ ဓားထွန်းခိုင်ကို ခွေးပြေးဝက်ပြေးဖြစ်အောင် နှိမ်နင်းလိုက်သည်မို့ အောင်ကြီးတို့လူသိုက် သူ့ဆီ အပြေးရောက်လာ၏။

"ဟေ့ကောင် ရွှေကို၊ မင်း. . . မင်း ဘာဖြစ်သွားသေးလဲကွ။ ပြော. . . ပြောစမ်းပါဦး"

"ဘာမှမဖြစ်ပါဘူးကွာ၊ မင်းတို့ကြောက်တဲ့ ဓားထွန်းခိုင် ဝက်ထွန်းခိုင် ဖြစ်ပြီး ဝက်ပြေး ပြေးသွားပြီကွ"

"ဟုတ်တယ်၊ ငါတို့လည်း အဲဒီသတင်းကြားလို့ ပြေးလာတာကွ။ မင်း တော်တော် သတ္တိရှိတာပဲကွာ။ နေ. . . နေပါဦး၊ မင်း ဓားထွန်းခိုင်ကို ဘာနဲ့ယှဉ်လိုက်တာလဲကွ"

"ဟားဟား ဒါနဲ့လေကွာ၊ ဒါ လူမပြောနဲ့ သရဲတောင် ပြေးတာကွ။ ဟဲဟဲ ဒီကောင် ဒါကိုတော့ ကြောက်ကိုကြောက်ရမယ်ကွ"

"ဟင်- ခွကြီးပါလား"

"အဲဒါပဲကွ၊ ဘီလူးလောက်ရှိတဲ့ သတ္တဝါလည်း ဒီခွကို ကြောက်ရမှာပဲ။ မှတ်ထား၊ ဘုန်းကြီးကျောင်းသားလက်နက်ဟာ ခုထိ မတိမ်ကောသေးဘူးကွ။ ဟားဟားဟား"

"ခွရွှေကိုကွ"

ထိုအချိန်မှစပြီး တစ်ရွာလုံးက ဖေတိုးကို ခွရွှေကိုဘွဲ့ကြီး ချီးမြှင့်အပ်နှင်းလိုက်လေတော့၏။

ဿ ဿ ဿ



www.burmeseclassic.com

www.burmeseclassic.com

* ရိပ်ခနဲ မြင်ရပေမယ့်
စိတ်အသည်းဘဝင်မှာ
အစဉ်သာ မဝေးပါဘူ
ရှေးရှေးက ပါရမီ. . .

* တံတိုင်းအထပ်ထပ် အလီလီ
ရှေ့ဆီက ကာဆီး. . .

* ချစ်မိရင် ဘာတွေပဲ တားပစေတော့
ခြားနေသမျှ အကုန်ကျော်လွှားပါလို့
အချစ်ရှိရာ အရောက်သွားခဲ့တယ်
သက်စွန့်သူကြီး။

## အခန်း (၄)

ရွာအနောက်မြောက်ဘက်ရှိ လွမ်းစေတီကုန်းသို့ ဖေတိုး ရောက်လာ၏။ လွမ်းစေတီတုန်းကို တော်ရုံလူ မသွားရဲပါချေ။ အကြောင်းမှာ လွမ်းစေတီကုန်းတွင် သိုက်နန်းရှင်များရှိသည်ဆိုသော သတင်းကြောင့် ဖြစ်လေ၏။ တချို့ကလည်း ဥစ္စာစောင့်ရှိသည်၊ ရုက္ခစိုးနတ်တွေ ပျော်ပါးကြသည်ဟု ပြောဆိုနေကြ၏။

လွမ်းစေတီမှာ ထုံးဖြူစေတီလေးဖြစ်ပြီး ပေလေးရာခန့် မြင့်သည့် တောင်ကုန်းကလေးပေါ်တွင် တည်ရှိပေ၏။

စေတီတစ်ဝိုက်တွင်လည်း ဝါးရုံပင်ကြီးများ အုံ့ထနေ၏။ စိမ်းသစ်သုထပ်နေသော ဝါးရုံပင်များကြား မြွေဆိုး၊ မြွေပေါက် တွန်သံများကိုသည်း မကြာခဏ ကြားနေရ၏။

တချို့ကလည်း ဘုရားရင်ပြင်တွင် မိန်းမချောလေးတစ်ဦးကို မကြာခဏ တွေ့ရသည်ဟု ပြောကြဆိုကြ၏။ ထိုထိုသော သတင်းကြောင့် လွမ်းစေတီဆီသို့ ဘယ်သူမှ မသွားရဲပါချေ။ ထိုအခြေအနေကြားတွင် ဖေတိုးတစ်ယောက် မောင်လုံးကိုခေါ်ကာ လွမ်းစေတီသို့ ရောက်ရှိလာလေ၏။

"ကိုရွှေကိုရာ၊ ကျုပ်တော့ လိုက်သာလိုက်ရတယ် ခပ်ကြောက်ကြောက်ဗျ"

"ဘာ့ကြောက်စရာရှိလည်း မောင်လုံးရာ၊ မင်းကလည်း နေရာတကာ ကြောက်နေတာပဲကိုး။ ကြောက်တဲ့လူဆိုတာ သုံးလေးခါ သေရသကွ၊ ကြောက်စိတ်က ဘာမှ အကျိုးမပြုပါဘူးကွာ။ လာစမ်းပါကွ"

မောင်လုံးတစ်ယောက် ဖေတိုး ဘယ်လောက်ပြောပြော တွန့်ဆုတ်တွန့်ဆုတ်နှင့် လိုက်လာခဲ့ရ၏။ ရင်ပြင်တော်ပေါ် ရောက်တော့ တောင်ကြည့်မြောက်ကြည့်နှင့် ထိတ်ထိတ်လန့်လန့် ဖြစ်နေ၏။

ထိုအချိန်တွင် ဖေတိုးသည် ထုံးစေတီရင်ပြင်ရှေ့ထိုင်ကာ ဦးသုံးကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ချည် တန်တောလိုက်၏။ ဆည်းလည်းလှုပ်ခတ်သံကလေးများ၊ ကျေးငှက်သာရကာတို့ မြည်ကြွေးသံကလေးများကို ကြားနေရ၏။

ဖေတိုးသည် သာယာကြည်နူးဖွယ်ကောင်းလှသည့် မြင်ကွင်းကြား ပီတိတဝေဝေ ဖြစ်နေ၏။ မောင်လုံးခမျာ ပြန်ဖို့သာ တပြင်ပြင် ဖြစ်နေ၏။

ထိုအချိန် ဝါးရုံပင်စိမ်းစိမ်းများကြားမှ လူတစ်ဦး ရိပ်ခနဲ ထွက်လာ၏၊ ထိုမြင်ကွင်းကို ဦးဆုံး မြင်လိုက်သူက မောင်လုံး။

"ဟာ- ဟို. . . ဟိုမှာ လာနေပြီ၊ ဘုရား. . . ဘုရား"

မောင်လုံးတစ်ယောက် ဝါးရုံပင်များကြားမှ ထွက်လာသူကို ရဲရဲတောင် မကြည့်ဝံ့ဘဲ ခေါင်းကြီးငုံ့ထား၏။ ထိုအချိန် ဖေတိုးအနားသို့ အစိမ်းရောင် ထက်အောက်ဝတ်စုံ ဝတ်ဆင်ထားသော အမျိုးသမီးငယ်လေးတစ်ဦး ရောက်ရှိလာ၏။

"တိုရွှေကို အောင်မယ်လေး ကိုရွှေကိုရယ်၊ ခင်. . . ခင်မှုန် မျှော်လိုက်ရတာရှင်"

"ဗျာ"

"ကိုရွှေတိုး၊ ဘာတည်တည်ကြီး လုပ်နေတာလဲလို့ ခင်မှုန်လေ ရှင်. . . ရှင်ကြီး ခင်မှုန်ကို မမှတ်မိတော့ဘူးလားဟင် ပြော. . . ပြောပါဦး"

"ဩော်- ဟုတ်ပြီ၊ သိပြီ. . . သိပြီ ခင်ဗျားက ခင်မှုန်ကိုး။ ဟုတ်တယ် ဗျာ၊ ကျွန်တော်လည်း မှတ်ဉာဏ်တွေ မကောင်းတော့ဘူးဗျ"

"ဩော်- ကိုရွှေကိုရယ်၊ ရှင် အတော့်ကို ဒုက္ခရောက်ခဲ့ပါလား အဲ. . . အဲဒါ ခင်မှုန်ကြောင့်ပါ၊ ရှင် ခင်မှုန့်ကိုချစ်လို့ ခုလို ဒုက္ခရောက်ခဲ့တာပေါ့ရှင်။ ခုလည်း ခင်မှုန် အစ်ကိုကြောင့် ရှူးမတတ် ခံစားနေရပြီလေ"

"ဗျာ"

"ဟုတ်တယ်၊ ခင်မှုန် အစ်ကိုကြောင့် ရှူးနေပြီ သိလား။ သူ. . . သူတို့က ခင်မှုန့်ကို အကျဉ်းချထားတာ၊ ခုလည်း ခင်မှုန် ဒီစေတီလေးဆီကို ခိုးပြီး ထွက်ပြေးလာရတာပါ"

"ဟင်- ခင်မှုန်က ကိုရွှေကိုကို အဲဒီလောက် ချစ်သလားဗျ"

"ရှင်- ရှင် ဘယ်လိုမေးလိုက်တာလဲ ကိုရွှေကိုရယ်၊ ရှင်နဲ့ကျွန်မ ဘယ်လောက်ခြားခြား ကျွန်မတို့ကို တားလို့ခြားလို့ မရပါဘူး အစ်ကိုရယ် နော်- ဟုတ်တယ်မဟုတ်လား"

"ဟင်- ဟို ကျွန်တော် ရွှေကိုဆိုတာ သေချာရဲ့လားဗျ၊ ပြောရရင် ကျွန်တော့်ကိုယ်ကျွန်တော် ဘယ်သူဘယ်ဝါလဲတောင် မသိတော့ပါဘူး ဗျာ"

"အို- ကိုရွှေကိုမှ ကိုရွှေကို အစစ်ပါ။ ဟောဒီ စေတီလေးမှာ အစ်ကိုနဲ့ ကျွန်မတို့ ချိန်းချိန်းတွေ့နေကျလေ"

"ဟင်- ဟုတ်လား၊ ကျွန်တော်လည်း ဒီဘက်ကို မရောက်ဘူးတာနဲ့ ထွက်လာတာ။ တော်တော့်ကို သာယာတာပဲနော်"

"အို- အစ်ကိုကလည်း တစ်ချိန်က ဒီနေရာဟာ ကျွန်မတို့နှစ်ယောက်ရဲ့ ကမ္ဘာလေးပါရှင်။ မမေ့စမ်းပါနဲ့ အစ်ကိုရယ်၊ အစ်ကိုနဲ့ ကျွန်မတို့က ရှေးဘဝက ပါရမီအတူဖြည့်လာခဲ့ကြတဲ့သူတွေပါရှင်။ ခုလည်း ကျွန်မတို့ ပြန်တွေ့ကြပြီလေ၊ အစ်ကို မပျော်ဘူးလား ပြောပါဦး"

"ဗျာ၊ ဟို. . . အဲ- ပျော်တာပေါ့ဗျာ"

ဖေတိုးတစ်ယောက် အလိုက်သင့် အလျားသင့် ပြောနေရသော်လည်း သူ့စိတ်ထဲ မတင်မကျ ခံစားနေရ၏။ ခင်မှုန်ဆိုသော တောရိုင်းပန်းကလေး။ နှာတံချွန်ချွန်၊ မျက်ခုံးထူထူလေးနှင့် အလွန်မှ စွဲမက်ဖွယ်ကောင်းလှသော မိန်းမချောလေး။

ခင်မှုန့်၏အလှကလေးကြောင့် သူ့ရင်တွေ တဝုန်းဝုန်း တဒိုင်းဒိုင်း ဖြစ်ခဲ့ရ၏။ နှင်းရီရီ၏အလှကို ကျော်လွှားစိုးမိုးနိုင်သော ခင်မှုန်။ တဒင်္ဂမြင်တွေ့ရသော်လည်း ရင်ဘတ်တစ်ခုလုံး ပြောင်းဆန်သွားသလိုပင်။

ခင်မှုန်၏အလှကို တစိမ့်စိမ့် ကြည့်ရင်း သူ့ရင်တွေ လှိုင်းထန်နေရ၏။ မောင်လုံးမှာလည်း ခင်မှုန်ကိုကြည့်ရင်း အကြီးအကျယ် အံ့ဩနေ၏။

"ဟာ- ခင်. . . ခင်မှုန်၊ နင် ရွာ. . . ရွာမှာ မနေတော့ဘူးဆို။ ဘယ် . . . ဘယ်လိုလုပ်ပြီး ဒီရောက်လာတာလဲ"

"အလကားပြောတာ၊ သူတို့ ကျွန်မကို အတင်း ချုပ်နှောင်ထားကြတယ်လေ။ ဘယ်မှ သွားခွင့်မပေးဘူး၊ ခုလည်း ကျွန်မ ထွက်ပြေးလာတာပါ"

"ဟင်"

"ဟုတ်တယ်၊ သူတို့အားလုံး နှလုံးသားမရှိတဲ့လူတွေ။ အနိုင်ကျင့်ချင်တယ်။ ရက်စက်တယ်။ ဖိနှိပ်တယ်။ ချုပ်နှောင်တယ်။ ဒါဟာ သူတို့တွေ ရင်ထဲ အမြဲ စိုးမိုးနေတာ။ ကျွန်မကို လူတစ်ယောက်လို့တောင် မမြင်ကြဘူးလေ"

ခင်မှုန်တစ်ယောက် မျက်ရည်လေး တစမ်းစမ်းနှင့် ပြောနေ၏။ ဖေတိုးမှာလည်း ခင်မှုန်၏ မျက်နှာညှိုးညှိုးလေးကို ကြည့်ကာ စိတ်မကောင်း ဖြစ်နေ၏။ ထိုစဉ် လူတစ်ယောက် စောင်းတန်းလေးအတိုင်း ဒရောသောပါး တက်လာ၏။

"ဟာ- ဟို. . . ဟိုမှာ ဦးကျောက်ကြီး"

"သမီး"

"ဟင်"

"ဩော်- ဘယ်သူများလဲလို့၊ ရွှေကို ရောက်နေသကိုး"

"ဗျာ၊ ဦး. . . ဦးက ဘယ်သူလဲ"

"ဘာကွ၊ မင်းက ငါ့ကို ဘာအူကြောင်ကြောင် လုပ်နေတာလဲကွ သမီး လာစမ်း"

"အို- ဘာ. . . ဘာလုပ်ဦးမလို့လဲ အဘရယ်၊ သမီး. . . သမီးတို့





www.burmeseclassic.com

www.burmeseclassic.com

ချစ်ခြင်းကို မခွဲခါနဲ့ရှင်။ သမီး တောင်း. . . တောင်းပန်ပါတယ်နော်"

"အောင်မယ် လာစမ်း ခွေးမ၊ နင်က ခွေးဖြစ်ချင်လို့လား ပြောစမ်း"

"ဟာ- ဦးလေးကလည်း တခွေးခွေး လုပ်နေတာပဲဗျာ၊ ဘယ်လိုတုံး ဦးလေးတို့ အမျိုးတွေက ဘယ်လိုတွေတုံးဗျ"

"ဘာ- ဟေ့ကောင် ရွှေကို၊ မင်း. . . မင်းတော့ကွာ။ လာစမ်း သ ဒင်းကြောင့် သမီးအစ်ကို သေရပြီဆိုတာ သိရဲ့လား။ ဟေ့ကောင်၊ မ နောက်တစ်ခါ ငါ့သမီးနဲ့တွေ့ကြည့် ငါ ဘာကောင်ဆိုတာ သိစေရမယ်"

"ဟာ- ခုတောင် သိသလိုလို ဖြစ်နေပြီဗျ"

"ဘာ. . . ဘာကွ ဟေ့ကောင်၊ မင်းနော် ကျောက်ကြီးဆိုတာ ဘ လိုကောင်လဲဆိုတာ မင်း စုံစမ်းဦးကွ။ တောက်- တော်တော် မိုက်ရိုင်း ကောင်၊ သမီး ရှိနေလို့ပေါ့ကွာ။ လာ သမီး"

"အစ်ကို၊ မှန်သွားမယ်"

"သတိထား မှန်"

ခင်မှန်တစ်ယောက် ငိုမဲ့ငိုမဲ့နှင့် ဦးကျောက်ကြီးနောက်သို့ ပါသွား ၏၊ ဖေတိုးမှာ ခင်မှန်၏ ကျောပြင်လေးကို ကြည့်ကာ စိတ်မကောင်း နေမိ၏၊ မောင်လုံးခမျာ ဦးကျောက်ကြီးကို မြင်လိုက်သည်နှင့် ခြေ လက်တွေ တုန်နေ၏။

"ကိုရွှေကို. . . ကိုရွှေကို"

"ဘာတုံးကွာ"

"ပြန်. . . ပြန်ကြမယ်လေ၊ တော်ကြာ ဦးကျောက်ကြီး ပြန် လာရင် ပြဿနာဗျ"

"ဘာဖြစ်လို့တုံးကွ"

"ဟာ- အဲ. . . အဲဒါ ဓားထွန်းခိုင်ရဲ့ အဖေဗျ၊ လာပါဗျာ ပြဿ ထပ်မရှာပါနဲ့တော့"

"ဟုတ်လား မသိပါဘူးကွာ၊ သူတို့က ခင်မှန်ဆိုတဲ့ ကောင်မလေး လှောင်အိမ်ထဲက ငှက်ကလေးတစ်ကောင်လို သဘောထားနေကြတာ"

"တွေးမနေပါနဲ့ ကိုရွှေကိုရာ၊ ကျုပ်တို့ ပြန်ကြရအောင်"

မောင်လုံး အတင်းခေါ် နေသဖြင့် လွှမ်းစေတီကုန်းပေါ်မှ ဆင်း ၏။ ဖေတိုးရင်ထဲ ခင်မှန်ဆိုသော ကောင်မလေး၏ မျက်နှာဝင်းဝင်း တံဆိပ်ခတ်နှိပ်ထားသလိုပင်။ လမ်းတစ်လျှောက်လုံး ခင်မှန့်အကြောင်း သာ မေးမိ၏။ မောင်လုံးခမျာ မဖြေချင့်ဖြေချင်နှင့် ဖြေနေရ၏။

"ကိုရွှေကိုရာ၊ စိတ်ကူးထဲတောင် မထည့်စမ်းပါနဲ့ဗျ။ ခင်မှန် သနားစရာကောင်းသလောက် ကျောက်ကြီးတို့သားအဖဟာ တ ရွံစရာကောင်းတာဗျ။ အပြောကြမ်း၊ အပြုမူကြမ်းတွေဗျ။ ပြီး လေလုံးမိုးလုံး တအားထွားတဲ့ လူတွေဗျ။ မပတ်သက်ချင်စမ်းပါနဲ့"

"ဒါတော့ ဒါပေါ့ကွာ၊ ဒါပေမယ့် ခင်မှန်လေးက သနားပါတယ်





တ်ထား မောင်လုံးရ၊ သူတို့ဟာ ခင်မှန့် ကိုယ်ကိုသာ ချုပ်နှောင်လို့ရမယ် ခင်မှန့်စိတ်ကို ချုပ်နှောင်လို့ရမှာ မဟုတ်ဘူး"

"ဒါပေါ့ဗျာ၊ စဉ်းစားမနေစမ်းပါနဲ့ ကိုရွှေကိုရာ။ အဲဒီလို ချစ်ရတဲ့ ချစ်က မီးလိုပူပါတယ်ဗျာ"

သူတို့နှစ်ဦး စကားတပြောပြောနှင့် ရွာထဲဝင်ခဲ့ကြရာ အရီးညိုတို့ မ်ဝိုင်းထဲ ရောက်ရှိလာ၏၊ အရီးညိုသည် ပဲထွေးကို ရေတ်သီးအကြမ်း တ်နှင့်ကြော်ကာ ပဲကတ္တီပါပြုတ် အိအိလေးကို ဆီဆမ်းပြီး ညလယ်စာ မင်းကျွေးခဲ့၏။

အညာဒေသ၏ ဆောင်းဦးညရိပ်က လရောင်ဝင်းလဲ့လဲ့အောက်တွင် န်းဆန်းနေ၏၊ နှင်းမှုန်ကလေးများက လရောင်အောက်တွင် ဝိုးတဝါး က်ဆင်းနေ၏။ သူတို့လူစု တန်းလျားတွင်ထိုင်ကာ ညလယ်စာစားရင်း ကားစမြည် ပြောခဲ့ကြ၏။

"လူကလေး"

"ဘာတုံး အရီးညို"

"အရီးညိုလည်း လူကလေး မရှိကတည်းက လူကလေးမိဘရဲ့ ယာ ကို ထိန်းသိမ်းခဲ့ရတာ လူလေး အသိပဲ။ အမှန်တော့ အရီးညို ရွာကို ခဲ့တာ နှစ်ချီနေပြီကွယ့်။ ဟိုမှာလည်း ယာတွေကို အရီးညိုသားနဲ့ လွှဲခဲ့ တာ စိတ်မချဘူးကွယ်၊ အရီးညိုတို့ ရွာကို ပြန်ချင်လှပြီ"

"ဗျာ၊ ဒါဆို ဒီအိမ်ကြီးမှာ ကျွန်တော်ပဲ ကျန်ခဲ့မှာလား။ ကျွန်တော် ည်း မြို့မှာ အလုပ်ရနေပြီ အရီးညိုရဲ့"

"ဟင်- ဘာအလုပ်တုံး"

"ကုမ္ပဏီတစ်ခုမှာ လုပ်နေတာ၊ ခု ခွင့်ယူပြီး ထွက်လာတာ အရီးညို ဒုက္ခပါပဲဗျာ"

"အို- အရီးညိုဆီမှာလည်း ယာရောင်းလို့ရတဲ့ ပိုက်ဆံတွေ ရှိတယ်။ ဒါ လူလေးပဲ ပြန်ယူထားပါ"

"ဗျာ- ပိုက်ဆံတွေ၊ ဟာ- အရီးညို ကျွန်တော် ရွှေကို မဟုတ်ပါဘူး လည်း အရီးညိုတို့က မယုံကြဘူးနော်"

"အို- မင်း ဘာတွေ ထပ်ပြောပြန်ပြီလဲ၊ ဒီစကားကို နောက်ထပ် ယ်တော့မှ မပြောနဲ့။ မင်းဟာ ငါ့လက်ပေါ်မှာ ကြီးပြင်းခဲ့တဲ့ ကလေး၊ ချီသွားတာတောင် မှတ်မိနေတယ်"

"ဟာ- ဒုက္ခပါပဲ၊ ကဲလေ ကျွန်တော် မပြောတော့ပါဘူး။ ကျွန်တော် ဆက်လုပ်ရမလဲ ပြောပါဦး"

"ဒါကတော့ လူလေးသဘောပေါ့ကွယ်"

ဖေတိုးတစ်ယောက် ဘာကို ဆုံးဖြတ်ရမှန်း မသိ။ သူတစ်ပါး ပစ္စည်း ကို လိုချင်မက်မောမှု သူ့ရင်ထဲ စိုးစိမျှ မရှိ။ ရွှေကို၏အမွေကို သူ ပြားတစ်ချပ်မှ မယူလို။ ထို့ကြောင့်လည်း သူ ရွှေကို မဟုတ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



အကြောက်အကန် ငြင်းခဲ့၏။ သူ၏ငြင်းဆန်မှုကို တစ်ဦးတစ်ယောက်မှ လက်မခံ။ အားလုံးက သူ့ကို ရွှေကိုမှ ရွှေကို ဖြစ်နေ၍ ဖေတိုး စိတ်အညစ်ကြီး ညစ်နေရ၏။

ထိုအထဲ ခင်မှုန်၏ကိစ္စ ဝင်ရောက်လာသဖြင့် စိတ်တွေ စနောင့်စနင်း ဖြစ်နေရ၏။ သူ့ကိုယ်သူလည်း ပတ်ဝန်းကျင်၏ ယိုးစွပ်မှုကြောင့် ရွှေကိုဖြစ်မှန်းမသိ ဖြစ်လာ၏။

ယခုလည်း အရီးညို၏စကားကို သူ ဘယ်သို့ တုံ့ပြန်ရမှန်း မသိ။ စိတ်ထဲ ဇဝေဇဝါ ဖြစ်နေရလေ၏။ ထိုအချိန်တွင် ဦးကျောက်ကြီးတို့ သားအဖမှာ ခင်မှုန်ကလေးနှင့် ပတ်သက်ပြီး အကြီးအကျယ် ပေါက်ကွဲနေကြ၏။ ခင်မှုန့်ကိုလည်း အိမ်ထဲကအိမ်ပြင် ပေးမထွက်တော့။

ထွန်းခိုင်နှင့် ထွန်းမြိုင်တို့နှစ်ဦးမှာ ဓားတပြင်ပြင် တုတ်တပြင်ပြင် ဖြစ်နေ၏။ ဦးကျောက်ကြီးက သူတို့ကို မနည်းကြီး ဟန့်တားနေရ၏။ တောက်တခေါက်ခေါက် လုပ်နေသူက ဓားထွန်းခိုင်။

"ကျုပ် မကျေနပ်ဘူးဗျ၊ ဒီကောင် ပိုကဲလာတယ်။ ကျုပ် ဓားစွမ်းပြလိုက်ရမလား"

"ဟာ- မင်းကလည်း ဟိုကောင့်ခွစာနဲ့ ဖူးရောင်လာတာ ခုထိ မမှတ်သေးဘူးလားကွ"

"အိုဗျာ၊ ဒီကောင်က ပုဆိုးခြုံကြားက လက်သီးပြတဲ့ကောင်ပါဗျ၊ မှုစရာ မလိုပါဘူး"

"ပြောပြန်ပြီကွာ"

"အဘ၊ ကျုပ်တို့ ဒီကောင်ကို အစိမ်းလိုက်ဝါးစားချင်သဗျာ"

"ဟာ- မင်းကလည်း အစိမ်းလိုက်ဝါးစားရင် ပေါရိသာဒ ဖြစ်သွားမှာပေါ့ကွ။ မင်းကလည်း မီးလေးဘာလေး ဖုတ်စား"

"ဘာတွေလဲဗျာ၊ ကျုပ်ပြောတာ ဒီကောင့်ကို အသေဆော်ပစ်လိုက်ချင်တာဗျ။ ခုထိ မိမှုန်ကိုပါ ဒီကောင် သွေးတိုးစမ်းနေပြီဗျ"

"ဟုတ်တယ် အဘ၊ ဒီကောင် ခြေလှမ်း တအား ကျဲလာပြီဗျ။ ကျုပ်တို့တော့ မခံစားနိုင်ဘူးဗျာ"

"ဟာ- မင်းတို့ကလည်း အဲဒီကောင်နဲ့တွေ့တော့ နှစ်ယောက်စလုံး ခေါင်းထိုးပြန်လာကြတာ။ ကွယ်ရာကျမှ ကြွတကြွတ လုပ်မနေစမ်းပါနဲ့ကွာ"

"ခက်တော့တာပဲ အဘရာ၊ ကျုပ်တို့က သွေးရဲပါတယ်ဗျ"

"တော်စမ်းပါကွာ၊ ဒီကိစ္စ ငါတို့ အသေအချာ စီစဉ်ပြီးမှ လုပ်ရမှာပေါ့။ ဒီကောင် ငါတို့နယ်ထဲကို မလာဝံ့ပါဘူးကွာ"

ဦးကျောက်ကြီးတစ်ယောက် ပြောသာပြောရသော်လည်း ရွှေကို၏ အမူအရာကို ကြည့်ပြီး စိတ်ထဲ ချောက်ချောက်ချားချား ဖြစ်နေ၏။ ပြုံးပြုံး အေးစက်စက်နှင့် ထင်ရာမြင်ရာလုပ်မည့်အသွင်ရှိသော ရွှေကို။





တစ်ချိန်မဟုတ်တစ်ချိန် သူတို့နှင့် ပတ်သက်လာစရာ အကြောင်းရှိလာနိုင်သည်ဟု ဦးကျောက်ကြီး တွေးမိလာ၏။ သူ့စိတ်ထဲ သမီးကို ရွှေကိုနှင့် ပေးစားမည့်အစား ခွေးအမြီးဖြတ်ပြီးသာ ပေးစားလိုက်ချင်၏။

ထိုအတွေးကြောင့် ရွှေကိုကို ဘယ်လို နှိပ်ကွပ်ရပါ့မလဲဟု တွေးနေမိလေ၏။ သူတို့လူစု ရွှေကိုနှင့် ပတ်သက်ပြီး ဓရိုးမရှု ဖြစ်နေကြစဉ် ခင်မှုန်ခမျာ ရွှေကိုနှင့် ရုတ်တရက် ဆုံစည်းလိုက်ရသည်မို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။

ရွှေကိုနှင့်သူ ဘယ်လောက် အဆီးအတားတွေ များပါစေ တစ်ချိန်ချိန် ပြန်လည် ဆုံတွေ့ရလိမ့်မည်ဟု သူ့ရင်ထဲ စွဲစွဲမြဲမြဲကြီး မျှော်လင့်ထားမိ၏။ ယခုတော့ သူ မျှော်လင့်ထားသလို ဖြစ်လာချေပြီမို့ စိတ်ထဲ ကြည်နူး၍မဆုံး။

သူ့မှာ တိုင်ပင်စရာ အဖော်ဆို၍ ညီမတစ်ဝမ်းကွဲတော်သူ မိထူသာ ရှိ၏။ မိထူက နာမည်နှင့်လိုက်အောင် ထူလှသလို နားကလည်း လေးလှ၏။ သူနှင့် ရွှေကိုတို့၏ အဖြစ်ကို မိထူ အစအဆုံး သိထားသဖြင့် ဖခင်နှင့် အစ်ကိုတွေ မသိအောင် စာရေးပြီး ပြောပြခဲ့ရ၏။

သူရေးထားသည့်စာကိုဖတ်ပြီး မိထူ အံ့သြနေ၏။ လက်ဖျားတခါခါနှင့် ဝမ်းသာအားရ ဖြစ်နေ၏။ ထိုအခါ ခင်မှုန်က မိထူကို ကြားက ဆက်သွယ်ပေးရန် အကူအညီတောင်းရလေ၏။

မိထူကတော့ သူပြောသမျှ ခေါင်းတညိတ်ညိတ်။ လေသံကျယ်ကျယ်လည်း မပြောရဲ။ အစ်ကိုတွေ ကြားသွားမှာလည်း စိုးရိမ်နေ၏။ နောက်ဆုံး ရွှေကိုနှင့် သူ့ကြား မိထူကို အောင်သွယ်ထားရလေတော့၏။

မိထူသည် သူပြောသမျှကို အသေအချာ မှတ်သားရင်း ဦးကျောက်ကြီးတို့ အလစ်တွင် ရွာမြောက်ပိုင်းသို့ သုတ်ခြေတင်ခဲ့လေ၏။

ရွာထဲရောက်လာသည်နှင့် ဦးဆုံး ပက်ပင်းဆုံမိသူမှာ မောင်လုံး။ ထင်းတုံးတွေပေါက်နေတုန်း သူ့အနားသို့ မိထူ ရောက်လာ၏။

"ကိုလုံး ကိုလုံး"

"ဟင်- ဟာ မိထူ၊ နင်. . . နင် ဘာလာလုပ်တာလဲဟ။ ပြဿနာပဲ"

"မမလေး လွှတ်လိုက်လို့"

"ဟင်- ဘာကိစ္စတုံး၊ ဘာတွေ ရှုပ်ရှုပ်ယှက်ယှက် လာလုပ်ပြန်ပြီလဲ ပြောစမ်း"

"အို- ကျွန်မ ထမင်းစားဖို့ လာတာမဟုတ်ဘူး"

"ဟာ- ဘာတွေလဲဟ၊ ဘာကိစ္စတုံး။ နင့်အစ်မ ဘာပြောလိုက်သလဲ"

"ရှင်နော် စကားပြောရင် ရိုးရိုးသားသားပြော၊ ရိသလိုလို သဲ့သလိုလို မပြောနဲ့"

"ဘာ- ဟာ ရှုပ်ကုန်ပါပြီ။ ဟဲ့- နားလေးမ၊ ငါပြောတာတစ်မျိုး နင်ပြောတာတစ်မျိုး ဖြစ်ကုန်ပြီဟ။ ဒုက္ခပါပဲကွာ"

မညာရွှေတောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မိထူက သူထင်ရာ သူစွတ်ပြောနေသဖြင့် မောင်လုံးတစ်ယော
မရှိရှိမည့်ဆံပင် တဗျင်းဗျင်း ကုတ်ခြစ် ညည်းညူလိုက်၏။ ထိုစဉ် မိထူ
လက်ဟန်ခြေဟန်နှင့် ရွှေကို၏ ပုံသဏ္ဌာန်ကို လုပ်ပြလိုက်၏။ ထိုမြင်ကွင်
ကိုကြည့်ပြီး မောင်လုံး ပြုံးဖြီးဖြီး ဖြစ်သွား၏။

"ဩော်- ငါက ဘာများလဲလို့၊ နင်ပြောတာ သေသွားတဲ့ နင့်ရည်းစား
ဆိတ်ကြီး သရဲဖြစ်နေပြီကိုး။ ဘာတုံး၊ သရဲအဝတောင် နင့်ကို ချစ်
တုန်းတဲ့လား"

"အို- ကျွန်မ အကြွေးလာတောင်းတာ မဟုတ်ဘူး၊ ကျွန်မ ကိုရွှေ
ကို လာခေါ်တာရှင့်"

"ဘာ- ရွှေကို ဟုတ်လား၊ ဘာ. . . ဘာကိစ္စလဲ ပြောစမ်း။ ဟာ
ပြဿနာမရှိ ပြဿနာလာရှာပြန်ပြီ"

ရွှေကိုဟု ဖွင့်ပြောလိုက်မှ မောင်လုံး သဘောပေါက်သွား၏။ မိထူ
သည် လေသံတိုးတိုးနှင့် မောင်လုံးကို တီးတိုးပြောပြလိုက်ပြီး ခြံထဲ
ခပ်သုတ်သုတ် ထွက်သွားလေတော့၏။

မိထူ ထွက်သွားသည်နှင့် မောင်လုံးတစ်ယောက် ဖေတိုးဆီ ရောက်
လာကာ တီးတိုးပြောပြလိုက်၏။ ဖေတိုးမှာ ခင်မှုန် ချိန်းလိုက်သည်
ဆိုသော စကားကြောင့် ဝမ်းသာအားရ ဖြစ်နေ၏။

"သေ. . . သေချာရဲ့လားကွာ"

"သေချာပါတယ်ဗျ။ ခြံနောက်ဘက်မှာ စောင့်နေမယ်၊ လာခဲ့
ချိုးကူသံပေးလိုက်တဲ့"

"ဟုတ်လား၊ ဒါဆို မင်းပါ လိုက်ခဲ့ကွာ။ ငါ ခင်မှုန်နဲ့ စကားပြော
ချင်တယ်ကွ"

"ဖြစ်. . . ဖြစ်ပါ့မလား ကိုရွှေကိုရဲ့၊ ဟိုကောင်တွေ နိုးလာရင် ကျွ
မျက်သွားမယ်နော်။ ဦးကျောက်ကြီးတို့ သားအဖက ပြဿနာဆာနေတဲ့
လူတွေဗျ"

"လိုက်ခဲ့စမ်းပါကွာ၊ ဘာမှမပူနဲ့။ ဒီလူတွေ လေခြောက်ခြောက်
ကြတာ၊ သူလေးက ငါ့ကို တွေ့ချင်လွန်းလို့ ချိန်းတာဖြစ်မှာကွ။ လိုက်ခဲ့
ကွာ"

ဖေတိုးတစ်ယောက် သွေးရဲနေသလောက် မောင်လုံးမှာ ထုံးစံအတိုင်း
ထိတ်လန့်ချောက်ချားနေ၏။ သို့နှင့် သူတို့နှစ်ယောက် ခင်မှုန်ဆီသွားရန်
ကျိတ်ပြီး စီစဉ်ခဲ့ကြ၏။ သန်းခေါင်ယံကာလသို့ အရောက်တွင် နှစ်
ယောက်သား ရွာအပြင်ဘက် တာရိုးမှ ပတ်ကာ ရွာတောင်ပိုင်းသို့ သုတ်
ခြေတင်ခဲ့ကြ၏။

သူတို့ ရွာထဲရောက်ရှိသွားချိန်တွင် တစ်ရွာလုံး အိပ်မောကျနေကြပြီ
ဖြစ်လေ၏။ လရောင်က ရွာကလေးပေါ် ဖွေးဖွေးဖျပ်ဖျပ် သာနေဆဲ။ နှစ်
ယောက်သား ကုပ်ချောင်းကုပ်ချောင်းနှင့် ဦးကျောက်ကြီးတို့ခြံ အနောက်





ဘက်သို့ ရောက်ရှိလာကြ၏။

ခြံအနောက်ဘက်တွင် ဝါးရုံတောကြီးက အုံးထနေ၏။ သူတို့နှစ်ဦး
ဝါးရုံပင်များကြားမှ တိုးထွက်ကာ စည်းရိုးနား ရောက်လာ၏။ ဖေတိုးသည်
စည်းရိုးနား ရောက်လာသည်နှင့် လက်နှစ်ဖက်ကို ပါးစပ်နားအုပ်ကာ
အသံပြုလိုက်၏။

"အော်အီးအီး. . . အွတ်"

"ဟာ- ချိုးကူသံဗျ၊ မှားကုန်ပြီ"

"ဟေ- အဲ ငါလည်း မေ့သွားလို့ကွ။ မထူးပါဘူးကွာ၊ ချိုးနဲ့ ကြက်က
အတူတူပါပဲ"

"ဗျာ"

"အော်အီးအီး. . . အွတ်"

ဖေတိုးတစ်ယောက် စိတ်ထဲရှိရာ အသံပြုလိုက်သဖြင့် မောင်လုံး
မျက်လုံးပြူးနေ၏။ ထိုအချိန် ခြံဝင်းထဲ ကြက်တွန်သံ ထူးထူးဆန်းဆန်း
ပေါ်လာသဖြင့် ဦးဆုံး နိုးလာသူက ဦးကျောက်ကြီး။ ခြံထဲတွင် ကြက်လည်း
မွေးမထားသဖြင့် စိတ်ထဲ ဇဝေဇဝါ ဖြစ်နေ၏။ ထို့ကြောင့် အိပ်ရာထဲမှ
လူးလဲထကာ အိမ်ပေါ်မှ ဆင်းခဲ့၏။ လက်ထဲတွင် သုံးတောင့်ထိုး လက်နှိပ်
ဓာတ်မီးကြီး ပါလာ၏။ ခြံထဲရောက်သည်နှင့် လက်နှိပ်ဓာတ်မီး တဝင်းဝင်း
နှင့် ဟိုထိုးဒီထိုး လုပ်လေ၏။

"ဟာ- ဟိုမှာ လာနေပြီ"

"ခင်မှုန်လား"

"မ. . . မဟုတ်ဘူး၊ အဲဒါ ဦးကျောက်ကြီးဗျ။ ပြဿနာပဲ"

"မပူစမ်းပါနဲ့ကွာ၊ လာလာ ငါတို့ ခြံထဲ ခေါင်းငုံ့ဝင်မယ်"

"ဖြစ်. . . ဖြစ်ပါ့မလား"

"လာစမ်းပါကွာ"

နှစ်ဦးသား ခြံထဲသို့ အလျှင်အမြန် တိုးဝင်ခဲ့ပြီး ပုတ်ကြီးတစ်လုံးထဲ
အလျှင်အမြန် ဝင်ပုန်းလိုက်ကြ၏။ ထိုအချိန် ဦးကျောက်ကြီးတစ်ယောက်
သူတို့အနား ရောက်လာ၏။ လက်နှိပ်ဓာတ်မီးကြီးနှင့် တောင်ထိုးမြောက်
ထိုး ထိုးကြည့်နေ၏။

ထိုအချိန် မောင်လုံးတစ်ယောက် မအောင့်အည်းနိုင်သည့် ပြဿနာ
ဖြစ်လာ၏။ ထိုပြဿနာက တခြားမဟုတ်၊ ဇာပျံကလေးလျက်ဆား တန့်ခိုး
နှင့် လေလည်ချင်သည့်ပြဿနာပင်။ ပုတ်ကြီးအနားတွင် ဦးကျောက်ကြီး
က ရစ်သီရစ်သီ လုပ်နေသည်မို့ သူမှာ အခက်တွေ့နေ၏။ ဖေတိုးကို
မောင်လုံးက လက်ဟန်ခြေဟန်နှင့် ပြနေ၏။ ဖေတိုးကလည်း အောင့်ထား
ရန် အတင်း တားမြစ်နေ၏။

သို့သော် မောင်လုံး မအောင့်နိုင်။ ပုတ်ကြီးနားမှ ဦးကျောက်ကြီး
ထွက်သွားသံကြားသည်နှင့် ဖင်ပိတ်ကာ လေလည်ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကူး ကူး ကူး"

"ဟာ- ဘယ်က ချိုးတွန်သံပါလိမ့်"

မောင်လုံး၏ လေလည်သံက ချိုးကူသံပေါက်သွားသဖြင့် ဦးကျောက်ကြီး တွေခနဲ လှည့်ကြည့်လိုက်၏။ အသံကြားရသော်လည်း မသင်္ကာစရာ အရိပ်အခြည်မတွေ့။ ထို့ကြောင့်လည်း အိမ်ပေါ်ပြန်တက်မည် အလုပ်တွင် မိထူ နိုးလာ၏။

"ဟဲ့- ဘယ်သွားမလို့တုံး"

"ဟို- ချိုးကူသံကြား. . ."

"ဘာ- နင်က ဒီလောက်နားလေးတာ ဘယ်က ချိုးကူသံကြားလို့လဲ"

"ဟီးဟီး ကြားမိသလိုပဲ"

"ဘာလုပ်မလို့တုံး"

"ဟို- ကျွန်မ အပေါ့သွားချင်လို့ပါ"

မိထူတစ်ယောက် အိမ်ဝမှ တောင်ကြည့်မြောက်ကြည့်လုပ်ရင်း အိပ်ခန်းထဲ ပြန်ဝင်ခဲ့ကာ ခင်မှုန့်ကို နိုးလိုက်၏။ အဖြစ်အပျက်က အံ့ဖွယ်ပင်။

အလွန်တရာမှ ထူထိုင်းကာ ကိုယ်ကြားချင်ရာ ကြားလေ့ရှိသော မိထူတစ်ယောက် မောင်လုံး၏ လေလည်သံကို ချိုးကူသံထင်ကာ အိပ်နေရာမှ ဆတ်ခနဲ နိုးလာခြင်း ဖြစ်လေ၏။

မိထူ နှိုးလိုက်သဖြင့် ခင်မှုန် အိပ်နေရာမှ နိုးလာ၏။ မိထူက တိုးတိုးနေရန် အမူအရာပြလိုက်ပြီး ချိုးကူသံကြားရပြီဖြစ်ကြောင်း လက်သင်္ကေတနှင့် အချက်ပေးလိုက်၏။

ခင်မှုန်သည် ကိုယ်ပေါ်မှစောင်ကို အလျင်အမြန်ခွာကာ ဦးကျောက်ကြီး မသိအောင် နောက်ဖေးပေါက်မှ ဆင်းခဲ့၏။ မိထူသည် ခင်မှုန်အိပ်ရာတွင် ခင်မှုန်ယောင်ဆောင်ကာ စောင်ခေါင်းမြီးခြုံ၍ အိပ်လိုက်၏။ ထိုအချိန် ခြံထဲဆင်းလာသော ခင်မှုန်သည် ပုတ်ကြီးအနားသို့ ရောက်လာ၏။

"ခင်မှုန်"

"ဟင်- ဘယ်. . . ဘယ်မှာလဲ"

"ပုတ်ထဲမှာလေ၊ ခဏနေဦးနော်"

ဖေတိုးသည် သူနှင့်အတူ ပုန်းအောင်းနေသော မောင်လုံးကို ပုတ်အပြင်ဘက်ထွက်ရန် အမြန်ပြောလိုက်၏။ မောင်လုံးတစ်ယောက် နှာခေါင်းပိတ်ကာ ပုတ်ထဲမှ ပြူတစ်ပြူတစ် ထွက်လာ၏။ ရွှေကိုခများမှာလည်း နှာခေါင်းကြီး ပိတ်ထားရ၏။

မောင်လုံး အပြင်ကို ထွက်သွားသည်နှင့် ခင်မှုန် ကျော်ပြီး ဝင်လာ၏။

"ဟင်- ဘာနံ့ကြီးလဲ၊ ပုပ်အဲ့အဲ့ကြီး"

"ဟိုကောင့်ကိုယ်က ထွက်သွားတာ၊ တော်တော် ညစ်ပတ်တဲ့ကောင်"

"အစ်ကို ရောက်နေတာ ကြာပြီလား"





"မကြာသေးဘူး၊ မင်းအဖေကြီး မအိပ်သေးဘူး"

"ဟုတ်လား"

"စောစောက ခြံထဲဆင်းပြီး ဟိုကြည့်ဒီကြည့် လုပ်နေတယ်။ ထားပါတော့ ခင်မှုန်ရာ၊ ကိုင်း- ပြော ဘာပြောစရာရှိသလဲ"

"ဟို- အစ်. . . အစ်ကိုနဲ့ တွေ့ချင်လို့ပါ၊ ခင်မှုန်လေ အစ်ကို့ကို အားအား လွမ်းတယ် သိလား။ ခင်မှုန် ငိုလိုက်ရတာ အစ်ကိုရယ်"

"အစ်ကိုလည်း ခင်မှုန့်လိုပါပဲကွယ်"

"အဘတို့ သိသွားရင် မလွယ်ဘူးနော်၊ ခင်မှုန်တို့ ဘယ်လိုလုပ်ကြမလဲ။ ခင်မှုန်ကြောက်တယ် အစ်ကိုရယ်"

"မကြောက်ပါနဲ့၊ အစ်ကို ကြည့်စီစဉ်ပါ့မယ်"

"ခင်မှုန်လေ၊ အစ်ကိုနဲ့ပဲ တူတူနေချင်လှပြီ။ သူတို့က ရွာအနောက်ဘက်က ကိုကျော်ခင်နဲ့ ပေးစားမယ်လုပ်နေကြတယ်"

"ဟင်- ဟုတ်လား"

"ဟုတ်တယ် အစ်ကို၊ လာမယ့်အပတ်မှာ ကိုကျော်ခင်က အဘတို့ကို လာနားဖောက်လိမ့်မယ်။ ခင်မှုန့်ကို ကယ်ပါဦး အစ်ကိုရယ်၊ အဲဒီလူကြီးက မုဆိုးဖိုကြီး အစ်ကိုရဲ့၊ ခင်မှုန်လေ အစ်ကိုနဲ့ အတူမနေရရင် သေလိမ့်မယ်"

"ဟာ- မဟုတ်တာဘဲကွယ်၊ ကိုင်း- ဘာမှ မပူနဲ့။ ဒီကိစ္စ အစ်ကို ကြည့်စီစဉ်ပါ့မယ်ကွယ်"

"တကယ်နော်"

"တကယ်ပါကွယ်"

နှစ်ယောက်သား ချစ်စကားလေးများ တီတီတာတာ ပြောဆိုနေကြသည့် အိမ်ကြီးပေါ်တွင် ငုငုကြီး ထိုင်နေသော ဦးကျောက်ကြီးမှာ တစ်စခန်းထလာ၏။ စောစောက ကြားလိုက်ရသော ကြက်တွန်သံနှင့် ချိုးကူသံကို စိတ်ထဲ သင်္ကာမကင်း ဖြစ်နေ၏။

သူ့စိတ်ထဲ ပူပန်နေရသည်က သမီးလေးခင်မှုန် ရွှေကိုနောက် ပါသွားမည့်အရေးပင်။ ရွှေကိုနှင့် သူ့ ဘယ်လိုမှ သဘောမတူနိုင်။ ယခုလည်း ကြားလိုက်ရသည့် အသံများကြောင့် စိတ်ထဲ သင်္ကာမကင်း ဖြစ်လာ၏။

ထိုင်ရာမှ ဆတ်ခနဲထကာ သမီး အိပ်ခန်းထဲသို့ ဝင်ခဲ့၏။

"ခင်မှုန်၊ သမီးလေး ခင်မှုန်"

သူ လေးငါးခွန်းခန့် ခေါ်သော်လည်း သမီးထံမှ ထူးသံ စိုးစိမျှ မကြားရ။ စိတ်ထဲ ဇဝေဇဝါ ဖြစ်နေ၏။ ထို့ကြောင့် သမီးကိုယ်ပေါ်မှ စောင်ကို ဆွဲဖယ်ပစ်လိုက်၏။

"ဟင်- မိထူ၊ နင် နင် ဘာလုပ်တာလဲ။ ခင်မှုန်ရော ပြောစမ်း"

"ရှင်- ဟို အဲအဲ"

"ဟာ- ဒီဟာမလေး ငါ ရိုက်သတ်လိုက်ရင် သေရော့မယ်။



www.burmeseclassic.com

www.burmeseclassic.com

ထွန်းခိုင်၊ ထွန်းမြိုင် ထကြစမ်းဟေ့"

မိထူထာစ်ယောက် မြူးမြူးပြုံးပြုံး ထလိုက်၏။ ဦးကျောက်ကြီးသည် သမီး ပျောက်သွားသဖြင့် သားနှစ်ယောက်ကို အော်ဟစ်နိုးလိုက်၏ ဦးကျောက်ကြီး၏ အော်သံဟစ်သံကြောင့် ပုတ်ထဲထိုင်ကာ စကားပြော ကြသော ဖေတိုးနှင့် ခင်မှုန်တို့ အထိတ်ထိတ် အလန့်လန့် ဖြစ်သွားကြ

ခင်မှုန်သည် ပုတ်ထဲမှ အလျင်အမြန်ထွက်ကာ အိမ်နောက်ဘက် ပြေးသွား၏။ ဖေတိုးသည် ပုတ်ထဲမှ ဟိုကြည့်ဒီကြည့် ကြည့်ကာ ထွ လိုက်၏။ ထိုစဉ် ကျောက်ကြီးတို့သားအဖ လက်နှိပ်ဓာတ်မီး တဝင်းဝင် ဓားတဝင်းဝင်း ကိုင်ကာ အိမ်ပေါ်မှ ဆင်းလာကြ၏။

ဖေတိုးသည် ခြံထောင့်သို့ ပြေးကပ်ကာ ခွေးတိုးပေါက်မှ လှိမ့်ထွ လိုက်၏။

"လာ မြန်မြန်လာ"

"နေဦးကွ၊ ငါ လာသွားတယ်ဆိုတာ သိအောင် တစ်ခုခုတော့ လု လိုက်ချင်တယ်"

"ဟာ- ပြဿနာပဲဗျာ"

မောင်လုံး မျက်လုံးပြူးသွား၏။ ထိုစဉ် ဖေတိုးသည် လက်ထဲ အ ပါလာသည့် လောက်လေးခွနှင့် ရှေ့ဆုံးမှ ကွတကွတ ချီတက်လာသော ဦးကျောက်ကြီး၏ ညို့သကျည်းကို ပစ်ချလိုက်လေ၏။

"ဖောက်"

"အောင်မယ်လေးဗျ"

"ဟာ- အဘ၊ မြွေ . . . မြွေကိုက်တာလား"

"မဟုတ်ဘူး၊ မင်းကြီးတော် မြွေကိုက်ရမှာလား။ ငါ့ကို ခွန့်ပစ် ကွ၊ အားအားအီးအီး"

"ဟင်- ဒါဆို ခွရှေ့ကိုပဲ ဖြစ်ရမယ်"

လောက်လေးခွနှင့် ပစ်သည်ဆိုကတည်းက ခွရှေ့ကိုမှန်း ထွန်းမြိုင် သိလိုက်၏။ ထို့ကြောင့်လည်း ခြံထဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ ဓားကြီးတွေ တဝင့်ဝင့်နှင့် ရှေ့ကိုနာမည်ကို အော်ကာ ခေါ် ထုတ်နေ

ထိုအချိန်တွင် ဖေတိုးနှင့် မောင်လုံးတို့နှစ်ဦး ဝါးရုံပင်ကြားမှ ရွာ သို့ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးလေတော့၏။

ရွာထဲရောက်တော့ နှစ်ယောက်စလုံး အမောကြီး မော မျက်လုံးကြီးအပြူးသားနှင့် ဖြစ်နေသူမှာ မောင်လုံး။ ဖေတိုးလုပ် အကြီးအကျယ် ပူပန်နေ၏။

"ကိုရှေ့ကိုကလည်းဗျာ၊ ဘာဖြစ်လို့ ခွန့်သွားပစ်တာလဲဗျ။ ဦးကျော ကြီးကို ငှက်များ မှတ်နေသလားလား"

"ဟဲဟဲ ဒီလူတွေကို ခွရှေ့ကိုအကြောင်း ပြကြည့်တာပေါ့ကွာ၊ ဦး၊ ခင်မှုန်တို့က ဘာသံကြားလို့ ထွက်လာတာလဲကွ"



"အဲဒါတော့ ကျုပ် မသိဘူးဗျာ၊ ထိုရှေ့ကိုရဲ့ အဲဒီကိစ္စကို ဆက်မလုပ် ကြရင် ကောင်းမယ်နော်၊ တအား အန္တရာယ်ကြီးတာဗျ"

"ဟာ- မောင်လုံးကလည်းကွာ၊ ကြံဖန် ကြောက်နေပြန်ပြီ။ ဒီလောက် တော့ စွန့်စားရမှာပေါ့ကွာ ဟဲဟဲ၊ ငါ့ကို အကျိုးဆောင်ပေးတဲ့ မင်းကို ငါ အဝတိုက်ပါ့မယ်ကွာ။ ဖြစ်လာတဲ့ ပြဿနာမှန်သမျှ ငါရှင်းပါ့ မယ်"

"ကြည့်လည်း လုပ်ပါဦးဗျာ"

မောင်လုံးတစ်ယောက် ရင်တုန်ပန်းတုန် ဖြစ်နေသလောက် ဖေတိုး ကတော့ ခပ်ပျော်ပျော်ပင်။ ခင်မှုန်၏ အလှ၊ ခင်မှုန်၏ အငွေ့အသက်၊ ခင်မှုန်၏ ညှို့သက်နုအိသော အတွေ့အထိကလေးများကို တသသ ပြန် သည်ခံစားနေမိ၏။

ထိုအချိန်တွင် ဦးကျောက်ကြီးတို့ သားအဖသုံးယောက် အကြီး အကျယ် ပေါက်ကွဲနေကြ၏။ ဦးကျောက်ကြီးခမျာ ဖေတိုး၏ လောက်လေး ကြောင့် ဒူးခေါင်းကြီး ရောင်ကိုင်းနေ၏။

ဒဏ်ရာကို ရေနွေးကြပ်ထုပ်ထိုးနေရ၏။ ထွန်းမြိုင်နှင့် ထွန်းခိုင်တို့ လည်း မကျေမချမ်းနှင့် ပွစိပွစိ ဖြစ်နေကြ၏။

"အဘ၊ ခင်မှုန်ကို ဒီအတိုင်းထားလို့ မဖြစ်ဘူးနော်။ ခုဟာက ကြက် ရှေ့က တော်တော် မယ်ဘော်ကကဲကဲ ဖြစ်နေတာဗျ"

"ဟုတ်ပါ့ကွာ၊ ငါ့သမီးက ငါ့လည်မျို ဖြတ်နင်းမယ့် သမီးကွ။ သူ့ အမေလိုပဲ၊ ဘာလုပ်လုပ် ရှေ့နောက် မကြည့်ချင်ဘူးကွ။ အိုကွာ၊ ဒီကိစ္စ ပြတ်ရှင်းမယ့်သူက ကိုကျော်ခင်ပဲကွ"

"ဟုတ်တယ် အဘရ၊ မောင်ကျော်ခင်ကြီးက ခင်မှုန်ဆို အသေရှရှ ရှင်ရရတဲ့ဗျ"

"ဟေ- အသေ ဘာလုပ်ဖို့လဲကွ"

"ဟာ- သဘောပြောတာ အဘရာ၊ ဒီလူကြီးက ခင်မှုန်ဆိုတဲ့နာမည် ကြားရုံနဲ့ မရိုးမရွ ဖြစ်နေတာဗျ။ ကျုပ်တို့ကိုလည်း ခင်မှုန့်မျက်နှာနဲ့ လိုလေ သေးမရှိအောင် ပြုစုတာ"

"ဟုတ်ပါ၊ ငါ့ဆိုလည်း အရွယ်ချင်း မတိမ်းမယိမ်းပေမယ့် တောနိုပ် တောင်နိုပ်တောင် လုပ်ပေးတာကွ။ ငါမြင်တာတော့ မောင်ကျော်ခင်ဟာ အင်မတိ၊ အင်မတန် အားကိုးရမယ့် သမက်ကြီးကွ"

"ဒါဆိုလည်း သူတို့နှစ်ယောက် အမြန်ဆုံး နီးစပ်အောင် အဘပဲ ဆော်ဩပေးလိုက်ပေါ့ဗျာ၊ ကိုကျော်ခင်ကြီးနဲ့ ရသွားတော့လည်း အေးတာ ပေါ့ဗျာ"

"ဟုတ်ပါ့ကွာ၊ သမီးတစ်ကောင် နွားတစ်ထောင်ဆိုတဲ့ စကားဟာ ဘယ်လည်း မှန်သကိုး။ ကိုင်း- ပြောနေတာ ကြာပါတယ်ကွာ၊ ငါ မောင် ကျော်ခင်တို့ဘက် လျှောက်ဦးမယ်ဟေ့"





www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ရော လိုက်ရမလား"

"ဟာ- မင်းတို့ မလိုက်စမ်းပါနဲ့ကွာ၊ ခင်မှုန်ရဲ့ အရိပ်အခြည်သာ ကြည့်နေကြကွ။ ဒီကောင်မလေးက ထင်ရာလုပ်ချင်တဲ့ ကောင်မလေး"

"စိတ်ချစမ်းပါ အဘရာ၊ ကျုပ်တို့ကိုတော့ ပုလင်းဖိုး ပေးခဲ့နော်"

"မင်းတို့ကလည်း အားအားရှိ ဒီသေရည်ပဲ"

"ဟဲဟဲ အဘကလည်းဗျာ"

"ကဲ- ရော့ကွာ"

ဦးကျောက်ကြီးတစ်ယောက် သမီးလေး ခင်မှုန်အတွက် အ… အမင်း စိတ်ပူနေမိ၏။ ရွာသို့ ရွှေကို ပြန်ရောက်နေပြီ ဆိုကတည်း… စိတ်တွေ မငြိမ်မသက် ခံစားနေရ၏။ ရွှေကိုအား ဥပဒေသာ မရှိ… ကြိတ်ဆုံထဲ မှုန့်မှုန့်ညက်ညက် ကြေသွားအောင် ထည့်ထောင်းပစ်လိုက်… ၏။ ယခုလည်း သမီးလေးသောကကြောင့် သူ့ အထင်တကြီး ဖြစ်နေသော… ကိုကျော်ခင်တို့အိမ်ဝိုင်းဆီ ထော့နင်းထော့နင်းနှင့် တက်သုတ်နှင်လာခဲ့…

သူ ရောက်ရှိသွားချိန်တွင် ကိုကျော်ခင်တစ်ယောက် ပခုံးပေါ်… တဘက်တစ်ထည်ခြုံကာ တန်းလျားတွင် ထိုင်နေ၏။ ပါးစောင်တွင်လည်… စီးကရက်တစ်လိပ်ကို ဟန်ပါပါ ခဲထား၏။ သူ့ကိုမြင်တော့ ဝမ်းသာအား… နှင့် ဆီးကြိုလေ၏။

ကိုကျော်ခင်၏ အသွင်မှာ အရပ်က ပုပျပ်ပျပ်၊ ဆံပင်က ဖြ… ကြောင်ကျား၊ နှုတ်ခမ်းထူထူ၊ မျက်လုံးပြူးပြူး အသွင်ရှိပြီး ရုတ်တ… ကြည့်လျှင် ပိုးဟပ်ကြီးတစ်ကောင်အလား ထင်ရ၏။ အိမ်ဝိုင်းထဲ… ဦးကျောက်ကြီး ဝင်လာသည်ကို တွေ့သည်နှင့် ကိုကျော်ခင် ဝမ်းသာအ… လဲ ဖြစ်နေလေ၏။

"ဟာ- အစ်ကိုကြီးပါလား၊ လာဗျာ လာလာ"

"အေးကွာ၊ ငါလည်း မရောက်တာကြာလို့ လှည့်လာတာ။ ဘယ်… တုံး မင်းမိဘတွေ နေထိုင်ကောင်းကြရဲ့လား"

"ကောင်းပါ့ အစ်ကိုကြီးရာ၊ အဘရော အစ်မပါ မြို့တက်သွား… တယ်ဗျ"

"ဟုတ်လား"

"ဟဲ့- ထွေးယုတို့၊ ဆိတ်ကြီးတို့ လက်ဖက်နဲ့ စားစရာသောက်… တွေ ယူခဲ့ကြစမ်း။ ဒီမှာ ဧည့်သည်ရောက်နေတာ မသိကြဘူးလား"

"လာပါပြီ ခင်ဗျ"

ကိုကျော်ခင်သည် ယောက္ခမလောင်းကြီးရှေ့တွင် ဟိတ်ဟန်ဟန်ပါ… နှင့် ပြောဆိုနေ၏။ ထို့နောက် အိတ်ကပ်ထဲ ထည့်ထားသော စီးကရက်ဘူ… ကို ထုတ်ကာ ဧည့်ခံလိုက်၏။

"စီးကရက်သောက်လေ အစ်ကိုကြီး"

"အေးကွာ၊ မင်းဆီ လာလိုက်ရင် စိတ်ကို ချမ်းသာလိုက်တာ"





"ဟို့ . . . ဟိုဒင်းရော မပါဘူးလားဗျ၊ ခေါ်လာခဲ့ရောပေါ့ အစ်ကိုကြီးရာ။ ကျွန်တော်က တမျှော်မျှော် လုပ်နေတာဗျ"

"ခင်မှုန်ကို ပြောတာလား"

"ဟုတ်ပါ့၊ ခင်မှုန်က ကျွန်တော့်ကို စိမ်းသလိုလိုပဲ အစ်ကိုကြီးရာ။ အဲဒီကိစ္စ ရင်ထဲခံစားနေရတာ အစ်ကိုကြီးရယ်၊ ကျွန်တော် လာလည်ရင်လည်း သူက မှုန်ကုပ်ကုပ်နဲ့ဗျ။ သဘောမကျသလိုပါပဲဗျာ"

"ဟာ- မင်းကလည်းကွာ၊ ယောက္ခမလောင်းရှေ့ ဒီစကား ပြောရသလားကွ။ ဒါ မိန်းမမာယာ သဲကိုးဖြာတဲ့၊ ငါ့သမီးက ဟန်သိပ်များတာကွ။ ရင်ထဲမှာ ချိုနေပေမယ့် ပါးစပ်က ခါးခါးသီးသီး ပြောချင်ရင် ပြောချတတ်တဲ့ကောင်မလေးကွ။ မင်းကလည်း ထူပါ့ကွာ"

"ဟုတ်လား၊ ကျွန်တော်က မိန်းမတွေအကြောင်းကို သိပ်မသိဘူးလေ အစ်ကိုကြီးရ"

"ဘာကွ၊ မိန်းမတစ်ယောက်ပဲ ယူပြီးပြီ ခုထိ မိန်းမတွေအကြောင်း မသိသေးဘူးလား"

"ဟာ- သေသွားတဲ့ ကျုပ်မိန်းမ ခင်စိန်ကို မပြောပါနဲ့ဗျာ၊ ဒီမိန်းမက အိမ်ထဲကျိတ်ပြီး ဓားနဲ့လှီးနေတဲ့ မိန်းမဗျ"

"ဟေ- ဓားနဲ့ ကျိတ်လှီးတာ ဘယ်သူတုံးကွ၊ ဘယ်ကို လှီးတာလဲ ပြောစမ်း"

"ဟာ- အစ်ကိုကြီးကလည်း ကျုပ်ပြောတာ ကျုပ်ကို နိုင်တယ်ပြောတာဗျ။ စိတ်မထင်ရင် ငရုတ်ကျည်ပွေ့နဲ့ ထုချင်ထုတာဗျ။ တစ်ခါတစ်ခါ သနပ်ခါးတုံးနဲ့ ကောက်ရိုက်ချင် ရိုက်တာဗျ။ သူ့ကြောင့် ထိပ်ပေါက်ခေါင်းကွဲ ဖြစ်ရတာ အကြိမ်ကြိမ်ဗျ"

"ဟေ- ကြမ်းလှချည်လား"

"ဟာ- တစ်ခါတစ်ခါ ကျုပ်ကို ကြိုးတုပ်ပြီးတောင် ရိုက်တာဗျ"

"ဗုဒ္ဓေါ၊ တော်တော်ဆိုးတဲ့ မိန်းမပါလား"

"ဟာ- ခင်စိန်အကြောင်းတော့ မပြောပါနဲ့ဗျာ၊ အိမ်ဦးနတ်ကို အစိမ်းလိုက် ကင်စားတဲ့မိန်းမ။ ဒါကြောင့် မြန်မြန်သေတာ၊ ဟဲဟဲ ခင်စိန်နဲ့ ခင်မှုန်က အကွာကြီး ကွာပါ့ဗျာ။ အစ်ကိုကြီး သမီးလေးက နုတယ်၊ နွဲ့တယ်၊ အေးအေးငြိမ်ငြိမ်လေးဗျ။ အိမ်ထောင်မှုလည်း အတော့်ကို နိုင်မှာဗျ"

"ဟကောင်၊ တော်ပါတော့ကွာ။ မင်း ထင်ရာမြင်ရာ လျှောက်ပြောမနေနဲ့၊ ခု ရွာထဲ ဘာတွေဖြစ်နေပြီလဲ သိလား"

"ဗျာ၊ သူပုန်တွေ ဝင်လာလို့လား။ ပြောစမ်း"

"တိတ်စမ်းကွာ၊ ရွှေကို ပြန်ရောက်လာပြီကွ။ ရွှေကို၊ ဖြီးဖျော့ ဒီကောင် အခု ခွရွှေကိုဆိုပြီး နာမည်ကြီးနေပြီကွ"

"ဗျာ- ခွရွှေကို၊ ဟာ- ဒီကောင် ပြန်ရောက်နေပြီ။ ဟာ- ဒါ . . . ဒါဆို



www.burmeseclassic.com

www.burmeseclassic.com



မလွှယ်ပါလားဗျာ၊ အစ်ကိုကြီးရယ် ကျုပ်တော့ ခင်မှုန်လေးကို စိတ်မချနိုင်ဘူးဗျာ"

"ဟာကွာ၊ မင်းကလည်း ပြောရတာ မျက်နှာပူလိုက်တာကွာ။ ဟော်ဒီ ဒူးခေါင်းကိုသာ ကြည့်မှပေတော့"

"ဗျာ၊ အစ်ကိုကြီးဒူးခေါင်း ကြည့်ရင် ခင်မှုန်နဲ့ အတူနေရမှာလား"

"ဟာ- တုံးပါ့ကွာ၊ ငါပြောတာ ဟော်ဒီ ဒူးခေါင်းကဒဏ်ရာက ခွရွှေ့လက်ချက်ကွ။ မကျေဘူးကွာ၊ ငါ့သား တားထွန်းခိုင်လည်း ခွစာမိလို့ မျက်နှာကြီးတွေ ဖူးရောင်နေပြီကွ။ ဒီကောင် ခွတစ်ချောင်းနဲ့ ငါတို့လူစုကို ဖြီးခွင်းနေပြီကွ"

"ဗုဒ္ဓေါ၊ ဒါဆို အစ်ကိုကြီးတို့သားအဖကို ရွှေ့ကိုက လင်းတတွေများ ထင်နေလို့လားဗျ"

"ဟာကွာ- ဟကောင် ကျော်ခင်၊ နေရာတကာ မတုံးစမ်းပါနဲ့ကွာ၊ လောလောဆယ်ပြဿနာကို မင်းကြည့်၊ ဒီကောင် ငါ့အိမ်ဝိုင်းထဲတောင် ခိုးကြောင်ခိုးဝှက်နဲ့ ကျူးကျော်လာပြီကွ။ ဒီတော့ ဒီကိစ္စ အပြတ်ရှင်းနိုင်တာ မင်းတစ်ယောက်ပဲ ရှိတယ်ကွ။ ကဲပြော- မင်း ဘာလုပ်မလဲ၊ ချိမိုင်မိုင်ကမှာလား၊ ယိုးဒယားကကမှာလား"

"ဟာ- ကျုပ်က ဇာတ်မင်းသားမှ မဟုတ်တာဘဲ အစ်ကိုကြီးရာ ဘယ့်နှယ် တောင်တောင်ဤဤ လျှောက်ပြောနေရတာလဲ"

"ဟကောင် ငထူ ငတုံး၊ ငါပြောတာ ခင်မှုန့်ပြဿနာကို မင်း ဘယ်လိုရှင်းမလဲပြော၊ ငါလည်း မျက်နှာမူလှပြီကွ"

"အဲ- ဟုတ်သားပဲ၊ မပူနဲ့ ဒီကိစ္စကို ကျွန်တော် အပြတ်ရှင်းမယ်ဗျာ"

"ဟင်- ဘယ်လို ရှင်းမှာတုံး"

"အိုဗျာ၊ ကျုပ် လူကြီးစုံရာခေါ်ပြီး ဒီအပတ်ထဲ လာတောင်းတော့မယ်ဗျာ။ ပြီးရင် အိမ်မှာ မင်္ဂလာပွဲ ခမ်းခမ်းနားနား ကျွေးပမယ်ဗျာ၊ ဟို- စိန်လက်သီးတို့ စိန်လက်ဝါးတို့ကိုလည်း ငှားမယ်။ ခာတ်စက်ရှာထိပ်မှာ ခလေးငါးလုံး တပ်ပစ်လိုက်မယ်ဗျာ၊ ပြီးတော့ ကျုပ် ယာဉ်းကွင်းနဲ့ ရွှေတစ်ဆင်ဆာ တင်တောင်းမယ်ဗျာ။ ဘယ်လိုတုံး၊ တျေနပ်ရဲ့လား အစ်ကိုကြီး"

"ဟော့ကောင် မင်းပြောတာ တ. . . တကယ်လား"

"တကယ်ပေါ့ဗျာ၊ ကျုပ်လုပ်ရင် အပြတ်လုပ်မှာဗျ။ မပူနဲ့ အစ်ကိုကြီး တစ်ခါတည်း ပြတ်သွားစေရမယ်"

"ဘာကွ၊ ဘာပြတ်မှာတုံး။ ဟော့ကောင်၊ ပြောရင် ရှင်းရှင်းလင်းလင်း ပြောနော်"

"ဩော်- အစ်ကိုကြီးကလည်း၊ ဘာမှ မေးမနေနဲ့နော် ကျုပ် အားလုံး သိလိုက်ပြီ။ ရွှေ့ကို နေမညိုခင် လေလို လွင့်သွားစေရမယ်။ ကိုင်း- ခဏ နေဦး၊ ကျုပ်ဆီမှာ ဝီစကီတစ်ပိုင်း ရှိသေးတယ် အစ်ကိုကြီးရဲ့၊ အစ်ကိုကြီး





က ဟိုတစ်လောက သောက်တာလေ"

"ဟေ- ဝီစကီရှိတယ်. . . လုပ်စမ်းကွာ၊ အဲဒါလေး သောက်လိုက်ရင် ထူထူပူပူနဲ့ အတော့်ကို အရသာရှိသကွ"

"မပူစမ်းပါနဲ့ဗျာ၊ ကျော်ခင့်ဆီလာရင် အကုန် အပြတ်ဖြတ်ပစ်လိုက်မယ်"

"လာပြန်ပြီကွာ"

ကိုကျော်ခင်တစ်ယောက် ယောက္ခမလောင်း ဦးကျောက်ကြီးရှေ့တွင် မြောက်ကြွမြောက်ကြွ ဖြစ်နေ၏။ ကျွန်းသေတ္တာကြီးထဲ သိမ်းဆည်းထားသော ဝီစကီပုလင်းကို ယူဆောင်လာပြီး မျက်နှာလို မျက်နှာရနှင့် ငြိမ်းတိုက်လေ၏။ ဦးကျောက်ကြီးမှာလည်း မတော်ရသေးသည့် သမက်လောင်း၏ အပြုအစုကြောင့် ဘဝင်လေတဟပ်ဟပ် ဖြစ်နေ၏။

ဝီစကီကို ချွတ်အရက်ချသလို တငွပ်ငွပ်နှင့် သောက်ပစ်လိုက်၏။ ကြွက်ကြော်ညိုညိုကြီးကိုလည်း ဝါးစားပစ်လိုက်၏။

"ကောင်းလိုက်တာကွာ၊ မင်းဝီစကီကတော့ အတော့်ကို အရသာရှိသကွ"

"တအားလည်း မသောက်နဲ့ဗျ၊ ဒီကောင်က တအား မူးတာနော်"

"ဟာကွာ၊ တစ်ခါတလေ သောက်ရတာပဲ။ ဟဲဟဲ ထည့်စမ်းကွာ၊ မင်းဟာ အတော့်ကို အလိုက်သိတဲ့ သမက်လောင်းပဲကွ။ မင်းသာ ငါ့သမက် တကယ်ဖြစ်လာရင် ဝီစကီကို တစ်နေ့တစ်လုံး သောက်မယ်ကွ ဟားဟားဟား"

"အင်"

ဦးကျောက်ကြီး စကားကြောင့် သမက်လောင်း ကိုကျော်ခင်မှာ မျက်လုံးကြီး တပြူးပြူး ဖြစ်နေ၏။ ထိုအချိန် ဦးကျောက်ကြီးတစ်ယောက် အလကားရသည့် ဝီစကီကို အမူးအလဲ သောက်ပစ်လိုက်ရာ နောက်ဆုံး တန်းလျားပေါ်တွင် ဟပ်ထိုးကြီး လဲသွားလေတော့၏။

"ဟာ- အစ်ကိုကြီး. . . အစ်ကိုကြီး"

"ဟေ့- ဘယ်သူတုံးကွ"

"ကျွန်တော် ကျော်ခင်လေ"

"ကျော်ခင်တွေ၊ ပေါ်ပင်တွေ မသိဘူးကွ။ ငါသိတာ မီးပုံးပျံကျော်ရင်ပဲ သိသကွ"

"ဗျာ၊ ဒုက္ခပါပဲ"

"ဘာတုံး၊ မီးပုံးပျံစီးပြမလို့လား"

"ဒုက္ခပါပဲဗျာ၊ ဟို သိပ်. . . သိပ်မူးနေပြီ အစ်ကိုကြီးရ"

"ကောင်းတယ်။ မူးရင်မေ့တယ်၊ မေ့ရင်မျောမယ်၊ မျောရင်မှိန်းမယ်။ ဟားဟားဟား မူးမေ့မျောမှိန်းကွ၊ မူးမေ့မျောမှိန်း ဟဲဟဲ အေ့"

"ဟာ- ပြဿနာပဲ၊ တိုင်းတိုင်း ကျွန်တော့်ကိုယ်ပေါ် ကုန်းပိုးဗျ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အိမ်လိုက်ပို့မယ်"

"တကယ်လား၊ ကောင်းတာပေါ့ကွာ။ ဟားဟားဟား ဝီစကီမူးမူးနဲ့ သမက်လောင်း မြင်းလုပ်စီးတာ ကမ္ဘာမှာ ငါတစ်ယောက်ပဲ ရှိသေးသကွ။ ဟားဟား လာစမ်းကွ"

"အင်- ပြဿနာပဲ"

ကိုကျော်ခင်တစ်ယောက် ခါးကလေး ညွတ်ပေးရုံရှိသေး ဦးကျောက်ကြီးတစ်ယောက် အတင်း တွယ်ကပ်ကုတ်ခြစ်၍ တက်လေတော့၏။ အခြေအနေကလည်း မလွယ်။ သူမိဘနှစ်ပါး ပြန်လာလျှင် ပို၍ အရုပ်ဆိုးသွားတော့မည့် အခြေအနေပင်။ နောက်ဆုံးတော့ ယောက္ခမ ဦးကျောက်ကြီးကို ကျောပိုးကာ အိမ်တိုင်ရာရောက် လိုက်လံပို့ဆောင်ရလေ၏။

သူတို့နှစ်ဦး၏ အဖြစ်ကိုကြည့်ကာ တစ်ရွာလုံး အူတက်အော်သောင်းတင်း ဖြစ်နေ၏။ မတော်ရသေးသည့် သမက်နှင့် ယောက္ခတို့ မြင်းလုပ်စီးနေပုံကို ကြည့်ပြီး နားမလည်နိုင်အောင် ဖြစ်နေကြ၏။

သားနှစ်ယောက်ဖြစ်သော ထွန်းခိုင်နှင့် ထွန်းမြိုင်တို့ နှစ်ဦးမှာလည်း ယောက္ခမကို မြင်းလို ကုန်းပိုးအစီးခံရသော ယောက်ဖလောင်းကြီးကို လက်ခုပ်လက်ဝါးတီး၍ ကြိုဆိုနေကြ၏။

"ဟာ- ယောက်ဖကြီးကတော့ကွာ၊ ရွှေထက်ရှားတဲ့ ယောက်ဖကြီးကိုး။ ကောင်းတယ်၊ ယောက္ခမကုန်းပိုးတဲ့ သမက် တစ်သက် မမွဲတော့ဘူးတဲ့ ကိုကျော်ခင်ကြီးရ"

"ဟာ- မင်းတို့အဘ ဝီစကီကို ရေလိုသောက်တာကွ၊ ဘယ်လိုတားမရဘူး။ ခုလည်း လမ်းတောင် မလျှောက်နိုင်လို့ ကုန်းပိုးခေါ်လာရတာကွ"

"ကောင်းတာပေါ့ဗျာ၊ အဲဒီလို လူမျိုးကိုမှ ကျုပ်တို့က ယောက်ဖတော်ချင်တာဗျ"

"ဟေ- တကယ်လား၊ မင်း တကယ်ပြောတာနော် ထွန်းခိုင်။ ဒါဆို ဟောဒီမှာ အရက်ဖိုးယူကွာ ထပ်သောက်"

"ဟားဟားဟား ရွှေယောက်ဖ၊ ငွေယောက်ဖ၊ ပတ္တမြားယောက်ဖ စိန်ယောက်ဖ"

"ဟ- တော်ပါတော့ဟာ"

"ဟုတ်တယ်ဗျို့၊ ဒီလို ယောက်ဖမျိုးကို ပုတ်ထဲ ထည့်လှောင်ထားရင်တောင် ကောင်းတယ်ကွ"

"ဟုတ်ပါ့ကွာ"

"ဟာ- မလုပ်ကြပါနဲ့ကွာ၊ ကိုင်း- ငါသွားပြီဟေ့။ အစ်ကိုကြီးကိုလည်း အမူးပြေရင် သံပရာရည် ဖျော်တိုက်လိုက်ဦး"

"အေးပါကွာ"

ကိုကျော်ခင်တစ်ယောက် ကြာကြာမနေရဲ။ ဦးကျောက်ကြီးကို ကုန်းပိုးရသလို ယောက်ဖလောင်းနှစ်ယောက်ကိုပါ ကုန်းပိုးစီးခံရလျှင် ခါးချည့်သွားနိုင်၏။ ထို့ကြောင့်လည်း အိမ်ဝိုင်းထဲမှ ဒရောသောပါး ထွက်သွားလေတော့၏။ ထိုအချိန် သူတို့မြင်ကွင်းကို အကလေး တကြိတ်ကြိတ်နှင့် ကြည့်နေသူမှာ ခင်မှုန်။ သမီးလိုချင်၍ ယောက္ခမ ကုန်းပိုးရဲသောလူတို့ သူဒီတစ်ခါပဲ မြင်ဖူးသဖြင့် ကိုကျော်ခင်ဆိုသော လူထူးလူဆန်းကို အမှန်ကြိတ်ပစ်ချင်သည့်စိတ်တွေက တဖွားဖွား ပေါ်ပေါက်နေလေ၏။

ထိုသတင်းက တစ်ရွာလုံး ပျံ့နှံ့သွားလေရာ ဖေတိုးထံသို့ ရောက်လာ၏။ သတင်းသယ်လာသူက မောင်လုံး။ ကြားရသမျှသတင်းကို အရင်းအတိုင်း ဖောက်သည်ချလိုက်၏။

"ဟေ- တကယ်မှ ဟုတ်ရဲ့လားကွာ"

"ဟာ- ကျုပ်က ညာပြောပါ့မလား ကိုရွှေကိုရယ်၊ ကိုကျော်ခင်ကြီးလုံးတာ အပိုင်လုံးတာနော်။ ခင်ဗျားတောင် နောက်ကောက်ကျသွားနိုင်တယ်ဗျ"

"ဘာကွ၊ ဟေ့ကောင် မောင်လုံး"

"ဗျာ၊ ဘာ. . . ဘာလဲ ကိုရွှေကို"

"မှတ်ထားကွ၊ ကိုကျော်ခင်က ကုန်းပိုးရင် ငါက ရင်ခွင်ပိုက်ပစ်လိုက်မှာပေါ့ကွ"

"ဗျာ၊ ဟို ယောက္ခမကြီးကို ရင်ခွင်ပိုက်လိုက်ပြီဆိုတော့ ချီချီပြီ တိုက်မှာလားဗျ"

"တော်စမ်းကွာ၊ မင်းကလည်း တုံးလိုက်တာ။ ငါ့အစွမ်းအစကို မင်းလည်း သိသားနဲ့"

"သိ. . . သိပါတယ် ကိုရွှေကိုရာ၊ ယောက္ခမကို ခွနဲ့ပစ်တာ ခင်ဗျားတစ်ယောက်ပဲရှိတယ်။ ကြေနွှ ရင်ခွင်ပိုက်ပြီး လည်ပင်းညစ်မယ်ထင်ပါရဲ့"

"တော်စမ်းကွာ၊ စွန့်ပစ်တာ အချစ်စမ်းလိုက်တာပါကွာ။ ဟဲဟဲ နောက်ကျရင် ယောက္ခမကို ရွှေချပြီး နတ်စင်မှာ နေရာပေးမယ့်လူကွ ဟားဟား"

"အင်- မလွယ်ပါလား။ ကောင်းတယ်၊ သုံးဆယ့်ခုနစ်မင်း စာရင်းထဲမှာ ဦးကျောက်ကြီးနတ်ဆိုပြီး ထည့်လို့ရတာပေါ့"

"အေး- ဟုတ်တယ်၊ ဦးကျောက်ကြီးဟာ မင်္ဂလာနတ်ကြီး ဖြစ်သွားရမယ်ကွ ဟားဟားဟား"

"ကောင်းပါ့ဗျာ"

ဖေတိုး၏ ရယ်သံက တစ်ရွာလုံး ပျံ့နှံ့သွားခဲ့၏။ ခင်မှုန်အတွက် သူ့အသက်ပဲ စွန့်ရစွန့်ရ စွန့်တော့မည်ဟူ၍ ဆုံးဖြတ်လိုက်လေရာ မောင်လုံးပင် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့၏။

ゟ ゟ ゟ







www.burmeseclassic.com

www.burmeseclassic.com

* ဖူးစာဆိုတာ
ဦးရာမို့ တစ်မူးသာဖို့ဖြင်. . .

* သစ္စာမေတ္တာ အလကားပင်
ခေတ်အစဉ်လာ၊ ပျက်သုဉ်း. . .

* နေနဲ့လ ရွှေနဲ့မြပမာ
ဘဝမှာ အသပြာပါရင်ဖြင့်
ခေါင်းအမော်ရဆုံး။

## အခန်း (၅)

ဦးကျောက်ကြီး၏ အိမ်ဝိုင်းရှေ့သို့ လှည်းယဉ်ကြော့ကလေး ထိုးဆိုက်လာသည်ကို မြင်သည်နှင့် ခင်မှုန်တစ်ယောက် နောက်ဖေးပေါက်မှ ထွက်ပြေးလေ၏။ သူ ဦးကျော်ခင်ကို မယူနိုင်။ သူ့ထက် အသက်များစွာကြီးသလို မုဆိုးဖိုကြီးလည်း ဖြစ်ပြန်။ ထို့ပြင် ရှုးတူးတူး ပေါတောတောကြီးမို့ ဘယ်လိုမှ လက်မခံချင်။

ထို့ကြောင့်လည်း ဖခင်ကြီး မသိအောင် အိမ်နောက်ဖေးပေါက်မှ ထွက်ကာ ကြီးတော်မြတို့ ပုတ်ကြီးထဲ ဝင်၍ ပုန်းအောင်းနေလေ၏။

ထိုအချိန်တွင် ဦးကျောက်ကြီးမှာ လှည်းယဉ်ကြော့ပေါ်မှ ဆင်းလာသော ကိုကျော်ခင်တို့မိသားစုကို ဝမ်းသာအားရနှင့် ဆီးကြိုနေ၏။ ကိုကျော်ခင်၏ အမေကြီးကလည်း အုန်းပွဲ၊ ငှက်ပျောပွဲ ကိုင်ထား၏။

ကိုကျော်ခင်သည် အညိုရောင် ဘန်ကောက်လုံချည် တရှမ်းရှမ်းကို ဝတ်ဆင်ထားကာ နံ့သာရောင်တိုက်ပုံ အခန့်သား ဝတ်ဆင်၍ လှည်းပေါ်မှ ဆင်းလာ၏။ သူ့နောက်မှ အိုကြီးအိုမ အရွယ်ရောက်နေပြီဖြစ်သော မိဘနှစ်ပါး လိုက်ပါလာ၏။

ဦးကျောက်ကြီးမှာ သမီးလေးအတွက် ရင်အေးရတော့မည်မို့ အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေ၏။

"ဟော- လာကြပြီကိုး၊ လာကြဗျာ လာကြ"

"ဟုတ်ကဲ့ ခင်ဗျ"

"မင်္ဂလာအချိန်ပါပဲဗျာ၊ မင်္ဂလာရှိတဲ့လူတွေ ရောက်လာကြပြီဆိုတော့ ခုဆိုရင် မင်္ဂလာရိပ် မင်္ဂလာအတိတ်တွေ ရွှန်းရွှန်းဝေလေပြီပေါ့ဗျာ"

ကာရန်တွေ နဘေတွေချိတ်ကာ ဆီးကြိုလိုက်သူက ဘုရားကိုးဆူ မောင်ပါ။ ခေါင်းပေါင်းကြီး တလူလူနှင့် ဦးကျောက်ကြီးတို့လူသိုက်ကို ကြိုဆိုလိုက်၏။ ဘုရားကိုးဆူ မောင်ပါကို ကိုကျော်ခင်က ကြိုတင်ငှားရမ်း

www.burmeseclassic.com

ထားပြီး အကြိုလွှတ်လိုက်ခြင်း ဖြစ်လေ၏။

သူတို့အားလုံး အိမ်ပေါ် ရောက်သည်နှင့် ဘုရားကိုးဆူ မောင်ပါတစ်ယောက် ကာရန်နဘောတွေချိတ်ကာ မင်္ဂလာစကားလုံးကြီးများကို တတွတ်တွတ် ရွတ်ဖတ်လေတော့၏။ ထိုအချိန် မျက်လုံးအပြူးသား ဖြစ်နေသူက ဦးကျောက်ကြီး။ သမီးငယ် ခင်မှုန်ကို တစ်အိမ်လုံး ပတ်ရှာသော်လည်း ဘယ်မှာမှ မတွေ့။ မိထူကို မေးတော့လည်း အူတူတူ ကြောင်စီစီ လုပ်နေ၏။

သူ့ခမျာ တောင်ရှည်ပုဆိုးကြီး တကားကားနှင့် အူယားဖားယားဖြစ်နေ၏။ ထိုစဉ် သူတို့အိမ်ခေါင်မိုးပေါ် ခဲမိုးတွေ ရွာချလေတော့၏။

"အုန်း ဒုန်း ဂွမ်း"

"ဟာ- ဘာသံတွေလဲကွ"

"ခဲဖိုးတောင်းနေတာထင်တယ်"

"ဘယ်သူတွေလဲကွ၊ မင်္ဂလာတောင် မဆောင်ရသေးဘူး။ ဖြီးတော့ မိုးတောင် မလင်းသေးဘူးကွ"

"ထွက်ကြည့်စမ်းပါဦး"

တအုန်းအုန်း တဖြုန်းဖြုန်း အသံများကြောင့် မင်္ဂလာသတို့သားကိုကျော်ခင်တစ်ယောက် တုန်တုန်လှုပ်လှုပ် ဖြစ်သွား၏။ သူနှင့် ပါလာသော မိဘနှစ်ပါးမှာလည်း မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်နေ၏။

မင်္ဂလာဆောင်ဖို့တောင် မစီစဉ်ရသေးသည့် အခြေအနေတွင် ခဲဖိုးတောင်းခံလိုက်ရသဖြင့် ကိုကျော်ခင်တစ်ယောက် အူလည်ချာလည် ဖြစ်နေ၏။ ဘာကို နားလည်ရမှန်းပင် မသိတော့။ ခဲတွေ အဆက်မပြတ်ကျလာသဖြင့် သောက်ရေအိုးစင်မှ ရေအိုးအဖုံးကို ခေါင်းစွပ်ကာ အိမ်ပေါ်မှ ကုပ်ချောင်းကုပ်ချောင်း ဆင်းလာ၏။

အိမ်ဝိုင်းထိပ်သို့ အရောက်တွင် ခဲမိုးရွာနေသော ကလေးတစ်အုပ်ကိုမြင်လိုက်ရသဖြင့် ကိုကျော်ခင် မျက်လုံးပြူးသွား၏။ ရှေ့ဆုံးမှ ဦးဆောင်လာသူမှာ ရွာကျော်ဝက်ကြီး။ လူက ဆယ်နှစ်ကျော်ကျောက်သာ ရှိသေး၏။ သို့သော် ပြဿနာရှာသည့်နေရာတွင် နိုးတူး။

လောက်လေးခွတစ်ချောင်းနှင့် ပြဿနာအမျိုးမျိုး ရှာနေသဖြင့် သူ့အမေ ဒေါ်ဝက်မတစ်ယောက် မနည်းကြီး လိုက်ရှင်းရသည့် အကြိမ်ပေါင်း မရေတွက်နိုင်တော့။ ဒေါ်ဝက်မ ဝက်ကြီးကို လက်နက်ချထားရ၏။ ကြိုးနဲ့တုပ်ပြီး သုံးလေးရက်လောက် ဆက်ရိုက်ခဲ့သော်လည်း ဝက်ကြီးက ဗိုး မပျောက်။

ဖအေလုပ်သူ ကိုကုလားကလည်း ဝက်ကြီးကို တိုင်မှာ ကြိုးတုပ်ပြီး ရေစိမ်ရိုက်ဖူး၏။ နေ့ရိုက်ညရိုက် ရိုက်သဖြင့် ရွာကတောင် တားယူရ၏။

ထိုသို့ ရိုက်ပါများသော်လည်း ဝက်ကြီးက ထုံနေပြီဖြစ်၏။ ဗိုဇကဆက်၍ ရှင်သန်နေဆဲ။ ယခုလည်း ကလေးတစ်အုပ်ခေါ်ကာ ကိုကျော်ခင်ကို ပြဿနာရှာနေ၏။

ဝက်ကြီးမှန်း သိလိုက်သည်နှင့် ကိုကျော်ခင် မျက်စိပျက် မျက်နှာပျက် ဖြစ်သွား၏။

"ဟာ- ဝက်ကြီး"

"ဘာတုံးဗျ"

"မင်း. . . မင်း ဘာဖြစ်လို့ အိမ်ကို ခဲနဲ့ထုတာလဲကွာ"

"ဟာ- ကျုပ်က ခဲဖိုးလိုချင်လို့ပေါ့ဗျာ"

"ဟေ- ခဲဖိုး၊ ဟ- ငါက မင်္ဂလာမှ မဆောင်သေးတာဘဲကွာ။ မင်္ဂလာဆောင်ရင် ပေးမှာပေါ့"

"မလိုချင်ဘူးဗျာ ခုပေး၊ ခုရမှ ကျုပ်တို့ပြန်မယ်"

"ဟေ- မင်းဥစ္စာ ဇွတ်ကြီးပါလားကွ"

"မရဘူးဗျာ၊ ခင်ဗျားတို့က ကျိတ်ပြီး မင်္ဂလာဆောင်နေတာ မဟုတ်လား။ ခဲဖိုးမပေးရင် ဦးကျောက်ကြီးအိမ်ကို မီးရှို့မှာနော်"

"ဟိုက်- မ. . . မလုပ်ပါနဲ့ ဝက်ကြီးရာ၊ ငါ့ရွှေယောက္ခမ ဘုန်းကြီးကျောင်း မြှီးနေရမှာပါမယ်။ ကဲ- ရော့ရော့"

"နည်းတယ်ဗျာ"

"ဟာ- တစ်ထောင်ဆို တော်ရောပေါ့ကွာ၊ မင်းတို့က ကလေးတွေပဲဟာ"

"မသိဘူးဗျာ၊ ပေးမလား မပေးဘူးလားပြော"

"ဟာ- ပေး. . . ပေးပါမယ်ကွာ"

ဝက်ကြီးကို ဘယ်လိုမှ ချော့၍မရ။ နောက်ဆုံးတော့ အိတ်ထဲကတစ်ထောင်တန်တစ်ရွက် ထပ်၍ ထွက်သွားလေတော့၏။ ပိုက်ဆံ နှစ်ထောင်ရမှပဲ ဝက်ကြီးတို့ကလေးတစ်သိုက် ထွက်သွားကြလေတော့၏။

ကိုကျော်ခင်ခမျာ ဝက်ကြီးတို့ ထွက်သွားမှ ဟင်းချနိုင်ခဲ့ပြီး အိမ်ပေါ်သို့ အူယားဖားယား တက်ခဲ့၏။

"ဒုက္ခပါပဲကွာ၊ ဘယ်ရောက်နေပြီလဲ မသိဘူး"

"ဗျာ၊ ဘယ်. . . ဘယ်သူတုံးဗျ"

"ခင်မှုန်လေ၊ ငါ့သမီး ခင်မှုန် ပျောက်နေလို့ကွ။ အဲ- တစ်အိမ်လုံးပတ်ရှာတာ ဘယ်မှာမှ မတွေ့ဘူးကွ"

"ခင်ဗျာ၊ ရွှေမှုန် ပျောက်နေပြီ"

"ဟုတ်တယ်၊ ခြံထဲဆင်းရှာတော့လည်း မတွေ့ဘူးကွ။ ဒုက္ခပါပဲ၊ သမီးမိုက်ကတော့ လုပ်ပြီဟေ့"

ခင်မှုန် ပျောက်သွားပြီဆိုသော သတင်းကြောင့် ကိုကျော်ခင်တစ်ယောက် အရုပ်ကြိုးပြတ် ဖြစ်သွား၏။ ပါးစပ်ကြီး အဟောင်းသားနှင့် ကြမ်းပြင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ သူ့အသွင်ကို ကြည့်ပြီး ပါလာသည့် မိဘနှစ်ပါးမှာလည်း ပျာယာခတ်သွား၏။






www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့- မောင်ကျော်ခင်. . . မောင်ကျော်ခင်၊ သတိထားနော်"

"လူကလေး သတိထားပါဦးကွယ်"

"ဗျာ၊ ဟို. . . ဟို ခင်. . . ခင်မှုန်"

"ဘာမှ မပူစမ်းပါနဲ့ကွယ်၊ ကိစ္စရှိလို့ အမြင်များ သွားသလား မသိဘူး"

"အစ်ကို. . . အစ်ကိုကြီး"

"ဘာတုံး မောင်ကျော်ခင်"

"ဟို- ခင်. . . ခင်မှုန်ရောဗျာ၊ ခင်မှုန် ပျောက်နေတယ်ဆိုတာ တကယ်လားဟင်"

"တကယ်. . . တကယ်ပါကွာ၊ ငါလည်း ရှာတာပဲ။ ဒုက္ခပါပဲ၊ မိဘမျက်နှာ အိုးမဲသုတ်တာပဲကွ"

"ဖြစ်နိုင်ဘူး၊ အစ်ကိုကြီးမျက်နှာ သုတ်တာမဟုတ်ဘူး။ ကျုပ်မျက်နှာ သုတ်သွားတာဗျ"

"ဟေ- ဘာသုတ်သွားတာလဲ"

"နွားချေးသုတ်သွားတာဗျ၊ ဒုက္ခပါပဲဗျာ"

"စုဒ္ဓေါ၊ ဘယ်တုံးက သုတ်သွားလို့လဲကွ။ မောင်ကျော်ခင် စိတ်ခိုင်ခိုင်ထားစမ်းပါကွာ"

"အို- ကျုပ်. . . ကျုပ် ဘာလုပ်ရမလဲဗျာ၊ ကျုပ် ရင်တွေပူလှပြီ"

"ရင်ပူရင် ရေသောက်ပါလား၊ ဟဲ့- ဟိုရေအိုး ဒီနား မ,လာစမ်း။ သောက်စမ်းကွာ၊ ရင်တော့ အပူမခံနဲ့ ရင်ပူရင် ရင်ဘတ်ကြီး မီးကျွမ်းသွားလိမ့်မယ်"

"ဟာ- အစ်ကိုကြီးကလည်းဗျာ။ ကျုပ်. . . ကျုပ် အသည်းတွေ၊ နှလုံးတွေ၊ ကျောက်ကပ်တွေ၊ ကလီစာတွေ"

"ဘာလုပ်မှာလဲကွ၊ အဲဒါတွေထုတ်ပြီး ကျပ်တိုက်ရမှာလား။ မင်းကွာ၊ ငါ့သားမဟုတ်တဲ့အတိုင်းပဲ"

"အဘရယ်၊ ကျုပ် ခံစားနေရပြီဗျာ။ ရှာပေးကြပါ၊ ခင်မှုန်လေး မတွေ့ရင် ကျုပ်. . . ကျုပ်တော့ မြေကြီးထဲ ကျွမ်းပစ်လိုက်တော့မယ်ဗျာ"

"ပစ်ကွာ၊ ကျွမ်းပစ်ရင် ဝေဒနာသက်သာမလား။ ပစ်စမ်းကွာ"

"ဟာ- ပြဿနာပါပဲဗျာ"

ဦးကျောက်ကြီးမှာလည်း ကျော်ခင် အူကြောင်ကြောင် ပြောသမျှကို သူကလည်း ထင်ရာမြင်ရာ ပြောဆိုနေ၏။ ကိုကျော်ခင်တစ်ယောက် ထိုင်ရအခက် ထရအခက် ခံစားမှု တစ်လစ်ကြီးဖြစ်ကာ ငူငူငိုင်ငိုင်ကြီး ဖြစ်နေ၏။

ဦးကျောက်ကြီးမှာလည်း အိမ်ဦးခန်းတွင် ဆောင့်ကြောင့်ကြီးထိုင်ကာ တောက်တခေါက်ခေါက် လုပ်နေ၏။ တစ်အောင့်အကြာတွင် ကိုကျော်ခင် ထံမှ လေသံယဲ့ယဲ့ ထွက်လာ၏။





"ဟုတ်ပြီ၊ ဒီ. . . ဒီကိစ္စ ခွေးရှေကိုကိစ္စ ဖြစ်ရမယ်"

"ဟေ"

"ဟင်"

"သေချာရဲ့လား"

"သိပ်သေချာတာပေါ့ဗျာ၊ ဒါ ခွေးရှေကိုရဲ့ လက်ချက်ပဲ။ ရှေကို နေမညိုစေရဘူး"

"ဟင်- မင်း. . . မင်း ဘာလုပ်မလို့လဲ"

"ကျော်ခင် လွန်မယ်နော်"

"ဖယ်စမ်းဗျာ၊ ကျော်ခင်တဲ့ လာပြီဟေ့။ ခွေးရှေကို နေမညိုစေရဘူးကွ"

"ဟဲ့ဟဲ့ လုပ်ကြပါဦး"

တစ်အိမ်လုံး ဝရုန်းသုန်းကား ဖြစ်ကုန်ကြ၏။ ကိုကျော်ခင်တစ်ယောက် အကြီးအကျယ် ပေါက်ကွဲသွားခဲ့ပြီ ဖြစ်၏။ လူကြားထဲက ဝုန်းခနဲ ထရပ်ကာ ပုဆိုးပြင်ဝတ်လိုက်၏။ မိဘနှစ်ပါးနှင့် ဘုရားကိုးဆူ မောင်ပါတို့က ကိုကျော်ခင်ကို အတင်း ဆွဲလားလွဲလား လုပ်ကြ၏။ ဘယ်လိုမှ မရ၊ ကျော်ခင်တစ်ယောက် အားလုံးကို ကျော်ကာ အိမ်ပေါ်မှ လွှားခနဲ ခုန်ဆင်းပြီး အိမ်ဝိုင်းထိပ်သို့ အပြေးထွက်လာ၏။

ကိုကျော်ခင်အဖြစ်ကို ကြည့်ပြီး တစ်ရွာလုံး ရင်တထိတ်ထိတ် ဖြစ်နေကြ၏။ ရွာထဲက ကျော်ခင်နှင့် ခွေးရှေကိုတို့နှစ်ယောက် တွေ့ကြလေပြီဟု ယုံမှတ်ကာ မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားနှင့် ရဲစောင့်ဆိုင်း ကြည့်ရှုနေကြ၏။

ထိုအချိန်တွင် ကိုကျော်ခင်တစ်ယောက် ရွာလယ်လမ်းအတိုင်း ဒေါင်းတည်မောင်းတည် လျှောက်လာ၏။ အသွင်က ဂူထဲမှ ရဲရဲကြီး ရင်ကော့ထွက်လာသည့် ခြင်္သေ့ကြီးပမာပင်။

မျက်နှာကြီးကလည်း နီရဲနေ၏။ ပုဆိုးတိုတို ဝတ်ထားကာ လမ်းလျှောက်ပုံကလည်း ခုန်ဆွခုန်ဆွ ဖြစ်နေ၏။ မြင်ကွင်းကို ပြောရလျှင် ကိုကျော်ခင်သည် ရန်သူကို အပိုင်းပိုင်းအစစ ကြေမွသွားအောင် နှိပ်ကွပ်တော့မည့် လူဘီလူးကြီးအသွင်ပင်။

သို့နှင့် လမ်းအတိုင်း တကျောင်းကျောင်း လျှောက်ခဲ့ရာ ခွေးရှေကိုတို့ အိမ်ဝိုင်းထိပ် ရောက်လာ၏။

"ဟေ့- ခွေးရှေကို ရှိသလားကွ၊ ခွေးရှေကို ရှိသလား"

သူနောက်မှ တဖုန်းဖုန်း ပြေးလိုက်လာသူက မားထွန်းခိုင်နှင့် ထွန်းမြိုင်။ သူတို့နှစ်ယောက်အသွင်ကလည်း ခွေးရှေဘိုကို အပီအပြင် ရင်ဆိုင်ချေမှုန်းကြတော့မည့်အသွင်။

တစ်ရွာလုံး တုတ်တုတ်မလှုပ်ရဲ၊ အပ်ကျသံပင် မကြားရ၊ ပွဲကြီးပွဲကောင်းတစ်ပွဲ မြင်ရတော့မည်မို့ ရင်တထိတ်ထိတ်နှင့် စောင့်စားနေကြ



www.burmeseclassic.com

www.burmeseclassic.com



၏။ ထိုအချိန် ကိုကျော်ခင်၏ ရင်ခေါင်းသံကြီး ပေါ်လာလေတော့၏။

သူ့အသံကြီးက တစ်ရွာလုံး ဖွာခနဲ လွင့်ပျံ့သွားသလိုပင်။ တစ်ရွာသားတစ္စင့်စ္စင့်။ ထိုစဉ် ကိုကျော်ခင်၏ ရင်ခေါင်းသံကြီး ထပ်မံ ထွက်ပေါ်လာပြန်၏။

"ရွှေကို၊ ဟေ့ကောင် ရွှေကို၊ ပုန်းမနေစမ်းပါနဲ့ကွာ။ ဒီနေ့ဟာ မင်းအတွက် သေနှစ်စေ့တဲ့နေ့ပဲကွ ဟားဟားဟား"

"xxx. . . xxx"

"ရွှေကို မင်းသေမင်း လာပြီကွ။ ဟားဟားဟား မှန်ကိုပဲ ဝေစားမယ်ခင်မှန်တို့ ဝေမစားဘူးကွ။ ဟူးဟူးဟားဟား ထွက်ခဲ့စမ်း ထွက်ခဲ့လေကွာ"

"xxx. . . xxx"

ကိုကျော်ခင်၏ တုန်ခါနေသော အသံကြီးက အရိုးညှို၏ အိမ်ငိုင်တစ်ခုလုံး ဖုံးလွှမ်းသွား၏။ သစ်ရွက်လှုပ်သံပင် မကြားရ။ တိတ်ဆိတ်နေသည့် အခြေအနေကြောင့် ကိုကျော်ခင် ပို၍ပို၍ ပေါက်ကွဲလာ၏။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး မေးကြောကြီးတွေ ထောင်လာ၏။ မျက်လုံးကြီးတွေ ပြူးလာ၏။ သူ့အသွင်က ရူးသွပ်လူလူ အူနှကျွဲခင်လေပြီ။

ဘာဆိုဘာမှ မြင်တော့ပုံမပေါ် ထိုအခါ ကိုကျော်ခင်တစ်ယောက် ဒေါသတကြီးကြီးနှင့် ခွရွှေကို၏ နာမည်ကို ကျယ်ကျယ်လောင်လောင် ခေါ်လိုက်ပြန်၏။

"ဟေ့ကောင် ရွှေကို၊ အူနှကျွဲခတ်နေပြီကွ ထွက်ခဲ့စမ်းကွာ။ ငါ့ပါးစပ်က လူသားကို အစိမ်းလိုက် စားချင်နေပြီကွ၊ ဟားဟားဟား ရွှေကို ထွက်ခဲ့စမ်းကွာ"

လေသံကို မြင့်၍ ခေါ်လိုက်ရာ အိမ်ပေါ်မှ လူတစ်ယောက် ဝရန်တာကို ကျော်လွှားပြီး မြေပြင်ပေါ်သို့ ဖျတ်ခနဲ ခုန်ချလာ၏။

"ဟာ- ရွှေကို လာပြီ၊ ရွှေကို လာပြီဟေ့"

ရွှေကို၏ အရိပ်အယောင် မြင်လိုက်ရသဖြင့် နိုးကြောင်နိုးဝှက် စောင့်ကြည့်နေကြသော ရွာသားအများစုမှာ ထိတ်ထိတ်လန့်လန့် ဖြစ်သွား၏။ အိမ်အပေါ်ထပ် ဝရန်တာမှ လွှားခနဲ ခုန်ချလာသည့် ရွှေကိုကိုကြည့်ကာ ကိုကျော်ခင်ပင် မှင်သက်မိသွား၏။

မျက်တောင် ပုတ်ခတ်ပုတ်ခတ် လုပ်ကာ ရွှေကိုကို ကြည့်လိုက်၏။

"ဟာ- ဒီကောင်. . . ဒီကောင် ဘယ်. . . ဘယ်လိုဖြစ်"

မြင်ကွင်းကြောင့် ကိုကျော်ခင် တွန့်ခနဲ ဖြစ်သွား၏။ ဓားထွန်းခိုင်ညီအစ်ကိုမှာလည်း နောက်တစ်လှမ်းဆုတ်သွား၏။ မြင်ကွင်းက အလွန်အံ့ဖွယ်ပင်။ ဝရန်တာမှ လွှားခနဲ ခုန်ချလာသော ရွှေကို၏ ကိုယ်ပေါ်တွင် လောက်လေးခွ ဘယ်ညာခါးကြားထိုးထား၏။ လည်ပင်းတွင်လည်း လောက်လေးခွကြီး ချိတ်ထား၏။ လက်ထဲမှာလည်း လောက်လေး





အသင့်ပြင်ထား၏။

"ဟာ- လောက်လေးခွတွေနဲ့ဟ"

"အဲဒါ ခွရွှေကိုရဲ့ အစွမ်းပဲကွ"

"ဟင်"

"ဘုရား. . . ဘုရား"

"ဟော- ဟိုမှာ တစ်ယောက် ခုန်ဆင်းလာပြန်ပြီ"

"ဟင်- မောင်လုံး"

ရွှေကို့နောက်မှ မရဲတရဲ ခုန်ဆင်းလာသော မောင်လုံး။ ရွှေကိုလိုပဲ ခွတွေ တစ်ကိုယ်လုံး ချိတ်ဆွဲထား၏။ ဝရန်တာပေါ်မှ ခုန်အဆင်းတွင် ရွှေကိုလို ခြေထောက်နှင့် မကျဘဲ ကျွမ်းစိုက်ကာ ဖောက်ထိုးကြီး ပြုတ်ကျလာ၏။

"အောင်မယ်လေးဗျ"

"ဟာ- ခွမောင်လုံး မဟုတ်ဘူးကွ၊ ကျွမ်းမောင်လုံး ဖြစ်ရမယ် ဟားဟားဟား"

တစ်ရွာလုံး မောင်လုံး အဖြစ်သနစ်ကြောင့် ကျိတ်ပြီး ရယ်မောနေကြ၏။ ကျော်ခင်ခမျာ ထိုးထိုးထောင်ထောင်နှင့် ကျွမ်းစိုက်ဆင်းလာသော မောင်လုံးကို မြင်ရသောအခါ ပို၍ မျက်လုံးပြူးသွား၏။ မြေပြင်ပေါ် ကျွမ်းစိုက်ကျလာသော မောင်လုံးခမျာ ဟန်လုပ်၍ အတင်း လူးလဲထလိုက်ရ၏။ ခေါင်းကို ဘယ်ညာချိုးပြီး ကျော်ခင်ကို မျက်လုံးကြီးပြူးပြီး ကြည့်လိုက်၏။

ကျော်ခင်တို့လူသိုက် ခုံထိ ကြောင်စီစီ ဖြစ်နေဆဲ။ ထိုစဉ် ဖေတိုးထံမှ ရယ်မောသံ ခပ်ပါးပါးလေး ထွက်လာ၏။

"ဟင်းဟင်းဟင်း ငါက ဘယ်သူများလဲလို့ ကိုကျော်ခင်ကြီးကိုး။ ဘာတုံးဗျ၊ ခင်ဗျားတို့ ကျုပ်ဆီ ရောက်လာတာ ဒူးထောက် တောင်းပန်ချင်လို့လား ပြောကြစမ်း"

"ဟင်"

"မေးနေတယ်လေကွာ၊ ဒူးထောက်ချလိုက်စမ်းပါ ကိုကျော်ခင်ရာ။ ရွှေကို့ကို မယှဉ်ချင်စမ်းပါနဲ့ကွာ၊ ခင်ဗျားညာဏ် တစ်ထွာတစ်မိုက်နဲ့ ဆိပ်တိုက် မတိုးချင်စမ်းပါနဲ့။ ဟင်းဟင်းဟင်း"

"ဟေ့. . . ဟေ့ကောင်၊ ရွှေ. . . ရွှေကို"

"ဘာတုံး၊ ခင်ဗျားမြင်တဲ့အတိုင်းပါပဲနော်။ ကျုပ်တို့နှစ်ယောက်လုံးရဲ့ ကိုယ်ပေါ်မှာ သရဲတစ္ဆေ ဘီလူးကအစ ကြောက်ရတဲ့ ခွတွေရှိနေတယ်။ ဟောဒီ အိတ်တွေမှာ သံလောက်စာလုံးတွေ အပြည့်ပဲ။ ပြီးတော့ ခင်ဗျားတို့ရဲ့ ဘယ်ညာကို လှည့်ကြည့်လိုက်စမ်းဗျာ"

"ဟင်"

"ဟာ"

"ဝက်. . . ဝက်ကြီးတို့"



www.burmeseclassic.com

www.burmeseclassic.com



"မြင်တဲ့အတိုင်းပဲလေ၊ ဝက်ကြီးတို့အဖွဲ့ကလည်း ခင်ဗျားတို့လူသိုက်ကို လောက်လေးခွတွေနဲ့ ကြိုဆိုနေကြတာ မြင်တဲ့အတိုင်းပဲ"

"ဟင်- ဝက်. . . ဝက်ကြီး၊ မင်းကွာ"

"ပါးစပ်ပိတ်ထားပါ ကိုကြီးကျော်ခင်ရာ၊ ဝက်ကြီးလက်က နှာခေါင်းဆိုနှာခေါင်း၊ နဖူးဆိုနဖူး၊ နားရွက်ဆို နားရွက်ဗျ"

"အင်"

"ပြဿနာပဲ"

ခြံပတ်ပတ်လည် ချုံကြားမှ အလျှိုလျှို ထွက်လာကြသော ဝက်ကြီးတို့လူသိုက်ကို မြင်ရသောအခါ ကိုကျော်ခင်ရော မားထွန်းခိုင်တို့ ညီအစ်ကိုနှစ်ယောက်ပါ အကြီးအကျယ် သွေးကြောင် ချောက်ချားသွားကြ၏။ ဝက်ကြီးတို့ ချာတိတ်တစ်သိုက်ကလည်း လောက်လေးခွထဲ လောက်စာလုံးအသင့်ထည့်ကာ ကျော်ခင်တို့လူသိုက်ကို ချိန်ရွယ်ထား၏။

ကျော်ခင်တို့လူသိုက် တုတ်တုတ်မလှုပ်ရဲ။ အားလုံးကလည်း ရွှေကိုအချက်ပေးလိုက်သည်နှင့် ပစ်ခတ်ကြတော့မည့်ပုံ။ အားလုံး အသင့်အနေအထား ယူထားကြ၏။ ထိုမြင်ကွင်းကြောင့် ဘီလူးသဘက် မျက်နှာကြီးလိုတင်းမာနီရဲနေသော ကိုကျော်ခင်ခမျာ မျက်နှာကြီး ဖြူဖတ်ဖြူရော် ဖြစ်သွား၏။ မားထွန်းခိုင်တို့ ညီအစ်ကိုနှစ်ဦးမှာလည်း လောက်လေးခွများကိုကြည့်ရင်း ဒူးတွေ ဆတ်ဆတ်ခါနေ၏။

လောက်လေးခွ၏တန်ဖိုးက ကြီးပေစွ။ မားကိုင်၊ တုတ်ကိုင်ထားသော လူမိုက်ကြီး မဆိုထားဘိ။ မမြင်ရသော အစိမ်းသရဲများပင် လောက်လေးခွသံကြားလျှင် ဝေးဝေးက ရှောင်ရှားကြရ၏။ မားက ပေသုံးဆယ်လောက်အကွာတွင်ရှိသော ရန်သူကို တိုက်ခိုက်၍ မရ။ လောက်လေးခွကတော့ ပေတစ်ရာလောက်ရှိသည့် ပစ်မှတ်ကိုလည်း ဖောင်းခနဲ ထောင်းခနဲ မြည်အောင် ပစ်ခတ်နိုင်လေ၏။

ယခုလည်း လောက်လေးခွအဖွဲ့ကို ကြည့်ရင်း သုံးယောက်စလုံးကယောင်ချောက်ချား ဖြစ်နေကြ၏။ ထိုစဉ် ရှေ့ဆုံးမှ တောင့်တောင့်ကြီးစုံရပ်နေသော ကိုကျော်ခင်ထံမှ စကားသံ ထွက်လာ၏။

"ရွှေ. . . ရွှေကိုရာ၊ ငါ. . . ငါတို့က တစ်ရပ်ထဲသားတွေပဲကွာ။ ဟဲဟဲ ဟင်းဟင်း၊ ဟို ငါ. . . ငါ ဒီကိုလာတာ ရန်ဖြစ်ဖို့ မ. . . မဟုတ်ပါဘူးကွာ"

"ဒါဆို ဘာလာလုပ်တာလဲဗျ"

"ဟို. . . ဟို၊ ငါလာတာ အေးအေးဆေးဆေး ပြောစရာရှိလို့ပါကွ"

"ဒါဆို ဝင်လာခဲ့လေ"

"မ. . . မဝင်တော့ပါဘူးကွာ၊ ဟို. . . ဟို ခင်မှုန်. . . ခင်မှုန်များရှိသလားလို့ လာမေးတာပါကွာ"

"မရှိဘူး"





"ဟင်- မရှိဘူးတဲ့ကွ"

"ဒါ. . . ဒါဆိုလည်း ပြန်ကြတာပေါ့ဗျာ"

မားထွန်းခိုင်တစ်ယောက် အကြီးအကျယ် ချောက်ချားနေပြီ ဖြစ်၏။ ရွှေကို၏လက်ကို သူ ယုံပြီးသား။ မျက်စိဆို မျက်စိ၊ နှာခေါင်းဆို နှာခေါင်း။ ကိုယ့်ဘက် တင်းလိုက်သည်နှင့် လောက်စာလုံးတွေ တဖြောဖြော ဝင်လာမှာကျိန်းသေ။ ထို့ကြောင့်လည်း မရှိဘူး ဆိုသည်နှင့် ပြန်မယ်တတဲကဲလုပ်နေ၏။

ကျော်ခင်ကလည်း လှည့်ပြန်ချင်တာမှ တစ်ပိုင်းသေနေပြီမို့ မရှိဘူးဆိုသည်နှင့် အိမ်ဝိုင်းထိပ်မှ ဆတ်ခနဲ လှည့်ပြန်သွားကြလေတော့၏။ ထိုအခါ ဝက်ကြီးတို့လူစု၏ လက်ခုပ်လက်ဝါးတီးသံများ၊ ရယ်မောသံများပေါ်လာလေ၏။

တစ်ရွာလုံး ခွရွှေကိုကို လက်ခုပ်လက်ဝါးတီး၍ ဩဘာပေးလိုက်ကြ၏။ တစ်ချိန်က ဦးကျောက်ကြီးတို့ သားအဖကို တစ်ရွာလုံး ဖိန့်ဖိန့်တုန်အောင် ကြောက်ခဲ့ကြ၏။ အမှန်မတော့ သူတို့သားအဖက မားပြ တုတ်ပြလုပ်ပြီး လေနှင့် ရိုက်စားနေခြင်းပင် ဖြစ်လေ၏။

ယခုတော့ ခွရွှေကိုတို့လူစုနှင့် ထိပ်တိုက်ကြုံသောအခါ ဦးကျိုးသွားလေတော့၏။ ကိုကျော်ခင်ခမျာမှာလည်း ငါးမရသည့် ဗျိုင်းအိုကြီးလိုခေါင်းကြီးငိုက်စိုက်နှင့် ပြန်လှည့်လာ၏။ တစ်ဖက်တစ်ချက်ရှိ အိမ်များကိုမျက်လုံးတောင် ဝေ့မကြည့်ရဲ။

သူ့အဖြစ်က ပါးစပ်နားရောက်ခါနီးမုန့် အပုတ်ချခံလိုက်ရသလိုပင်။ အခံရအခက်ကြီး ခက်စွာနှင့် မိဘနှစ်ပါးကိုခေါ် အိမ်သို့ ပြန်လှည့်ခဲ့ရလေတော့၏။

ဦးကျောက်ကြီးတို့ သားအဖခမျာမှာလည်း အိမ်ဝိုင်းထဲ ရောက်သည်နှင့် တန်းလျားပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

ထိုအချိန်တွင် အရိုးမြုပုတ်ထဲ ပုန်းအောင်းနေသော ခင်မှုန်တစ်ယောက် နောက်ဘက်စည်းရိုးမှ ပတ်ကာ သူတို့အိမ်ဝိုင်းထဲသို့ ဘေးပေါက်မှ ဝင်လာ၏။ သူ့ကိုမြင်တော့ ဦးကျောက်ကြီး မျက်လုံးပြူးနေ၏။

"ဟင်- မိ. . . မိခင်မှုန်"

"ဘာတုံး"

"နင်. . . နင်၊ ဘယ်. . . ဘယ်လျှောက်သွားနေသတုံး ပြော. . . ပြောစမ်း။ ဒီ. . . ဒီမှာ ဘာတွေဖြစ်ကုန်ပြီလဲ သိလား"

"ကျုပ် ဘယ်မှ မသွားပါဘူး အဘရယ်၊ အရိုးမြုပုတ်ထဲမှာ သွားအိပ်နေတာပါ"

"ဘာ- ပုတ်ထဲသွားအိပ်နေတယ်။ ခင်မှုန် မိခင်မှုန်၊ နင်. . . နင်တော့ ငါ အသေသတ်လိုက်ရရင်။ ဟာကွာ. . . ဖအေကို အိုးမဲသုတ်တဲ့သမီး"



www.burmeseclassic.com

www.burmeseclassic.com

"အဘကလည်း ဘယ်လိုဖြစ်တာတုံး၊ သမီးဘာသာသမီး ပုတ်ထဲသွားတာ အဘမျက်နှာကို ဘယ်လို အိုးမဲသုတ်မှာလဲလို့။ ပြီးတော့ သကြံန်လည်း မကျသေးပါဘူး"

"ဘာ- နှင်. . . နှင် ယီးတီးယားတားနဲ့ သေတော့မယ် ခွေးမ"

ခင်မှုန်တစ်ယောက် သူတို့ကို ပြုံးစိစိ လှမ်းကြည့်ရင်း အိမ်ပေါ်သို့ လွှားခနဲ ပြေးတက်သွားလေ၏။

ဦးကျောက်ကြီးတို့လူသိုက်မှာ ကြိတ်မနိုင်ခဲမရ ဖြစ်နေကြ၏။ ခင်မှုန်ကို မြင်လိုက်သဖြင့် ဒေါသမီးဟုန်းဟုန်း တောက်နေသူက ဓားထွန်းခိုင်လက်ထဲကဓားကို စားပွဲပေါ်သို့ ဒေါက်ခနဲ စိုက်ပစ်လိုက်၏။

"အဘ"

"ဟေလကွာ"

"ခင်မှုန်ကို ကြီးမြခဲတို့ဆီ ပို့လိုက်တော့ဗျာ"

"အေး၊ မနက်ဖြန် မိုးလင်းတာနဲ့ ငါ သူ့ကို ခေါ်သွားမယ်"

"ဟုတ်တယ် ပို့ပစ်လိုက်ဗျာ၊ ကြာရင် ကျုပ်တို့လက်နဲ့ ဒင်းသေလိမ့်မယ်"

"ဟုတ်တယ်၊ အဘ မြန်မြန်သာ ပို့လိုက်ဗျာ။ ဟိုကျမှ ကိုကြီးကျော်ခင်ခေါ်ပြီး ပေးစားလိုက်ဗျာ။ ခွေးရွှေကိုယ်ဆိုတဲ့ကောင်ရဲ့ရန် အဲဒီကျ အေးမယ်"

"ဟုတ်တယ်ကွ"

သားအဖသုံးယောက်စလုံး ခင်မှုန်ကို မြို့ရှိ ကြီးတော်ဖြစ်သူ ကြီးမြခဲထံပို့ရန် ဆုံးဖြတ်လိုက်ကြ၏။ ထိုအချိန်မှစပြီး ဓားထွန်းခိုင်တို့လူသိုက်လည်း ရွာထဲတွင် ကုပ်ချောင်းတုပ်ချောင်း ဖြစ်သွားကြလေ၏။

ဦးကျောက်ကြီးမှာ တစ်နည်းမရတော့ တစ်နည်းကိုလှည့်ကြံကာ ခင်မှုန်ကို မြို့သို့ အတင်း ခေါ်၍သွားလေတော့၏။ ခင်မှုန်ခမျာ မျက်ရည်လေး တစမ်းစမ်း။ သူ့ရင်ထဲ ရွှေကိုမှရွှေကို၊ ရွှေကိုမှလွဲ၍ ဘယ်သူ့ကိုမှ မချစ်နိုင်။

ထို့ကြောင့်လည်း ဖခင်ကြီးအလစ်တွင် မိထူ အကူအညီနှင့် ရွှေကိုထံသို့ စာပေးလိုက်လေ၏။ မိထူသည် ပုန်းလျှိုးကွယ်လျှိုးနှင့် ဖေတိုးလက်ထဲကို စာမရောက်ရောက်အောင် ထည့်ခဲ့၏။

မိထူ၏စာကို ရသည်နှင့် ဖေတိုး အထိတ်တလန့် ဖြစ်သွားကာ စာကို ဖတ်ကြည့်လိုက်၏။ စာထဲတွင် ခင်မှုန်က သူ့အခြေအနေကို ရေးထား၏။ ထို့ပြင် သူသွားရမည့် လိပ်စာကိုပါ ရေးထား၏။

ခင်မှုန်၏ အခြေအနေကို သိလိုက်ရသဖြင့် ဖေတိုး စိတ်မကောင်း ဖြစ်သွား၏။ ထိုစဉ် သူ့ဘေးသို့ မောင်လုံး ရောက်လာ၏။

"ကိုရွှေကို၊ ဘယ်ကစာလဲဗျ"

"ခင်မှုန်ဆီက စာလေ၊ ခင်မှုန်ကို မြို့ဘက် ခေါ်သွားကြပြီဗျ"





"ဟင်- ဒါ. . . ဒါဆို ဘယ်လိုလုပ်ကြမလဲ"

"ခက်တယ် မောင်လုံး၊ ကျုပ် ခင်မှုန်ကို အရမ်းချစ်တယ်ဗျာ"

"ဟာ- ချစ်ရင်လိုက်ပေါ့ကွာ"

"မဟုတ်ဘူး၊ ခင်ဗျား မသိဘူးဗျာ။ တကယ်တော့ ကျုပ် တစ်အိမ့်လုံးကို ဖွင့်ပြောပြီးပြီဗျ။ ကျုပ်နာမည် ဖေတိုး၊ ကျုပ် ရန်ကုန်က ကုမ္ပဏီမှာ အလုပ်လုပ်နေတဲ့သူဗျ"

"ဟာ- ခင်ဗျားကလည်းဗျာ၊ ဖေတိုးဖြစ်ဖြစ် ရွှေကိုဖြစ်ဖြစ် ခင်မှုန်ကို ချစ်တယ် မဟုတ်လား"

"ချစ်. . . ချစ်တော့ ချစ်ပါတယ်ကွာ၊ ဒါပေမယ့် ငါက ခင်မှုန့်အချစ်ကို မညာချင်ဘူးကွာ"

"အိုဗျာ၊ အဲဒါတွေ ကျုပ် နားမလည်ဘူး။ ခင်ဗျားဟာ ရွှေကိုဖြစ်ဖြစ်၊ ဖေတိုးဖြစ်ဖြစ် ကျုပ်ကတော့ ခင်မှုန်နဲ့ သဘောတူသဗျာ"

"ခက်ပါ့ကွာ၊ မင်း မသိပါဘူး မောင်လုံးရာ။ အရီးညိုတို့ကလည်း ငါ့ကို ရွှေကိုပဲ မှတ်နေကြတာကွ၊ ငါ့ကိုယ်ငါ လိပ်ပြာမလုံဘူး ဖြစ်နေတယ်ကွာ"

"ရော- ခက်ပါ့ ကိုရွှေကိုရာ၊ ခင်ဗျားဟာ ကိုရွှေကို မဟုတ်ဘူးဘဲထား။ ခင်ဗျား အရီးညိုတို့ မညာဘူး၊ မလိမ်ဘူး။ ခင်ဗျား အမှန်အတိုင်း ပြောပြီးပြီပဲဗျာ၊ ဒါကို သူတို့က ယုံတာပဲလေ။ ခင်ဗျားမှာ အပြစ်မရှိပါဘူးဗျ။ ပြီးတော့ ခင်ဗျားဟာ ကိုဖေတိုးဖြစ်လည်း ကျုပ်ကတော့ ခင်ဗျားကို ယုံတယ်။ ဟို- ကိုရွှေကိုက ခင်ဗျားလိုပဲ ဘာလုပ်လုပ် ဇွတ်တရွတ်ဗျ၊ ထင်ရာမြင်ရာ စွတ်လုပ်တာ၊ ပြီးတော့ ကြောက်စိတ်လည်း တစ်စက်ကလေး မရှိဘူး။ ခင်ဗျားလိုပဲ မညာဘူး မလိမ်ဘူးဗျ၊ လူဖြောင့်ကြီးဗျ။ ကျုပ်မျက်စိထဲတော့ ကိုရွှေကိုဟာ ကိုဖေတိုးပါပဲ၊ ကိုဖေတိုးဟာလည်း ကိုရွှေကိုပါပဲဗျာ။ ဘာမှ ပြောမနေပါနဲ့"

"ခက်ပါတယ်ကွာ"

ဖေတိုးတစ်ယောက် အမှန်တရားကို မကွယ်ဝှက်တမ်း စဉ်းစားမိသောအခါ ရင်ထဲ နုံးနုံးခွေခွေကြီး ဖြစ်သွား၏။

သူ မညာချင်၊ ဘယ်သူ့ကိုမှလည်း မလိမ်ဘူး၊ မညာဘူးခဲ့။ ယခုတော့ သူ မလိမ်ဘူး၊ မညာဘူး ဆိုကာမှ အတင်း ညာခိုင်းလိမ်ခိုင်းနေကြသဖြင့် ဖေတိုးတစ်ယောက် အမယ်ဘုတ်ချည်ခင် ဖြစ်နေရ၏။

ဘယ်ကအစဆွဲထုတ်ရမှန်း မသိတော့။ ထို့ပြင် ခင်မှုန်နှင့် တရင်းတနှီး ပြောဆိုလာသည့်အခါ သူ့ရင်တွေ ဖြောင်းဆန်ခဲ့ရ၏။ တောရိုင်းပန်းကလေးပေမယ့် နှင်းရီရီနှယ် လှချင်တိုင်း လှနေသော မိန်းမချောလေး။

ခင်မှုန်နှင့် ပူးပူးကပ်ကပ် နေခဲ့ရသောအခါ ပို၍ ခံစားမိခဲ့၏။ ခင်မှုန်ကို သူ မေ့၍မရ။ အိပ်လည်း ခင်မှုန်၊ စားလည်း ခင်မှုန်၊ သွားလည်း ခင်မှုန်နှင့် ရင်ထဲ အသက်ရှူသံပင် ခင်မှုန် ဖြစ်နေ၍ သူ့ကိုယ်သူ အံ့ဩ



www.burmeseclassic.com

www.burmeseclassic.com



ကြီး အုံ့ညြနေရ၏။

သို့သော် သူများ ချစ်သူရည်းစားကို လိမ်ညာပြီး အချစ်လုယူရမှာကိုတော့ ဖေတိုး မလုပ်ရဲ။ ဖေတိုးစိတ်ထဲ လိပ်ပြာမသန့်ချင်။

ထို့ကြောင့်လည်း သူ့ခေါင်းထဲ ချိတုံချတုံ ခံစားနေရ၏။ ဖန်တီးလာသည့် ကံကြမ္မာကို သူ နားမလည်နိုင်တော့။ ထိုအချိန်တွင် အရီးညိုတို့ကလည်း အမွေပစ္စည်းများကို အပ်၍ ရွာပြန်မည်ပဲ တကဲကဲ လုပ်နေသဖြင့် စိတ်ထဲ ရှုပ်ထွေးနောက်ကျိနေမိ၏။

အရီးညိုကလည်း အထုပ်တပြင်ပြင် လုပ်နေ၏။ ဖေတိုး ဘာပြောလို့ ပြောရမှန်း မသိ။ သူ့ကို ရွှေကို ဟူ၍သာ တွင်တွင်ကြီး ယုံစားနေလေတော့၏။

"ခက်တယ် အရီးညိုရယ်၊ ကျွန်တော် ရွှေကို မဟုတ်ပါဘူး ပြောလည်း အရီးညို မယုံဘူး။ ဘယ်လိုပြောရမှန်းတောင် မသိဘူးဗျာ"

"အို- မင်း မဟုတ်တာတွေ မပြောစမ်းပါနဲ့ကွယ်၊ အရီးညိုမှာလည်း နောက်ဆံတငင်ငင်။ ကဲ- ဒီတစ်ခါတော့ မင်း တောရှောင်တောင်ရှောင် မလုပ်လေနဲ့၊ ရော့- ဟောဒီမှာ ယာရောင်းရတဲ့ ငွေအားလုံး ခုနစ်သိန်းခွဲ၊ ယာငါးကွက်က ခုထိ လုပ်နေဆဲ၊ ဟောဒါ မဲနှမ်းရောင်းရငွေ ငါးသိန်း၊ မင်းကြိုက်သလို လုပ်ပေတော့၊ ဒါ မင်းမိဘတွေရဲ့ အမွေတွေပဲ"

"ဗျာ"

သူ့ရှေ့ အတင်းထိုးပေးလာသော ငွေပုံကြီးကိုကြည့်ကာ ဖေတိုး ကြောင်စီစီ ဖြစ်နေ၏။ သူ့တစ်သက် ယခုလောက်များလှသည့်ငွေကို မမြင်ဘူးခဲ့။ သို့သော် သူ လက်ဖျားနဲ့ပင် မတို့ရဲ။

သူ့ဗီဇ တစ်ပြားက နှစ်ပြားခွာချင်သည့် ကပ်စေးနှဲဗီဇ ရှိသော်လည်း သူများ ဥစ္စာပစ္စည်းကိုတော့ စိုးစိမျှ လောဘမတက်။ ထို့ကြောင့်လည်း တွန့်တွန့်ဆုတ်ဆုတ်နှင့် ပြောလိုက်၏။

"ကဲ- မရီးညိုကလည်း ရွာပြန်ချင်တယ်ဆို ကျွန်တော်ကလည်း ပိုက်ဆံကို ကိုယ့်ပိုက်ဆံ မဟုတ်တော့ မယူချင်ဘူး။ ဒီတော့ လောလောဆယ် ဟောဒီပိုက်ဆံတွေကို ရွာဦးကျောင်းက ဆရာတော်ဆီမှာ အပ်ထားလိုက်ဗျာ။ ရွှေကိုအစစ် ပြန်လာရင် သူလုပ်ချင်တာ လုပ်ပါစေ"

"ဟင်- ဘယ်လိုလဲ မောင်ရွှေကိုရယ်၊ အရီးညိုတော့ နားကိုမလည်တော့ဘူး"

"ဟုတ်ပ အရီးညို... ကိုလေးရွှေကိုရယ်၊ ကိုလေးစကားတွေကလည်း ဘာတွေမှန်းလဲ မသိဘူး။ မြဖူးတောင် ရူးချင်လာပြီ"

"ဟုတ်တယ် မြဖူး၊ အစ်ကို မညာချင်ဘူးကွာ။ ဒါပေမယ့် တစ်ရွာလုံးက ငါ့ကို ရွှေကိုလို့ ယုံနေတော့ ခက်တယ်။ ဒီတော့ ဟောဒီ ပိုက်ဆံတွေကို ကျွန်တော် ပြောသလို ဆရာတော်ဆီမှာပဲ အပ်ထားလိုက်ပါ အရီးညို၊ ကျွန်တော် စိတ်သန့်သန့်နဲ့ နေပါရစေဗျာ။ တစ်ခုတော့ရှိတယ်၊ အရီးညိုတို့





ပြန်မယ်ဆိုလည်း ကျွန်တော် ရွာမှာ မနေချင်တော့ဘူး"

"ဟင်- မင်း ဘယ်သွားမလို့လဲ"

"ကျွန်တော့်အဖေ ရှိတယ်၊ အဖေ့ဆီ ကျွန်တော် ပြန်မယ်ဗျာ"

"ဘာ- နင့်အဖေ သောင်းရွှေ သေပြီလေ"

"ဗျာ- ဟာမဟုတ်တာဗျာ၊ မသေပါဘူး အရီးညိုရယ်။ ကျွန်တော့် အဖေနာမည်က ဦးချမ်းသာဗျ။ ရွှေစက်တော် အနောက်ဘက်ရွာမှာ ရှိတယ်"

"အို- မဟုတ်တာတွေကွယ်"

"ဟာ- တကယ်ပြောတာဗျ"

"တော်ပါတော့ကွယ်၊ အဲဒီလောက် စိတ်ကူးမယဉ်ချင်စမ်းပါနဲ့ကွယ်။ အရီးညိုကတော့ မင်းမိဘ အမွေပစ္စည်းတွေကို ထိန်းထားရတာ ခေါင်းလေးလှသကွယ်။ ဒီတော့ မင်း သုံးဖြုတ်ချင်သလို သုံးဖြုတ်ပေတော့။ အရီးညိုတို့ ဒီအပတ်ထဲ ရွာပြန်ဦးမယ်"

အရီးညိုကို တားမြဲ မရတော့။ ထိုသို့ ပြောဆိုပြီး တစ်ပတ်ခန့်အကြာတွင် အရီးညိုတို့သားအမိ သူတို့ရွာသို့ ပြန်သွားလေတော့၏။ ဖေတိုးတစ်ယောက် ဘာကို သုံးဖြုတ်ရမှန်းပင် မသိ။ အရီးညိုအပ်ခဲ့သည့် ငွေတွေအားလုံးကို ဆရာတော်ဘုရားထံ အပ်ပစ်လိုက်၏။

မောင်လုံးတစ်ယောက် အကြီးအကျယ် အုံ့ညြနေ၏။ စိတ်ထဲလည်း ဇဝေဇဝါ ဖြစ်နေ၏။

"ကိုရွှေကို ခင်ဗျားဟာ ဘယ်လိုဖြစ်တာလဲဗျာ၊ ကျုပ်တော့ စဉ်းစားလို့ကို မရတော့ဘူး။ ခင်မှုန်ကြောင့် ခင်ဗျား ရူးများသွားပြီလား ကိုရွှေကို"

"ဟုတ်တယ် မောင်လုံး၊ ငါ ရူးသွားတာကမှ ကောင်းဦးမယ်ကွာ။ မင်းကို ခင်မှုန်နဲ့ ပတ်သက်ပြီး အမှန်အတိုင်း ပြောမယ်ကွာ၊ ငါ ခင်မှုန်ကို တကယ် ချစ်သွားမိတယ်။ ဒါပေမယ့် ခင်မှုန်က ငါ့ကို ရွှေကိုလို့ ထင်နေတယ်၊ တကယ်လို့ ဖေတိုးဆိုရင် ငါ့ကို ချစ်ပါ့မလား။ ငါ ခင်မှုန့်ကို အရမ်းချစ်မိပေမယ့် သူ့အချစ်ကို ငါ ညာမယူချင်ဘူးကွာ"

"ဟာဗျာ၊ ကျုပ်တော့ ချာချာလည်နေပြီဗျာ။ ဘာမှကို မစဉ်းစားတတ်တော့ဘူးဗျာ၊ ဒါဆို ခင်ဗျား ဘာဆက်လုပ်မလဲ ပြောပါဦး"

"ငါလား"

"ဟုတ်တယ်လေ၊ ခင်ဗျား တစ်ခုခုတော့ ဆုံးဖြတ်သင့်တာပေါ့ဗျာ။ အဲ- ခင်ဗျား ခင်ဗျားရွာကို ပြန်မယ်ဆိုရင် ကျုပ်လည်း လိုက်မယ်ဗျာ။ ဘယ်လိုတုံး၊ ခင်ဗျား ကျုပ်ကို ခေါ်နိုင်ပါ့မလား"

"ဟင်- မင်းကလည်းကွာ၊ ငါ့မှာ စားဖို့တောင် အနိုင်နိုင်ကွ"

"ဗျာ၊ စားဖို့တောင် အနိုင်နိုင်။ ဟာဗျာ၊ ကျုပ် ခင်ဗျားကို ဘယ်လို နားလည်ရမှန်းတောင် မသိဘူးဗျာ"

"ငါ့ကို နားလည်အောင် မကြိုးစားစမ်းပါနဲ့ကွာ၊ ပြောရရင် ငါ့ကိုယ်ငါ



www.burmeseclassic.com

www.burmeseclassic.com



တောင် နားမလည်နိုင်တော့ဘူး"

"ဗုဒ္ဓေါ"

ဖေတိုး၏ စကားကြောင့် မောင်လုံးလည်း ချာချာလည်နေ၏။ ထိုသော် ဖေတိုးကို မောင်လုံး ခင်တွယ်နေပြီမို့ ဖေတိုးသွားရာ လိုက်တော့မည်ဟု ဆုံးဖြတ်လိုက်လေ၏။

"အိုကွာ၊ မင်းကိုယ်မင်း မသဒ္ဓါပေမယ့် ငါ့ကို သဒ္ဓါလိမ့်မယ်လို့ ငါထင်သကွာ"

"ဟာ- မောင်လုံးရာ၊ ခင်ဗျားစကားက အတော့်ကို အူကြောင်ကြောင်နိုင်တာပဲဗျာ။ ကျုပ်ပြောပြီးပြီနော်၊ ခင်ဗျား လိုက်ချင်လိုက် ကျုပ်က နေရာတကာမှာ တအား ကပ်စေးနဲ့တဲ့လူ။ တော်ကြာ၊ ကျုပ်ကို တွန့်တိုတယ်တော့ မဆိုနဲ့ဗျာ"

"အိုကွာ၊ ငါ ဒီမှာ တစ်ယောက်တည်း မနေချင်ဘူးကွာ။ မင်းမခေါ်လည်း လိုက်မယ်"

"ကောင်းပြီ၊ ဒါဆိုလည်း လိုက်ခဲ့ပေတော့"

"ဒါဆို ခင်မှုန့်ကိစ္စ ဘယ်လိုလုပ်မလဲ"

"မပြောတတ်ဘူး၊ ကျုပ် ဘာမှ မစဉ်းစားတတ်တော့ဘူး။ ကိုင်း-ဒါဆို ကျုပ်တို့ မနက်ဖြန် သွားကြရအောင်"

"သွားလေ"

နောက်ဆုံးတော့ သူတို့နှစ်ဦး ထင်ရာမြင်ရာ ပြောဆိုကြရင်း အူချာဆုံးဖြတ်ချက်ချလိုက်ကြလေ၏။ ထိုအချိန်တွင် တစ်ယောက်တည်း အူငေါ်အူချာ ဖြစ်နေသူမှာ မုဆိုးဖိုကြီး ဦးကျော်ခင် ဖြစ်လေ၏။ ခင်မှုန့်တစ်ယောက် မြို့ရောက်သွားပြီ ဆိုသဖြင့် ရွှေကိုနှင့် ပတ်သက်ပြီး ရင်တစ်ဝင်အေးရပြီ ဖြစ်သော်လည်း လုံးလုံး စိတ်မချရသေး။

ခွရွှေကိုကို သူ မယုံရဲ။ ထင်ရာမြင်ရာ စွတ်စွတ်လုပ်တတ်သဖြင့် ကိုကျော်ခင် ချောက်ချားနေ၏။ ရလာသည့် အခွင့်အရေးကိုလည်း လက်လွှတ်မခံလို။ ထို့ကြောင့်လည်း ဦးကျောက်ကြီးတို့ သားအဖနှင့် အမြန်ဆုံး နဖူးတိုက် ဒူးတိုက် ဆွေးနွေးလို၏။

သူ ဘာလုပ်ရမလဲ ဆိုသည်ကို မဆုံးဖြတ်တတ်။ သို့သော် ခင်မှုန့်ကို သူ တစ်ယောက်တည်းသာ ပိုင်ဆိုင်လို၏။ သူကလွဲပြီး ဘယ်သူ ပိုင်ဆိုင်သည်ကိုမှ မကြည့်လို။ နောက်ဆုံး ခင်မှုန့်နှင့် နီးနိုင်သမျှနီးရန် အကြံဉာဏ်ထုတ်ရင်း ဦးကျောက်ကြီးတို့သားအဖဆီ ကုပ်ချောင်းချောင်းနှင့် ထွက်လာလေတော့၏။

* * *

* ငယ်ဘဝကိုဖြင့်
တကယ်ရရင်ပ လိုချင်တယ်. . .

* ဒုက္ခသောက ဒေါမနဿတွေက
အဟောဝတ ကင်းပါဘိ
အဖော်တစ်သင်းနဲ့ တလည်လည်. . .

* မိဘရဲ့ အေးရိပ်ဝယ်
ကြည်နူးဖွယ် ကာလများ. . .

* စားစားသွားသွား
နားနားနေနေ
ကြိုးထွေထွေ ရှင်းပါရဲ့
လင်းပတဲ့ ငယ်ကာလကို
တကယ်ရရင် တကယ် လိုချင်စမ်းပါဘိ
(ကွယ်) လွမ်းရိပ်တွေကြား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဖေတိုး ရွာထဲရောက်လာသည်နှင့် ဆွေမျိုးသားချင်းတွေ အားလုံးက ပြုံးပြုံးရွှင်ရွှင်နှင့် နှုတ်ဆက်ကြ၏။ ဖေတိုး ရွာမပြန်သည်မှာ လေးငါး ခြောက်နှစ်ခန့်ရှိပြီ ဖြစ်လေ၏။ ဖခင်ကြီး အိမ်ထောင်ပြုသွားပြီဆိုတာ သိကတည်းက ရွာမပြန်ချင်တော့။

တစ်ရွာလုံးက ဖေတိုးကို ဝမ်းသာအားရ ကြိုဆိုနေသဖြင့် ဖေတိုး ငယ်ဘဝလေးကို ပြန်၍ ကြည်နူးခဲ့ရလေ၏။ မောင်လုံးမှာ တစ်ရွာလုံးက ဖေတိုး၊ ဖေတိုးနှင့် ခေါ်နေကြသဖြင့် ပါးစပ်အဟောင်းသား ဖြစ်နေ၏။ သူ ရွှေကိုဟု အယုံကြီးယုံခဲ့သောလူမှာ ဖေတိုး ဖြစ်နေ၍ အကြီးအကျယ် အံ့သြနေလေ၏။

ဖေတိုးသည် သူ့ဇာတိရွာကလေးကို ကြည့်ရင်း ကြည်နူးနေ၏။ ဘာမှ အပြောင်းအလဲ မရှိသေးသော ရွာကလေး။ ထနောင်းပင်၊ သရက် ပင်များကြား နစ်မြုပ်နေသော သူတို့ရွာကလေး။ တဲကလေးတွေ အစီအရီ နှင့် နှင်းငွေ့မှုန်မှုန်ကြား ဝိုးတဝါး မြင်နေရသည်မှာ ပန်းချီကားလေးတစ် ချပ်ကို ကြည့်နေရသလိုပင်။

ရွာလယ်လမ်းမအတိုင်း လျှောက်ခဲ့ရာ မကြာမီ ဖခင် ဦးချမ်းသာ အိမ်ဝိုင်းဆီသို့ ရောက်ရှိလာလေ၏။

"အဘ. . . ဗျို့- အဘ၊ အဘ မရှိဘူးလား"

"ဟေ- ဘယ်သူတုံးကွ"

"ကျုပ်. . . ကျုပ်လေ၊ ဖေတိုးလေ"

"ဟာ- ဖေတိုး လူလေး"

နွားစာစဉ်းနေသော ဦးချမ်းသာတစ်ယောက် ဖေတိုး၏အသံ ကြား လိုက်ရသဖြင့် ကောက်ရိုးစည်းကို ပစ်ချကာ တဲကြီးဘေးမှ ထွက်လာ၏။ မျက်နှာသုတ်ပဝါ ညစ်ညစ်ကို ခေါင်းပတ်ထားသော ဖခင်ကြီး။ အရွယ်က





လည်း အတော့်ကို အိုမင်းသွားပြီ ဖြစ်လေ၏။

"အဘ၊ ကျုပ် ဖေတိုးလေ"

"လူကလေးရာ၊ အဘဖြင့် အံ့သြလိုက်သကွာ။ အဘ ထင်တောင် မထင်ဘူး၊ လူကလေးက မြို့သားကြီးလုံးလုံး ဖြစ်နေပါပကော။ ဟဲ့- ဟို ညွှန်သည်ပါခေါ်လေ"

"လာ မောင်လုံး၊ ဒါ ကျုပ်အဘဗျ။ ဦးချမ်းသာတဲ့"

"ဟုတ်လား"

ဦးချမ်းသာတစ်ယောက် သားဖြစ်သူ ရောက်လာသဖြင့် အကြီး အကျယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။ သူတို့သုံးဦး အိမ်ရှေ့တန်းလျား တွင် ထိုင်လိုက်သည်နှင့် အိမ်ပေါ်မှ အမျိုးသမီးကြီးတစ်ယောက် ဆင်းလာ ၏။

အရွယ်က ဖခင်ဖြစ်သူထက် တစ်နှစ်၊ နှစ်နှစ်ခန့် ငယ်ပုံရ၏။ မျက်နှာထူထူ၊ အရပ်မြင့်မြင့်မားမားနှင့် မထိတရီအသွင် ရှိ၏။ သူ့ကို စူးစူးရဲရဲကြည့်ရင်း မေးလာ၏။

"ဒါ အစ်ကိုကြီးသားလား"

"ဟုတ်တယ်၊ ဒါ ငါ့သား ဖေတိုးလေ အေးမရဲ့။ သား၊ ဒါ အဖေ့ နောက်မယား အေးမလေ"

"မင်းတို့က ဒီမှာ နေမှာလား"

"ဗျာ၊ ဘာဖြစ်လို့လဲ။ ဒါ ကျုပ်အဖေအိမ်လေ၊ ကျုပ် ပြန်လာလို့ မရဘူးလား"

"ဟာ- လူလေးကလည်းကွာ၊ မဟုတ်တာတွေ မပြောစမ်းပါနဲ့။ အေးမ၊ တော်တော့ဟာ နင်ကလည်း လာလာချင်း ဘယ်လို မေးလိုက်တာ လဲ"

"ဩော်- ချက်ရပြုတ်ရဦးမယ်လေ၊ အိမ်မှာ လူတိုးလာရင် ဆန်က အစ ဖြည့်ဝယ်ရပြီ မဟုတ်လား"

"ကဲ- သွားစမ်းပါဟာ၊ နင်လုပ်စရာရှိတာလုပ်"

ရောက်ရောက်ချင်း ဆောက်နဲ့ထွင်း ဆိုသလို မိထွေးဖြစ်သူ ဒေါ် အေးမ၏ ကြမ်းရှရှ စကားသံ ကြားလိုက်ရသဖြင့် ဖေတိုး အောင့်သီးအောင့် သက် ဖြစ်သွား၏။ သို့သော် ဖခင်ကြီးမျက်နှာ ရှိနေသေးသဖြင့် စိတ်ကို မနည်းကြီး ထိန်းချုပ်ထားလိုက်ရ၏။

"လူကလေးတို့ အနားယူကြဦးလေ၊ တစ်အောင့်လောက်ကြာမှ ရေချိုးကြပေါ့။ အဘ နွားစာစဉ်းလက်စ စဉ်းလိုက်ဦးမယ်"

"ရပါတယ် အဘရာ၊ ကျုပ်လုပ်ပါ့မယ်"

"အို- ဘယ်ဖြစ်မှာလဲကွ၊ မင်းက မြို့သားကြီး ဖြစ်နေပြီဆိုတော့ နွားစာ ဘယ်စဉ်းတတ်တော့မလဲ"

"သား မမေ့ပါဘူး အဘရာ၊ အဘ နေရာကောင်းရဲ့လား။ အတော့်



www.burmeseclassic.com

www.burmeseclassic.com

ကို မိန့်ကျသွားတယ်နော်"

"အေးကွယ်၊ ဟိုတစ်လောက အတော့်ကို ဖျားနာလိုက်တာ အိပ်ရာထဲက သုံးလေးရက် မထနိုင်ဘူးကွယ့်။ ခုမှ နာလန်ထကာစ ရှိသေးတယ်လေ"

"ဒါဆိုလည်း နားနားနေနေ နေပေါ့ အဘရာ"

"ဩော်- အဘက အဲဒီလိုလုပ်ရမှ နေကောင်းတာ လူလေးရဲ့ ဟဲ- အိမ်ပေါ်မှာ အထုပ်အပိုးတွေထားပြီး နားကြဦး"

ဦးချမ်းသာသည် ဖေတိုး၏ မေးခွန်းကို လှည့်ပတ်ဖြေဆိုပြီး နွားစာစဉ်းသည့် စင်ဘက်သို့ လျှောက်သွားလေ၏။ ဖခင်ကြီး၏ နောက်ကျောကို ကြည့်ရင်း ဖေတိုး စိတ်မကောင်း ဖြစ်နေမိ၏။

သူသိတတ်သည့် အရွယ်ကစ၍ ဆင်းရဲပင်ပန်းခဲ့သော ဖခင်ကြီး ယခုအထိလည်း ဆင်းရဲပင်ပန်းနေတုန်းပင်။ စိတ်ထဲ မကောင်းလှသော်လည်း ဆက်မပြောချင်တော့သဖြင့် အိမ်ပေါ်တက်ခဲ့ပြီး အဝတ်အစားများ ထားလိုက်၏။

အမှန်မတော့ ဖခင်ကြီးဆီ ပြန်လာသည့် အကြောင်းအရင်းမှာ နှင်းရီရီကြောင့် သူလက်ထဲ ငွေကြေးလိုအပ်နေခဲ့၏။ ပြန်လာရသည့် အကြောင်းအရင်းက အမွေတောင်းရန် မဟုတ်။ သူ့မိခင်ဘက်က ပိုင်သည့် ယာကို ရောင်းချရန် ရောက်ရှိလာခြင်း ဖြစ်လေ၏။ ယခုတော့ ဖခင်ကြီး အခြေအနေ ပို၍ပို၍ ဆင်းရဲနွမ်းပါးသွားသလိုပင်။

အိမ်အောက်ထပ်သို့ ဆင်းလာတော့ ဖခင် ဦးချမ်းသာတစ်ယောက် ဖက်ဆေးလိပ်ကြီး ထောင်းထောင်းထအောင် ဖွာကာ ငူငူကြီး ထိုင်နေ၏။

"လာ လူကလေး၊ အဘလည်း ဟိုတစ်လောက လူကလေးကို အိပ်မက်တောင် မက်တယ်။ ဟိုမှာ နေရထိုင်ရတာ ကောင်းရဲ့လားကွယ့်"

"ကောင်းပါတယ် အဘရယ်၊ ကျုပ်အတွက် မပူပါနဲ့ဗျား အဘသာ နေကောင်းအောင် နေပါ"

"ဒီလိုပေါ့ လူကလေးရယ်၊ အသက်တွေ ရလာပြီ ဆိုတော့လည်း ဟိုချောင်ဒီချောင် ဖြစ်ကုန်ပြီပေါ့"

"အဘကလည်းဗျာ၊ ဘာဖြစ်လို့ မိန်းမထပ်ယူရတာလဲဗျ။ ကျုပ်စိတ်ထဲ သိမ်တော့ မှတွေ့လှဘူးဗျာ"

"ရော- ခက်ပါ့ လူကလေးရာ။ လူကလေးက မြို့မှာ၊ အဘက ရွာမှာ တစ်ယောက်တည်း ကျန်ခဲ့ရတာကွယ့်။ ဆွေမျိုးတွေ ရှိပေမယ့် သူတို့လည်း သူတို့ကိစ္စနဲ့ သူတို့ကွ၊ ဒီတော့ အဘကို ဆေးပေးမီးယူ လုပ်ပေးမယ့်လူ မရှိဘူးလေ။ အဘ အိပ်ရာထဲလဲနေရင် ဘယ်သူ လာပြုစုမလဲပြော"

အဘစကားကြောင့် သူ တွေခနဲ ဖြစ်သွား၏။ သူ ပြောလိုက်မိသည့် စကားကြောင့် စိတ်မကောင်း ဖြစ်သွားခဲ့ရ၏။

"ကျုပ်ပြောတာ အဘ မိန်းမယူတော့ နောက်ထပ် ဒုက္ခတွေ့တာကို





ပြောတာပါဗျာ"

"ဩော်- လူကလေးကလည်း အိမ်ထောင့်တာဝန် ဆိုတာတော့ ကိုယ်နိုင်သလောက် ထမ်းရမှာပေါ့ကွယ်။ အေးမက အပြောအဆို မတတ်ပေမယ့် စိတ်ရင်းနှလုံး ကောင်းပါတယ်ကွယ်။ ကိုင်းကိုင်း ရေချိုးမိုးချိုး လုပ်လိုက်ကြဦး။ မင်းပြန်လာတော့ တစ်ရွာလုံး ဝမ်းသာအားရ ဖြစ်နေကြတယ်"

"ဟုတ်တယ် အဘ"

"ကိုင်း- လူကလေး နားပါဦးကွယ်"

ဖေတိုးနှင့် မောင်လုံးတို့နှစ်ဦး တစ်အောင့်တစ်နား ထိုင်ပြီးသည်နှင့် ရွာထဲသို့ ထွက်ခဲ့၏။ ဆွေဟောင်းမိတ်ဟောင်း၊ သူငယ်ချင်းဟောင်းများနှင့် ပြန်ဆုံရသောအခါ ဖေတိုး ပျော်နေမိ၏။ ငယ်သူငယ်ချင်း ကံကြီးဆိုလျှင် သူရောက်သည် ဆိုကတည်းက ထန်းတဲမှ ထန်းရည်တွေ ယူလာ၏။ ကြက်ကြော်၊ ကြွက်ကြော်၊ ပဲထွေး စသည်ဖြင့် အစားအစာတွေ စုံနေ၏။ စကားတွေလည်း ဖောင်နေအောင် ပြောခဲ့ဆိုခဲ့ကြ၏။

ကံကြီးတို့တဲတွင် သူတို့ ဝိုင်းဖွဲ့ခဲ့ကြ၏။ ကံကြီးသည် ဖခင်ကြီးနှင့် ပတ်သက်သည့် စကားအချို့ကို ရင်ဖွင့်လာ၏။

"ဖေတိုး၊ မင်းအဘတော့ ကြီးမှ ပိုဆိုးနေသကွာ။ အိမ်ထောင်ပြုလိုက်တာ ဆေးပေးမီးယူ မရတဲ့အပြင် နွားလုံးလုံးကို ဖြစ်နေပြီဟေ့"

"ဟာကွာ၊ မင်းကလည်း အဘကို နွားနဲ့ မနှိုင်းပါနဲ့"

"အဲ- ကန်တော့ကန်တော့၊ ငါက မခံချင်လို့ ပြောတာပါကွာ။ မအေးမှာ သားတစ်ယောက် ရှိတယ်ကွ၊ နာမည်က လှမြင့်တဲ့။ တအားဆိုးတဲ့ကောင်၊ အရက်သောက် ဖဲရိုက် ကြက်တိုက် အကုန်လုပ်သကွာ။ မိုက်ကလည်း မိုက်တီမိုက်ကန်း။ အိမ်မှာလည်း ဗိုလ်ပဲကွ"

"ဟင်- လှမြင့် ဟုတ်လား၊ ငါ မတွေ့ခဲ့ပါဘူးကွ"

"ဟာ- ဒီကောင်က အိမ်ကပ်တာ မဟုတ်ဘူးကွ၊ အဲ- အိမ်ကပ်ပြီဆိုရင်လည်း မင်းအဖေ တုတ်တုတ်တောင် မလှုပ်ရဲဘူးကွ။ မူးပြီး သောင်းကျန်းလိုက်တာများ ခုနစ်အိမ်ကြား ရှစ်အိမ်ကြားကွ၊ အတော့်ကို ဆိုးတဲ့ကောင်ပါကွာ"

"ဟုတ်လား"

"အေး- မင်းအဖေကိုလည်း တအား နိုင်တာ။ အရက်ဖိုးတောင်းတယ်၊ မရရင် ပြဿနာရှာတယ်ကွာ။ အဲဒီမြင်ကွင်းတွေမြင်ပြီး ငါတို့လည်း စိတ်မကောင်းဖြစ်နေကြတာကွ။ ဒီကောင်ပေါင်းတာ တောင်ပိုင်းက ပိုက်ကြီးတို့လူစုနဲ့ကွ။ တစ်ခုခုဖြစ်ရင် တုတ်ဆွဲ ဓားဆွဲ လုပ်ချင်တာကွ။ ပြောရရင် လှမြင့်က ရွာချဉ်ကြီးပေါ့ကွာ"

"ဒီလောက်ပဲလားကွာ"

"အေး- အဲဒါ မင်းရောက်လာတော့ တစ်ရွာလုံးက မင်းနဲ့ဖြစ်မှာ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူနေကြတယ်၊ မင်းအဖေလည်း စိတ်ပူမှာပေါ့ကွာ။ ပြီးတော့ ဒေါ် အေးမက တအား စရိုက်ကြမ်းတာကွ၊ မင်းအဖေကို နှင်ပဲဆပြော ငါ နားနဲ့တောင် ဆတ်ဆတ်ကြားဖူးသကွ"

"ဟုတ်လား၊ တောက်- မိုက်ရိုင်းလိုက်တာကွာ။ အင်း- ဒီကိစ္စ အ မှားတာပါကွာ၊ ဘာဖြစ်လို့ အိမ်ထောင်ပြုလိုက်သလဲ မသိဘူး"

"ဩော်- သူကတော့ ခြေဆုပ်လက်နယ် ပြုစုဖို့သဘောနဲ့ပေါ့ကွာ ဒါပေမယ့် မင်းအဘက ကံကိုဆိုးပါတယ်။ သူ့ခမျာ မိုးလင်းမိုးချုပ် လို လိုက်ရတာ မြင်ရတာ စိတ်မကောင်းစရာပဲကွာ"

"ပြောမနေပါနဲ့တော့ကွာ"

"ဟုတ်သားပဲ ကံကြီးရာ၊ ဖေတိုးက ရောက်ခါစရှိသေးတယ် မင်း စွတ်ပြောနေမြန်ပြီ"

"ငါ . . . ငါက မခံချင်လို့ပါကွာ"

ချစ်တီးက ကြားထဲမှဝင်၍ ဟန့်တားလိုက်သော်လည်း ကံကြီး ဘရိုတ်အုပ်လို့ မရ။ သူ ထင်မြင်သမျှ ရင်ဖွင့်ပြောဆိုနေ၏။ ဖေတိုး ဖခင်ကြီး၏ သတင်းကြားလိုက်ရသဖြင့် စိတ်မကောင်းကြီးစွာ ခံစားနေ ၏။

ဖခင်ကြီး၏ အမူအရာက သူ့ကို ဖုံးကွယ်ထားသလိုပင်။ သူလာ ကိစ္စပင် ဖွင့်ပြောရန် မေ့ပျောက်သွားခဲ့ရ၏။ သို့နှင့် ညနေစောင်းလု အချိန်တွင် အိမ်ဘက်သို့ ပြန်ခဲ့၏။

အိမ်ဝိုင်းထဲ ဝင်လိုက်မိသည်နှင့် ဒေါ်အေးမ၏ အသံဆိုးကြီးကို ကြ လိုက်ရ၏။

"အို- ပါးစပ်ပေါက် တစ်ပေါက် နှစ်ပေါက်တိုးတာ လွယ်တာမှတ် တော်"

"ဟာ- အေးမကလည်း စကားတွေ အရမ်းမပြောစမ်းပါနဲ့ဟ လူတလေးက နေလို့ သုံးလေးရက်ပေါ့။ သူက မြို့မှာ အလုပ်လုပ်နေတ ဟ"

"အို- ဘာပဲဖြစ်ဖြစ် စရိုက်စကကတော့ ပွန်းတာပဲတော့။ ပြီးတော့ သူက ဘာလာလုပ်တာလဲ၊ အမွေလာတောင်းတာလား"

"ဟာ- မင်းကလည်း ပြောမှ ပိုဆိုးနေသကွာ။ တော်ပါတော့၊ ဟော ဟိုမှာ လူကလေး ပြန်လာပြီ"

သူ့အရိပ်အယောင်မြင်မှ မိတွေးလုပ်သူ ဒေါ်အေးမ နှုတ်ဆိတ်သွား ၏။ သူ့ကို ကြည့်နေသည့် အကြည့်ကလည်း စူးစူးရဲရဲ။ သူ ဘာမှ မပြေ ချင်တော့ တန်းလျားတွင် ဝင်ထိုင်လိုက်၏။ သူနှင့်အတူ ပါလာသော မောင်လုံးမှာလည်း အူတိအူကြောင် ဖြစ်နေ၏။ ထိုစဉ် ဖခင်ဖြစ်သူ သူ့ကို တစ်ချက် လှမ်းကြည့်ပြီး မေးလိုက်၏။

"ထမင်းစားတော့မလား လူလေး"





"အဘတို့ စားပြီးပြီလား"

"မစားသေးပါဘူးကွယ်၊ လူကလေး စားမယ်ဆို အဘလည်း စားမယ့် လေ။ လူကလေးလည်း ဆာရောပေါ့၊ ဟို- ညြိုသည်လည်း အားနာစရာပါ ကွယ်"

"ရပါတယ် အဘ၊ သူက ကျွန်တော့်သူငယ်ချင်း မောင်လုံးပါ"

"အို- ဘယ်ဟုတ်ပါ့မလဲ၊ ကိုင်း- ခဏနေကြဦး အဘ ထမင်းဟင်းခူး လိုက်ဦးမယ်"

"ဟာ- ကျုပ်တို့ပါ ဝိုင်းလုပ်ပေးမှာပေါ့ဗျာ"

"ရပါတယ်ကွယ်"

"မဟုတ်တာ အဘရယ်"

ဒေါ်အေးမတစ်ယောက် သူ အိမ်ဝိုင်းထဲ ဝင်လာသဖြင့် မျက်စောင်း တချီချီနှင့် အိမ်ပြင်ထွက်သွား၏။ အဘကိုကြည့်ပြီး သူ စိတ်မချမ်းမသာ ဖြစ်နေရ၏။ ထမင်းတောင် ကိုယ့်ဘာသာကိုယ် ခူးစားနေရသော အဘ၏ ဘဝကို သူ နားမလည်နိုင်တော့။

နောက်ဆုံး သူတို့နှစ်ယောက်ပါ မီးဖိုချောင်ထဲဝင်၍ ထမင်းဟင်း ခူးခပ်ပြီး စားသောက်လိုက်ကြ၏။

ဟင်းက ထူးထူးခြားခြား ဘာမှမပါ။ အမဲခြောက်ကို သီးစုံရောမွှေ ပြီး ချဉ်ရည်တင်းချက်ထား၏။ ငါးပိရည် ဖျစ်ဖျစ်တစ်ခွက်၊ အတို့အမြှုပ် ဒါပဲပါ၏။ ဖေတိုးတစ်ယောက် ထမင်းသာ ငုံစားနေရသော်လည်း ဖခင်ကြီး အတွက် စိတ်မကောင်း ဖြစ်နေမိ၏။

ထိုသို့ စားသောက်နေစဉ် အိမ်ဝိုင်းထဲသို့ ဖွာလောင်ဖွာလောင် အသံ ပေးကာ လူတစ်ဦး ဝင်လာ၏။

"အစ်မ . . . အစ်မ၊ ဘယ်သွားတုံးဗျ"

"ဟာ- လှမြင့်ပါလား၊ ထမင်းစားတော့မလား ဝင်စားလေကွာ"

"ဘာတုံးဗျ၊ ကျုပ်အစ်မ ဘယ်သွားသတုံး"

"ဟေ- ဘာဖြစ်လာလို့လဲကွ"

"ကျုပ် ပိုက်ဆံလိုချင်လို့ဗျ၊ ခင်ဗျားမှာရှိရင် ပေးဗျာ"

"ဟာ- ငါက ပိုက်ဆံကိုင်တာမှ မဟုတ်တာကွ"

"ဟာဗျာ၊ ဒီလူတွေက ဘယ်ကလဲ၊ ဘာလာလုပ်တာလဲဗျ"

"ဟာ- အဲဒါ ငါ့သား ဖေတိုးကွ"

"ရှုပ်ရှုပ်ယှက်ယှက်ဗျာ"

လှမြင့်၏ စကားကြောင့် ဖေတိုးတစ်ယောက် ပါးစပ်ထဲ ရောက်ခါနီး ထမင်းလုတ်-တုံ့ခနဲ ဖြစ်သွား၏။ ခေါင်းတစ်ချက် လှည့်ကြည့်လိုက်၏။

ရုပ်ရည်က ပေစုတ်စုတ်၊ အရပ်က ပုပျပ်ပျပ်၊ ကိုယ်ပေါ်မှာ အင်္ကျီ မကပ်၊ လူပုံစံကလည်း ယိုင်ယိုင်ထိုးထိုး။ ထိုစဉ် အိမ်ထဲသို့ ဒေါ်အေးမ အလျင်အမြန် ဝင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့- ဘာတုံးကွယ့်"

"အစ်မ၊ ကျုပ်ကို ပိုက်ဆံငါးရာ ပေးစမ်းဗျာ။ ကျုပ် ဝိုင်းမှာ ပိုက်ဆံ ပြတ်သွားလို့ဗျ"

"အောင်မယ်လေးလေ၊ နင်က ငါ့ကို ဘဏ်ကြီးများ အောက်မေ့နေ သလားဟဲ့။ ဒုက္ခပါပဲ၊ ငွေကို လွယ်လွယ်နဲ့ ရှာရတယ်များ အောက်မေ့နေ သလား"

"မသိဘူးဗျာ၊ အဲဒါတွေ ကျုပ် မကြားချင်ဘူး။ ကျုပ် လိုချင်တာ ပိုက်ဆံပဲ၊ မပေးရင် အစ်မယောက်ျားကို ပြဿနာရှာပစ်မှာနော်"

"အောင်မယ်၊ ငါ့များ လာခြိမ်းခြောက်နေရသေးတယ်။ ရှာလေ ရှာချင်ရှာလိုက်ပေါ့"

ဒေါ်အေးမနှင့် သားလုပ်သူ လှမြင့်တို့ စကားတွေက ဖေတိုးနားထဲ ခါးခါးသီးသီး ဝင်လာ၏။ စားနေသည့် ထမင်းကိုလည်း ဆက်စားချင်စိတ် မရှိတော့သဖြင့် ရပ်နားလိုက်၏။

"တော်ပြီလား လူကလေးရာ၊ ဘာတုံး စားမကောင်းဘူးလား။ ဟင်း ကလည်း သိပ်ဟုတ်လှတာ မဟုတ်ဘူးကွယ့်"

"ရပါတယ် အဘရာ"

"အောင်မယ်လေး အစ်ကိုကြီးရယ်၊ ဒီလောက် ချက်ပြုတ်ကျွေးတာ တော်လှပြီမှတ်။ ဒါ ရွာမှာ အကောင်းဆုံးဟင်းပဲတော်ရေ"

"ဟင်"

ဒေါ်အေးမက သူ့ကို အသားလွတ်ကြီး ပြောဆိုနေ၏။ ဖေတိုးတစ် ယောက် ဖခင်ကြီး၏ ညှိုးရိပ်ဖွဲ့နေသော မျက်နှာကို မြင်လိုက်ရသဖြင့် တလိပ်လိပ် တက်လာသော ဒေါသစိတ်ကို မျိုချလိုက်ရ၏။ ထိုစဉ် လှမြင့် သည် သူ့ကို ခါးကြီးထောက်ကာ ပါးစပ်က ထင်ရာပြောနေ၏။

"ဒီလူ ဘာလာရှုပ်တာလဲ"

"ဟဲ့ဟဲ့ ဒါ နင့်ကိစ္စ မဟုတ်ဘူး"

"ဘာတုံး၊ အမွေလာတောင်းတာလား"

"အို- နင်နဲ့ ဘာဆိုင်လို့လဲ လှမြင့်ရေ၊ ရော့ရော့ ဟောဒီမှာ ငါးရာ ယူသွားပေတော့"

"ကျုပ် အဲဒီကောင်ကို ကြည့်မရဘူးဗျာ၊ ကျုပ် ပြန်လာရင် မမြင် ချင်ဘူး"

"အလိုတော်၊ သွားပါတော့"

ဖေတိုးကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ဝေါက်ငမ်းထွက်သွားသော လှမြင့်။ ဒေါ်အေးမတစ်ယောက် သူ့ထက်ဆိုးသည့် သားရှိနေတော့ အော် ဟယ်ဟစ်ဟယ် ဖြစ်နေ၏။ ထိုအချိန်အထိ ဖေတိုး စကားတစ်ခွန်းမှ မပြောသေး။

လှမြင့် ထွက်သွားသောအခါ ဦးချမ်းသာက ဒေါ်အေးမကို လှမ်းပြော



လိုက်၏။

"အေးမ၊ နှင့်သားတော့ ကြည့်ပြောထားဦးနော်"

"အိုတော်၊ ကလေးပဲ ဒီလောက်တော့ ရှိမှာပေါ့"

"ဟာ- ကလေးဆိုပြီး ကုပ်တက်ခွနေတာဟ"

"ဘာ- တော်ကြီး ဘာ့ဖြစ်တာတုံး၊ ကျုပ်သားကို မပြောပါနဲ့။ တော့် ကိစ္စသာ တော်အမြှုတ်ရှင်း"

"ဟေ"

ဒေါ်အေးမကလည်း လှမြင့်ထိလျှင် ဆတ်ဆတ်ထိမခံ။ မှန်မှန်မှား မှား ကာကွယ်ရန် အသင့်။ ဦးချမ်းသာတစ်ယောက် ငြိမ်ကျသွား၏။ ဖေတိုး နှင့် မောင်လုံးမှာ ဦးချမ်းသာ၏ အခြေအနေကို ကြည့်ပြီး စိတ်ထဲ မကျေ မချမ်း ခံစားနေရ၏။

"အဘ"

"ဟေ- ဘာတုံး လူလေး၊ ဘာလိုသလဲပြော"

"ဘာမှ မလိုချင်ပါဘူး အဘရာ၊ ကျုပ်တို့ ကံကြီးတို့အိမ်ဘက် သွား ဦးမယ်"

"ဟာ- အဘနဲ့တောင် စကားမပြောတော့ဘူးလား"

"ပြောမှာပေါ့ အဘရယ်၊ ညရောက်မှ ပြောကြတာပေါ့"

"အေးအေး၊ ဒါဆိုလည်း သွားလေ"

ဖေတိုးစိတ်ထဲ ဒေါ်အေးမ၏ စကားသံများကို နားမထောင်ချင် တော့။ နားထဲ ကန့်လန့်ကြီး ဝင်လာသည့်စကားများကို သူ မခံစားနိုင်။ ထို့ကြောင့် စားပြီးသည်နှင့် ကံကြီးတို့အိမ်ဘက် ထွက်ခဲ့လေ၏။

လမ်းအရောက်တွင် မောင်လုံးတစ်ယောက် မကျေမနပ်နှင့် ပြော လာ၏။

"ဘယ်လိုတုံး ကိုရွှေကိုး အဲလေ ကိုဖေတိုးရာ။ ဒီလူတွေ မိုက်ရိုင်းလှ ချည်လားဗျ၊ ခင်ဗျား မပြောနဲ့ ကျုပ်တောင် မကျေနပ်ဘူးဗျ"

"ဟုတ်တယ် မောင်လုံး၊ ငါလည်း အဘအတွက် အတော့်ကို စိတ် မကောင်းဖြစ်ရတယ်ကွာ။ သားအမိနှစ်ယောက်စလုံး ရိုင်းစိုင်းလှသကွာ။ ငါ တော်တော့်ကို သည်းညည်းခံနေရတယ်"

"ခင်ဗျား အဘကလည်း လူအေးလူရိုးကြီးဗျ၊ မိန်းမလည်း အတော့် ကို ကြောက်ပုံပဲ"

"ကြော်- သဘာဝကျကျ ပြောရရင် ယောက်ျားနဲ့ မိန်းမ၊ မိန်းမကို ဦးစားပေးတဲ့ သဘောပေါ့ မောင်လုံးရာ။ ဒါပေမယ့် အဲဒီ အခြေအနေကို ဒေါ်အေးမက အတင့်နင်းချိုးခြေမွနေတာကွ။ သူ့သား လှမြင့်ကလည်း တော်တော် ရိုင်းတယ်ကွာ"

"ဟုတ်ပါ့ ကိုဖေတိုးရာ"

"ငါ မပြန်ခင် သူတို့နှစ်ယောက်စလုံးကို ဆုံးမသွားချင်တယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်၊ သိပ်ကောင်းတယ်"

မောင်လုံးကလည်း တက်တက်ကြွကြွ ပြောဆိုနေ၏။ ဖေတိုးရင်ထဲက မကျေမနပ်မှုများက အစိုင်အခဲ ဖြစ်လာ၏။

ကံကြီးတို့အိမ်ရောက်တော့ ထွေရာလေးပါး ပြောဆိုကြရင်း ဖခင်ကြီးအကြောင်းသို့ ရောက်ရှိလာ၏။ ဖခင်ကြီးအကြောင်း ပြောရင်း လှမြင့်ဘက် လှည့်သွား၏။

"ဟာ- ဒီကောင် အတော့်ကို မိုက်ရိုင်းတယ်ကွ၊ သတိထားနော်၊ အာချောင်သလို သွေးလည်း မရှိဘူးကွ၊ ဒါပေမယ့် ဒီကောင်က လက်သီးပုန်း"

"ငါ နားလည်ပါတယ် ကံကြီးရာ၊ ဘာပဲဖြစ်နေပါစေ ဒီကောင် လူကြီးကိုတော့ ရိုသေသင့်တာပေါ့ကွာ။ ခုဥစ္စာ ပြောတာဆိုတာကိုကအစ အတော်ကို ရိုင်းလှသကွာ၊ ဒါကို ငါ မကျေနပ်ဘူး"

"သတိတော့ထားပေါ့ကွာ၊ လူမိုက်ဆိုတာ ချီမပါဘူးကွ။ ပြီးတော့ ဒီကောင်က ပုဆိုးခြုံထဲက လူမိုက်ကွ"

"ငါသိပါတယ်ကွာ၊ ဒါပေမယ့် ဒီကောင့်ကို ငါ ပညာပေးသွားရမယ်"

"ဟင်- ကြည့်လည်းလုပ်ပါကွာ၊ တော်ကြာ ကြားထဲက မင်းအပေဒုက္ခတွေ့နေပါဦးမယ်"

"ငါ နားလည်ပါတယ်ကွာ၊ အဘ ခံနေလို့ပေါ့။ မဟုတ်ရင် လှမြင့်ဆိုတဲ့ကောင် အပိုင်းပိုင်းအစစ ဖြစ်သွားတာ ကြာပြီကွ"

ဖေတိုးစိတ်ထဲ လိပ်ခဲတည်းလည်း ခံစားနေရ၏။ ဖခင်ကြီး၏အခြေအနေဆိုးကို သူ ဘယ်သို့ ရအောင် ဖယ်ရှားရပါ့။ ကံကြီးတို့နှင့် ညဦးနတ်သည်အထိ ထိုင်စကားပြောပြီး အိမ်ဘက်သို့ပြန်ခဲ့၏။ သူတို့ ရောက်ရှိသွားချိန်တွင် လှမြင့်တစ်ယောက် တန်းလျားပေါ် ကန့်လန့်ဖြတ်အိပ်ကာ မူးမူးနှင့် အော်ဟစ်ဆဲဆိုနေ၏။ သူတို့ကိုမြင်တော့ အသံက ပို၍ ဖွာလောင်ကြလာ၏။

"ဟိုကောင် ဘယ်ကလဲ၊ အမွေလာတောင်းတာလားကွ။ ဟားဟားဟား မင်းအဖေက ဖွတ်ကျောပြာစု ဖြစ်နေပြီကွ"

"ဟဲ့ကောင်လေး၊ ဘာတွေ လျှောက်ပြောနေတာလဲ"

"ပြောမယ်ဗျာ၊ အမွေတဲ့ ဟားဟားဟား ရယ်ချင်လိုက်တာကွာ"

လှမြင့်၏ စကားတွေက သူ့ကို အကြီးအကျယ် တိုက်ခိုက်ထိုးနှက်လာသလိုပင်။ ချုပ်တည်းမှု အတိုင်းအတာ လွန်လာသော်လည်း ဖခင်ကြီးကြောင့် သူ အတင်းအဓမ္မ မျိုချရင်း စိတ်ကို ထိန်းချုပ်လိုက်၏။ ဒေါ်အေးမသည် သူ့သားကို အတင်းဆွဲထူကာ အိမ်အောက်ကွပ်ပျစ်ပေါ်တွင် ချော့မော့သိပ်လိုက်၏။

ဖေတိုးနှင့် မောင်လုံးသည် တန်းလျားပေါ်တွင် ဝင်၍ထိုင်လိုက်၏။ ဒေါ်အေးမသည် ခပ်လှမ်းလှမ်းတွင် ထိုင်ကာ အရိပ်အခြည်ကို အကဲခတ်



နေ၏။ ဖေတိုး၊ လှမြင့်နှင့် ပတ်သက်သည့်ကိစ္စ ဘာတစ်ခွန်းမှ မပြော၊

"အဘ"

"ဘာတုံး၊ လူကလေး"

"ကျုပ်သိချင်တဲ့ကိစ္စတစ်ခု ရှိနေတယ်ဗျ"

"ဘာတုံးကွ၊ မင်းဥစ္စာကလည်း"

"ဟိုဗျာ၊ ကျုပ်မှာ အမြွှာညီအစ်ကိုများ ရှိခဲ့လားလို့ပါ"

"ဟေ- အမြွှာညီအစ်ကို၊ ဟာကွာ ပေါက်တီးပေါက်ရှာ ပြောရောမယ်။ ဘာကြောင့် မေးတာတုံးကွ"

"ဒီလို အဘရ"

ဖေတိုးသည် ရွှေကိုနှင့် သူ ချွတ်စွပ် ခွဲမရအောင် တူသည့်ကိစ္စကို ပြောပြလိုက်၏။ သူ့စကားကြောင့် ဦးချမ်းသာတစ်ယောက် ပါးစပ်ကြီး အဟောင်းသား ဖြစ်နေ၏။ ခေါင်းပေါ်က မျက်နှာသုတ်ပဝါကြီးကိုဖြုတ်ကာ မျက်နှာကိုသုတ်ရင်း ပြောလိုက်၏။

"လူလေး ပြောပုံဆိုရင် အတော့်ကို အံ့သြစရာပဲ"

"ဟာ- အဘကလည်း ဟောဒီ ကိုမောင်လုံးကိုသာ မေးကြည့်ပေတော့"

"ဟုတ်တယ် ဦးလေးရေ၊ ကျုပ်တို့ရွာက ကိုရွှေကိုနဲ့ ဟောဒီ ကိုဖေတိုးတို့ဟာ ရုပ်ချင်း ဘယ်လိုမှ ခွဲမရအောင် တူတာဗျ။ ကျုပ်တို့ တစ်ရွာလုံး သူ့ကို ရွှေကိုပဲ ထင်နေကြတာဗျ"

"ဟေ- အဖြစ်က တယ်လည်း ဆန်းပါလားကွယ်။ နေဦးကွ၊ ဒီကိစ္စ အဘ စဉ်းစားမိလာပြီ။ နေပါဦး၊ အဲဒီသူငယ်ရဲ့ အဖေနဲ့ အမေက ဘယ်သူတုံး၊ ဘယ်ရွာသားတွေလဲ ပြောစမ်းပါဦး မောင်လုံးရ"

"ဒီလို အဘချမ်းသာရဲ့၊ အဲဒီ ကိုရွှေကိုရဲ့အဖေက ကိုဆောင်းရွှေ။ သူ့အမေက ဒေါ်ခွာညိုလေ"

"ဘာ- မခွာညို ဟုတ်လား"

"ဟုတ်တယ် ခင်ဗျ၊ အဘချမ်းသာ သိလို့လား"

"ဟုတ်ပြီ၊ ဒီကိစ္စ ဘာကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာ ငါ သဘောပေါက်သွားပြီကွ။ သဖန်းမြောင်က ခွာညို မဟုတ်လား"

"ဟုတ်ပါတယ် အဘရာ"

"သေချာပြီ ဟဲကောင် ဖေတိုးရေ၊ ဒီကိစ္စ ငါလည်း မင်းကို မပြောဘူးလို့ မေ့ထားတာကွ။ ဟုတ်ပြီ၊ မင်းနဲ့ ရွှေကို ဘာကြောင့် တူနေရလဲဆိုတော့ ရွှေကို့အမေ ခွာညိုနဲ့ မင်းအမေ ဖြာညိုတို့က အမြွှာညီအစ်မတွေလေကွာ"

"ဗျာ၊ အမြွှာညီအစ်မ"

"ဟုတ်ပ။ ပြောရရင်ကွာ မင်းအမေ ဖြာညို ငါနဲ့ လိုက်ခဲ့တာကို မင်း အဘိုး၊ အဘွားတွေက သဘောမတူဘူးကွ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"အေး၊ ငါကလည်း မင်းအဘိုးနဲ့ လုံးလုံး မတည့်ဘူးကွ။ ငါ့ကို ပြောလိုက်တာမှ နှစ်ပြားမတန်ဘူးကွာ၊ မင်းအမေကိုလည်း မွဲချင်တဲ့ခွေး ဖြာပုံတိုးတယ်ဆိုပြီး ပြောလိုက်တာကွာ။ မင်းအမေကလည်း ငါ့မှငါ ဖြစ်နေတာကွ။ ဒီတော့ တို့နှစ်ယောက်လည်း ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ဟောဒီရွာကို ထွက်ပြေးခဲ့ကြတာကွ။ အဲဒီကတည်းက သေခန်းရှင်ခန်းဖြတ်ခဲ့ကြတာပေါ့ကွာ။ မင်းအမေရဲ့ အမွှာညီမ မခွာညိုကတော့ မပြတ်နိုင်ဘူးပေါ့ကွာ။ သူတို့ချင်းတော့ အဆက်အသွယ်လုပ်ကြတာပေါ့။ ငါကလည်း ဘူးဆိုဖရုံမသီးချင်တဲ့ကောင်ကွ။ ဒီတော့ ငါ့အိမ်ရိပ်တောင် မင်း အမေရဲ့ အမျိုးတွေ နင်းခွင့်မပြုခဲ့ဘူးကွ။ အဲဒီကတည်းက ဖြတ်ခဲ့ကြတာပေါ့ကွာ။ ပြောရရင် ဖြာညိုနဲ့ ခွာညိုဟာ ခွဲမရအောင် တူတာကွ။ ဒီတော့ သူတို့ကမွေးလာတဲ့ သားတွေလည်း ချွတ်စွပ်တူကြမှာပဲလေ။ ဒါကြောင့် အဲဒီကိစ္စ ရှုပ်ထွေးသွားတာကိုး။ ရွှေကိုက မင်းထက်ကြီးမယ်ကွ"

"အဘပြောမှပဲ ရှင်းတော့တယ်ဗျာ"

ဦးချမ်းသာ၏ စကားကြောင့် ဖေတိုးရော မောင်လုံးပါ သဘောပေါက်သွားခဲ့ကြ၏။ ရွှေကိုနှင့် သူ ညီအစ်ကိုဝမ်းကွဲတွေ ဖြစ်နေမှန်း သိရသောအခါ ခင်မှုန့်ကိစ္စ ပို၍ ခံစားလာရ၏။

ရွှေကို့အချစ်ကို သူ မလုလို။ ညီအစ်ကိုချင်း အချစ်ကြောင့် ရန်မဖွားလို။ ထို့ကြောင့်လည်း သူ့ရင်ထဲ တရစ်ဝဲဝဲ ဖြစ်နေသော ခင်မှုန့်ကိစ္စကို မေ့ဖျောက်ပစ်လိုက်၏။ အကြောင်းစုံ သိသွားသဖြင့် မောင်လုံးလည်း ခင်မှုန့်ကိစ္စနှင့် ပတ်သက်ပြီး ဝါးတားတား ဖြစ်နေ၏။

"ဒါ. . . ဒါဆို၊ ခင်မှုန့်ကိစ္စ ဘယ်လိုလုပ်ကြမလဲ"

"ဟာ- မေ့ထားလိုက်တာ ကောင်းပါတယ်ကွာ၊ ရွှေကိုနဲ့ ငါက သွေးအရင်းကြီးတွေ။ ဒီတော့ ငါ ဘာတစ်ခုမှ မလိမ်ချင် မညာချင်ဘူး"

"ဟုတ်တော့ ဟုတ်တာပဲ၊ ဒါပေမယ့် လောလောဆယ် ရွှေကို့သတင်းက မရရာဘူး။ လူကြုံသတင်းတွေအရတော့ နေမကောင်း အကြီးအကျယ်ဖြစ်ပြီး ဆုံးသွားသလိုလို ဘာလိုလို သတင်းတွေတော့ ကြားရတာပဲကွာ။ ဒီတော့ ခင်မှုန့်ကိစ္စ ခင်ဗျားမှာ တာဝန်ရှိတာပေါ့ကွာ"

"ဗျာ"

မောင်လုံး၏ စကားကြောင့် ဖေတိုး ဝါးတားတား ဖြစ်သွား၏။ ရွှေကို မရှိချိန်တွင် ကိုကျော်ခင်တို့လူသိုက် ခင်မှုန်ကို ဒုက္ခပေးသွားမှာ သေချာ၏။ ထိုကိစ္စကို တွေးမိသောအခါ စိတ်ထဲ အကျဉ်းအကျပ်ကျလာ၏။

"မင်းတို့ပြောနေတဲ့ ခင်မှုန်ဆိုတာ ဘယ်သူတုံးကွ၊ ငါတော့ ချာချာကိုလည်လို့"

"ဩော်- ဒီလို အဘချမ်းသာရဲ့"

မောင်လုံးက အဘချမ်းသာ နားရှင်းသွားအောင် စိတ်ရှည်လက်ရှည်နှင့် ရှင်းပြခဲ့၏။ ဦးချမ်းသာမှာ မောင်လုံးစကားကို နားထောင်ရင်း စိုးရိမ်





စိတ်တွေ ဖြစ်လာ၏။ ရွှေကိုနှင့် ခင်မှုန်ကြား ဖေတိုး ကြားက ခေါင်းဝင်လျှိုသလို ဖြစ်သွားမှာကို အစိုးကြီး စိုးရိမ်နေ၏။

"လူလေး၊ ဟိုဘက်က လူမိုက်တွေနော်။ ဖြစ်နိုင်ရင် ခပ်ကင်းကင်း ရှင်းရှင်း နေသင့်တယ်ကွ။ ပြီးတော့ ရွှေကိုဆိုတဲ့ သူငယ်ကလည်း သေမှန်းမသိ ရှင်မှန်းမသိနဲ့"

"ကျုပ် ဘာမှ ဝင်မပါပါဘူး အဘရာ"

"ဒါဆိုလည်း ပြီးရောပေါ့ကွယ်"

ဦးချမ်းသာတစ်ယောက် ပခုံးပေါ်မှ မျက်နှာသုတ်ပဝါကြီးကို ခေါင်းပေါ်ပြန်ပတ်ပြီး နွားတင်းကုပ်ဘက် ထွက်သွား၏။ ဖေတိုးမှာ ဖခင်ကြီးကို ကြည့်ပြီး စိတ်မကောင်း ဖြစ်နေရ၏။ ညရောက်လို့လည်း မနားရ။ ယခုလည်း နွားစာစဉ်းပြီးသည်နှင့် နွားတင်းကုပ်ထဲမှ ထင်းတုံးတွေ တစ်တုံးပြီး တစ်တုံး ခွဲနေ၏။

မြင်ကွင်းက မသင့်တော်လှသဖြင့် သူကိုယ်တိုင် ဝင်၍ ခွဲပေးလိုက်ရ၏။ ထိုသို့ ဝင်ရောက်လုပ်ကိုင်သည်ကို မိထွေးလုပ်သူ ဒေါ်အေးမက နှစ်သက်ပုံမပေါ်။ မျက်စောင်းကြီး တခဲခဲနှင့် အိမ်အပေါ်ထပ် တက်သွား၏။

"အဘ၊ သွားအိပ်တော့လေ၊ ကျွန်တော်နဲ့ မောင်လုံး ဒီထင်းပုံကို ခွဲထားလိုက်ပါ့မယ်"

"ဖြစ်ပါ့မလားကွာ"

"ဖြစ်ပါတယ်ဗျာ၊ အဘ အေးအေးဆေးဆေးသာ သွားလှဲပေတော့"

ဦးချမ်းသာတစ်ယောက် သားလုပ်သူ ပင်ပန်းမှာလည်း စိုးရိမ်နေ၏။ သို့သော် တစ်နေ့လုံး လုပ်နေရသည်မို့ သူလည်း ပင်ပန်းလှပြီဖြစ်ရာ တစ်အောင့်အကြာတွင် အိမ်ကြီးအပေါ်ထပ်သို့ ရာက်သွားလေ၏။

ဖေတိုးနှင့် မောင်လုံးတို့နှစ်ဦး ညဉ့်နက်သန်းခေါင် ရောက်သည်အထိ မအိပ်သေး။ ထင်းတုံးများကို တခွမ်းခွမ်း ခွဲလိုက်ပြီး တန်းလျားတွင် ဝင်၍ ထိုင်လိုက်၏။

ထိုအချိန် ကွပ်ပျစ်ပေါ်တွင် လှမြင့်တစ်ယောက် တခူးခူးနှင့်ဟောက်နေ၏။ မောင်လုံးတစ်ယောက် လှမြင့်၏ ဟောက်သံကို နားမခံသာ။

"နား. . . နားညည်းလိုက်တာဗျာ"

"တကယ်လား မောင်လုံးရ"

"ဟာ- သူဟောက်တာ တစ်ရွာလုံး အိပ်မရမယ့်ပုံဗျ။ တကယ်ဆို လူတွေနဲ့ ခပ်ဝေးဝေးမှာ သွားအိပ်သင့်တာဗျ"

"ဟုတ်တယ်၊ မင်းပြောတာ မှန်သားပဲ။ ဟုတ်တယ်၊ ဒီကောင် လူတောထဲ မအိပ်သင့်ဘူးကွ"

"အင်- ဘာ. . . ဘာလုပ်မလို့လဲ"

"ငါ ဘာလုပ်မလဲ ကြည့်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဖေတိုးတစ်ယောက် ထိုင်ရာမှ ဆတ်ခနဲ ထလိုက်၏။ လှမြင့် အိပ်ပျော်နေသော ကွပ်ပျစ်အနီးသို့ တိုးကပ်သွားကာ တခူးခူး ဟောက်နေသော လှမြင့်ကို စောင်ပါးလေးနှင့် အုပ်လိုက်၏။ ထို့နောက် ပခုံးပေါ် ဖျတ်ခနဲ ထမ်းတင်လိုက်၏။

"ဟာ- ဟို. . . ဟို"

"ရှူး၊ ငါနဲ့လိုက်ခဲ့"

"ဟင်"

မောင်လုံးတစ်ယောက် ဖေတိုး လုပ်ပုံကြည့်ပြီး မျက်လုံးပြူး မျက်ဆံပြူး ဖြစ်နေ၏။

ဖေတိုး အမူအရာကတော့ ခပ်အေးအေးပင်။ လှမြင့် ခန္ဓာကိုယ်ကြီးကို ထမ်းကာ အိမ်ဝိုင်းအနောက်ဘက်မှ ထွက်ခဲ့၏။ မောင်လုံးမှာလည်း ဖေတိုးလုပ်ပုံကို နားမလည်။

ထိုအချိန်တွင် ဖေတိုးသည် အမှောင်ရိပ်ကို အားပြုပြီး ရွာအနောက်ဘက်လမ်းအတိုင်း လျှောက်ခဲ့ရာ ရွာပြင်သုသာန်ဆီသို့ ရောက်ရှိလာ၏။

"ဟာ- ကိုဖေတိုး၊ ခင်ဗျား သူ့ကို မြှုပ်မလို့လား"

"အဲဒီလောက် မလုပ်ချင်သေးပါဘူးကွာ၊ ပညာပေးအဆင့်ပဲ ရှိပါ သေးတယ်"

"ဟင်"

ဖေတိုးသည် ပြောပြောဆိုဆိုနှင့် သင်္ချိုင်းကုန်းထဲဝင်လာ၏။ အုတ်ဂူ ဖြူဖြူလေးတွေက အစီအရီ။ သင်္ချိုင်းဝန်းကျင်တွင်လည်း သစ်ပင်ဖားဖား ကြီးများက အုပ်ဆိုင်းနေ၏။ လရောင်က တလဲ့လဲ့ သာနေဆဲ။

လှမြင့်၏ ကိုယ်ကြီးကို အုတ်ဂူတစ်ဂူပေါ် ချထားလိုက်ပြီး ခြေ ထောက်နှစ်ဖက်စလုံးကို အုတ်ဂူမှ မှတ်တိုင်နှင့် ချည်နှောင်ပစ်လိုက်၏။ မောင်လုံးတစ်ယောက် ဖေတိုးလုပ်ပုံကြည့်ပြီး အအံ့သြကြီး အံ့သြနေ၏။

"ကိုင်း- သွားကြမယ်ကွာ"

"ဟုတ်. . . ဟုတ်ကဲ့၊ ဟိုကောင်တော့ ပြဿနာပဲ"

"သရဲတွေ တစ္ဆေတွေနဲ့ နေဖူးသွားတာပေါ့ကွာ"

ပြောပြောဆိုဆို သူတို့နှစ်ယောက် သင်္ချိုင်းထဲမှ ထွက်သွားကြ၏။ သူတို့ ပြောသံဆိုသံတွေကို လှမြင့် ဘာတစ်ခွန်းမှ မကြား။ တခူးခူး တခေါခေါနှင့် ဟောက်နေ၏။ အချိန်အနည်းငယ် အကြာတွင် လှမြင့် တောင် လှိမ့်မြောက်လှိမ့် လုပ်လိုက်ရာ လေးပေခန့် အမြင့်ရှိသော ဂူကြီးပေါ်မှ အောက်သို့ တွဲလောင်းကြီး ပြုတ်ကျလာလေ၏။

"ဟင်- ငါ. . . ငါ ဘယ်ကိုရောက်နေပြီလဲ"

"အူ. . . အူ. . . အူ"

"ဟာ- ခွေးအူသံတွေ. . . ဗုဒ္ဓေါ၊ ဟာ- ငါ သင်္ချိုင်းကုန်းထဲ ရောက်နေ ပါလား ဒုက္ခပါပဲ၊ ကယ်. . . ကယ်ကြပါဦးဗျာ၊ ကယ်ကြပါဦး"





သူ့ရှေ့တွင် အုတ်ဂူဖြူဖြူများကို မြင်လိုက်ရသဖြင့် လှမြင့်တစ်ယောက် အကြီးအကျယ် ထ၍ အော်ဟစ်လေတော့၏။ အော်လိုက်သမှု ငယ်သံပါအောင် အော်ဟစ်နေ၏။ ခြေထောက်ကို စောင်နှင့် ချည်နှောင်ထားသည်မို့ ဘယ်လိုမှ ရုန်းမရ။

အရက်လည်း မူးတူးတူးအရှိန်မပြေသေးသဖြင့် သူ့စိတ်ထဲ ကယောင် ချောက်ချား ဖြစ်နေ၏။

"ဟာ- လုပ်ကြပါဦးဗျို့၊ ကျုပ်. . . ကျုပ်ခြေထောက်ကို သရဲဆွဲထား လို့ဗျ။ ကယ်ကြပါဦး အမေရေ အစ်မရေ ကယ်. . . ကယ်ပါဦးဗျ ဟီးဟီး"

လှမြင့်တစ်ယောက် ငယ်သံပါအောင် အော်ဟစ်ရင်း တအီးအီးနှင့် ငိုနေ၏။ သူ့အသံက ရွာထဲ တစ်ချက်တစ်ချက် လွင့်ပျံ့လာသော်လည်း သူ၏ ငှက်ဆိုးထိုးသံကြီးကြောင့် တစ်ရွာလုံး အပြင်မထွက်ရဲအောင် ဖြစ် နေ၏။

သို့နှင့် မိုးစင်စင်လင်းသည့် အချိန်တွင် သင်္ချိုင်းဘက်မှ ဖြတ်၍ ယာထဲသွားရန် လျှောက်လာသော ရွာသူတစ်စု သတိထားမိကြလေ၏။ သင်္ချိုင်းထဲမှ သံသေးသံကြောင်နှင့် ကယ်ပါယူပါ တစာစာ အော်သံ ကြောင့် သူတို့လူစု နဘူးချုံများကြားမှ မရဲတရဲ ကြည့်လိုက်ရာ ဂူတစ်ဂူ ဘေး ကားရားကြီး ပြုတ်ကျနေသော လှမြင့်ကို တွေ့လိုက်ရ၏။

"ဟယ်- အဲဒါ ကိုလှမြင့်ကြီးတော့"

"ဟုတ်ပါ့တော်၊ ဘယ်လိုဖြစ်တာပါလိမ့်"

"သူ့အမေသာသိရင် ရင်ကျိုးပြီ"

"သွားပြောလိုက်ပါ့ဟယ်"

"ကောင်းတယ်. . . ကောင်းတယ်၊ ရွာထဲလှည့်ပြီး စော်ကားနေတဲ့လူ ကို သရဲတွေ ခေါ်ထားတာ ဖြစ်လိမ့်မယ်"

"ဟုတ်နိုင်တယ်"

ရွာသူတစ်စု သူတို့ ထင်ရာမြင်ရာ ပြောဆိုကြရင်း နောက်ဆုံး ရွာထဲ အပြေးဝင်လာကာ ခင်ပွန်းသည်ကို တဖျစ်တောက်တောက် ပြောဆို နေသော နွဲ့ဒါ အေးမဆီ ရောက်လာ၏။

"အရီးအေး. . . အရီးအေး"

"ဟဲ့- ဘယ်သူတွေတုံး"

"ဝိုင်းကြည့်တို့ပါ၊ ဟို ကို. . . ကိုလှမြင့်ကြီးလေ သင်္ချိုင်းထဲ ရောက် နေလို့"

"ဘာ- ငါ့သား သင်္ချိုင်းရောက်နေပြီ"

"ဟုတ်တယ်တော့၊ ခြေထောက်မှာလည်း စောင်ကြီးချည်လို့။ ငိုလိုက် အော်လိုက်တာမှ ငယ်သံတောင်ပါတယ်"

"အလိုတော်၊ ဘုရား. . . ဘုရားဟုတ်. . . ဟုတ်ရဲ့လားဟယ်"

"ဟုတ်ပါတယ် အရီးအေးရဲ့၊ အမြန်သွားဦး တော်ကြာ ကြောက်လွန်

www.burmeseclassic.com

www.burmeseclassic.com



လွန်းလို့ တက်ပြီး သွေနေဦးမယ်"

"ဟုတ်ပဲ၊ ဘုရား . . . ဘုရား လူကလေးက မသေခင် သချိုင်းသွားလည်တာလား မသိဘူး ဒုက္ခပါပဲ။ ဒီကလေးတော့ မလွယ်ဘူး"

လှမြင့်သတင်း ကြားလိုက်သည်နှင့် ဒေါ်အေးမတစ်ယောက် သချိုင်းဘက်သို့ သုတ်ခြေတင် ပြေးလေတော့၏။ သူရောက်ရှိသွားချိန်တွင် လှမြင့်တစ်ယောက် မအော်နိုင်တော့။ တအီးအီးနဲ့သာ ငိုနေ၏။

"အီးအီး အစ်မရေ"

"ဟဲ့ဟဲ့ လူကလေး"

"အစ်မ . . . အစ်မ၊ လုပ်ပါဦးဗျာ အီးအီး"

"ဟယ်- ဘယ်လိုဖြစ်တာတုံး"

"မသိဘူး၊ ကျုပ် ဒီကို ဘယ်လိုရောက်နေမှန်းကို မသိတော့ဘူးဗျာ"

"ဟင်- ဘုရား . . . ဘုရား၊ ဒါ . . . ဒါ သရဲတွေ တစ္ဆေတွေ ခေါ်သွားတာဖြစ်မယ်"

"အောင်မယ်လေးဗျ၊ ကျုပ် ကြောက်တယ်ဗျ။ ကြောက်တယ်၊ တစ်ညလုံး ကျုပ်ကို အသံတွေပေးပြီး ခြောက်နေတာဗျ။ ကယ်ပါဦးဗျ အီးအီး"

"ဘုရား . . . ဘုရား မင်းအဖြစ်က မသေခင် သချိုင်း ကြိုရောက်နေပါရော့လား"

"သိဖူးဗျာ၊ ကြိုးဖြေပေးပါဗျ"

"အေးပါဟယ်"

ဒေါ်အေးမသည် ဂူဘေးတွင် လန်ပြန်လဲကျနေသော လှမြင့်အနားသို့ ကပ်လာပြီး ခြေထောက်တွင် ချည်နှောင်ထားသည့်စောင်ကို ဖြုတ်ပေးလိုက်၏။ လှမြင့်တစ်ယောက် တော်တော်နှင့် မထနိုင်ပါချေ။

မိခင်လုပ်သူကလည်း သား၏ ခြေထောက်တွေကို ဝိုင်းနှိပ်ပေးရင်း ပါးစပ်က တတွတ်တွတ် ပြောလိုက်၏။

"မ . . . မမိုက်ချင်စမ်းပါနဲ့ကွယ်၊ ဒါ . . . ဒါ မင်းကို သရဲတစ္ဆေတွေက သတိပေးလိုက်တာဖြစ်မယ်"

"ဗျာ၊ ဟာ- မပြောပါနဲ့ဗျာ။ ကျုပ် . . . ကျုပ် ကြောက်လွန်းလို့ပါ"

"ကိုင်း- လာလာ"

လှမြင့်တစ်ယောက် မအေခေါ်ရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်လာ၏။ သချိုင်းဘက်ကို ခေါင်းတစ်ချက် ငုံ့မကြည့်ရဲ။ အိမ်ပြန်ရောက်သည်အထိ ကြောက်စိတ်က မပြေသေး။ တုန်တုန်ရီရီနှင့် ဖြစ်နေ၍ ဆေးဆရာ မောင်နီကို ပင့်ဖိတ်ရ၏။ မောင်နီက အောက်လမ်းလိုလို အထက်လမ်းလိုလို၊ သူကိုယ်သူ ဘာလမ်းမှန်း မသိသော ပယောဂကုဆေးဆရာ။

လူနာကို မြင်သည်နှင့် လက်ထဲက ကြိမ်လုံးကြီး တဆဆ လုပ်ပြီး ရိုက်ချင်သူ ဖြစ်လေ၏။ ယခုလည်း အိမ်အပေါ်ထပ်တွင် စောင်ကြီးခြုံပြီး



ထိုင်နေသော လှမြင့်ကို စူးစူးရဲရဲ ကြည့်ပြီး ခေါင်းတခါခါ လုပ်လိုက်၏။

"ဟုတ်ပါပြီ၊ ဟုတ်နေပါပြီ"

"ရှင်၊ ဘာ . . . ဘာဖြစ်လို့လဲ ဆရာနီရယ်"

"ကျုပ် မြင်နေတယ်၊ ခင်ဗျားသား မျက်လုံးထဲမှာ ပယောဂခြေရာတွေ မြင်နေသေးတယ်"

"ရှင်"

"ဗျာ"

"ဟုတ်တယ်၊ အဲဒီခြေရာတွေကို အစအန မကျန်အောင် ဖျက်ဆီးမှဖြစ်မယ်။ မဟုတ်လို့ကတော့ ဘာလုပ်လုပ် မင်းကိုယ်မှာ မီးသရဲ ကပ်နေပြီကွ။ မင်းခန္ဓာကိုယ်ဟာ အနေးနဲ့အမြန် ပြာကျသွားလိမ့်မယ်ဟေ့"

"ခင်ဗျာ"

"အလို ဘုရားရေ့ သရဲက မီးသရဲတဲ့လား။ တစ်ခါမှ မကြားဘူးပါလား ဆရာရယ်"

"ဟာ- သူက မီးစားပြီး အသက်ရှင်နေတဲ့ သရဲဗျ။ ပြောရရင် လူမှာ ဖူးနေရင် ငရုတ်သီးတို့ မဆလာတို့ တွေ့ရင် သကြားလုံးစားသလို စားချင်တာဗျ။ ကြာရင် တငွေ့ငွေ့ လောင်နေတဲ့ ထင်းမီးကိုတောင် စားတော့မှာဗျ"

"ကယ်ပါဦး ဆရာရယ်"

"အင်း- ဒီကိစ္စ အလွယ်လေးပါ မောင်လှမြင့်ရာ၊ အရေးကြီးတာ ငါ ဘာလုပ်လုပ် မင်း အောင့်ခံတတ်ဖို့လိုတယ်"

"ဗျာ၊ ဘာလုပ်ရမလဲ ဆရာနီရယ်"

"ကယ်ပါဦးရှင်၊ ကျွန်မသားလေး ရေတိမ်နစ်မှာကိုတော့ ကျွန်မ မကြည့်ရက်ပါဘူးရှင်"

"ကောင်းပြီ၊ ခုချိန်ကစပြီး မင်းကို ငါ ပိုင်သွားပြီ။ မင်းဟာ မောင်လှမြင့် မဟုတ်ဘူး၊ မီးသရဲ ဖြစ်သွားပြီကွ။ ဒီတော့ မီးသရဲကိုနိုင်တာ ဘာလဲ သိလား"

"ဗျာ၊ သိဖူး"

"မှတ်ထား ရေသရဲကွ၊ ရေသရဲ"

"ဗျာ၊ ရေသရဲ ဟုတ်လား"

"ထစမ်းကွာ၊ ငါနဲ့ ခုချက်ချင်း လိုက်ခဲ့။ မင်းကို ငါ ရေသရဲနဲ့ အစိမ်းတိုက်တိုက်မယ်။ သုံးရက်ကြည့်တာနဲ့ မီးသရဲ ပြေးပြီသာ မှတ်ပေတော့ကွ"

"ကျေးဇူးမမေ့ပါဘူး ဆရာရယ်"

"ဒါဆို ထထ၊ ကိုင်း- ဒေါ်အေးမ ခင်ဗျားသားကို ဒရေချောင်းဘက် ခေါ်သွားမယ်ဗျာ"

"ခေါ် . . . ခေါ်သွားပါ ဆရာရယ်"

"ကိုင်း- လာစမ်း၊ လာ ဆရာနီနဲ့ တွေ့လို့ကတော့ ဝါနီကြောင်ကျား

www.burmeseclassic.com

www.burmeseclassic.com



သရဲတွေ ပြေးပြီသာမှတ်ပေတော့"

"ဟုတ်. . . ဟုတ်ကဲ့ပါ ဆရာ"

လှမြင့်တစ်ယောက် ပယောဂဆရာနီနောက်မှ ကုပ်ချောင်းကုပ်ချောင်းနှင့် လိုက်သွား၏။ သူတို့နှစ်ဦး လှုပ်ရှားမှုကို တစေ့တစောင်း အကဲခတ်နေသူက ဖေတိုး။ အိမ်ပေါ်မှ ဆင်းသွားသည်နှင့် မောင်လုံးကိုခေါ်ကာ ဒရေချောင်းဘက်သို့ လိုက်ခဲ့လေ၏။

ထိုအချိန်တွင် ဒရေချောင်းဘေး ရောက်သည်နှင့် ပယောဂဆရာနီသည် လှမြင့်ကို ဘောင်းဘီတိုလေးမှလွဲ၍ တစ်ကိုယ်လုံး ချွတ်ခိုင်းလိုက်၏။

"ဘာ. . . ဘာလုပ်ရမှာလဲ ဆရာ"

"ရေထဲဆင်းစမ်းကွာ"

"ဗျာ၊ ရေထဲဆင်းရမယ်"

"ဆင်းဆို ဆင်းစမ်း"

"ဟုတ်. . . ဟုတ်ကဲ့"

လှမြင့်တစ်ယောက် ကုပ်ချောင်းကုပ်ချောင်းနှင့် ဒရေချောင်းထဲ ဆင်းသွား၏။

ချောင်းက အရှိန်အဟုန်ပြင်းစွာနှင့် စီးဆင်းနေဆဲ။ ချောင်းတစ်ဖက်တစ်ချက်တွင်လည်း ဝါးရုံပင်ကြီးများ အုံ့ထနေပေ၏။

လှမြင့်သည် ခါးအထိလောက် ရောက်သည်အထိ ဆင်းသွားကာ ချောင်းလယ်တွင် ခြေစုံရပ်ရင်း လက်ကလေးပိုက်ထား၏။ ထိုအချိန်တွင် ဆရာနီတစ်ယောက် ကြိမ်လုံးနီကြီးနှင့် ချောင်းပြင်ကို တရွှမ်းရွှမ်း ရိုက်နှက်လေ၏။

"တေဇောသရဲ ရေကြောထဲပြေး တွေးမနေနဲ့ တွယ်မနေနဲ့ ငါဆရာ ဆရာနီ အထက်အောက်လမ်းပေါင်းစုံ ပယောဂဆရာနီကွ ထွက်စမ်း"

"ဖုန်း. . . ဖုန်း. . . ဖုန်း"

"လာပြီကွ၊ ဘာမထီတဲ့ ဆရာနီကွ။ တောဆရာတော တောင်ဆရာတောင် အမှောင်ဖြိုခွဲ ညောင်ညိုညိုထဲက တေဇောသရဲ ကဲဟာ အဲဒါ နတ်ကြိမ်လုံး"

"ဖုန်း"

"ကဲဟာ ဘီလူးကြိမ်လုံး"

"ဖုန်း"

"ကဲဟာ ဝိဇ္ဇာကြိမ်လုံး"

"ဖုန်း"

ရေပြင်ကို တဖုန်းဖုန်း ရိုက်နှက်နေ၏။ ထိုအချိန်တွင် တသွင်သွင်စီးနေသော ချောင်းရေမှာ တဖြည်းဖြည်း မြင့်မောက်လာ၏။ ခါးလယ်ရောက်နေသောရေမှာ ရင်ခေါင်းအထိ ရောက်လာသဖြင့် လှမြင့်တစ်ယောက် မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်နေ၏။



"ဆ. . . ဆရာ၊ ကယ်ပါဦး ဆရာရယ် ရေ. . . ရေနစ်တော့မယ်"

"နစ်ပစေ၊ နစ်စမ်းကွ။ ရေထဲ ခေါင်းပါစိမ်လိုက်"

"ဗျာ"

"ငါ့အမိန့်နော်"

"ဟုတ်. . . ဟုတ်ကဲ့ပါ ဆရာ"

လှမြင့်တစ်ယောက် ရေထဲ ခေါင်းပါစိမ်ထားရ၏။ သုံးလေးကြိမ်ခန့် စိမ်ပြီးသောအခါ လှမြင့်တစ်ယောက် ဖရိုဖရဲ မြည်သံနှင့် ပေါ်လာ၏။ သူ့အသွင်က မျက်လုံးပြူး မျက်ဆန်ပြူး။

"မွန်း. . . မွန်းလှပြီ ဆရာရယ်"

"ဟုတ်ပြီ၊ ဒီတစ်နေ့တော့ ဒီလောက်ပဲ တော်ပြီ၊ တက်ခဲ့စမ်းကွာ၊ ငါ ဆရာနီ ဘာမထီကွ"

"ဗျာ၊ ဆ. . . ဆရာရယ်"

"တက်ခဲ့စမ်း"

"ဘာလုပ်မလို့လဲ ဆရာရယ်"

"တေဇောသရဲ မြေကြောရှု၊ လေကြောရှု၊ သွေးကြောရှု ရှိသမျှ အကြောတွေ ရှုပေတော့ဟေ့"

"ဆ. . . ဆရာ"

"ရွှမ်း. . . ရွှမ်း. . . ရွှမ်း"

"အောင်မယ်လေးဗျာ၊ အီးအီးအီး"

"မှတ်ပြီလား၊ ငါ ဆရာနီကို လာမစမ်းနဲ့။ သရဲမျိုးကန်းသွားစေရမယ်"

"ဗျာ၊ ကြောက်. . . ကြောက်ပါပြီ ဆရာရဲ့"

"တကယ် ကြောက်တာလား၊ နင့်မျက်လုံးထဲ ခြေရာတွေ ရှိနေတယ်။ လာစမ်း"

"ရွှမ်း. . . ရွှမ်း"

"အောင်မယ်လေးဗျ၊ ကြောက်ပါပြီဗျို့"

လှမြင့်တစ်ယောက် မခံစားနိုင်တော့။ ရေစိမ်ပြီးတက်လာသူကို ကြိမ်လုံးနှင့် တရွှမ်းရွှမ်း ရိုက်နေသည်မို့ တစ်ကိုယ်လုံး စပ်ဖျဉ်းဖျဉ်းနှင့် ခုန်ဆွခုန်ဆွ ဖြစ်နေ၏။

နောက်ဆုံး ကြိမ်လုံးဒဏ် မခံနိုင်သည်မို့ ရွာထဲသို့ ဒရောသောပါး ထွက်ပြေးလေတော့၏။

"ဟကောင်၊ ဘယ်ပြေးတာတုံးကွ"

"ကြောက်ပါပြီဗျ"

"ဟကောင်၊ မပြေးနဲ့"

"ကြောက်ပါပြီဗျ၊ အစ်မရေ ကယ်ပါဦးဗျ"

လှမြင့်တစ်ယောက် ရွာထဲ ဒရောသောပါး ဝင်ပြေးရင်း အိမ်ဝိုင်းထဲ



www.burmeseclassic.com

www.burmeseclassic.com

ဝင်ခဲ့၏။

ထိုအချိန်တွင် ဒေါ်အေးမတစ်ယောက် သားဇော်နှင့် တန်းလျားဝေ တွင် ငူငူကြီး ထိုင်နေ၏။ အိမ်ဝိုင်းထဲ ဘောင်းဘီတိုလေးနှင့် ပြေးလာသော သားကို မြင်ရသောအခါ မျက်ပြူးဆန်ပျာ ဖြစ်သွားလေ၏။

"ဟယ်- လူကလေး"

"ကယ်ပါဦး အစ်မရေ"

"ဘယ်. . . ဘယ်လိုဖြစ်တာလဲ"

"ကယ်ပါဦးဗျ၊ ဆရာနီ လိုက်လာလို့"

"ဘုရား. . . ဘုရား"

"ဟကောင်၊ တေဇော်သရဲ"

"ဗျာ"

"ဘယ်ပြေးတာတုံးကွ"

"ကြောက်. . . ကြောက်ပါပြီ ဆရာနီရယ်"

"ဘာကြောက်တာလဲ၊ မင်းမျက်လုံးထဲ ခြေရာတွေ ရှိသေးတယ်"

"ကြောက်ပါပြီဗျ၊ အစ်မရယ် ကယ်. . . ကယ်ပါဦး"

"တော်. . . တော်ပါတော့ ဆရာရယ်၊ ကျွန်မသားလေး သေပါတော့ မယ်"

"ဟာ- ဒီကိစ္စ သဲကြီးမဲကြီးရိုက်မှ၊ လှမြင့်နာတာ မဟုတ်ဘူး။ တေဇော်သရဲ နာတာဟ"

"ဟို. . . ဟို နောက်နေ့မှ ဆက်ရိုက်ပါလား ဆရာရယ်၊ ကျွန်မ တောင်းပန်ပါတယ်ရှင်"

"ဟာ- ဒါ ငါ့ရဲ့ ပိုင်နက်ဟ၊ လှမြင့်ဟာ နင့်သား မဟုတ်တော့ဘူး၊ သူ့မျက်လုံးထဲမှာ ခြေရာနှစ်စုံရှိသေးတယ်။ ကောင်းပြီ၊ မနက်ဖြန်ကျရင် ငါ ထပ်လာခဲ့မယ်"

"ကောင်း. . . ကောင်းပါပြီရှင်"

"ငါ သွားပြီဟေ့"

ဆရာနီတစ်ယောက် ကြိမ်လုံးကြီး တဆဆ ကိုင်ရင်း လှမြင့်တို့ သားအမိကို ကြိမ်းမောင်းကာ အိမ်ဝိုင်းထိပ်မှ ထွက်သွားလေ၏။ ထို့နေ့ည လှမြင့်တစ်ယောက် ဘယ်လိုမှ မအိပ်နိုင်။ ရိုက်ထားသည့်ဒဏ်ကြောင့် တစ်ကိုယ်လုံး ကိုက်ခဲနေ၏။ နောက်ဆုံး အိမ်တိုင် ကျောမှီကာ မိုးလင်း လုလုမှ အိပ်ပျော်သွားလေတော့၏။

ﷺ ﷺ ﷺ



* အချစ်ရဲ့အဓိပ္ပာယ်
လွယ်မယောင်နဲ့ ခက်ဝ. . .

* တချို့က ရွှေငွေမင်
တချို့က ဝဏ်သိန်ခင်
တချို့က နှလုံးသားယှဉ်. . .

* စိတ်ထင်ရာ ပြောကြပေမယ့်
သဘောကို စစ်ကြည့်တော့လည်း
အချစ်ဟာ အချစ်ပါပဲမို့
အနှစ်သဘော ချိုမြ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ဆရာနီနှင့် သုံးရက်ဆက်တိုက် တွေ့ပြီးသည့်အချိန်တွင် လှမြင့်တစ်ယောက် မြော့မြော့လေးသာ ကျန်တော့၏။ သို့သော် ဆရာနီက မကျေနပ်သေး။ ဒေါ်အေးမ တားနေသည့်ကြားက ဒရောချောင်းဘက်ခေါ်ကာ ရေဆင်းစိမ်ခိုင်းပြန်၏။

လှမြင့်တစ်ယောက် စကားပင် ပြန်မပြောနိုင်တော့။ ဆင်းဆိုသည်နှင့် ကြောက်ကြောက်ရွံ့ရွံ့နှင့် ဆင်းသွားရှာ၏။ ထိုသို့ ချောင်းထဲ ဆင်းသွားပြီး နာရီအတော်ကြာခန့် ရေစိမ်နေစဉ် လှမြင့် ကံဆိုးမိုးမှောင်ကျလေတော့၏။

အကြောင်းက တခြားမဟုတ်။ တောင်ကျချောင်းရေများ ဝါးလုံးထိုးဆင်းချလာခြင်းပင် ဖြစ်လေ၏။ တောင်ကျရေ ကျပြီဆိုလျှင် ဆင်တောင်ချောင်းထဲ မဆင်းရဲသည့်အဖြစ်။

ယခုတော့ လှမြင့်တစ်ယောက် ဝေါခနဲ ထိုးဆင်းလာသည့် တောင်ကျချောင်းရေနှင့်အတူ လျှောခနဲ မျောပါသွားလေတော့၏။

"ကယ်. . . ကယ်ကြပါဗျို့"

"ဟာ- လှမြင့်"

"ကယ်. . . ကယ်ပါဦး"

"လှမြင့်၊ ဟာ- ပြဿနာပဲ"

လှမြင့်တစ်ယောက် ရေစီးအတိုင်း မြုပ်လိုက်ပေါ်လိုက်နှင့် အရှိန်အဟုန်ပြင်းစွာ မျောပါသွား၏။ ထိုမြင်ကွင်းကိုကြည့်ပြီး ပယောဂဆရာနီ ဓွေ့ဓွေ့ခုန်ကာ အော်ဟစ်နေ၏။ သူ့အော်သံကြောင့် တစ်ရွာလုံး ပြေးထွက်လာ၏။

ထိုအချိန် လှမြင့်တစ်ယောက် ချောင်းအတိုင်း ဒရောသောပါးနှင့် မျောရ၏။ တစ်ရွာလုံး အုတ်အော်သောင်းတင်း ဖြစ်သွားကြ၏။ ကြိုးပစ်





ပေးသူပေး၊ ဝါးလုံးနှင့် ထိုးသူထိုးနှင့် ရှုပ်ယှက်ခတ်နေ၏။

အမေလုပ်သူ ဒေါ်အေးမမှာလည်း ချောင်းစပ်တွင် တဂစ်ဂစ်နှင့် တက်နေ၏။ နှိပ်သူနှိပ်၊ နှာနှပ်သူနှပ်နှင့် ရှုပ်ထွေးနေ၏။

ထိုအချိန် တစ်ရွာလုံး ချောင်းထဲဆင်းပြီး သက်စွန့်ဆံဖျား ကယ်မှပဲ လှမြင့်တစ်ယောက် အသက်ချမ်းသာရာ ရသွားခဲ့၏။ သို့သော် ကမ်းပေါ်ရောက်သည်နှင့် သတိမေ့သွားလေရာ သားအမိနှစ်ယောက်စလုံး ရွာထဲအတင်း ပွေ့ခေါ်၍ ဗိန္ဒောဆရာနှင့် ကုသရလေတော့၏။

လှမြင့်တို့သားအမိ အဖြစ်အပျက်ကို တစ်ရွာလုံး ပြောမဆုံးအောင် ဖြစ်ရလေ၏။ ပယောဂဆရာနီမှာလည်း လှမြင့်ကို ဆေးကုသည့်ကိစ္စနှင့် ပတ်သက်ပြီး ရွာလူကြီးက တစ်ပတ်တိတိ အကျယ်ချုပ် ချုပ်နှောင်ခဲ့၏။

ဆရာနီခမျာ လှမြင့်ကိစ္စနှင့် ပတ်သက်၍ ရင်တုန်ပန်းတုန် ဖြစ်နေဆဲ။ အရပ်လူကြီး ဦးမွေးဖြူနှင့် ဆရာနီက ကမ္ဘာ့ရန်။

ယခုတော့ ဦးမွေးဖြူတစ်ယောက် သူ့ခွင်ထဲ ဆရာနီ ရောက်လာပြီဖြစ်၍ အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေ၏။

"ဟားဟားဟား ငနီ. . . ငနီ၊ ခု မင်း ဘာတတ်နိုင်သေးလဲ ပြောစမ်း"

"ဘာ- မင်း. . . မင်း ငါ့ကို ဒီလို မခေါ်နဲ့ကွ"

"ဟားဟားဟား ခုထိ မာန်မလျှော့သေးပါလား ငနီရာ၊ ခုချိန်မှာ မင်းဟာ ငါ့လက်ခုပ်ထဲကရေ ဖြစ်နေပြီကွ။ သွန်လိုသွန်၊ မှောက်လိုမှောက် နိုင်ပြီကွ။ ဒါပေမယ့် ငါ မင်းကို မတရား မလုပ်ပါဘူးကွာ။ ငါ့မိန်းမ မဆုံကို မင်း မရမက ပိုးခဲ့တုန်းက ငါ့ကို မင်း ဆွဲထိုးခဲ့တာ မှတ်မိသေးရဲ့လားကွ"

"ဟင်- ဒါ. . . ဒါက ငယ်ငယ်တုန်းက ကိစ္စပဲကွာ၊ မေ့ပစ်လိုက်သင့်တာပေါ့ကွာ"

"မမေ့ဘူး၊ ဘယ်တော့မှ မမေ့ဘူးကွ။ ဟောဒီ ချိုင့်ဝင်နေတဲ့ပါးရိုးကို ကြည့်လိုက်စမ်း"

"ဟင်- မင်းကလည်းကွာ၊ ခုမှ ငယ်ကျိုးငယ်နာတွေ ဖော်နေပြန်ပြီ"

"အေး- ငါ့စိတ်ထဲမှာ အမာရွတ်ထင်သွားအောင် မင်းလုပ်ခဲ့တာ မင်း သတိရမှာပေါ့ကွ။ ပြုသူအံ့သစ် ဖြစ်သူအဟောင်း တမြည့်မြည့်တွေးတရေးရေးပေါ် နဖူးအမာရွတ်စမ်းမိတဲ့ ပုဏ္ဏား ဘယ်သူပါလိမ့်"

"ဟာကွာ၊ မင်း ဘာတွေပြောနေတာလဲ။ ခု မင်းက ငါ့ကို ဘာဖြစ်လို့ ဖမ်းထားရတာလဲ"

"ဟာ- လိမ်ညာမှု၊ ဆရာလိုလို ဘာလိုလို၊ အောက်လမ်းလိုလို ဘာလိုလိုနဲ့ လိမ်ခဲ့ညာခဲ့တဲ့ ကိစ္စလေကွာ။ ဟိုကောင် လှမြင့် သေလုမြောပါးခံစားနေရတာ မင်းသိတယ် မဟုတ်လား"

"သိ. . . သိပါတယ်ကွာ၊ ဒါပေမယ့် ငါက လှမြင့်ကို ကောင်းအောင်

www.burmeseclassic.com



ကုတာပါကွ။ စေတနာရှေ့ထားပြီး ကုတဲ့ကိစ္စပါကွာ"

"ဟားဟားဟား ဘာစေတနာလဲ။ တိတ်စမ်း ငနီ၊ မင်း မစားရတဲ့အခဲ သဲနဲ့ပက်ခဲ့တာရော မှတ်မိသေးရဲ့လားကွ"

"ဟင်- ငါ. . . ငါ ဘာတွေလုပ်ခဲ့လို့လဲကွာ"

"အေးလေ၊ မင်းမေ့နေရင် ငါ ပြန်ပြီး ပြောရတာပေါ့ကွာ။ ငါနဲ့ မိဆုံ မင်္ဂလာဆောင်တုန်းက အိမ်ခေါင်မိုးကို ခဲနဲ့ သုံးရက်ဆက်တိုက် ထုတာ ဘယ်ကောင်လဲကွ ပြောစမ်း"

"ဟင်"

"နောက်ရှိသေးတယ်ကွ၊ မင်္ဂလာပွဲမှာ ငှက်ပျောသီးပိန် သုံးလုံးနဲ့ ကြက်ဥပုပ်ငါးလုံး လက်ဖွဲ့ခဲ့တာ ဘယ်သူလဲ ပြောစမ်း"

"ဟင်- မင်း. . . မင်း အားလုံး သိနေပါလား"

"ဟားဟားဟား ငနီရာ၊ မင်း လေလည်ရင်တောင် ဘာစားထားတယ် ဆိုတာ သိနေတဲ့ကောင်ကွ"

"ဟိုက်"

"ခနဦး၊ နောက်ဆုံးတစ်ချက် ရှိသေးတယ်ကွ"

"ဟင်- မပြီးသေးဘူးလား"

"မပြီးသေးဘူးကွ၊ ပြောရင် စာအုပ်ကြီးတစ်အုပ်တောင် ဖြစ်သွားနိုင်တယ်။ ထားပါတော့ကွာ၊ အဓိကအချက်ပဲ ပြောမယ်။ ငါ ဟိုတစ်လောက ဝက်ရူးပြန်နေတုန်း မင်း ငါ့ရဲ့ ခြေတွေလက်တွေ မချုံးဘဲ နှာခေါင်းချုံးခဲ့တာ ဘာသဘောလဲကွ။ ပြောစမ်း ပြောလေကွာ၊ ဟားဟားဟား မရဘူး ငနီ၊ ဒီခွင်က ငါ့ခွင်ကွ"

"ဒုက္ခပါပဲကွာ၊ ကိုင်း- ပေးကွာ မင်း ဘာအပြစ်ပေးမှာလဲပြော"

"ဟုတ်ပြီ၊ ခု ဘာလုပ်ရမလဲဆိုတော့ ဟောဟို နွားတင်းကုပ်အောက်က ထင်းတုံးတွေ မြင်လား"

"မြင်. . . မြင်ပါတယ်ကွာ"

"ဟုတ်ပြီ၊ အဲဒီ ထင်းတုံးတွေကို ခွဲရမယ်"

"ဟင်"

ပုံထားသော ထင်းတုံးကြီးများကို ကြည့်ရင်း ပယောဂဆရာနီတစ်ယောက် မျက်လုံးအပြူးကြီး ပြူးသွား၏။ ထင်းပုံက တင်းကုပ်အမိုးကို ထိလုနီးပါ။ ငြင်းဆန်၍လည်း ရမည်မထင်။ ထို့ကြောင့် ဦးမွေးဖြူ ပြစ်ပေးလိုက်သည့် ပုဆိန်ကြီးနှင့် တဒုတ်ဒုတ်မြည်အောင် ခွဲရလေ၏။

အလုပ်ကြမ်းကို တစ်ခါဖူးမျှ မလုပ်ဘူးသည်မို့ သုံးလေးတုံး ခွဲအပြီးတွင် လက်နှစ်ဖက်စလုံး ရည်ကြည်ဘုတွေ ဖောင်းတက်လာ၏။ ရပ်နေလို့လည်း မဖြစ်။ နီရဲဖောင်းကားနေသောလက်လည်း မမူနိုင်တော့။

တဂွမ်းဂွမ်းနှင့် ဆက်၍ ခွဲခဲ့ရာ ညနေစောင်းလုလုတွင် သူ့လက်နှစ်ဖက်စလုံး မလှုပ်နိုင်တော့။



"ကျွတ် ကျွတ် အား. . . နာလိုက်တာ၊ မွေးဖြူ. . . မွေးဖြူရေ"

"ဘာတုံးကွ"

"လာပါဦးကွာ၊ ငါ ဆက်ပြီး မခုတ်နိုင်တော့ဘူးကွ"

"ဘာ- မင်း ဒီလို ပြန်ပြောရင် ဖြစ်မယ်ထင်သလားကွ"

"ဟာ- မင်း ငါ့လက်တွေ ကြည့်ပါဦးကွာ၊ နှစ်ဖက်စလုံး ဖရဲသီးကြီးတွေ ဖြစ်နေပြီကွ"

"ဟားဟားဟား တော်တော် နာနေသလား"

"နာတာပေါ့ သူငယ်ချင်းရာ၊ မင်း ဒီလောက် အပြစ်ပေးရရင် တော်ရောပေါ့ကွာ။ မင်းနဲ့ငါဟာ တစ်ချိန်က သူငယ်ချင်းတွေပါကွာ၊ ဒီမျက်နှာကိုတော့ မင်း ထောက်သင့်တာပေါ့ကွာ"

"ဪ- ခုမှ မင်းက သူငယ်ချင်းတွေမှန်း သိသွားပြီးကိုး။ တင်းဟင်း အေးလေ ဒီတစ်ခါတော့ ငါ မင်းကို ခွင့်လွှတ်လိုက်မယ်၊ နောက်ဆိုရင် ငါ့အိမ်နောက်ဖေးက ရေတွင်းကို အိမ်သား ရှေ့ပေးရမယ်ကွ ကြားလား"

"ဟေ"

"ကိုင်း- မင်းသွားနိုင်ပြီ။ ဟောဒီမှာ လိမ်းဆေး၊ အိမ်ကျရင် လိမ်းလိုက်"

"ကျေး. . . ကျေးဇူးပဲကွာ"

"အေး- နောက် မင်းကိုယ်မင်း ဝိဇ္ဇာလိုလို၊ ဇော်ဂျီလိုလို မလုပ်နဲ့နော်"

"အေး. . . အေးပါကွာ၊ ငါ နားလည်ပါပြီ။ တော်ပါပြီ၊ နောက်ဆို ဝိဇ္ဇာ မလုပ်တော့ပါဘူး၊ ငါ နားလည်သွားပါပြီကွာ"

ဆရာနီတစ်ယောက် ပြစ်ဒဏ်က ကင်းလွတ်ခွင့်ရသွားသဖြင့် ဝမ်းသာအားရ ဖြစ်နေ၏။ အရပ်လူကြီး ဦးမွေးဖြူကိုလည်း ကျေးဇူးတင်စကားတွေ အကြိမ်ကြိမ်ဆိုကာ ဖောင်းကားနေသော သူ့လက်ကြီးနှစ်ဖက်ကို ရှုံ့တွတွ ကြည့်ရင်း အိမ်ဘက်သို့ ပြန်သွားလေ၏။

ထိုအချိန်တွင် လူမြင့်တစ်ယောက်လည်း အိမ်ပေါ်က အိမ်အောက် မဆင်းရဲတော့။ ဆရာနီ၏ မာတ်ကြမ်းကုသချက်ကြောင့် လူလည်း မျောက်ခေါင်းသာသာ အသွင်သာ ရှိတော့ပြီး ကြောင်စီစီ အူချာချာ ဖြစ်နေလေ၏။ မိခင်ဖြစ်သူမှာ သား၏သောကနှင့် မျက်ရည်လေး တစမ်းစမ်း ဖြစ်နေ၏။

"အစ်မ"

"ဟေ- ဘာတုံး လူလေးရယ်"

"ဟို- ကျုပ်. . . ကျုပ်ကို စိပ်ပုတီးပေး၊ စိပ်ပုတီးနှစ်ကုံး ပေးစမ်းဗျ။ အို- ရှိသမျှ စိပ်ပုတီးတွေ ယူလာခဲ့စမ်းဗျ"

"ဟင်- ဘာ. . . ဘာလုပ်မလို့လဲ လူကလေးရယ်"

"ဟာ- ယူခဲ့စမ်းပါဗျာ၊ ကျုပ်မျက်လုံးထဲမှာ ဟို. . . ဟိုကောင်တွေ မြင်နေတယ်။ နှုတ်ခမ်းမွေးရှည်ရှည်၊ မုတ်ဆိတ်မွေးရှည်ရှည်တွေနဲ့ဗျ။ ဟို

www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်က မျက်လုံးကြီးနှစ်လုံးက လှည်းဘီးလောက် ရှိတယ်ဗျ။ ဟို တစ်ယောက်က သဲ့နားရွက်ကြီးကို သူက စောင်လို့ခြုံအိပ်နေတာဗျ"

"အောင်မယ်လေးတော်၊ မင်း. . . မင်း ဘာတွေပြောနေသလဲကွယ် ဒုက္ခပါပဲ"

"ဟာ- အစ်မကလည်း ဟို- အစ်မဘေးနားမှာ ကုလားအဘိုးကြီး ထိုင်နေတယ်ဗျ။ အဲဒါ ဦးကုလားကြီးလေ၊ ကျုပ်တို့ရွာ အနောက်ဘက်မှာနေတဲ့ ဦးကုလားကြီးလေဗျာ။ လျှာကြီးကလည်း တစ်တောင်လောက်ဗျ"

"အောင်မယ်လေး လုပ်. . . လုပ်ကြပါဦး"

လှမြင့်၏စိတ်ထဲ ထင်ရာမြင်ရာ ပြောဆိုမှုကြောင့် ဒေါ်အေးမတစ်ယောက် ကြောက်လွန်းလှသဖြင့် ပြူးပြူးပြဲပြဲနှင့် ထအော်လေ၏။ သူမ၏ အော်ဟစ်မှုကြောင့် ဦးချမ်းသာတစ်ယောက် အူယားဖားယားနှင့် အပြေးတက်လာ၏။

"ဘာ. . . ဘာဖြစ်တာလဲကွ"

"လုပ်. . . လုပ်ပါဦး အစ်ကိုကြီးရယ်၊ ဟို သရဲ. . . သရဲတွေ အိမ်မှာ ဝိုင်းနေပြီတဲ့"

"ဟော- ဘယ်. . . ဘယ်မှာတုံးဟ"

"ဟို. . . ဟိုမှာလေဗျာ၊ ခင်ဗျားဘေးမှာ ဦးချစ်မောင်ကြီး ထိုင်နေတာ မြင်လား။ အကျႌမပါဘူးဗျ၊ ဗိုက်ကြီးက ပူပူကြီး၊ ဗိုက်မွေးတွေ အရှည်ကြီးဗျ"

"ဟင်- ဟာ မဟုတ်တာဘဲ မောင်လှမြင့်ရာ"

"ဟုတ်ပါတယ်ဗျ၊ အစ်မ. . . အစ်မဘေးနားမှာ ဒေါ်တင်ကြီး ထိုင်နေတယ်ဗျ၊ ထဘီကြီးခြုံလို့"

"အောင်မယ်လေးတော် လုပ်. . . လုပ်ပါဦး အစ်ကိုကြီးရဲ့ သ. . . သရဲတွေတဲ့"

"ဟာကွာ၊ မဟုတ်သေးပါဘူး။ မင်းရဲ့သား မဟုတ်တာတွေ ပြောနေတာပါကွာ"

"အို- ကျုပ် အမှန်ပြောတာဗျ၊ ဟိုမှာ ချစ်တီးလေးတောင် ပါသေးတယ်။ ဒီကောင်က မှင်စာလေးဗျ၊ လက်ထဲမှာ ငှက်ပျောသီးတစ်လုံး ကိုင်ထားသေးတယ်"

"ဟင်"

လှမြင့်ပြောနေသည့် လူများအားလုံးမှာ သေဆုံးသွားကြသည့်လူများ ဖြစ်ခဲလေ၏။ ထိုစကားကြောင့်လည်း ဒေါ်အေးမတစ်ယောက် အကြီးအကျယ် ချောက်ချားနေ၏။ ဦးချမ်းသာကို အတင်း တွယ်ဖက်ကာ အော်ဟစ်နေ၏။

ထိုအခြေအနေကို စောင့်ကြည့် နားထောင်နေသူက ဖေတိုးနှင့် မောင်လုံးတို့ ဖြစ်ကြလေ၏။ သူတို့နှစ်ဦး တန်းလျားပေါ် ထိုင်ကာ ပြုံးစိစိ





ဖြစ်နေကြ၏။ မောင်လုံးကတော့ ဖေတိုး လုပ်ရပ်ကို အံ့ဩ၍ မဆုံးတော့။

"ဟာ- ကိုဖေတိုးကတော့ ခဲတစ်လုံးနဲ့ ငှက်နှစ်ကောင်ထိအောင် ပစ်ချလိုက်တာပဲဗျ"

"ငါ သူ့ကို ဒုက္ခရောက်အောင်တော့ လုပ်တာ မဟုတ်ဘူး၊ မှတ်လောက်သားလောက်အောင်သာ ဆုံးမလိုက်တာကွ။ ဒါပေမယ့် လှမြင့်က ဟိတ်ဟန်နဲ့ဝဲ ရှိတယ်၊ တော်တော် အသည်းငယ်တဲ့ကောင်ပဲကွာ။ ငါ လုပ်တာ ဒီလောက်ဖြစ်သွားလိမ့်မယ် ငါ မထင်ဘူးကွ"

"ဟာ- ကျုပ်အထင်တော့ လှမြင့် ကြောင်သွားပြီဗျ၊ သူ့အမေကလည်း လှမြင့် ထင်ရာပြောတာယုံပြီး ကြောင်စီစီ ဖြစ်နေပြီ။ ဟားဟားဟား တော်တော် ရယ်ရတဲ့သားအမိပဲ"

"ငါလည်း မတတ်နိုင်ဘူးကွာ၊ ဒါပေမယ့် မှန်တာပြောရရင် သူတို့နှစ်ယောက်လုံးဟာ အဘကို တအား နိုင်ကြတာကွ။ ဒေါ်အေးမကလည်း ယောက်ျားကို နွားလုပ်ချင်ကြတဲ့ မိန်းမကြီး။ ဟိုကောင် လှမြင့်ကလည်း အဘကို လူကြီးတစ်ယောက်ဆိုပြီး မလေးစားဘူးကွ။ စော်စော်ကားကား တအား ပြောတာ"

"ဟုတ်ပါ့ကွာ"

"ဒါကြောင့် သူတို့ပြုသမျှ သူတို့ ပြန်ခံစားရတာပဲကွ"

"သိပ်မှန်တာပေါ့ကွာ"

သူတို့နှစ်ယောက် တီးတိုး ပြောဆိုနေကြစဉ် လှမြင့်တို့သားအမိမှာ အကြောက်လွန်ရောဂါက တစ်နေ့တခြား ပို၍ပို၍ ဆိုးရွားလာ၏။ လှမြင့်က ထင်ရာပြောလေ ဒေါ်အေးမတစ်ယောက် နေစရာထိုင်စရာ မရှိလေလေပင်။

ညနေစောင်းသည်နှင့် အိမ်ပေါ်မှ အောက်သို့ မဆင်းရဲကြတော့။ လှမြင့် ပါးစပ်ထဲမှာလည်း သေသည့်လူ၏ နာမည်တွေသာ ရေရွတ်နေ၏။ ဦးချမ်းသာမှာ သူတို့နှစ်ယောက်ကို ကြည့်ပြီး ဦးနှောက်ခြောက်နေ၏။

နောက်ဆုံး ရွာဦးဘုန်းတော်ကြီးကို ပင့်ကာ ပရိတ်တွေ ရွတ်ဖတ်ခဲ့ရ၏။ ထိုအချိန်အထိ လှမြင့်တစ်ယောက် အကြောက်မပြေသေး။ ဘယ်လိုမှ ကုမရသည့်အဆုံးတွင် လှမြင့်ကို ဘုန်းကြီးဝတ်ပေးလိုက်ရ၏။ ဒေါ်အေးမမှာလည်း အိမ်မှာ မနေရဲတော့။

သားနှင့်အတူ ဘုန်းတော်ကြီးကျောင်းဝင်းထဲသို့ လိုက်ပါသွားလေ၏။ ဦးချမ်းသာမှာ လှမြင့်တစ်ယောက် ယခုလို ရုတ်တရက်ကြီး သွေးကြောင်သွားရသည်ကို စဉ်းစား၍မရ။

"ဒီသားအမိ ဘယ်လိုများ ဖြစ်သွားပါလိမ့်၊ ငါတော့ နားကို မလည်တော့ဘူးကွာ"

"နားမလည်လည်း ဒီအတိုင်းပဲ ထားလိုက်ပေါ့ အဘရာ၊ သူတို့က အဘအပေါ် မေတ္တာစေတနာနဲ့ ဆက်ဆံခဲ့ကြတာ မဟုတ်ဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့ ဟုတ်ပါတယ်ကွာ၊ ဒါပေမယ့် အဲဒီလောက် ဖြစ်သွားလိမ့်မယ် ငါ မထင်ဘူးကွ။ ပိုထူးခြားတာ လှမြင့် ဘယ်လိုဘယ်လိုဖြစ်ပြီး သချိုင်းကုန်းထဲ ရောက်သွားပါလိမ့်"

"သူရဲတွေ၊ နာနာဘာဝတွေ ဆွဲသွားတာ ဖြစ်မှာပေါ့"

"ဟာ- ဟုတ်မှ ဟုတ်ရဲ့လားကွာ"

"အဘရာ၊ လှမြင့်က အရက်ကြောင် ကြောင်နေပြီဗျ"

"အေးကွ၊ ဒါလည်း ဖြစ်နိုင်တာပဲ။ ဒါပေမယ့် ဒီကောင် တစ်ရွာလုံးက သေသွားတဲ့လူတွေရဲ့ နာမည်ကို ရွတ်နိုင်တာတော့ ငါ အံ့ဩသကွာ"

"ဟုတ်တယ်၊ အဲဒါတော့ အဘတော့ကို စဉ်းစားစရာကောင်းတဲ့ ကိစ္စပဲဗျ"

"ဟုတ်ပ့ါကွာ၊ သူတို့ပြောတာနဲ့ ငါ့အိမ်တောင်ငါ သက်ာမကင်းတော့ဘူးကွ"

"ဥပါဒါန် ဥပဒ် မစွဲစမ်းပါနဲ့ အဘရာ၊ ခုဆို သူတို့မရှိတော့ အဘ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိသွားပြီ မဟုတ်လား"

"ဟုတ်တယ်ကွ၊ အမှန်တိုင်းပြောရရင် ငါလည်း ခုမှ မျက်စိရှေ့နားမရော သက်သာသွားပြီ"

"အဘ"

"ဟေ"

"ကျုပ် ပြန်တော့မယ်ဗျာ"

"ဟေ- ပြန်တော့မယ်၊ နေ. . . နေပါဦးကွာ။ မင်း ဒီကိုလာတာ ဘာကိစ္စလဲကွ ပြောပါဦး"

"အမှန်တော့ ကျွန်တော် ဒီကို ပြန်လာတာ အမေ့ ယာကလေးကို ရောင်းလိုက်ချင်လို့ဗျ။ ကျုပ်လက်ထဲမှာလည်း ပိုက်ဆံနည်းနေပြီ အဘ"

"ဟုတ်လား၊ အဘ သိပ်သိတာပေါ့ကွာ။ ဒါကြောင့်လည်း အေးမ မသိအောင် မင်းအမေယာကို ငါ ကြိုရောင်းပြီး ပိုက်ဆံသိမ်းထားတာကွ"

"ဟင်- တကယ်လား"

"တကယ်ပေါ့ လူကလေးရာ၊ အဘရင်ထဲမှာ မင်း အမြဲရှိနေပါတယ်ကွာ။ ဘာမှမပူနဲ့၊ မင်းအမေ နားကပ်ကလေးရောင်းပြီး ဝယ်ထားတဲ့ ယာကလေးကို အဘ မရောင်းရက်ပါဘူးကွာ။ ဒါပေမယ့် မအေးမအကြောင်းကို ငါ အသိဆုံး၊ ဒီမိန်းမက အရမ်း လောဘဇောတိုက်တဲ့ မိန်းမကွ။ ဒါကြောင့် သူ မသိအောင် ငါ အမြန်ရောင်းပြီး ပိုက်ဆံကို သိမ်းထားတာကွ"

"ဟင်- ဟုတ်လား၊ တော်. . . တော်သေးတာပေါ့ အဘရာ"

"နေဦး လူကလေး၊ အဘ သွားယူဦးမယ်"

ဦးချမ်းသာသည် ဒေါ်အေးမ မသိအောင် ဝှက်ထားသည့် ယာရောင်းရငွေ ပိုက်ဆံကို ဖေတိုးလက်ထဲ ထည့်လိုက်၏။ ဖေတိုးမှာ ဖခင်





ကြီး၏ မေတ္တာကို အလွန်အမင်း အံ့ဩနေ၏။ သူနှင့် ဖခင် ဝေးကွာခဲ့သည်မှာ နှစ်ချီနေပြီ ဖြစ်၏။

အိမ်ထောင်ကျသွားပြီမို့ ဖခင်ကြီးလည်း သူ့ကို မေ့လျော့သွားလေပြီဟု ထင်ခဲ့မိ၏။ သို့သော် သူ တွေးခဲ့သည့် အတွေးနှင့် တကယ့်လက်တွေ့အခြေအနေက တခြားဆီ ဖြစ်နေပြီ။

"အဘ"

"ဟေလကွယ်"

"ကျုပ် ဒီပိုက်ဆံတွေကို အကုန် မယူရက်ဘူးဗျာ၊ အဘ တစ်ဝက်ယူပါ။ အဘ လှူချင်သပဆို လှူလိုက်၊ အိုဗျာ အဘမေတ္တာရှိတဲ့လူဆီ ပေးချင်လည်း ပေးလိုက်ဗျာ"

"ဟင်- မင်း လုံလောက်ပ့ါမလားကွာ"

"ရပါတယ် အဘရာ"

"နေပါဦး၊ လူကလေးက အခု မြို့ကို ပြန်မှာလား"

"ဟုတ်တယ် အဘ၊ သား ပြန်တော့မယ်။ သား ခွင့်ရှည်ယူခဲ့တယ် အဘရဲ့၊ ပြီးတော့ သား ငှားနေတဲ့အိမ်လည်း မီးလောင်သွားခဲ့တယ်။ အဲဒီကိစ္စတွေ သား သွားလုပ်ရဦးမယ်"

"ဖြစ်ပ့ါမလား လူကလေးရယ်၊ နေစရာအိမ် ရှိရဲ့လား။ စားတာသောက်တာ ဘယ်လိုစားစား အကြောင်းမဟုတ်ဘူး၊ အရေးကြီးတာ လုံလုံခြုံခြုံ အိပ်နိုင်မယ့် တစ်နေရာတော့ လိုတယ် လူကလေးရ။ အဘပေးတဲ့ ပိုက်ဆံတွေလည်း ယူသွားပါကွာ။ ဟိုမှာ နေစရာအခက်တွေ့နေရင် ဒုက္ခ"

"နေပါစေ အဘ၊ သား နေလို့ရပါတယ်"

"အေး- မှတ်ထား လူကလေးရဲ့၊ လူဟာ ချမ်းသာတာ ဆင်းရဲတာ ပြဿနာမဟုတ်ပါဘူးကွယ်။ အဘတို့၊ သားတို့ဟာ ဆင်းရဲတွင်းထဲက ကုတ်ခြစ်တက်ခဲ့ရတဲ့လူတွေပါ။ ပြန်ပြုတ်ကျသွားလို့လည်း ကြောက်စရာမလိုဘူး၊ အရေးကြီးတာ ဘယ်ဘဝရောက်နေနေ ရိုးသားဖြောင့်မတ်တဲ့ ကိုယ့်ကိုယ်ကျင့်တရားကိုတော့ ဘယ်တော့မှ ကွေးကွေးကောက်ကောက် ဖြစ်မသွားစေနဲ့။ ကြီးကြီးကျယ်ကျယ် ပြောရရင် အမှန်တရားကို မြတ်နိုးတဲ့ စိတ်ကိုတော့ ဘယ်တော့မှ မဖျောက်လေနဲ့ကွယ်။ အဲဒီစိတ်ကလေး ရှင်သန်အောင် အားထုတ်ပြီး ကိုယ့်ဘဝဖြစ်တည်မှုကို ခြစ်ကုတ်တူထောင်ဖို့တော့ လိုတယ်ကွ"

"စိတ်ချပါ အဘ၊ ကျုပ် အဘစကားတွေ မမေ့ပါဘူး။ အဘလည်း ကျုပ် မရှိတုန်း ကျန်းမာအောင်နေပါ။ ကျုပ်ဟာ တချို့ကိစ္စတွေကို နားလည်ခဲ့တာ အမှန်ပါ။ အဘ အိမ်ထောင်ပြုတာကို ကျုပ် ပထမတော့ ဘဝင်မကျခဲ့ဘူး။ ဒါပေမယ့် အဘရဲ့ အခြေအနေကိုကြည့်ပြီး ကျုပ်နားလည်လာခဲ့ပါတယ်။ ဒါပေမယ့် အဘ ရွေးချယ်လိုက်တဲ့ အိမ်ထောင်ဖက်ဟာ အဘအတွက် ဒုက္ခကို ကုန်းပိုးလိုက်သလိုပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မပူပါနဲ့ကွာ၊ သူတို့ကို လောကက သင်သွားမှာပါ။ သူတို့လူတွေပဲ၊ လူဆိုကတည်းက တိရစ္ဆာန်ထက် ပိုတာဆိုလို့ ဆင်ခြင်တုံတရားပဲ ရှိတယ်လေ။ ဒီတော့ သူတို့လည်း တဖြည်းဖြည်း ဘာလုပ်သင့်တယ်ဆိုတာ သိလာကြမှာပေါ့ကွာ"

အဘ၏ စကားတွေကို နားထောင်ရင်း ဖေတိုး စိတ်မကောင်း ဖြစ်ခဲ့ရ၏။ သူကတော့ မြို့တက်ပြီး ဘဝကို မရမက ထူထောင်နေစဉ် ရွာမှာကျန်ခဲ့သော ဖခင်ကြီးခမျာ အရွယ်အိုခါမှ ဒုက္ခတွေ တွေ့နေရပါလားသိရသဖြင့် ကြေကြေကွဲကွဲ ခံစားနေရ၏။

သို့သော် သူ့ဘဝက ခုထိ ဘာမှ ထူးမလာသေး။ ပြောရလျှင် ဘဝကတစ်ကပြန်စရတော့မည့် အခြေအနေ။ ထိုအခြေအနေကြား သူ့စိတ်ထဲနှင်းရီရီနှင့် ပတ်သက်ပြီး အူကြောင်ကြောင် ခံစားမိသည်ကို အရှက်ရလာခဲ့ရ၏။ ဘဝနှင့်အချစ် ယှဉ်လာလျှင် သူ ဘာကို ဦးစားပေးရမည်နည်း။ တကယ်တမ်း တွေးကြည့်တော့ ဘဝက သူ့ကို တုပ်နှောင်ထားသလိုပင်။ စိတ်ထဲလည်း တင်းတင်းကျပ်ကျပ် ခံစားခဲ့ရ၏။

သို့နှင့် ဖခင်ကြီးကို ဦးသုံးကြိမ်ချပြီး အိပ်ရာဝင်ခဲ့၏။ ဖခင်ကြီးခမျာမှာလည်း ညိုးညိုးငယ်ငယ်နှင့် သူ့ကို ဆုတောင်းပေးခဲ့၏။ သူ အိပ်ရာထဲဝင်ခဲ့ချိန်တွင် မောင်လုံးတစ်ယောက် အိပ်ပျော်နေပြီ ဖြစ်လေ၏။

သူ တော်တော်နှင့် အိပ်မပျော်နိုင်။ သူ့အတွေးထဲ နှင်းရီရီနှင့် ခင်မှုန်တို့၏အရိပ်များ နှောင့်ယှက်လာပြန်၏။ သူတို့နှစ်ဦးကြား ဘဝက ကသောင်းကနင်း။ နောက်ဆုံး ဘာကိုမှ မတွေးတော့ဘဲ အိပ်ပစ်လိုက်လေ၏။

နောက်တစ်နေ့ မိုးလင်းသည်နှင့် ဖခင်ကြီးကို နှုတ်ဆက်ကာ သူတို့နှစ်ဦး ရွာမှ ထွက်ခဲ့ကြ၏။ သူ ဘာကို ဆုံးဖြတ်ရမည်ပင် မသိ။

"ကိုဖေတိုး"

"ဘာတုံးကွ"

"ခင်ဗျား ဘာလုပ်မှာလဲ၊ မြို့ကို ပြန်တော့မှာလား"

"အေးလေ၊ ငါ မြို့ကိုပဲ ပြန်တော့မှာပေါ့ကွာ။ မင်း ဆက်လိုက်ဦးမှာလား။ ဟိုမှာ နေစရာ ထိုင်စရာ ခက်တယ်နော်။ ငါနေတဲ့အိမ်တောင် မီးလောင်တဲ့အထဲ ပါသွားတာကွ။ မင်း ဘာလုပ်မလဲ"

"အိုဗျာ၊ အဲဒီမှာ ကျုပ်ညီမတစ်ဝမ်းကွဲ ရှိပါတယ်ဗျာ။ ခင်ဗျားနေစရာ မရှိရင် ကျုပ်ညီမအိမ်မှာ နေလို့ရတာယ်၊ ဘာမှမပူနဲ့"

"ရပါတယ်ကွာ၊ ငါ့အတွက် မပူပါနဲ့"

"ဒါဆို ခင်ဗျား ခင်မှုန့်ကို ဒီအတိုင်း ထားခဲ့တော့မှာလားဗျ။ သူ့ခမျာခင်ဗျားကို အားကိုးတကြီးနဲ့ မျှော်နေမှာပေါ့ဗျာ။ ဒုက္ခပါပဲ"

"ဟာကွာ၊ မောင်လုံးကလည်း ငါ့ဘဝက ဘယ်ကစရမှန်းတောင်မသိသေးတဲ့အခြေအနေမှာ ငါ ခင်မှုန့်အတွက် သူရဲကောင်းလုပ်လို့ ဖြစ်မလားကွ"





"ဩော်- ကိုဖေတိုးကလည်း အဲဒီလောက်တော့ ပစ်ပစ်ပယ်ပယ်မလုပ်သင့်ဘူးလေဗျာ"

"တော်ပါတော့ကွာ၊ မင်းပြောတာနဲ့ ငါ ဘာကို ဆုံးဖြတ်ရမှန်းတောင်မသိဘူးကွာ"

"လောလောဆယ် မင်းဘူးမြို့ပေါ်မှာရှိတဲ့ ခင်မှုန့်ဆီကို ခင်ဗျားအရင်သွားသင့်တယ်ဗျ။ သူ့ဘဝ ဘယ်လိုအခြေအနေ ရှိတယ်ဆိုတာတော့ခင်ဗျား စုံစမ်းသင့်တယ်။ ခင်မှုန်ဟာ ကိုရွှေကိုရဲ့ ချစ်သူဆိုပေမယ့် ခင်ဗျားနဲ့လည်း တစ်နည်းမဟုတ် တစ်နည်း ပတ်သက်နေတယ်လေ"

"ဟေ- မင်းစကားတွေကတော့ မလွယ်ပါလားကွာ။ ကိုင်း- မထူးပါဘူးကွာ လိုက်သွားကြတာပေါ့"

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦး ယာခင်းများကိုဖြတ်၍ လျှောက်ခဲ့ကြရာ အဝေးပြေးလမ်းမကြီးဆီသို့ ရောက်ရှိလာ၏။ ထိုအခါ မြို့ဘက်သွားမည့်ကားကို တားကာ မင်းဘူးမြို့ဘက်သို့ လိုက်ပါခဲ့ကြလေ၏။

ထိုအချိန်တွင် ခင်မှုန်လေးကြောင့် မအိပ်နိုင်မစားနိုင် ဖြစ်နေသူကကိုကျော်ခင်။ ဦးကျောက်ကြီးတို့ သားအဖက သူ့ဘက်တွင် ရှိနေသော်လည်း ခင်မှုန်က သူ့ဘက်တွင် မရှိပါချေ။

သို့သော် အချစ်တွေ၊ မေတ္တာတွေ၊ ဘာတွေညာတွေကို သူ စူးစူးနက်နက် မခံစားတတ်။ သူ ခံစားမိသည်မှာ ခင်မှုန်နှင့် အတူနေလိုခြင်း၊ ခင်မှုန်ကို ပိုင်ဆိုင်လိုခြင်း ဖြစ်၏။ ခင်မှုန်ကို ရမည်ဆိုလျှင် သူ့စည်းစိမ်ပြုတ်ချင်ပြုတ်စမ်းပါစေ အရယူဖို့သာ သူ့ရင်ထဲ ရှိနေ၏။

ထို့ကြောင့်လည်း ဦးကျောက်ကြီး မြို့သို့အသွားတွင် ခင်မှုန်အတွက်လက်ဆောင်ပစ္စည်းများ ဝယ်ခြမ်းကာ လိုက်ပါခဲ့လေ၏။ ရွှေကို ရွာမှထွက်သွားသဖြင့် သူ့ရင်ထဲ စိတ်အပူကြီးပူနေ၏။ ရွှေကို ခြေတစ်လှမ်းသာသွားမှာကိုတော့ သူ မလိုလား။ ထို့ကြောင့် ခင်မှုန့်ဆီ အရဲစွန့်ပြီးလိုက်ပါလာခြင်း ဖြစ်လေ၏။

ခင်မှုန်နေထိုင်ရာအိမ်ရောက်တော့ သူ့ရင်တွေ တလှပ်လှပ် ခုန်နေရ၏။ ခင်မှုန့်ကြီးတော် ကြီးမြခဲ၏အမူအရာက ကိုကျော်ခင်ကို မြင်သည်နှင့်မှုန်ကုပ်ကုပ်။ ဦးကျောက်ကြီးက အစ်မဖြစ်သူ ကြီးမြခဲကို အသေကြောက်ရ၏။ ခင်မှုန်သည် ကြီးမြခဲကို ကိုကျော်ခင်နှင့် ပတ်သက်ပြီး အသေးစိတ်ဖွင့်ပြောပြခဲ့၏။

ထို့ကြောင့်လည်း ကိုကျော်ခင်ကို ကြီးမြခဲက မကျေမချမ်းနှင့် ဆီးကြိုလိုက်ခြင်း ဖြစ်၏။

"ဟဲ့- ကျောက်ကြီး၊ သူက ဘယ်က သတ္တဝါတုံး"

"ဗျာ၊ ဟာ- အစ်မကလည်း သူက ကျုပ်တို့ရွာသားလေ။ သူဌေးဗျ့သူဌေး၊ သူ့မှာ ယာတွေ နွားတွေ နည်းတာမဟုတ်ဘူး"

"ဟုတ်တယ် ကြီးတော်ရဲ့၊ ကျွန်တော်. . ."

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေ လာပြောပြနေတာ ငါက ဘာလုပ်ရမှာလဲ။ နေပါဦး မင်းအသက် ဘယ်လောက်ရှိပြီတုံး"

"ဟို- ကျုပ် လေး. . . လေးဆယ်စွန်းခါစပဲ ရှိပါသေးတယ်"

"ဟာ- ဒါဆို တရားတခေါက် ဝင်သင့်တဲ့အချိန် ရောက်နေပြီပေါ့။ ဟုတ်တယ်၊ မင်းအရွယ်ဟာ ပုတီးကိုင်ရမယ့်အရွယ် ရောက်နေပြီကွယ့်"

"ဗျာ၊ ဟို- ကျုပ်. . . ကျုပ် ငယ်ပါသေးတယ်ဗျာ"

"အို- ကိုယ့်ကိုယ်ကိုယ် ငယ်တယ် မတွက်နဲ့။ ငါ မြင်တာတော့ မင်းခေါင်းမှာ ဆံပင်ဖြူ ထိုးထိုးထောင်ထောင် ဖြစ်နေပြီ။ ပါးရေနားရေလည်း တွန့်လာသလိုပဲ။ သေခြင်းတရားဆိုတာ ပြောလို့မရဘူးနော်"

"အစ်မ. . . အစ်မ၊ ဘာတွေ ပြောနေသတုံးဗျ"

"သြော်- ငါက မောင်ကျော်ခင် တရားမရှိလို့ တရားပြနေတာပေါ့တဲ့။ ဟိုငမ်းငမ်း ဒီငမ်းငမ်း လုပ်တာ ကိုယ့်အရွယ်နဲ့ တွေးကြည့်ရင် ရှက်စရာကြီးကွယ့်"

"ဗျာ"

ကိုကျော်ခင်တစ်ယောက် ကြီးမြခဲ၏ အသားလွတ် နှိပ်ကွပ်မှုကို ခံနေရ၏။ မျက်တောင်လေး တခတ်ခတ်နှင့် ရှေ့ဆက် ဘာပြောရမှန်းလည်း မသိ။ သို့သော် သူ့ရင်ထဲ ခင်မှုန်ကိုသာ တွေ့ချင်နေ၏။ အိမ်ပေါ် ရောက်သည်နှင့် ခင်မှုန်ကိုသာ ရှာနေ၏။

ကြီးမြခဲက ရိပ်မိနေ၏။ ပြုံးစစနှင့် ကြည့်ရင်း မေးလိုက်၏။

"ဘာရှာနေတာတုံးကွယ့်၊ မင်းမျက်လုံးတွေက ပိုးဟပ်မျက်လုံးတော့လိုပဲ။ သူငယ်အိမ်လည်း မငြိမ်ဘူး။ အဲဒါ ဝမ်းတွင်းမှာ အပူအပုပ်ရှိလို့ ဖြစ်မယ်"

"ခင်ဗျာ၊ ဟာ- ကျုပ် ဒီကို မလာခင် ဝမ်းနုတ်ခဲ့ပါတယ် ကြီးတော်ရယ် ဟဲဟဲ"

"ဟကောင် မောင်ကျော်ခင်၊ မင်းကလည်း ဘာတွေပြောနေသတုံးကွ"

"သြော်- ဟို. . . ဟိုဒင်း အပူအပုပ်ရှိတယ် ဆိုလို့ပါ"

"တော်စမ်းပါကွာ၊ အစ်မ သမီးရော"

"သူငယ်ချင်းအိမ် သွားတယ်လေ"

"ဟုတ်လား၊ အစ်မ ကျုပ် ရှင်းရှင်းပဲ ပြောမယ်ဗျ။ ဟောဒီ ကျော်ခင်ကို ကျုပ် သမီးနဲ့ ပေးစားမှာဗျ။ တစ်လောက သူတို့နှစ်ယောက်ကို နားဖောက်မလို့လုပ်တုန်း ပွဲပျက်သွားလို့၊ အဲဒါ ကျုပ်မှာ တာဝန်ရှိတယ်လေ"

"အဲဒါ ဘာဖြစ်တုံးဟဲ့"

"သြော်- အစ်မကလည်း ကလေးတွေကို မိဘဝတ္တရားရှိတဲ့အတိုင်း ဆက်ပြီး ဆောင်ရွက်ပေးရမှာပေါ့ဗျ"

"အောင်မလေး ကျောက်ကြီးရယ်၊ ဟောဒီ မောင်ကျော်ခင်ကို နင်က



ကလေးမှတ်နေသလား။ နင်နဲ့ဆို ညီအစ်ကိုလို့တောင် ပြောနိုင်တယ်ဟဲ့၊ အရွယ်က ရွတ်တွနေတာ နင်က ကလေးတဲ့"

"ဗျာ၊ ဟာ- ကြီးတော်ကလည်း ပြောရက်လိုက်တာဗျာ။ ကျုပ်က လေးဆယ်သီသီလေး စွန်းသေးတာပါဗျာ။ ဟို- တောမှာနေတော့ လူက မျက်နှာကြီးရင့်နေတာဗျ၊ နော် ဦးကျောက်ကြီး"

"ဟုတ်တယ်၊ မောင်ကျော်ခင်က ကျုပ်ထက် ငယ်ပါတယ် အစ်မရာ။ ပြီးတော့ သူ့မှာ ပြည့်ပြည့်စုံစုံ ရှိတယ်လေ"

"ဒုက္ခပါပဲ ကျောက်ကြီးရယ်၊ နင်က သမီးရှင်နော်။ ကိုယ့်သမီးကိုယ် ဈေးလျှော့ရောင်းနေပါလားဟဲ့။ နင် အရှက်မရှိဘူးလား ပြောစမ်း၊ မပေးစားနိုင်ဘူး။ ငါ စဉ်းစားမယ်၊ ငါကြိုက်မှ ပေးစားမယ် ဘာမှ ထပ်မပြောနဲ့"

"ဟာ- အစ်မကလည်း ဇွတ်ကြီးဗျ"

"အို- ဒီကိစ္စ ပြတ်ပြတ်သားသားလုပ်မှ ဖြစ်မယ်၊ ခင်မှုန်က အခုမှ ဆယ့်ခြောက်ဆယ့်ခွန် ရှိသေးတယ်။ ငါတူမ နုနုထွတ်ထွတ်လေးကို ဒီ ရွတ်တွကြီးနဲ့ အတင်း မပေးစားနိုင်ဘူး"

"ဗုဒ္ဓေါ"

ကိုကျော်ခင်တစ်ယောက် သူ့ကို အတုံးလိုက် အတစ်လိုက် ဆော်နေသော ကြီးမြခဲကို ရဲရဲတောင် မကြည့်ဝံ့။ ကြီးမြခဲ ပြောလိုက်မှ ရွတ်တွတွ သူ့အသားကို မရဲတရဲ ကြည့်ရင်း ငိုချင်သလိုလို ရယ်ချင်သလိုလို ခံစားနေရ၏။

သို့သော် ကြိုက်မရှက် ငိုက်မရှက်ဆိုသည့် စကားက ကိုကျော်ခင်ကို ရည်စူးခဲ့လေသလား မသိ။

သူငယ်ချင်းအိမ်မှ ပြန်လာသော ခင်မှုန်ကို မြင်လိုက်သည်နှင့် အူယားဖားယား ဖြစ်နေ၏။ မရိုးမရွ အမူအရာနှင့် ခင်မှုန်၏ မျက်နှာနုနုလေးကို စားတော့ဝါးတော့မတတ် ကြည့်နေ၏။ ဦးကျောက်ကြီးသည် သမီးဖြစ်သူကို လှမ်းကြည့်ရင်း ပြုံးစိစိနှင့် ပြောလိုက်၏။

"ဟေ- သမီး ပြန်လာပြီလား၊ ဟောဒီမှာ မောင်ကျော်ခင်လည်းပါတယ်သမီးရေ။ သူက လက်ဆောင်တွေ အများကြီးသယ်လာတာ သမီးရဲ့"

"ဘာလုပ်ဖို့တုံး"

"သြော်- သမီးကို ပေးချင်လွန်းလို့ပေါ့ကွယ်။ မောင်ကျော်ခင် ပေးလိုက်လေ၊ သမီးက မင်းလက်ဆောင်ကို တအား တန်ဖိုးထားတာကွယ့်"

"ဟုတ်လား၊ ဟို- ဒီ. . . ဒီမှာလေ ခင်မှုန်၊ အစ်ကိုကျော်ခင်လေ ဟဲဟဲ ခင်မှုန်နဲ့လိုက်မယ့် ပစ္စည်းလေးတွေ ဝယ်လာတယ်ကွယ့်။ ယူ. . . ယူပါနော်"

"တော်ကြီး ကျုပ်ကို လာဘ်ထိုးတာလား"

"ဟင်းဟင်း ခင်မှုန်ကလည်းကွယ်၊ လာဘ်ဆောင် အောင်စမြဲဆိုတဲ့ စကားလည်း ရှိသားပဲကွယ်၊ အောင်ရာအောင်ကြောင်း အောင်မောင်း

www.burmeseclassic.com



စည်စည် အောင်ပြီ. . . အောင်ပြီ"

"ဟာ- မောင်ကျော်ခင် ဘာတွေတုံးကွ"

"ဗျာ၊ ဟဲဟဲ ကျွန်တော်လည်း ရွတ်ကောင်းကောင်းနဲ့ ရွတ်နေမိတာပါ။ ယူ. . . ယူပါ ခင်မှုန်ရယ်၊ ခင်မှုန် ရွာက ထွက်သွားကတည်းက အစ်ကိုကြီး အိပ်လို့စားလို့ မရဘူးကွယ်"

"ဟဲ့- မောင်ကျော်ခင်"

"ခင်ဗျာ၊ ဘာတုံး ကြီးတော်"

"နင်ဟာ တော်တော့်ကို အရှက်မရှိတဲ့လူပဲ"

"ဗျာ၊ ဘာ. . . ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲဟဲ့၊ ကြီးတော်တွေ အဖေတွေ ထိုင်နေတာတောင် စွတ်ပြောနေရသလား။ စားလို့အိပ်လို့ မရလည်း ကျွမ်းသုံးလေးပတ်ထိုးသစ်ပင်တွေတက်၊ ရေတွေဆွဲ၊ အဲဒီလိုမှ အိပ်လို့မရ စားလို့မရရင် ရေတွင်းထဲသာ ခုန်ချလိုက်"

"ဗျာ၊ ဟာ- ကြီးတော် မြခဲကလည်း ဟဲဟဲ ကျွန်တော်ပြောတာ ခင်မှုန်နဲ့ ပတ်သက်ပြီး ခံစားနေရတဲ့ ခံစားချက်ကို ပွင့်ပွင့်လင်းလင်း ပြောလိုက်တာပေါ့။ ခင်မှုန် နားလည်နိုင်မှာပါ"

"တော်စမ်း၊ ကျောက်ကြီးရယ် နင် ဘယ်လိုလူကို ခေါ်လာသလဲ"

"အစ်မကလည်းဗျာ၊ မောင်ကျော်ခင်က အဲဒီလိုပဲဗျ။ တစ်ခါတစ်ခါ ပေါကြောင်ကြောင် ထင်ရာစွတ်ပြောတတ်ပေမယ့် လူရိုးလူကောင်းပါဗျာ။ ကိုင်း- ဒါတွေ ထားပါတော့၊ ကျုပ်တို့လည်း ပင်ပန်းလာတယ်။ ရေလေး ဘာလေး ချိုးဦးမယ်"

ဦးကျောက်ကြီးတစ်ယောက် သမက်တော် ကျော်ခင်ကို ပွဲထုတ်သော်လည်း ကျော်ခင် မင်းသားက မကဘဲ တောင်တောင်ဤဤ ကကြိုးတွေ ထုတ်နေသဖြင့် ဦးကျောက်ကြီးလည်း လည်တယ်လည်တယ် ဖြစ်နေ၏။

ထို့ကြောင့်လည်း စကားစကို ဖြတ်ပစ်လိုက်ပြီး နှစ်ယောက်သား အဝတ်အစားလဲကာ ရေတွင်းဘက်သို့ ထွက်ခဲ့ကြ၏။

"ဟကောင် မောင်ကျော်ခင်၊ မင်းကလည်းကွာ နေရာတကာ အူတူတူ အတတ လုပ်မနေနဲ့ကွ။ ငါ့အစ်မက ခေတ်အမြင် ရှိတာနော်။ ငါကလည်း အစ်မကို မပြောရဲဘူးကွ။ ခင်မှုန်က သူ့လက်ပေါ်မှာ ကြီးလာတာဆိုတော့ သူ သဘောတူမှကွ"

"ဗျာ၊ ဒုက္ခပါပဲ ဦးကျောက်ကြီးရာ၊ ဒါ. . . ဒါဆို ကျော်ခင်တော့ ကံဆိုးပြီပေါ့"

"မပူပါနဲ့ကွာ၊ ဒီကိစ္စ ငါ့နှုပ်ကြောင်းပေးသွားမှာပါ။ ပြောသာ ပြောရတယ် အမှန်တော့ ငါက အဖေကွ။ မင်းနဲ့ တွေ့တော့မှပဲ ရှိသမျှသိက္ခာတွေ ကျတော့တယ်ကွာ"

"ဟဲဟဲ ဦးကျောက်ကြီးကလည်း၊ ဒါက နှစ်ဦးနှစ်ဖက် ကောင်းဖို့ပါ



ဗျာ။ ကျုပ်တို့ ရေချိုးပြီးရင် ဆိုင်လေဘာလေး သွားရအောင်ဗျာ"

"ဟာ- သွားမှာပေါ့ကွာ၊ ရာသီဥတုက အေးတယ်ကွ။ ဒီတော့ အရက်လေး ဘာလေး မှိဲကြတာပေါ့ ဟဲဟဲ"

"ကောင်းတာပေါ့ဗျာ"

ကိုကျော်ခင်တစ်ယောက် ယောက္ခမလောင်း ဦးကျောက်ကြီး သူ့ဘက်ပါနေပြီမို့ အောင်မြေကို တစ်ဝက်နင်းနေပြီဟု စိတ်ထဲ ယုံမှတ်နေ၏။ ထို့ကြောင့် ဦးကျောက်ကြီး ဘာလုပ်ချင်ချင် လုပ်ပေးဖို့အသင့်။

ဦးကျောက်ကြီးသည် ရွာမှာရှိစဉ်က သားနှစ်ယောက်ရှေ့ အရက်ကို စွတ်မသောက်ရဲ။ ကိုယ့်ထက် ခေါင်းတစ်လုံးသာအောင် ဆိုးနေကြသည့် သားများရှေ့တွင် သူ မကဲရဲ၊ ယခုတော့ သူ့အတွက် လွတ်လပ်ရေး ရသွားသလိုပင်။

ယခုလည်း ရေမိုးချိုးပြီးသည်နှင့် နှစ်ယောက်သား ဘုံဆိုင်သို့ ချီတက်ခဲ့ကြ၏။ ဆိုင်ထဲရောက်သည်နှင့် ဝီစကီမှာလိုက်၊ ကြက်ကင်မှာလိုက်နှင့် ဦးကျောက်ကြီးတစ်ယောက် ကုလားဘုရားပွဲထဲ ဝင်ကနေရသလိုပင်။

"ဟားဟားဟား ငါတို့အဖြစ်က အံ့ဩစရာပဲ မောင်ကျော်ခင်ရေ၊ သမက်ကို လမ်းကြောင်းပေးနေရတဲ့ ယောက္ခမဆိုလို့ ကမ္ဘာပေါ်မှာ ငါ တစ်ယောက်တည်း ရှိတယ်ကွ"

"ဂုဏ်ယူစရာပေါ့ ဦးကျောက်ကြီးရယ်"

"ဟာ- ဘာလဲကွာ၊ မင်းက ပြောချလိုက်ရင် အူချာချာနဲ့"

"ဩော်- ဦးကျောက်ကြီးကလည်း လောကမှာ သူများမလုပ်တာကို လုပ်တာမှ ကမ္ဘာကျော်တာဗျ"

"ဟေ- ကမ္ဘာကျော်မယ်၊ ဟာကွာ မင်းဥစ္စာ ရှက်စရာကြီးကွ"

"ရှက်စရာမလိုပါဘူးဗျာ၊ သမက်နဲ့ ယောက္ခမ အစဉ်အလာဟောင်းကို ကျုပ်တို့နှစ်ယောက် ရိုက်ချိုးပစ်လိုက်ကြတာပေါ့ဗျာ"

"အေးကွ၊ အဲဒါ ကောင်းတယ်။ မှန်တာပြောရရင် ရွှေကိုကိုတော့ ငါ လုံးလုံး လက်မခံနိုင်ဘူးကွ။ ဒီကောင်ကြောင့် မင်းကို ငါ အမှတ်တွေ ပေးနေတာနော်။ တကယ်ဆို မင်း ရွှေကိုကို ညည ဦးချပြီးတောင် အိပ်သင့်တယ်ကွ။ တစ်ခါတစ်ခါမှာ ကိုယ်နဲ့ ဆန့်ကျင်ဘက်အရာတွေဟာ အကျိုးပြုတဲ့သဘော ရှိတယ်ကွ"

"သိပ်ဟုတ်တာပေါ့ ဦးကျောက်ကြီးရာ၊ ချဗျာ အမူးချ။ မူးလာရင် ကျုပ် ထမ်းခေါ်မယ်ဗျာ"

"ဟာ- အဲဒီလောက်တော့ မချရဲဘူးကွ။ အစ်မ ငါ့ကို နှိပ်ကွပ်မှာပေါ့ကွ။ ဟားဟားဟား နေရာတကာ ဒုံးချမပြောစမ်းပါနဲ့ကွာ။ ပါးပါးနပ်နပ် နေတတ်ရင် လူ့ဘဝမှာ မင်းဟာ လူတော်ပဲ မောင်ကျော်ခင်ရ"

"ပါးပါးနပ်နပ် ဟုတ်လား"

"ဒါပေါ့ကွာ၊ နေရာတကာမှာ ဒုံးချ မတွေးစမ်းပါနဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ၊ ကျုပ် မှတ်ဉာဏ်တွေကလည်း တစ်ခါတစ်ခါ ထုံပါ့ဗျာ။ ဟုတ်ပြီ၊ ဦးကျောက်ကြီးကြိုက်တာ မှာစားနော်။ ဒီဆိုင်မှာ ကျုပ် သောက်ဖူးတယ်ဗျ၊ အကြော်အလှော်လည်း တအား ကောင်းတာဗျ"

"အေးပါကွာ၊ မင်းလည်း ချလေ"

"ချမှာပေါ့ဗျာ"

ဦးကျောက်ကြီးနှင့် မောင်ကျော်ခင်တို့နှစ်ယောက် တစ်ယောက် တစ်ခွက်နှင့် တဂွပ်ဂွပ်-သောက်လိုက်ကြ၏။ အမြည်းတွေကလည်း စားပွဲပေါ်မှာ အလျှံပယ်။ မောင်ကျော်ခင်တစ်ယောက် သောက်ရင်းသောက်ရင်း မျက်လုံးတွေ ဝါးလာ၏။ စကားတွေလည်း မပီတော့၊ ယိုင်ထိုးယိုင်ထိုးလည်း ဖြစ်လာ၏။

"ယောက္ခမကြီး"

"ဟ- ဒီလိုတော့ မခေါ်နဲ့ဦးကွာ"

"ခေါ်မယ်ဗျာ၊ နောက်လည်း ခေါ်ရမှာပဲဗျ အေ့"

"မအေးပါကွာ၊ ခေါ်ခေါ်"

"ဟာ- ခင်ဗျားဟာ ယောက္ခတွေထဲမှာတော့ ဂန္ထဝင်ယောက္ခမကြီးပဲဗျ အေ့"

"ဟေ- ဘာဖြစ်လို့လဲ မောင်ကျော်ခင်ရာ၊ မင်းမှာ ယောက္ခမတွေ ဘယ်နှယောက် ရှိနေလို့လဲ"

"ဩော်- ယောက္ခမကြီးကလည်း တလွဲ မတွေးစမ်းပါနဲ့ဗျာ၊ ဟဲဟဲ ကျော်ခင်. . . ကျော်ခင် အေ့၊ ကျော်ခင် ဘာကောင်ဆိုတာ ယောက္ခမကြီး သိတယ် မဟုတ်လား"

"သိ. . . သိပါတယ်ကွာ၊ မင်းဟာ မကြာခင် ငါ့သမက်လေး ဖြစ်လာတော့မှာပါကွာ ဟဲဟဲ"

"ဟုတ်တယ် ကျော်ခင်၊ ရွှေကျော်ခင်၊ ငွေကျော်ခင်၊ ပတ္တမြားကျော်ခင်၊ စိန်ကျော်ခင်"

"တော်ပါတော့ကွာ၊ ငါသိပါတယ်။ မင်းဟာ ငါ့သမက်လေး ရတနာကျော်ခင်ပေါ့ကွာ။ ဟဲဟဲ ကျေနပ်ပြီလား၊ သိပ်လည်း မသောက်နဲ့ကွ။ မင်း တအား မူးနေပြီ"

"ဟုတ်တယ်၊ ခင်ဗျားသမီးကြောင့် ကျုပ်နှလုံးသားတွေ ဘာတွေ ဖြစ်ကုန်ပြီလဲ သိလား"

"ဟင်- ဘာတွေဖြစ်ကုန်ပြီလဲ၊ စုတ်ပွဲကုန်ပြီလား"

"ဟုတ်တယ်၊ ကျုပ် ရင်ဘတ်ကြီး ပုပ်သိုးသွားပြီဗျ။ အချစ်ဟာ အက်စစ်ဗျ အေ့- အဲဒီအက်စစ်ကို ကျုပ်ကိုယ်ပေါ် လောင်းချလိုက်ပြီ"

"ဟာ- အဲဒီလောက် မကြမ်းနဲ့လေကွာ"

"မရဘူး၊ ကျုပ်ဟာ အက်စစ်ထဲ ခေါင်းထိုးဝင်မယ့်ကောင်ဗျ။ အက်စစ်ဟာ ကျုပ်ရဲ့အရိပ်၊ ကျုပ်ရဲ့ကမ္ဘာကြီး ယောက္ခမကြီးရဲ့ ဟားဟားဟား"





"ဟုတ်ပါတယ်ကွာ၊ မင်း သိပ်မူးနေပြီနော်။ တော်ဖို့ကောင်းတယ်၊ အိမ်မှာ ငါ့အစ်မ ရှိတယ်နော်"

"မသိဘူးဗျာ၊ သောက်ဦးမယ်"

"တော်ပါတော့ကွာ"

ဦးကျောက်ကြီးတစ်ယောက် သမက်လောင်း မောင်ကျော်ခင်ကို မနည်း တောင်းပန်နေရ၏။ မောင်ကျော်ခင်တစ်ယောက် ခုံပေါ်တွင် နတ်ပူးနေသလိုပင် ဟိုယိုင်ဒီယိုင် ဖြစ်နေ၏။ စကားတွေလည်း ထင်ရာမြင်ရာ ပြောဆိုနေ၏။

နောက်ဆုံး အခြေအနေက ဆိုးဝါးလာသည်မို့ မောင်ကျော်ခင့်လက်ကို အတင်းဆွဲကာ ဆိုင်ပြင်သို့ ခေါ်ထုတ်ခဲ့ရ၏။

"အေ့- မူးတယ်ကွာ၊ ယောက္ခမကြီး"

"ဟေ- ဘာတုံးကွ"

"ကျုပ် မူးနေပြီ၊ အချစ်မူး မူးနေပြီ"

"ဟာ- သတိထားမှပေါ့ကွာ"

"ခင်ဗျားသမီးနဲ့ ကျုပ်ကို ပေးစားမှာ ကျိန်းသေလား"

"ကျိန်းသေပါတယ်ကွာ၊ ပေးစားမှာပေါ့ ဟဲဟဲ"

"ဒီလိုမှပေါ့ ယောက္ခမကြီးရယ်၊ သမက်ရိုသေမှ အသက်ရှည်မှာဗျ အေ့"

"ဟာ- မှားကုန်ပြီကွ၊ ဒါ ငါကပြောရမယ့် စကားတွေကွ။ တော်ပါတော့ကွာ၊ မင်းပြောသမျှ စကားတွေက တလွဲတွေချည်းပဲ"

"ဟဲဟဲ ခံစားချက်တွေ များတာကိုးဗျ"

"လာပါကွာ"

နောက်ဆုံးတော့ မောင်ကျော်ခင်ကို မရမကတွဲကာ အိမ်ဘက်ဆီသို့ ခေါ်ခဲ့ရ၏။ အိမ်ရှေ့ရောက်တော့ အိမ်ပေါ် အရမ်း မတက်ရဲသေး။ မောင်ကျော်ခင်ကို အိမ်ရှေ့ သရက်ပင်ရိပ်အောက်ရှိ ကွပ်ပျစ်ပေါ်တွင် လှဲသိပ်ထားလိုက်ရ၏။

ထိုမြင်ကွင်းကို မူးစူးရဲရဲ ကြည့်နေသူက ဒေါ်မြခဲ။ သူ့မောင် လုပ်ရပ်ကိုလည်း ဒေါသဖြစ်၍မဆုံး။ သူ့ဘေးတွင် ခင်မှုန် ရပ်နေ၏။

"ကြီးမြင်တဲ့ အတိုင်းပဲလေ၊ အဲဒီလို လူကြီးကို သမီးက ဘယ်လိုယူရမှာလဲလို့။ ပြီးတော့ အဘကလည်း သူ့ဘက် ခပ်ပါပါ။ သမီးတော့ ဘာလုပ်လို့ လုပ်ရမှန်းတောင် မသိဘူး"

"အိုအေ၊ ငါ ဒင်းနဲ့ ပေးကို မပေးစားနိုင်ဘူး။ ဟိုကောင်ကလည်း သမက်လောင်းကို မျက်နှာလုပ်လိုက်ရတာ အရှက်ကို မရှိဘူး။ လာပါစေဦး"

ကြီးမြခဲတစ်ယောက် အံတကြိတ်ကြိတ် ဖြစ်နေ၏။ ထိုစဉ် ဦးကျောက်ကြီးတစ်ယောက် အိမ်ပေါ်ကို ကုပ်ချောင်းချောင်းနှင့် တက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့- ကျောက်ကြီး"

"ဗျာ၊ အစ်မ"

"နင်တို့ နှစ်ယောက်စလုံး မနက်ဖြန် ပြန်ကြတော့"

"ဗျာ၊ ဘာ. . . ဘာဖြစ်လို့လဲ အစ်မရယ်၊ ကျုပ်. . . ကျုပ်က အစ်မရဲ့မောင်လေ။ ဘယ်လိုဖြစ်တာတုံး အစ်မရယ်"

"တိတ်စမ်း၊ အရှက်မရှိတဲ့ ယောက္ခမဆိုလို့ နင်တစ်ယောက်ပဲ မြင်ဖူးတယ်"

"ဟာ- ဒါဟာ သူများမလုပ်တဲ့ အလုပ်ကို လုပ်လိုက်တာပေါ့ဗျ။ ဟဲဟဲ ကျုပ်ကို မောင်ကျော်ခင်က ဂုဏ်ဝင်ယောက္ခမလို့တောင် ခေါ်တာဗျ ဟဲဟဲ"

"တိတ်စမ်း အရူး၊ ဟိုက မြှောက်ပေးလို့ မြှောက်ပေးမှန်းလည်း မသိ၊ နင် ရူးဇနေသလား ပြောစမ်း၊ တော်ပြီ နင့်မျက်နှာလည်း ငါ မကြည့်ချင်ဘူး၊ ဟို- ကလေကဝ အရွယ်ရွတ်တွကိုလည်း မကြည့်ချင်ဘူး။ သွားကြ၊ မနက်ဖြန် အထုပ်အပိုးပြင်ပြီး ပြန်ကြ"

"ခက်ပါ့ အစ်မရာ၊ ကျုပ်က အစ်မတူမ ကောင်းစားရေးကို တွေးပြီး မောင်ကျော်ခင်နဲ့ စီစဉ်တာပါဗျာ။ မောင်ကျော်ခင်က သူဌေးနော်၊ အစ်မ သူ့ကို လျှော့မတွက်နဲ့"

"တော်စမ်း၊ နင် ဘာကြောင့် ဒီလောက် လောဘတက်နေတာတုံး။ ဘာလဲ၊ အဲဒီ ရွတ်တွကြီးကို နင်ကများ ကြိုက်နေသလား။ နင် ကြိုက်နေရင်လည်း ယူသာယူလိုက်"

"အစ်မကလည်းဗျာ၊ ကိုယ့်မောင်ကို အဲဒီလောက် စိမ်းစိမ်းပြတ်ပြတ် မပြောပါနဲ့ဗျာ။ ပြေးကြည့်ရင် ဒီမောင်နှမနှစ်ယောက်ပဲ ရှိတဲ့ဟာကို"

"တော်တော် စကားဆက်မပြောနဲ့တော့၊ ငါပြောသလိုသာ လုပ်ပေတော့"

"အစ်မ၊ ဒါ နောင်ရေး စိတ်အေးအောင် လုပ်နေတာနော်"

"ဘာ- ဘာနောင်ရေးလဲ၊ နောင်ရေး ရှေ့ရေးတွေ ပြောမနေနဲ့။ ဟို သေနာက ကွပ်ပျစ်မှာ မူးမူးနဲ့ အိပ်နေတာ နင်မြင်လား"

"ဩော်- ယောကျ်ားပဲ အစ်မရာ"

"တော်စမ်း၊ ငါ လုံးလုံးသဘောမတူဘူး ဒါပဲ"

ကြီးမြခဲသည် ဦးကျောက်ကြီးကို ပြတ်ပြတ်သားသား ပြောဆိုကာ တူမကိုလက်ဆွဲ၍ အိပ်ခန်းထဲ ဝင်သွားလေတော့၏။ ဦးကျောက်ကြီးတစ်ယောက် အစ်မကို ယှဉ်မပြောရဲ။ အမှန်ပြောရလျှင် သူတို့စီးပွားရေးကို အစ်မလုပ်သူက အစစအရာရာ ကူညီခဲ့၏။

ကြီးမြခဲကြောင့်လည်း သူတို့သားအဖတွေ ရွာမှာ မော်မော်ကြွားကြွား နေနိုင်ခဲ့ကြခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း ဦးကျောက်ကြီး ငြိမ်နေလိုက်ရ၏။ သို့သော် သမက်လောင်း မောင်ကျော်ခင်၏ လုပ်ရပ်ကိုတော့





ဦးကျောက်ကြီး သဘောမကျနိုင်။

သူခင်းပေးသည့်လမ်းပေါ် ထင်သလိုလျှောက်နေသော မောင်ကျော်ခင်ကို စိတ်တိုင်းမကျ။ တောင်ညွှန်မြောက်ရောက်၊ အနောက်ညွှန် အရှေ့သွားချင်သည့် သမက်။ စိတ်ထဲ အားမလိုအားမရ ဖြစ်နေရ၏။ အစ်မလုပ်သူက ပြတ်ပြတ်သားသား မောင်းချလိုက်သဖြင့် နောက်တစ်နေ့ နံနက်စောစောတွင် သူတို့နှစ်ယောက် ရွာသို့ ပြန်ခဲ့ကြရလေ၏။

ခင်မှုန်မှာ မောင်ကျော်ခင်တို့ ပြန်သွားသည်နှင့် ဝမ်းသာအားရ ဖြစ်နေ၏။

ကြီးတော်လုပ်သူ၏ ကာကွယ်မှုကြောင့် သူ့ဘဝ လုံခြုံခဲ့ရသည်ကို တွေးကာ ကျေးဇူးအတင်ကြီး တင်နေမိလေ၏။ ထိုအတောအတွင်း သူချစ်ရသော ချစ်သူကို မျှော်ခဲ့၏။ ရွှေကိုထံမှ စာမလာ၊ လူကြုံလည်း သတင်းမပါသည်မို့ ခင်မှုန့်စိတ်ထဲ လိပ်ခဲတည်းလည်း ဖြစ်နေရ၏။

သို့နှင့် ဦးကျောက်ကြီးတို့ ပြန်သွားပြီးနောက် ငါးရက်ခန့်အကြာတွင် ဖေတိုးနှင့် မောင်လုံးတို့နှစ်ဦး အိမ်ပေါ်ကို ဖြုန်းစားကြီး ရောက်လာလေတော့၏။

"ဟင်- ကို. . . အစ်ကိုရွှေကို"

"ဟုတ်တယ် ခင်မှုန်၊ ခင်မှုန် နေကောင်းရဲ့လား"

"ကောင်းပါတယ် အစ်ကိုရယ်၊ ထိုင်လေ"

"တိုး- ခင်မှုန့်အကြီး ဆိုတာရော"

"ဈေးသွားတယ်လေ၊ တော်ကြာ လာမှာပေါ့"

"ဟုတ်လား၊ ခင်မှုန် ပိန်သွားသလိုပဲနော်၊ ခင်မှုန် နေမကောင်းဘူးလား"

"ကောင်းပါတယ် အစ်ကိုရယ်၊ ခင်မှုန်လေ ဟို- ဟင်းဟင်း အစ်ကို့ကိုပဲ မျှော်နေတာ။ အစ်ကို မလာလို့ ခင်မှုန် ဒေါသတွေ ထွက်နေတာ သိလား"

"ဒေါသမထွက်ပါနဲ့ ခင်မှုန်၊ အစ်ကို လာချင်ပါတယ်။ အစ်ကို့မှာ ကိစ္စလေးတွေ ရှိနေလို့ပါကွာ"

"ကိုမောင်လုံးကြီးလည်း ပါလာသကိုး"

"ဟုတ်တယ် ခင်မှုန်ရဲ့ ငါလည်း သူသွားရာ လျှောက်လိုက်နေတာဟ"

"ခဏနော်၊ အကြွမ်းအိုးလေး ဘာလေး ယူလိုက်ဦးမယ်"

ခင်မှုန်သည် ထိုင်ရာမှထကာ အိပ်ခန်းထဲ ဝင်သွား၏။ တစ်အောင့်အကြာတွင် လက်ဖက်ပွဲများ၊ အကြွမ်းအိုးများ ယူလာကာ သူတို့ရှေ့ ချပေးလိုက်၏။ ဖေတိုးသည် ခင်မှုန်၏ ပွင့်သစ်စမျက်နှာနုနုလေးကို ကြည့်ကာ မချင့်မရဲ ခံစားနေရ၏။ သူ့ရင်ထဲ ရွှေကိုဆိုသော လူကိုပင် မနာလို ဖြစ်မိတော့ စိတ်ပေါ်မိ၏။

"အစ်ကို၊ အစ်ကိုလည်း ပိန်သွားသလိုပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါပဲ ခင်မှုန်ရယ်၊ ခင်မှုန်က အစ်ကိုကို အခုထိ ကိုရွှေကိုလို့ ထင်နေတာတော့ အစော်ကို အံ့ဩတယ်"

"အို- လာပြန်ပြီ ဒီစကား"

"ခက်တယ် ခင်မှုန်၊ ကိုယ် ခင်မှုန့်ကို မညာချင်ဘူးကွယ်။ ကိုယ် ငယ်ငယ်ကတည်းက မညာတတ်ဘူး ခင်မှုန်။ ကိုယ်ဟာ ဘယ်တော့မှ ဘယ်သူ့မှ မညာခဲ့ဘူး။ ကိုယ် ရွှေကို မဟုတ်ပါဘူး ခင်မှုန်။ ကိုယ်ဟာ ဖေတိုးပါ"

"အို- ဒုက္ခပါပဲ"

"မောင်လုံး"

"ဗျာ"

"မင်းပဲ ရှင်းပြလိုက်ကွာ၊ မောင်လုံးရဲ့စကားကို နားထောင်ပြီးရင် ခင်မှုန် ဆုံးဖြတ်ချင်သလို ဆုံးဖြတ်ပါ။ ကိုယ် နာခံဖို့ အဆင်သင့်ပါပဲကွယ်"

"ဟင်- ဘာတွေလဲ"

"ဒီလို ခင်မှုန်ရဲ့. . ."

မောင်လုံးသည် ရွှေကိုနှင့် ဖေတိုးတို့နှစ်ဦး ကွဲပြားခြားနားပုံကို အသေးစိတ် ရှင်းပြလိုက်၏။ ခင်မှုန်မှာ မောင်လုံး၏ စကားတွေကို ကြား တစ်ချက် မကြားတစ်ချက်။ တကယ်တမ်း ရွှေကိုနှင့် ဖေတိုးကို ကွဲကွဲပြား ပြား သိလာရသောအခါ ခင်မှုန်အတွက် ဆုံးဖြတ်ချက်တွေ ဝေဝါးနေ၏။

"ဒါ. . . ဒါဟာ တကယ်ပဲလားဟင်"

"တကယ်ပါ ခင်မှုန်ရာ၊ ငါလည်း ကိုဖေတိုး ပြောတာကို မယုံတစ် ဝက် ယုံတစ်ဝက်ပဲ။ နောက်တော့ ငါကိုယ်တိုင် မြင်ရတွေ့ရ ကြားရသိရ မှပဲ ကိုဖေတိုးဆိုတာ သိလာခဲ့တယ်လေ။ ပြီးတော့ ဖေတိုးနဲ့ ရွှေကိုက ညီအစ်ကို သွေးသားဆိုတာ သိလိုက်ရတော့ ဪ- ဒါကြောင့် ရုပ်ချင်း ခွဲမရအောင် တူနေပါလားဆိုတာ သိရတော့တာပဲ။ ပြီးတော့ မှန်တာပြော ရရင် ကိုဖေတိုးဟာ သူကိုယ်သူ ရွှေကိုယောင်ဆောင်ပြီး နှင့်မေတ္တာကို မယူချင်ဘူးလေ။ ကိုဖေတိုးရဲ့ စိတ်ဓာတ်ကိုတော့ ငါ လေးစားတယ်ဟာ"

"ဒုက္ခပါပဲ၊ ဒါ. . . ဒါဆို ကျွန်မ ဘာလုပ်ရမလဲဟင်။ ကိုရွှေကို ကြောင့် ကျွန်မ ရှူမတတ် ခံစားခဲ့ရတယ်လေ။ တစ်နေ့ လာနိုးလာနိုးနဲ့ မျှော်ခဲ့ရတာလည်း အခါခါ အခေါက်ခေါက်။ ပြီးတော့ ကြားရတဲ့ သတင်း တွေက ကိုရွှေကို ရဲဘက်စခန်းမှာ ဖျားနာပြီး သေဆုံးသွားပြီ ကြားရတော့ ကျွန်မ အရှုံးကြီးတစ်ပိုင်း ဖြစ်ခဲ့ရတယ်လေ"

"ငါတို့ သိပါတယ်ဟာ"

"အဲဒီလောက် ကျွန်မ ကြေကြေကွဲကွဲနဲ့ ခံစားရတာပါ။ သူသေသွား ပြီဆိုတာ ရေရေရာရာ မဟုတ်ပေမယ့် ကျွန်မစိတ်ထဲ အရှုံးတစ်ပိုင်း ဖြစ်ခဲ့ ရတယ်လေ။ ဒီအချိန်မှာ ဖောဒီ ကိုဖေတိုး ရောက်လာတော့ ကျွန်မရင်ထဲ မှာ ကိုရွှေကိုပဲလို့ တထစ်ချ ယုံကြည်ချင်တယ်။ အဲဒီကတည်းက ကိုဖေတိုး



ဟာ သူ ရွှေကို မဟုတ်ပါဘူးလို့ တငြင်းတည်း ငြင်းခဲ့တာ ကျွန်မ သိပါ တယ်။ အဲဒီတုန်းကတည်းက ကျွန်မစိတ်ထဲ ဇဝေဇဝါ ဖြစ်ခဲ့ရပါတယ်။ ဒါပေမယ့် ကျွန်မ ကိုဖေတိုးကို ကိုရွှေကိုလို့ပဲ ယုံစားလိုက်ချင်တယ်လေ"

"ဗျာ၊ ဒါ. . . ဒါဆို"

"နေပါဦး ကိုဖေတိုးရယ်၊ ခင်မှုန့်ဘဝက မှုန်ဝါးနေခဲ့တာ ကြာပါပြီ။ ခုလည်း ဘာဆက်လုပ်ရမှန်း မသိတော့ဘူး။ ကျွန်မ ကိုဖေတိုးရဲ့ စစ်မှန် ဖြောင့်မတ်တဲ့ ကိုယ်ကျင့်တရားကို ယုံကြည်ပါတယ်။ ကျွန်မရဲ့အဖော်ဟာ ချမ်းသာဆင်းရဲတာ ဘေးချိတ်၊ အရေးကြီးတာ ကိုယ်ကျင့်တရားပါပဲ။ ကိုရွှေကိုမှာ အဲဒီ အရည်အချင်းတွေ ရှိသလို၊ ကျွန်မ အခု တွေ့နေရတဲ့ ကိုဖေတိုးမှာလည်း အဲဒီ အရည်အချင်းတွေ ရှိနေပါတယ်။ ဒါပေမယ့် ကျွန်မ ဘာဆက်ပြောရမလဲဟင်"

ခင်မှုန်တစ်ယောက် ဖေတိုးမှန်း သဲသဲကွဲကွဲ သိလာသောအခါ သူ့ အသွင်က ပို၍ ကြေကြေကွဲကွဲ ဖြစ်လာပုံပင်။ ငိုရအခက် ရယ်ရအခက်နှင့် မှတင်မကျ ခံစားချက်များကြား ခင်မှုန် စမ်းတဝါးဝါး ဖြစ်နေ၏။ ထိုစဉ် ဖေတိုးတို့က

"ဒီလိုလုပ်ရအောင် မခင်မှုန်"

"ရှင်၊ ဘာများလဲဟင်"

"ကျုပ်တို့ ရွှေကို့အခြေအနေကို စုံစမ်းပေးမယ်။ သူ သေသလား၊ ရှင်သလား ဆိုတာ သဲသဲကွဲကွဲသိအောင် စုံစမ်းပါ့မယ်။ အဲဒီလို သိလာတဲ့ အချိန်မှ မခင်မှုန် ဆုံးဖြတ်ပေါ့"

"ဟုတ်တယ်၊ ကိုဖေတိုးပြောတဲ့ အကြံအစည် ကောင်းပါတယ်။ ဒါ. . . ဒါပေမယ့်၊ ဒီကိစ္စ ဘယ်သူ. . ."

"ဪ- ဒီအတွက် မပူပါနဲ့၊ ကျုပ် ကူညီမှာပါမယ်"

"ကျေးဇူးပါပဲရှင်"

သူတို့လူစု ပြောဆိုနေစဉ် အိမ်ပေါ်သို့ ကြီးတော်မြခဲ ပြန်ရောက်လာ ၏။ လက်ထဲတွင်လည်း ဈေးခြင်းတောင်းကြီး ဆွဲလာ၏။ ခင်မှုန်သည် ကြီးတော်လက်ထဲမှ ခြင်းတောင်းကို ထယူလိုက်၏။ ကြီးတော်မြခဲသည် ဖေတိုးကို စူးစူးရဲရဲကြည့်ရင်း မေးလိုက်၏။

"မောင်ရင်လေးက ဟို- မောင်ရွှေကို ဆိုတာလား"

"ဗျာ၊ ကျွန်တော် ရွှေကို မဟုတ်ပါဘူး အကြီး၊ ဖေတိုးပါ"

"ဟင်- ဘယ်က ဖေတိုးလဲ"

"ခင်မှုန့်အသိပါ ခင်ဗျ၊ လမ်းကြုံလို့ ဝင်လည်တာပါ"

"ဟုတ်လား၊ ဒါဆို စကားပြောကြဦး။ အကြီး ထမင်းချက်လိုက်ဦး မယ်၊ မင်းတို့နှစ်ယောက် အိမ်မှာ ထမင်းစားသွားကြဦးလား"

"ဟာ- နေပါစေ အကြီးရယ်"

"အို- ခင်မှုန့်သူငယ်ချင်းဆိုတော့ အကြီးရဲ့ သားသမီးတွေပေါ့ကွယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုင်း- အေးအေးဆေးဆေးနေကြ၊ စားပြီးမှပြန်"

"ဟုတ်. . . ဟုတ်ကဲ့"

ကြီးတော်မြခဲ၏ ဖော်ရွေစွာ ဆက်ဆံမှုကိုကြည့်ရင်း ခင်မှုန်ပင် အံ့သြနေ၏။ ကြီးတော်မြခဲ၏စိတ်က တစ်မျိုး၊ သူများပြောတိုင်းလည်း ယုံသူမဟုတ်။ သူချစ်သူ ရွှေကိုကိစ္စကို ပြောပြခဲ့ဖူး၏။ သဘောတူသည်လည်းမပြော၊ မတူသည်လည်း မပြော။ အမူအရာက အေးတိအေးစက်။

ဖေတိုးနှင့်တွေ့တော့ ဖော်ဖော်ရွေရွေ ပြောဆိုနေသည်ကို ကြည့်ပြီး ခင်မှုန် အအံ့သြကြီး အံ့သြနေရ၏။ သို့နှင့် ဖေတိုးတို့နှစ်ဦးကို ကြီးတော်မြခဲက ကောင်းရှကောင်းမွန်မွန် ချက်ပြုတ်ကျွေးမွေးကာ ဧည့်ခံခဲ့၏။

"ဟဲ့- စားကြနော်၊ အားမနာကြနဲ့။ ကိုယ့်ကြီးတော်လို သဘောထားပြီး စားကြနော်"

"စားပါတယ် ကြီးတော်"

ဖေတိုးတစ်ယောက် ခင်မှုန့်မျက်နှာ ဝင်းဝင်းလေးကို ကြည့်ရင်း စားရသည့်မို့ ရင်ထဲ ကြည်နူးနေမိ၏။ ခင်မှုန်နှင့် တကယ်တမ်း ချစ်သူတွေဖြစ်သွားရလျှင် ဘယ်လောက် ကောင်းလေမလဲဟု သူ့အတွေးထဲ စူးစူးရဲရဲတွေးနေမိ၏။

"မောင်ဖေတိုး"

"ခင်ဗျာ"

"စားလေကွယ် ဘာကြည့်နေတာတုံး၊ ကြည့်နေလို့ ထမင်းမဝဘူးကွယ့်"

"ဟုတ်. . . ဟုတ်ကဲ့၊ ဟဲဟဲ"

"စားစမ်းပါကွယ်၊ ဟောဒီဟာက ပုံးရည်ကြီးနဲ့ဝက်သား။ ဟောဒီဟာက ပဲကြီးနှပ်၊ ဟောဒါ ငါးပနော်နဲ့ ဖျော်ထားတဲ့ ငါးပိရည်၊ ဟောဒါကကကတစ်ကို ကြက်သွန်ဥကြီးတွေနဲ့ ပြန်ပေါင်းထားတာကွယ့်"

"ဟုတ်. . . ဟုတ်ကဲ့၊ ကောင်းပါတယ် ကြီးတော်"

"အေးအေး ကြီးတော်က လူတစ်ယောက်ရဲ့ သွင်ပြင်ရုပ်လက္ခဏာကို ကြည့်လိုက်တာနဲ့ ဒီလူ ဘယ်လိုလူဆိုတာ သိနေပြီကွယ့်။ မင်းတို့ဟာ လူရိုးလူကောင်းတွေဆိုတာ ကြီးတော် ယုံတယ်"

ကြီးတော်မြခဲ သဘောတွေ စွတ်ကောင်းနေသဖြင့် ခင်မှုန် အံ့သြနေရ၏။ သူ့ကို ချစ်ရည်ရွှန်းလဲ့သော အကြည့်နှင့် ကြည့်နေသော ဖေတိုးကို ရဲရဲတောင် မကြည့်ဝံ့။ သူ့စိတ်တွေ ခုထိ အယောင်ယောင် အမှားမှားဖြစ်နေဆဲ။ ထို့ပြင် ရွှေကိုနှင့် ဖေတိုးတို့ကို တစ်ယောက်တည်း တစ်သားတည်း ဟူ၍ပင် ယခုထိ ခိုင်ခိုင်မာမာ ခံစားနေဆဲ။

"ဟဲ့- ခင်မှုန် စားလေ၊ ဘာလဲ နေမကောင်းဘူးလား"

"ကောင်းပါတယ် ကြီးတော်ရဲ့၊ ဟို. . . ဟိုဒင်း"

"ဘာတုံး"



"ဘာမှ တွေးမနေစမ်းပါနဲ့အေ၊ ညည်းအဖေ ဒီကို မလာရဲတော့ပါဘူး။ မောင်လေးက ငါ့ဆို တအား ရိုသေတာ၊ ပြောသာ ပြောလိုက်ရတယ် စိတ်တော့ မကောင်းလှဘူး။ ဟို- မောင်ကျော်ခင်ဆိုတဲ့လူ ကြည့်ရတာ ညည်းနဲ့ ဘယ်လိုမှ မလိုက်ပါဘူးအေ၊ ပုံကလည်း ရွှတ်တွအိုမင်းနေပြီ။ ပိုက်ဆံလေး ရှိတာနဲ့ ဇွတ်ပေးစားဖို့ကြံတာ၊ ငါ သဘောမကျဘူး။ ငါ့သမီး စိတ်ချမ်းသာသလို ရွေးပါ။ ဒင်းပြောတာ လိုက်မလုပ်နဲ့၊ နောက်ပြီး ဟိုနှစ်ကောင်ကလည်း အရက်သောက်ရ ဖဲရိုက်ရရင်ပြီးရော။ ပိုက်ဆံမျက်နှာပဲ ကြည့်တဲ့ဟာတွေ။ ဘာမှဂရုမစိုက်နဲ့သမီး၊ ကြီးတော်ရှိတယ်"

"ဟုတ်. . . ဟုတ်ကဲ့၊ ကျေးဇူးပါပဲ ကြီးတော်ရယ်"

ကြီးတော်မြခဲ၏ အားပေးစကားများကြောင့် ခင်မှုန် ဝမ်းသာကြည်နူးမိသော်လည်း ဆုံးဖြတ်ချက်က ယခုထိ ဝေဝါးနေဆဲ။ သောင်မတင် ရေမကျ ခံစားချက်ကြား ဖေတိုးကို ရဲရဲတောင် မကြည့်ဝံ့။

စားသောက်ပြီးသွားကြသောအခါ ကြီးတော်မြခဲနှင့်အတူ ပြောခဲ့ဆိုခဲ့ကြ၏။ ဖေတိုးသည် သူ့ဘဝကို တစ်စွန်းတစ်စမျှ မညာ။ အမှန်အတိုင်းသာ ပြောပြခဲ့၏။ ရွှေကိုနှင့်သူ လွဲမှားခဲ့ရသည့် ဖြစ်ရပ်ကိုလည်း ပွင့်ပွင့်လင်းလင်း ပြောပြလိုက်၏။

ကြီးတော်မြခဲကတော့ သူ့ကို တစ်ချက်ကလေး မငြိုငြင်။ ခေါင်းတညိတ်ညိတ် ညိတ်ပြီး နားထောင်နေ၏။

"အေး- မင်း အခုလို ရိုးရိုးသားသား ဖွင့်ပြောတာ အကောင်းဆုံးပဲ၊ မင်းနေရာမှာ တခြားသူဆိုရင် ငါ့သမီးလေး ရေတိမ်နစ်တာကြာပြီ။ လောကမှာ လူလိမ်တွေက များသားကွယ့်၊ အဲဒီလို ပွင့်ပွင့်လင်းလင်း ရိုးရိုးဖြောင့်ဖြောင့် စိတ်သဘောထားရှိတာကို ကြီးတော် သဘောကျတယ်"

"ကျေးဇူးပါပဲ ကြီးတော်"

"နောက်ဆိုလည်း ဝင်နိုင်ထွက်နိုင်တယ်၊ မင်းနဲ့ဆို ငါ့သမီးလေး ခင်မှုန်ကို စိတ်ချတယ်"

ကြီးတော်မြခဲ၏ စကားကြောင့် ခင်မှုန်၏ မျက်နှာလေးမှာ ရဲတဲတဲဖြစ်သွား၏။ ဖေတိုးကတော့ ပြုံးစိစိ။ သို့နှင့် စကားစမြည် ပြောဆိုပြီးကြသောအခါ သူတို့ကို နှုတ်ဆက်၍ ပြန်ခဲ့ကြ၏။

လောလောဆယ် မင်းဘူးမြို့ပေါ်တွင် သူတို့နှစ်ယောက် ယောင်လည်လည်ဖြစ်နေကြ၏။ နောက်ဆုံး မောင်လုံး၏ အသိအိမ်တွင် တစ်ညတည်းခိုခဲ့ကြပြီး နောက်တစ်နေ့ မိုးလင်းသည်နှင့် ရန်ကုန်သို့ ခရီးဆက်ခဲ့ကြလေတော့၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

* မမြင်ရတဲ့ ကံကြမ္မာက
သံသရာထဲ ရစ်ပတ်ချည်. . .

* ငိုချင်ရဲ့ရယ်
ရယ်ချင်ရဲ့ငို
ဘဝအလိုကျ ကကြိုးသီ
မှုန်ရီရီ အိပ်မက်များ. . .

* ခဏတစ်ဖြုတ်ပေမယ့်
ဘဝသရုပ်က ပီပြင်ပါ၏
မထင်သာ အကြောင်းအကျိုးတွေကြား
ခေါ်[illegible]ဆိုးဝေဝါး။

## နိဂုံး

ရန်ကုန်ပြန်ရောက်သည်နှင့် ရွှေကိုရှိမည့်အရပ်ကို သူတို့နှစ်ဦး စုံစမ်းခဲ့ကြ၏။ ဦးဆုံး မီးဘေးသင့် ဒုက္ခသည်များကို သက်ဆိုင်ရာက အိမ်ဖွေ ပြန်ဆောက်ပေးခဲ့သဖြင့် ဖေတိုးအတွက် နေစရာထိုင်စရာ စိတ်ချမ်းသာသွားခဲ့ရ၏။

နှင်းရီရီတို့ဆီလည်း သူ မသွားချင်။ သူ့ဘဝက ဘာမှ မပြည့်စုံသေး။ ပြည့်စုံလာလျှင်လည်း နှင်းရီရီနှင့် ခင်မှုန်ကြား သူ့အတွေးများက စမ်းတဝါးဝါး ဖြစ်နေရ၏။

နောက်ဆုံး ရွှေကို ရှိနိုင်မည့် မအူပင်ဘက်သို့ သူ မောင်လုံးနှင့်အတူ ထွက်ခဲ့၏။

ရဲဘက်စခန်းရောက်တော့ ရွှေကို့ကိစ္စကို မရမက စုံစမ်းခဲ့၏။ မအူပင်တွင် နှစ်ရက်၊ သုံးရက်ခန့် နေထိုင်ခဲ့ပြီး ရွှေကို၏သတင်းကို စုံစမ်းခဲ့ရာ ရွှေကိုတစ်ယောက် ရဲဘက်စခန်းမှ လွတ်မြောက်သွားခဲ့ပြီ ဖြစ်ကြောင်း သိလိုက်ရလေ၏။

ရွှေကို မသေဘူး ဆိုသည်ကို သိလိုက်ရတော့ ဖေတိုးရင်ထဲ ဆို့ဆို့နင့်နင့်ကြီး ခံစားလိုက်ရ၏။

"ဒီလောက်လည်း စိတ်မပျက်ပါနဲ့ ကိုဖေတိုးရာ၊ ခင်ဗျားပြောတဲ့ နှင်းရီရီဆိုတဲ့ ကောင်မလေးကရော ချောရဲ့လားဗျ"

"အရေးထဲကွာ၊ မှန်တာပြောရရင် နှင်းရီရီနဲ့ ပတ်သက်ပြီး ငါ စိတ်ကစားမိတာပဲ ရှိသကွာ။ ဖောက်လွှဲဖောက်ပြန်စိတ် မရှိခဲ့ဘူး။ တစ်ခုတော့ ရှိတယ်ကွ၊ ငါ မိန်းမယူရမှာ တအား ကြောက်ခဲ့တယ်။ မှန်တာပြောရရင် ငါ ဆင်းရဲမှာကို တအား ကြောက်တယ်။ နှင်းရီရီကို ငါ အိမ်ထောင်ပြုမယ့်သူအဖြစ် စိတ်ကစားခဲ့တာ အမှန်ပဲကွ။ ဒါပေမယ့် နှင်းရီရီဟာ ငါ့ဘဝကို မကျော်လွှားနိုင်ခဲ့ဘူး။ အဲဒါတော့ ငါ ရိုးသားစွာ ဝန်ခံခြင်းပဲ။ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



ခင်မှုန့်ချစ်သူ ရွှေကိုကလည်း မသေတူးဆိုတော့ ငါ ဘာကို ဆုံးဖြတ်ရမှန်း မသိတော့ဘူးကွာ"

"ဒါဆို ရွှေကိုဆီကို ဆက်လိုက်သင့်တယ်လေ၊ ရွှေကို ဘယ်လို အခြေအနေရှိတယ် ဆိုတာတော့ ဂယနဏ သိသင့်တာပေါ့ဗျာ"

"ဟာ- ကောင်းပါ့မလားကွ"

"ဘာဖြစ်လို့ မကောင်းရမှာလဲ၊ ကိုဖေတိုးနဲ့ ကိုရွှေကိုက ညီအစ်ကို ဝမ်းကွဲတွေပဲလေ။ ဘာရှက်စရာလိုလဲဗျ၊ ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်း ပြောကြပေါ့"

"အေးကွ၊ ဒါဆိုရင် ရွှေကိုရှိမယ့်ဆီကို လိုက်သွားရအောင်။ သူ့ လိပ်စာ ငါ တောင်းခဲ့တယ်ကွ"

"ဒါဆို အတော်ပဲပေါ့ဗျာ"

သူတို့နှစ်ယောက် ဆိုက်ကားတစ်စီးငှားကာ ရွှေကို နေထိုင်သည့် အိမ်ဆီသို့ ထွက်ခဲ့ကြ၏။ ရွှေကို နေထိုင်သည့်ရပ်ကွက်မှာ မအူပင်မြို့၏ အနောက်ဘက် ရပ်ကွက်ကလေး ဖြစ်၏။ ဟိုမေးဒီမေးနှင့် ရပ်ကွက်ထဲ ဝင်လာခဲ့ရာ ပျဉ်ထောင်အိမ်ကြီးတစ်အိမ်ကို တွေ့လိုက်ရ၏။

"ကိုရွှေကို ရှိလားဗျ"

"ဟင်- ရှင်. . . ကိုရွှေကို၊ ရှင်တို့က ဘယ်သူတွေတုံး"

"ကျုပ်တို့ သူ့ရွာကပါ"

"ဟင်- ခဏလေးနော်"

ကလေးတစ်ယောက်ချီ၍ ထွက်လာသော အမျိုးသမီးတစ်ဦး။ သူတို့ကို မေးမြန်းပြီး အိမ်ထဲဝင်သွား၏။ အချိန်အနည်းငယ် အကြာတွင် အိမ်ခန်းထဲမှ လူတစ်ယောက် ထွက်လာ၏။

လက်ထဲတွင်လည်း တောင်ဝှေးတစ်ချောင်းကို ကိုင်ထား၏။ ဖေတိုးသည် အိမ်ခန်းထဲမှ ထွက်လာသူကိုကြည့်ရင်း အံ့သြနေ၏။ အိပ်ခန်းထဲက ထွက်လာသူကလည်း သူ့ကိုကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေ၏။

ထိုစဉ် ကလေးချီထားသော အမျိုးသမီးပါ ထွက်လာ၏။ တောင်ဝှေးနှင့် ထွက်လာသူမှာ သူတို့ရှာနေသော ရွှေကိုပင် ဖြစ်လေ၏။ ခြေထောက်တစ်ဖက် ကောင်းပုံမရ။ ထော့နင်းထော့နင်း ဖြစ်နေ၏။ ရွှေကိုသည် မောင်လုံးကို မြင်မှ မှတ်မိသွား၏။

"ဟာ- မောင်လုံး"

"ကိုရွှေကို"

"မင်း ငါ့ဆီကို ဘယ်လိုသိလို့ လိုက်လာတာလဲ"

"ဟာ- ရှာလိုက်ရတာဗျာ၊ ခြေထောက်က ဘယ်လိုဖြစ်တာတုံး။ ကျုပ်တို့ ရဲဘက်စခန်းတောင် ရောက်သွားတယ်"

"ငါ လွတ်လာတာ ကြာပြီကွ"

"ဗျာ- ကြာပြီ ဟုတ်လား။ ဘယ်တုံးက လွတ်လာတာလဲဗျ၊ ရွာကို ဘာဖြစ်လို့ ပြန်မလာတာလဲ။ အရီးညိုကတော့ မျှော်နေလိုက်တာ"



"အေးကွာ၊ လွတ်လာတာ မနှစ်က လွတ်လာတာကွ။ ဟောဒါ ငါ့ အမျိုးသမီးပဲ၊ ဒါက ငါ့ကလေးလေ။ နေပါဦး၊ သူ. . . သူက ငါနဲ့ ချွတ်စွပ် တူနေပါလားကွ။ ဘယ်. . . ဘယ်သူလဲ"

"ဟားဟားဟား ခင်ဗျား သိပ်အံ့သြနေလားဗျ"

"ဟုတ်ပါ့ကွာ"

ဖေတိုးတစ်ယောက် ရွှေကို၏ စကားကြောင့် ရင်ထဲ ခုန်ခုန်ပေါက် ပေါက် ဝမ်းသာအားရ ဖြစ်နေ၏။ ရွှေကို၏စကားထဲတွင် အိမ်ထောင်ကျ နေပြီဆိုသည့် စကားက မှောင်မိုက်နေသည့် သူ့ဘဝ လင်းထိန်သွားသလို ပင်။ ထိုစဉ် ရွှေကို၏စကားသံ ပေါ်လာ၏။

"ပြောပါဦး၊ ခင်ဗျားက ဘယ်သူလဲ ဘယ်ကလဲ"

"ကျုပ်နာမည် ဖေတိုးပါ"

"ဟင်- ဒီနာမည် ငါ့အသိထဲမှာလည်း မရှိပါလား၊ ဒါပေမယ့် ဘာဖြစ်လို့ တို့နှစ်ယောက် တူနေကြတာလဲ"

"ဒီလိုဗျ"

"ဟင်- ဘာလဲ၊ ပြောစမ်းပါဦး"

ဖေတိုးတစ်ယောက် ရွှေကိုကို ဖြစ်ရပ်မှန်အတိုင်း ရှင်းပြခဲ့၏။ မောင်လုံးကလည်း ကြားမှဝင်၍ ပြောဆိုလိုက်၏။ သူတို့နှစ်ယောက်၏ စကားကြောင့် ရွှေကို မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်နေ၏။

"ဟင်- ဒါ. . . ဒါဆို မင်းနဲ့ငါက ညီအစ်ကိုတွေပါလား၊ သြော်- ဒါကြောင့် တို့နှစ်ယောက် မျက်နှာချင်း ချွတ်စွပ်တူနေကြတာကိုး"

"ဟုတ်တယ် ကိုရွှေကို၊ အဲဒီလို သိရတာလဲ တခြားကြောင့် မဟုတ်ဘူးဗျ၊ အရီးညိုတို့ကြောင့်ပဲ။ သူတို့က ကျွန်တော့်ကို ကိုရွှေကိုပဲ ထင်နေကြ တာဗျ။ ဒါကြောင့် သဖန်းမြောင်ရွာကို ဖွတ်ဆွဲခေါ်တာ။ ကျွန်တော် ရှင်း ပြလည်း ဘယ်သူမှ မယုံကြဘူး။ နောက်ဆုံး ဟို- ကိုရွှေကိုရဲ့ ဟိုဒင်း အဲ"

"သြော်- ခင်မှုန်လား"

"ဟုတ်. . . ဟုတ်တယ်၊ သူကလည်း ကျွန်တော့်ကို ရွှေကိုပဲ ထင်နေ တာ။ အဲဒါ ကျွန်တော်လည်း ဘယ်လိုမှ ရှင်းမရ ဖြစ်နေတော့တာပဲ"

"ဒါပေါ့ငလေ၊ တို့နှစ်ယောက်က ရုပ်ချင်း ဘယ်လိုမှ ခွဲမရအောင် ဆင်တာကိုး။ အရီးညိုရော နေကောင်းရဲ့လား၊ ငါလည်း ရွာပြန်ချင်စိတ် မရှိတော့ဘူးလေ။ ထောင်ကလွတ်တာနဲ့ ဟောဒီ မသက်ဝေနဲ့ အိမ်ထောင် ပြုလိုက်တာပဲကွ"

"ကိုရွှေကို"

"ဘာတုံးကွ"

"ဟို- ရွာမှာ ကိုရွှေကိုရဲ့ ယာတွေ၊ မြေတွေကို ရောင်းထားတဲ့ ပိုက်ဆံ

www.burmeseclassic.com

www.burmeseclassic.com



တွေ ရှိနေတယ်။ အရီးညိုက ကျုပ်ကို ဖွတ်ပေးပေမယ့် ကျုပ် မယူဘူး။ ကျုပ် ရွှေကို မဟုတ်ကြောင်း ပြောပေမယ့် ဘယ်သူမှ မယုံကြဘူး။ ဒါကြောင့် အရီးညိုပေးတဲ့ ပိုက်ဆံတွေကို ဆရာတော်ဆီမှာ အပ်ခဲ့တယ်ဗျ"

"ဟုတ်လား၊ ဘာဖြစ်လဲကွ၊ မင်းနဲ့ငါက ညီအစ်ကိုတွေပဲဟာ။ ယူသုံးလိုက်ပေါ့ ဖေတိုးရာ"

"မယူချင်ဘူးဗျာ၊ ကျွန်တော့်ဥစ္စာပစ္စည်း မဟုတ်ဘဲ ဘယ်တော့မှ မယူဘူး။ သူတို့ ကျွေးတဲ့မွေးတဲ့ ထမင်းဟင်း စားတာတောင် စိတ်ထဲ လိပ်ပြာမသန့်ခဲ့ဘူးဗျ။ ဒါပေမယ့် ညီအစ်ကိုမှန်း သိလိုက်ရတော့ ကျွန်တော် ဝမ်းသာလိုက်တာဗျာ။ ဒါလည်း အဘပြောလို့ သိတာ"

"အင်း- မင်းဟာ အတော့်ကို ရိုးဖြောင့်တာပဲ။ ဟုတ်တယ်၊ ဒါ ငါတို့ မျိုးရိုးရဲ့ ဂုဏ်သိက္ခာပဲကွ။ အမေရှိစဉ်တုန်းက ဒေါ်လေး ပြာညိုရဲ့ အကြောင်းတွေ ငါ သိတော့ သိခဲ့ပါတယ်ကွာ။ ငါ့ကို အဘိုးတို့က မင်းတို့ဆီ ပေးမသွားဘူးကွ"

"ကိုင်း- ခု ဘာဆက်လုပ်မလဲ ကိုရွှေကို၊ ပိုက်ဆံတွေ အိမ်တွေ ယာတွေ ကိစ္စကို စီစဉ်ဦးလေ"

"အေး- အမှန်တော့ ငါ အရီးညိုကိုပဲ ပေးပစ်လိုက်ချင်တာကွ။ အရီးညိုကလည်း ငါ့ကို သားတစ်ယောက်လို စောင့်ရှောက်ခဲ့တော့ တစ်ပြားတစ်ချပ်မှ လိုချင်မှာ မဟုတ်ဘူးကွ၊ ငါတို့လည်း ဒီမှာ အဆင်ပြေပါတယ်ကွာ၊ ဒီတော့ အဲဒီ ပိုက်ဆံတွေ မင်းပဲ ယူလိုက်ပါလားကွာ"

"ဟာ- ကိုရွှေကိုကလည်း ဘယ်ဟုတ်ပါ့မလဲဗျ"

"ဟာကွာ၊ ဒါ ငါတို့ အဘိုးအဘွားပိုင် ပစ္စည်းတွေကွ၊ မင်းရောငါရော ဆိုင်တယ်၊ ငါတစ်ယောက်တည်း မယူဘူး"

"ခက်တော့တာပဲဗျာ၊ တော်ကြာ ကိုရွှေကို ကျွန်တော့်ကို တစ်မျိုးထင်မှာစိုးတယ်။ ကျွန်တော်က ကျွန်တော့် ငွေကြေးဥစ္စာကိုသာ ကပ်စေးနဲ ပေမယ့် သူများပစ္စည်းဆို အပ်တစ်ချောင်းကအစ မပစ်မှားချင်ဘူးဗျာ"

"ဟာကွာ၊ ဒါ တို့ဘိုးဘွားပိုင် ယာတွေပါကွ။ နေဦး၊ ငါ တစ်ခု မင်းကို မေးစရာရှိနေပြီကွာ။ မင်းလာတာ ငါ့စိတ်ထဲတစ်မျိုးကြီးပဲ"

"ဘာတုံးဗျ"

"ဟာ- ဒီစကား ဒီမှာပြောလို့ မဖြစ်ဘူးကွ"

"ဗျာ၊ ဘာဖြစ်လို့တုံး"

"လာစမ်းပါကွာ၊ ငါတို့ လက်ဖက်ရည်ဆိုင်မှာ သွားပြောကြတာပေါ့"

"ဒါဆိုလည်း သွားလေ"

သူတို့သုံးဦး အိမ်ပေါ်မှ ဆင်းခဲ့ကြ၏။ ရွှေကိုသည် တောင်ဝှေး တဒေါက်ဒေါက်နှင့် အိမ်ပေါ်မှ ဆင်းလာ၏။ ဖေတိုးမှာ ရွှေကိုကိုကြည့်ပြီး စိတ်မကောင်း ဖြစ်နေ၏။



"ခြေထောက်က ဘာဖြစ်တာလဲ"

"ဪ- သစ်ပင်ခုတ်ရင်း အပင်ပိတာပါကွာ၊ ဒါလည်း ငါ့နမော် နမဲ့နိုင်လို့ ဖြစ်ရတာပေါ့။ အဲဒါကြောင့် ဆေးရုံမှာ သုံးလ တက်လိုက်ရတယ်၊ အဲဒီမှာ ငါ မသက်ဝေနဲ့ ဆုံခဲ့တာပဲကွ"

"ဟုတ်လား"

"လာလာ၊ ဟိုထိပ်က လက်ဖက်ရည်ဆိုင်က ဖျော်ဆရာကောင်းတယ်ကွ"

"ဟုတ်လား၊ သွားလေ"

ပြောပြောဆိုဆိုနှင့် သူတို့သုံးဦး လမ်းထိပ်က လက်ဖက်ဆိုင်ထဲ ဝင်ခဲ့ကြပြီး လက်ဖက်ရည် မှာသောက်လိုက်ကြ၏။ ရွှေကိုသည် ဖေတိုးကို ပြုံးထေ့ထေ့ကြည့်ရင်း စီးကရက်တစ်လိပ် မီးညှိဖွာရှိုက်ပြီး မေးလိုက်၏။

"ဖေတိုး"

"ဗျာ"

"မင်း ခင်မှုန်နဲ့ တွေ့ခဲ့တယ် မဟုတ်လား ပြောစမ်း၊ ခင်မှုန်က မင်းကို ငါထင်ပြီး ဘာတွေပြောခဲ့သလဲ။ မင်းတို့ ဒီကိစ္စနဲ့ ငါ့ဆီ လာတာလား"

"ဟင်- ဟို အဲ ဟိုဟာ"

"ဟော့ကောင် ရဲရဲပြောစမ်းပါကွာ၊ ငါ သိနေပါပြီ"

"ဟုတ်တယ် ကိုရွှေကို၊ ကျွန်တော် ရှင်းရှင်းပဲ ပြောပါ့မယ်"

"ဒါဆို ပြောစမ်းကွာ"

ဖေတိုးတစ်ယောက် ခင်မှုန် သူ့အပေါ် ရွှေကိုအမှတ်နှင့် ဆက်ဆံခဲ့ပုံကို ပွင့်ပွင့်လင်းလင်းနှင့် အသေးစိတ် ပြောပြလိုက်၏။ သူ့စကားတွေကို ရွှေကိုက တဟားဟား ရယ်မောပစ်လိုက်၏။

"အဲဒါပဲ ကိုရွှေကိုရာ"

"ဟားဟားဟား အဲဒါ ဘာဖြစ်သလဲကွ၊ မင်းကလည်း ရွှေကို လုပ်လိုက်ရောပေါ့ကွာ"

"ဟာ- ကျုပ် အဲဒီလိုတော့ မညာချင်ဘူးဗျာ"

"ဟေ- ဟုတ်ပြီ၊ မင်းစိတ်ကိုတော့ ငါ ချီးကျူးသကွာ။ တခြားသူ ဆိုရင် လိမ်ညာသွားမှာ သေချာတယ်ကွ။ ထားပါတော့ကွာ၊ မင်းကို ငါ မေးစမ်းပါရစေဦး။ မင်း ခင်မှုန့်ကို ချစ်သလားပြော"

"ဗျာ"

"မေးနေတာ ဖြေလေကွာ"

"ဟို- ဟဲဟဲ ကျွန်တော် ခင်မှုန့်ကို ချစ်နေသလိုလိုပဲဗျ"

"ဘာကွ၊ ပြတ်ပြတ်ပြောစမ်း"

"ဟာ- ကိုရွှေကို အကြောင်းကို အသေအချာ မသိရသေးတော့ ကျွန်တော် အရမ်းပြောလို့ ဘယ်ဖြစ်မှာလဲဗျ"

"ကောင်းပြီ အခု [illegible]"

www.burmeseclassic.com



"သိတော့ သိသွားပါပြီ"

"ဟုတ်ပြီ၊ မင်း ခင်မှုန့်ကိုချစ်ရင် ယူလိုက်။ ငါကိုယ်တိုင် လိုက်ပေးစားမယ်။ ပြီးတော့၊ ရောင်းထားတဲ့ငွေတွေကိုလည်း မင်းကိုပဲ ငါ လက်ဖွဲ့မယ်"

"ဟာ- မကောင်းပါဘူး ကိုရွှေကိုရာ"

"ဟော့ကောင် ဘာမှ မပြောနဲ့၊ ဒါ ငါ့ရဲ့ ဆုံးဖြတ်ချက်ကွ"

"ဟာဗျာ"

"ဘာလဲ မင်း ဝမ်းမသာဘူးလား"

"ဟဲဟဲ ဝမ်းသာပါတယ်ဗျာ"

"ဒါဖြင့်ပါကွာ၊ ဒါဟာ မင်းရဲ့ ရိုးဖြောင့်မှုကွ။ ကိုင်း- ပြောနေတာကြာတယ် မနက်ဖြန် ရန်ကုန်တက်မယ်၊ အားလုံး ပြင်ဆင်မှ"

"ကိုရွှေကို"

"ဘာလဲကွ"

"ကိုရွှေကိုတို့ အဆင်ပြေရဲ့လား"

"ငါ့အတွက် ဘာမှ မပူနဲ့၊ ငါ့မိန်းမဘက်က အတောင့်ကွ။ ပြီးတော့ ငါလည်း အလုပ်အကိုင် ပွဲစားလုပ်နေတယ်၊ အရောင်းအဝယ် မဆိုးဘူးကွ။ ဘာမှမပူနဲ့ ဖေတိုးရာ၊ ဒီတိစ္စ ငါ စီစဉ်ပေးမယ်"

နောက်ဆုံးတော့ ရွှေကိုစကားကြောင့် ဖေတိုးအသွင်က တက်တက်ကြွကြွ ဖြစ်နေ၏။ အိမ်ပြန်ရောက်သည်နှင့် သူတို့လူစု ရန်ကုန်ပြန်ရန် စီစဉ်ခဲ့ကြ၏။ ရွှေကိုသည် ဖေတိုးကို တွေ့လိုက်ရသဖြင့် အတော်ကလေး လန်းဆန်းနေ၏။

တစ်ညလုံး စကားတွေလည်း ဖောင်ဖွဲ့ပြောဆိုနေ၏။ နောက်တစ်နေ့ နံနက်စောစောတွင် သူတို့လူစု ရန်ကုန်ဘက်သို့ ထွက်ခဲ့ကြလေ၏။ တစ်လမ်းလုံး ရွှေကိုက အကုန်အကျ ခံခဲ့၏။ ဖေတိုးကတော့ ထုံးစံအတိုင်း အိတ်ထဲကပိုက်ဆံ ခုန်ထွက်မှာကို လက်တုန်တတ်၏။ သူ့အသွင်ကြည့်ပြီး ရွှေကိုက ရယ်မောနေ၏။

"ဟားဟား မင်းကလည်း နေရာတကာ ကပ်စေးမနှဲစမ်းပါနဲ့ကွာ"

"ကျွန်တော်က ဆင်းရဲမှာ တအား ကြောက်တာဗျ။ အဘ မှာတဲ့စကားကို ကျုပ်က အသေမှတ်ထားတာဗျ။ ကျုပ်တို့သားအဖက ဆင်းရဲတွင်းက ကုတ်ခြစ်တက်လာတော့ အိတ်ထဲ ပိုက်ဆံရှိလာရင် တွန့်တိုမိတာ အကျင့်ဖြစ်နေပြီဗျ"

"အေးပါကွာ၊ ငါ နားလည်ပါတယ်။ ဒါပေမယ့် ခုချိန်ကစပြီး မင်း ဘာမှ မပူနဲ့တော့၊ လောကကြီးမှာ သွေးရင်းသားရင်းဆိုလို့ မင်းနဲ့ငါပဲ ရှိတော့တာကွ။ မကြောက်စမ်းပါနဲ့ကွာ"

"ဟုတ် . . . ဟုတ်ကဲ့"

သူတို့ညီအစ်ကိုနှစ်ယောက် တက်တက်ကြွကြွ ဖြစ်နေပုံကို ကြည့်ပြီး



မောင်လုံးပင် အားကျနေ၏။ သို့နှင့် သူတို့စီးနင်းလာခဲ့သော ကားကြီး ရန်ကုန်မြို့ကြီးသို့ ဝင်ရောက်လာလေ၏။

"မျက်စိရှုပ်လိုက်တာကွာ၊ ကားတွေ တိုက်တွေ လူတွေကလည်း တစ်ပုံတစ်ခေါင်း၊ အသက်ရှူတောင် မဝချင်သလိုပဲကွာ။ ကိုင်း- တက္ကစီငှားကွာ၊ မင်း အိမ်ကို ဒါရိုက်မောင်း"

"ဟုတ်ကဲ့"

သူတို့လူစု မအူပင်ကားပေါ်မှ ဆင်းခဲ့ကြပြီး တက္ကစီတစ်စီးငှားကာ အိမ်ဘက်သို့ ထွက်ခဲ့ကြ၏။

ဖေတိုးခမျာ ရပ်ကွက်ထဲ ဝင်လာသည်နှင့် နှင်းရီရီနှင့် တွေ့မှာစိုးနေ၏။ နှင်းရီရီ ရှိနေသည့် ထမင်းဆိုင်နှင့် သူတို့နေထိုင်ရာအိမ်က မဝေးလှ။ ထို့ကြောင့်လည်း ရပ်ကွက်ထဲ တိုးတိုးတိတ်တိတ် ဝင်လာခဲ့၏။

ထိုသို့ လူမသိအောင် တိတ်တဆိတ် ဝင်ရောက်လာကာမှ ဘဝဖော် သူငယ်ချင်း တင်ဝင်းနှင့် တန်းတိုးလေတော့၏။

"ဟာ- ကိုဖေတိုး"

"ဟင်- ကိုတင်ဝင်း"

"ဘယ်ပျောက်နေတုံးဗျ၊ ဒေါ်သေးလေးက ခင်ဗျားကို တစ်မေးတည်း မေးနေတယ်"

"ဟင်- ဟုတ်လား၊ ဘာ. . . ဘာလုပ်မလို့တုံး"

"သူ့ခင်ဗျာ ခင်ဗျားလာမယ်အထင်နဲ့ ငါးကြင်းခေါင်းတို့၊ ကြက်ခြေထောက်၊ ကြက်ခေါင်းတွေ ချက်ထားတာဗျ။ အဲဒါ ခွေးပဲကျွေးပစ်နေရလို့ ခင်ဗျားကို ဒေါ်ပွနေတယ်"

"ဟာဗျာ"

"ဘာတုံး၊ ခင်ဗျားက ကြက်ခြေထောက်၊ ကြက်ခေါင်း မစားချင်တော့ဘူးလား"

"ဟာ- ဟို အဲ"

"ဟော့လူ ကြောင်စီစီ လုပ်မနေနဲ့၊ အရပ်ထဲ ဘာတွေဖြစ်နေသလဲ သိလား"

"ဗျာ၊ ဘာတွေဖြစ်နေလို့လဲ"

"ကျုပ်တို့ကို လောင်မီးညီနောင်တဲ့ဗျ၊ ကျုပ်တော့ ခင်ဗျားလုပ်လိုက်တာ လန့်ဖျပ်သွားတာပဲ။ ဒါပေမယ့် အိုးသစ်အိမ်သစ် ဘဝသစ်နဲ့နေလို့တော့ ကောင်းသွားတယ်ဗျ၊ ကိုဖေတိုး"

"ဗျာ"

"ခင်ဗျား၊ စိတ်ခိုင်ခိုင်တော့ထားဗျ"

"ဘာ. . . ဘာဖြစ်လို့လဲဗျ"

"ဟာ- နှင်းရီရီ အိမ်ထောင်ပြုတော့မယ်ဗျ၊ တစ်လောကပဲ ဟိုဘက်ရပ်ကွက်က လူတစ်ယောက်နဲ့ စေ့စပ်တယ်တဲ့၊ သူ့အမျိုးသားက အသက်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ကြီးပါပြီဗျာ၊ ပိုက်ဆံတော့ တအား ချမ်းသာတယ်"

"ဟင်- ဟုတ်လား"

"ဟုတ်ပ့ါဗျာ၊ မိန်းမဆိုတာ မေတ္တာတွေ သစ္စာတွေ ဘေးချိတ်။ သူတို့ လိုချင်တာ အသပြာဗျ။ ခင်ဗျားလို ငါးကြင်းခေါင်း၊ ကြက်ခြေထောက်တွေ စားတဲ့လူကို ဘယ်ရွေးမှာလဲ"

"ထားပါတော့ ကိုတင်ဝင်းရာ၊ လူဆိုတာ ကိုယ့်ဘဝကို ကိုယ်ရွေးချယ်ခွင့်တော့ ရှိကြတာပေ့ါလေ။ ကျွန်တော် ခွင့်လွှတ်ပါတယ်ဗျာ"

"ဟင်း- ခင်ဗျားစိတ်က ကျုပ်ထင်ထားတာထက်တောင် မာကျောနေပါလားဗျ၊ ကျုပ်က ခင်ဗျားတော့ ရင်ကွဲနာကျပြီထင်တာ"

"ဒီလိုပဲပေ့ါ ကိုတင်ဝင်းရာ၊ သဗ္ဗေသခ်ါရ အနိစ္စတဲ့။ မမြဲဘူးလေဗျာ၊ မမြဲဘူး ဟဲဟဲ သွားမယ်ဗျ"

တင်ဝင်းထံမှ ကြားလိုက်သည့်စကားကြောင့် ဖေတိုးစိတ်ထဲ လွတ်လပ်ပေ့ါပါးသွားသလိုပင်။ ဘဝသည် မထင်မှတ်ဘဲ မထင်တာတွေ ဖြစ်လာတတ်ပါလား တွေးပြီး ကိုယ့်ဘဝကိုယ် ကျေနပ်လာမိ၏။

တစ်ချိန်က ယာထဲတွင် ဖခင်ကြီးနှင့်အတူ ဆင်းဆင်းရဲရဲ ရုန်းကန်ခဲ့ကြသဖြင့် ကိုယ့်ကုသိုလ်ကံကို တောက်တခေါက်ခေါက် အံတကြိတ်ကြိတ် ဖြစ်ခဲ့ရ၏။ ယခုတော့လည်း ကြမ်းတမ်းမှု အားလုံးကို ကျော်လွန်၍ ဘဝသည် ငြိမ်းချမ်းသာယာသွားသလိုပင်။

မောင်လုံးကလည်း သူ့ကို နောင်တီးနောက်တောက် ပြောဆိုနေ၏။

"ဘယ်လိုတုံးဗျ၊ ခင်ဗျားမျက်နှာက ပြုံးရွှင်လို့ပါလား။ ဘာလဲ လိုအင်ဆန္ဒတွေ ပြည့်သွားလို့ မဟုတ်လား"

"အေးဗျာ၊ အကြောင်းအရာတွေက ငါ ဘယ်လိုမှ ထင်မှတ်မထားဘဲ အဆင်ပြေခဲ့ရတာကို အံ့သြမိသဗျာ"

"အဲဒါပဲလေ၊ ကျုပ်တို့ဘဝကို မမြင်ရတဲ့ ကံတရားကြီးက ဖန်တီးနေတာဗျ"

"ဟုတ်ပ့ါဗျာ၊ တကယ် တွေးလေတွေးလေ ငါ မသိတာတွေ နားမလည်တာတွေ အများကြီးပါလားဆိုတာ သိလာရပြီဗျ"

"ဒါပေ့ါဗျာ၊ အဲဒီထဲမှာ မခင်မှုန်လည်း ပါမယ်ထင်တယ်"

"ဟာကွာ ဒါကတော့ အချစ်ရဲ့ လှည့်စားမှုပေ့ါဗျာ"

"အဲဒါလည်း ကံတရားပဲဗျ၊ အချစ်ဆိုတာ တစ်ခါခါကျတော့ ခါးမလိုနဲ့ ချိုတတ်ပါတယ် ကိုဖေတိုးရာ"

"အင်း- အဲဒီလိုပဲ ပြောရမှာပေ့ါဗျာ၊ ခုချိန်ဆို ခင်မှုန်တစ်ယောက် ဘယ်လိုနေမလဲ မသိဘူးနော်"

"ဟင်- ဘာဖြစ်လို့လဲဗျ"

"ဟိုဗျာ၊ ကျုပ် စိုးရိမ်တာ ခင်မှုန့်အဖေ ဦးကျောက်ကြီးဗျ။ ဒီလူကြီးက သူ့သမီးကို ကိုကျော်ခင်နဲ့ အတင်း ပေးစားလိုက်ရင် ရင်ကွဲပြီပေ့ါဗျာ"







"မပူစမ်းပါနဲ့၊ ကြီးတော်မြခဲကို ဦးကျောက်ကြီးက တအား ကြောက်တာကွ။ ပြီးတော့ ကြီးတော်မြခဲက ကိုဖေတိုးဘက်မှာ ရှိတယ်ဆိုတာ အသေအချာ ပြောရဲတယ်ဗျ"

"အေးကွာ၊ အဲဒီလိုပဲ ရှိပါစေလို့ ဆုတောင်းရမှာပေ့ါ"

"ဘာမှမပူနဲ့ အိပ်ပျော်အောင်သာအိပ်၊ ဟဲဟဲ ခင်မှုန်က ခင်ဗျားကိုပဲ မျှော်နေမှာ သေချာတယ်ဗျ။ ကျုပ် အကဲခတ်ရသလောက်ဆိုရင် ခင်မှုန်က ခင်ဗျား ဖေတိုးမှန်း သိလိုက်ရတော့ သူ့ခမျာ အတော့်ကို ခံစားသွားပုံရတယ်။ ပြီးတော့ သူ့စိတ်ထဲ ဘယ်သူ့ ချစ်နေမှန်းတောင် ခွဲခြားနိုင်ပုံမရဘူး။ ဒါပေမယ့် သူ့မျက်လုံးတွေကို ကြည့်ရတာ ကိုဖေတိုးကို သူချစ်နေတာတော့ ရာခိုင်နှုန်း ခုနစ်ဆယ် သေချာနေပြီလို့ ပြောနိုင်တယ်ဗျ"

"ဟင်- ဟုတ်ရဲ့လား"

"သိပ်ဟုတ်တာပေ့ါဗျာ၊ ခင်ဗျားကွယ်ရာ ခင်မှုန်က ကျုပ်ကို ပြောဖူးတယ်။ ကိုဖေတိုးပဲ ကိုရွှေကို ဖြစ်လိုက်ရင် ကောင်းမှာပဲ။ ပြီးတော့ သူ့စိတ်ထဲမှာ ခင်ဗျားတို့နှစ်ယောက်လုံးကို တစ်ယောက်တည်းပဲ မြင်မိတယ်တဲ့"

"ဟင်- တကယ်လား"

"တကယ်ပေ့ါဗျာ၊ စိတ်ချလက်ချ နေစမ်းပါဗျာ။ ခုအချိန်မှာ ခင်ဗျားဘက်က အခက်အခဲတွေ အားလုံး ရှင်းလင်းသွားပြီပဲ။ ဘာမှမပူပါနဲ့တော့"

"အေးဗျာ၊ ဒီလိုပဲ ငါ စိတ်ချလိုက်ပါပြီ။ ခင်မှုန် ငါ့ကို မျှော်နေလိမ့်မယ်လည်း ထင်ပါတယ်ကွာ"

"သေချာပါတယ်ဗျာ၊ ကျုပ်က အကြားအမြင် ရသင့်သလောက်ရှိပြီဗျ။ ခင်ဗျားနဲ့ ကျုပ် လောင်းမလား"

"ဟာ- အဲဒါတော့ ဝါသနာမပါဘူး၊ ငါ့အိတ်ထဲကပိုက်ဆံကို မဟုတ်တဲ့နေရာမှာတော့ ဘယ်တော့မှ မသုံးဘူး"

"ဟားဟားဟား ကပ်စေးကလည်း နဲပ့ါဗျာ"

"ဒါတော့ ငါ့ရဲ့ နဂိုစရိုက်ပဲကွ၊ ဒါပေမယ့် မင်းသိထားဖို့က ခင်မှုန့်ကို ငါချစ်တာတော့ သေချာတယ်ကွ။ ဒီစကားကတော့ ဘယ်တော့မှ မပြောင်းလဲဘူး"

"ဟုတ်ပါပြီ ဘာမှ တွေးမနေနဲ့၊ ဟိုကလည်း မျှော်နေမှာ သေချာပြီ"

နောက်ဆုံးတော့ ဖေတိုးရင်ထဲ တစ်ဆို့နေသော ချစ်သောက အစိုင်အခဲကြီး ပြုန်းခနဲ ကြေမွသွားခဲ့လေပြီ ဖြစ်၏။ ခင်မှုန် သူ့ကို မျှော်နေမှာ သေချာသည်ဟူ၍လည်း တထစ်ချ တွက်ထား၏။

ထို့ကြောင့်လည်း အိပ်ရာထဲ ရောက်သည်နှင့် အိပ်မက်ထဲသို့ ခင်မှုန်တစ်ယောက် တောရိုင်းပန်းများပန်ကာ သူ့ဆီ အပြေးရောက်လာသည်ဟု အိပ်မက်မက်နေမိလေတော့သည်။

ပေါ်ဗျာရှစ်



www.burmeseclassic.com